## မာတိကာ


စာတည်းအဖွဲ့အမှာ(၃)
အပြောင်းအလဲတွေ ဝေဝေဆာဆာ(၇)
သဝဏ်လွှာ ပေးပို့ခြင်း(၁၀)
ထွက်ပေါက်အခွင့်အရေးကို.....(၁၂)
သေနတ်ကိုင် ယဉ်ကျေးမှုနဲ့......(၁၅)
မာ့က်စ်ဝါဒနှင့်ပြုပြင်ရေးဝါဒ(၁၇)
အမျိုးသားရေး မျက်နှာဖုံးစွပ်နဲ့..(၂၀)
ဆရာကြီးမှိုင်း ရာပနကာလ(၂၂)
၂၀၂- တပ်ဖွဲ့ အမှတ်တရ(၂၅)
တော်လှန်ရေးသမားတို့ရဲ့ ကျက်သရေ(၂၈)
ကျွန်တော် ကြားဖူးသလို
ပြောဆိုပါမည်(၆)(၃၀)
....အကောင်လိုက် မြင်လိုက်ကြရပြီ(၃၂)
“ပြည်နာမှ အာဏာမြဲမည်”(၃၄)
ရဲဘော် ဘပြုံး(၃၆)
ဗမာပြည်ကွန်မြူနစ်ပါတီနဲ့.....(၄၁)
ကားလ်မာ့က်စ် အနှစ် ၂၀၀ မွေးနေ့(၄၅)
ပြည်သူတွေမှာရွေးချယ်စရာ....(၄၇)
ရင်ကြားစေ့ရေးရဲ့ နောက်ကွယ်မှာ(၅၀)
ပြည်တွင်းစစ် ပြဿနာ
တကယ်ဖြေရှင်းနိုင်ဖို့(၅၂)
ရိုးသားပါ၊ ငြိမ်းချမ်းရေးနဲ့ မကစားပါနဲ့(၅၅)
ဗမာပြည်မှာ (၅၆)
စားပွဲဝိုင်းအပက ငြိမ်းချမ်းရေးပြဿနာ(၅၉)
ရဲဘော်မော်စီတုန်းရဲ့ .....(၆၁)
ခမောက်တွေကို လျစ်လျူရှုလိုက်ပြီလား(၆၆)
ဗင်နီဇွဲလား လူထုနဲ့ (၆၈)
ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီများ(၇၀)
ဖောင်ပိတ်ဆောင်းပါး(၈၀)



# ၂၀၁၉ ခုနှစ်

# မတ်လ


ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏ ကြွေးကြော်သံ

ဂျာနယ်

## အတွဲ(၃) အမှတ်(၁)








ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏ ကြွေးကြော်သံ

အတွဲ(၃) အမှတ်(၁)

၂၀၁၉ ခုနှစ်

မတ်လ

# လမ်းကြောင်းကြီး ၂ ခုဆီ ဦးတည်နေ၊ လူပ်ရှားနေတဲ့ ဗမာပြည်

## (၁)
## ဖြစ်ချင်တိုင်း ဖြစ်နေတဲ့နိုင်ငံ

ဒီတိုင်းပြည်မှာ အာဏာပိုင်ထားသူ(မဲနိုင်ထားသူ) နဲ့ အာဏာကိုင်ထားသူ ဆိုတဲ့ အင်အားစု ၂ ရပ် ပေါင်းစပ်ထားတဲ့ အစိုးရတရပ် ရှိနေတယ်။ စစ်အုပ်စု အနှစ် ၆၀ အုပ်စိုးထားလို့ စုတ်ပြတ်သတ်နေတဲ့ ဒီနိုင်ငံမှာ မဲအပြတ်အသတ်နဲ့နိုင်ပြီး လွှတ်တော်အမတ် ၆၀ ရာခိုင်နှုန်းခန့် နေရာယူထားတဲ့ ဒီချုပ်ပါတီရယ်၊ ပြည်သူတွေရဲ့မဲ (၁) မဲမှ မပါဘဲ မိုက်ကြေးခွဲပြီး နေရာ ၂၅ ရာခိုင်နှုန်း ယူထားတဲ့ စစ်ဗိုလ်တွေရယ် ပေါင်းဖွဲ့ထားတာ ဖြစ်တယ်။

၂၀၁၈ ခြေဥက ပုံစံချထားတဲ့အတိုင်း ဖြစ်တည်လာတဲ့ ဒီနိုင်ငံမှာ မဲများပေမယ့် အစိုးရဖွဲ့မရတဲ့ ပြည်နယ်နဲ့.... လွှတ်တော် ကိုယ်စား လှယ်တွေ လုံခြုံရေးဂရုစိုက်ကြလို့ ဥက္ကဋ္ဌက သတိပေးရတဲ့လွှတ်တော်ဆိုတာမျိုးတွေ တွေ့လာရတယ်။

နိုင်ငံအတွင်းမှာတော့ ကြေးစားလူသတ်သမားတွေ ပေါ်လာတယ်။ မှတ်ပုံတင် ၄ ခု ကိုင်ထားပြီး နိုင်ငံရေးလူသတ်မှုကြီးတခု နိုင်ငံတကာလေဆိပ်အတွင်း ပြောင်ကျူးလွန်နိုင်အောင် စီစဉ်ညွှန်ကြားနိုင်သူလည်း ရှိတယ်။ တရားမဝင် ခေတ်မီလက်နက်တွေကို လုံခြုံရေးတွေကြားက သယ်နိုင်၊ တပ်ခွဲတခွဲစာမက တပုံတပင် စုထားနိုင်သူတွေ ရှိတယ်။ လက်သည်မပေါ်တဲ့ ရာဇဝတ်မှုခင်းကြီးတွေ မကြာခဏ ဖြစ်နေကျ နိုင်ငံမှာ လက်ရဲဇက်ရဲ ကျူးလွန်နေကြသူ အများစုဟာ စစ်အုပ်စု၊ စစ်အစိုးရ ဟောင်း/သစ်၊ ကြံ့ဖွံ့နဲ့ ပတ်သက်သူတွေ ဖြစ်နေတယ်။ ဒီအစု အဖွဲ့တွေရဲ့ လက်ခွဲတွေအဖြစ် ရိုးရိုးသတ်လို့ အားမရသေးဘဲ အနမြုပုံးကြဲသတ်ချင်သူ၊ ဗိုလ်ချုပ်ကြေးရုပ်နဲ့အပြိုင် ကြေးစားလူသတ်သမား ကြည်လင်း ရုပ်တုကိုထုပြီး ကျောင်းဝင်းထဲစိုက်ထူထားချင်တဲ့ ပုဂ္ဂိုလ်မျိုးတွေလည်း ပေါ်လာတယ်။ စစ်တပ်နဲ့ခရိုနီတွေဟာ မူးယစ်ဆေးဝါးနဲ့လက်နက်တွေကို ကားစင်းလုံးတိုက်၊ ကွန်တိန်နာ သေတ္တာလိုက် သယ်နေကြတယ်။ ဘယ်တုန်းကမှ ပိုင်ရှင်ကို မိတယ်လို့ မရှိခဲ့ဘူး။

တခြားဘက်မှာတော့ တိုင်းဝန်ကြီးတွေကို ကားအသစ်ဝယ်ပေးဖို့ လွှတ်တော်ဥက္ကဋ္ဌက မေတ္တာရပ်ခံတဲ့သတင်း၊ ရန်ကုန်တိုင်း ဝန်ကြီးချုပ်နဲ့ မန္တလေးတိုင်းဝန်ကြီးချုပ်တို့ မြို့ချင်းပြိုင်တဲ့ကိစ္စကလည်း 'ကျော်ငြိမ်း ငါ့ညီ မင်း ငယ်ပါသေးတယ်' လို့ ဗမာ့ခေတ်ဦးအုန်းခင်ရဲ့ နိမ်ပေါက်ကို သတိရချင်စရာပါ။ စီမံဘဏ္ဍာဝန်ကြီးက 'ပြည်သူ့လိုအပ်ချက်များကိုဘတ်ဂျက်ထည့်သွင်းမရေးဆွဲနိုင်တာ ဝန်ခံ' သွားတာနဲ့ ဆက်စပ်စဉ်းစားနိုင်ပါတယ်။

- ပြည်ပပို့ကုန်အဖြစ် ပို့နိုင်တာက ရွှေ့ပြောင်းလုပ်သား ၅ သန်းကျော်
- ကမ္ဘာမှာ ဒုက္ခသည်အများဆုံးထွက်တဲ့ ၅ နိုင်ငံထဲက တနိုင်ငံ
- လေယာဉ်ကွင်း ခြံရှင်းခ ကျပ်သိန်း ၄၀၀၀ သုံးစွဲသောနိုင်ငံ

- မူးယစ်ဆေးဝါး အများဆုံး ထုတ်လုပ်တင်ပို့သော နိုင်ငံ
- ပိုင်ရှင်မဲ့ ငွေစက္ကူတုံ၊ မူးယစ်ဆေး၊ မှောင်ခိုပစ္စည်း၊လက်နက်ခဲယမ်းတွေ ပေါများသော နိုင်ငံ
- လိုင်စင်မဲ့ ဥပဒေမဲ့ လက်သိပ်ထိုး စစ်ခရိုနီလုပ်ငန်းကြီးများ လူထုအပေါ် အနိုင်ကျင့်တာ ခံနေရသောနိုင်ငံ
- Other account ဆိုပြီး ခိုးထားတဲ့ငွေ ဘီလျံပေါင်းများစွာကို စာရင်းဖျောက်လို့ ရသောနိုင်ငံ
- လူသတ် မြေသိမ်း လုပ်ငန်းချဲ့ အခွန်ရှောင် ခရိုနီ- တိုက်ကွန်းများကို လစ်ဘရယ်အစိုးရက မျက်နှာချိုသွေးနေရသော နိုင်ငံ

ဒါ့ကြောင့် အစီအစဉ်တကျ ဖြစ်နေတာမဟုတ်၊ ဖရိုဖရဲ(disorder) ဖြစ်ချင်တိုင်းဖြစ်နေတဲ့နိုင်ငံလို့ပဲ ပြောရပါမယ်။

## (၂)
## ဘယ်သူတွေ ဘာလုပ်ခဲ့ကြသလဲ

အစိုးရတဖွဲ့လုံး အနေနဲ့ကြည့်ရင် အနောက်အုပ်စုရဲ့ ပြိုပြင်မှု ခံနေရရာမှ စွဲချက်တွေအမျိုးမျိုး အတင်ခံရပြီး အရေးယူမှုတသီကြီးကို ရင်ဆိုင်နေရတယ်။ ကုလသမဂ္ဂမှာလည်း ခံစစ်ပဲ။ ဖြေရှင်းချက်တွေ အဆက်မပြတ်ပေးနေရတယ်။ သူတို့မကြိုက်တဲ့ ယန်ဟီးလီကို တ၂စ်တိုးခန့်လိုက်ပြန်တယ်။ ဟာစီနာက ကုလသမဂ္ဂကိုင်ပြီး ကစားလာတာတွေ့ရတယ်။ ရခိုင်ကိစ္စ တရုတ်တင်မက ဂျပန်ပတ်သက်လာပြီ။ ကချင်မြစ်ဆုံကိစ္စမှာ ဘာသာရေးဝင်ရှုပ်လာတယ်။ ကာဒီနယ်ချားလ်ဘိုရဲ့ အာဘော်မှာ နိုင်ငံရေးပါလာတယ်။

ပြည်သူတွေ စိတ်ပျက်စပြုနေပြီ။ စစ်အုပ်စု ပြည်တွင်းစစ်နဲ့ ဖွံ့နိမ့်ဖြစ်နေတဲ့ ဗမာပြည်မှာ တိုင်းပြည်နဲ့ ပြည်သူ့အကျိုးကို မထိန်းသိမ်း မကာကွယ်နိုင်တဲ့ အစိုးရများ အာဏာနဲ့နွယ်တဲ့အုပ်စုများက ပြည်ပအားကိုးရှာလာကြတာဟာ ကောင်းတဲ့ကိစ္စ မဟုတ်ဘူး။

လူမျိုးစု တိုင်းရင်းသားတွေရဲ့ ဖော်ပြချက်တွေမှာလည်း အမျိုးသားရေးဒီဂရီတွေ မြင့်တက်လာနေတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဆိုတဲ့အဆင့်ထက် ကျော်ပြီး ပြည်နယ်ရရှိရေး တောင်းဆိုလာတဲ့ ရှမ်းနီ၊ ကချင်နိုင်ငံ တည်ထောင်ရမယ်ဆိုတဲ့ ပြည်ပရောက် ကချင်တွေရဲ့ ကြေညာချက်၊ ကွန်ဖက်ဒရေးရှင်း လိုချင်တဲ့ AA (ရက္ခိုင့်တပ်မတော်) က ရခိုင်ဟာ ဗမာရဲ့ ကိုလိုနီဖြစ်နေပြီ ပြောဆိုချက်၊ ချင်းအမျိုးသားတပ်ဦးဥက္ကဋ္ဌရဲ့ 'ပြည်ထောင်စုမှ ခွဲထွက်ရေး မထွက်ရေးမှာ မိမိတို့ချင်းအမျိုးသားများရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်အပေါ်မှာ တည်တယ်' ဆိုတဲ့ အသံ၊ ဒါ့အပြင် ဝပုံစံအားကျတဲ့ လူမျိုးစုတွေလည်း ရှိနေတယ်။ ဒီလို ရင်တွင်းစကားတွေ ပွင့်ထွက်လာအောင် ဘယ်သူတွေ ဘာလုပ်ခဲ့ကြလို့လဲ၊

(က) စစ်တပ်ဘက် - အဓိကအားဖြင့် စစ်တပ်အာဏာသိမ်းယူထားတဲ့ နှစ် ၆၀ သမိုင်းနဲ့ ဆိုင်ပါတယ်။ အိမ်စောင့်အစိုးရ၊ မဆလ၊ နဝတ၊ နအဖ အုပ်ချုပ်ရေးနဲ့ ဆိုင်ပါတယ်။ ခု နောက်ဆုံး ၂၀၀၈ အခြေခံဥပဒေနဲ့ အုပ်ချုပ်လာခဲ့ရာက တိုင်းရင်းသားတွေရဲ့ ရင်တွင်းဖြစ် စကားတွေ ကျယ်ကျယ်လောင်လောင် ထွက်လာတာပါ။ ရဲသားအခန်းကို ပီပီပြင်ပြင် သရုပ်ဆောင်ခဲ့တဲ့ စစ်အုပ်စုကိုတော့ အားလုံးက အမြင်ရှင်းကြတယ်။ မင်းသားခေါင်းစွပ်ချင်ပေမယ့် လက်မခံကြပါဘူး။ ဒီစစ်တပ်ကို မကျေနပ်သူ တချို့က "ဗမာစစ်တပ်"လို့ ညွှန်းဆို ပြောကြားတာတွေ ကြားနေရပါတယ်။ ဒါ မှားတယ်ထင်ပါတယ်။ ဒီစစ်တပ်ဟာ ဗမာလူမျိုးတွေကို လုံးဝ ကိုယ်စားမပြုပါဘူး။ သူတို့ကိုယ်ကျိုးကလွဲပြီး ဘာကိုမှ ကိုယ်စားမပြုပါဘူး။ ပြည်တွင်းစစ်အပြင် ၇ ရက် ဇူလိုင်၊ ရှစ်လေးလုံးအရေးတော်ပုံတို့မှာ သူတို့သတ်ခဲ့တဲ့ ဗမာလူမျိုး အရေအတွက်ဟာ အင်မတန်မှ များပါတယ်။

စစ်တိုင်း ၅ တိုင်းမှာ တဖက်သတ် ၄ လ အပစ်ရပ်ထားမယ်ဆိုပေမယ့် ၂ လ ကျော်သွားပြီ။ ပုံးသံ၊ အမြောက်သံ၊ သေနတ်သံတွေ ထွက်နေဆဲပဲ။ ခုတိုက်နေတဲ့ ရခိုင်စစ်မျက်နှာမှာ 'တပ်မတော်ရဲ့ ဆောင်ရွက်ချက်တွေကို ဒေသခံတွေက ပူးပေါင်းကူညီဖို့' အဆိုကို ရခိုင်ပြည်နယ်လွှတ်တော်က ပယ်ချတာ ခံလိုက်ရတယ်။ ပယ်ချတဲ့အထဲမှာ ANP ရခိုင်အမျိုးသားပါတီ ပါသလိုဒီချုပ်ကိုယ်စားလှယ်တွေတောင် ပါခဲ့တယ်။

တနိုင်ငံလုံးရဲ့ လုံခြုံရေး၊ ကာကွယ်ရေးတခုလုံး တာဝန်ယူထားတယ် ဆိုတဲ့ စစ်တပ်ဟာ ရခိုင်စစ်မြေပြင်မှာ ခံစစ်ဖြစ်နေပြီး အကျအဆုံးတွေ များနေတယ်။ စကခ ၁၅ ဌာနချုပ်ထဲ ပုံးအခွဲခံနေရတယ်။ လုံခြုံရေးအာမခံချက် မရှိတော့လို့ ကျေးရွာအုပ်ချုပ်ရေးမှူး ၁၀၀ ခန့် နုတ်ထွက်ခွင့်တောင်းနေရတယ်။ တခြားပြည်နယ်တွေမှာ ဒါမျိုးတွေ မပေါ်လာဘူးလို့ မပြောနိုင်တဲ့ အခြေအနေပါ။ ဒါမျိုးလုပ်ရင် ဒါမျိုး ဖြစ် မှာပဲ။

(ခ) ဒီချုပ်ဘက် - တောင်ပြိုကမ်းပြို နိုင်ခဲ့ပြီး လွှတ်တော် အဆင့်ဆင့်မှာ ၆၀ ရာခိုင်နှုန်းခန့် ကိုယ်စားလှယ်တွေ ရှိလာပြီ။ လုံလောက်တဲ့အချိန်လည်း ရထားခဲ့ပြီ။ ဒါပေမဲ့ တိုင်းပြည်တိုးတက်မလာ။ ဘက်စုံဆုတ်ယုတ်လာတယ်။ ဘာ့ကြောင့်လဲ။ စစ်အုပ်စုနဲ့ ရင်ကြားစေ့ရေးပေါ်လစီဟာ အဓိကကျနေတာ တွေ့ရတယ်။ စစ်တပ်အလိုကျ လိုက်လျောထားရတာတွေကြောင့် ဖြစ်တယ်။ တကယ်က အုပ်ချုပ်ရေးအာဏာ သူ့မှာ မရှိဘူး။ စစ်တပ်ဝန်ကြီး ၃ ပါးက ဌာနကြီး ၃ ခုကိုင်ပြီး အုပ်ချုပ်နေတယ်။ နိုင်ငံခြားရေးဘက်မှာ စစ်တပ်နဲ့ ရဲက ခြေလွန်လက်လွန် ကျူးလွန်ချက်တွေ ဖာထေးပေးနေရတာနဲ့ ဩဇာကျခဲ့ရတယ်။ စီးပွားရေး မအောင်မြင်ရတာရဲ့ အကြောင်းရင်းက သုညနဲ့ စခဲ့ရတဲ့ ဘဏ္ဍာရေးအခြေအနေမှာ အနှစ် ၂၀ အခွန်မဆောင်ဘဲ ကြိုက်သလို စီးပွားလုပ်ကိုင်နေတဲ့ နိုင်ငံတော် ဘတ်ဂျက်ငွေထက် အဆ

များစွာ ပိုင်ထားတဲ့ စစ်တပ်ဦးပိုင်ကုမ္ပဏီ (+ မြန်မာစီးပွားရေးကုမ္ပဏီ စသည်) နဲ့ စစ်တပ်ခရိုနီတွေရဲ့ လက်ထဲမှာပဲ အရင်းအနှီးတွေ စုပုံနေပြီး ကြိုက်သလို ဈေးကွက်တွေ၊ လုပ်ခင်းကိုင်ခင်းတွေကို ခြယ်လှယ်နိုင်ကြလို့ ဖြစ်တယ်။

ချုပ်လိုက်ရင်တော့ စစ်တပ်မျက်နှာကြည့်ပြီး လုပ်နေရတဲ့အစိုးရ၊ စစ်တပ် ငြိုငြင်အောင် စစ်တပ်ထိခိုက်အောင် မလုပ်ရဲတဲ့ အစိုးရ၊ နိုင်ငံခြားအရင်းအနှီး FDI နဲ့ ထွက်ပေါက်ရှာနိုင်ဖို့ မြို့ရှင်နိုင်ငံတွေကို စိတ်ကြိုက်အခွင့်အရေးတွေ ပေးနေရတဲ့အစိုးရ၊စီမံကိန်းရောဂါထနေတဲ့အစိုးရအဖြစ် ပုံပေါ်နေတယ်။

ဒါကြောင့်လည်း လူ့အခွင့်အရေးတွေ ဆုံးရှုံးနေတဲ့ ထမင်းမဝဖြစ်နေတဲ့ ပြည်သူတွေ (အထူးသဖြင့်) အေးအေးချမ်းချမ်း မနေရတဲ့ တိုင်းရင်းသား ပြည်သူတွေဟာ ဒီချုပ်နဲ့ ပိုပိုကင်းကွာလာခဲ့တယ်။ မဲဆွယ်စဉ် ပေးခဲ့တဲ့ ကတိတွေ မတည်ခဲ့တာကြောင့် ပိုပိုအယုံအကြည်ကင်းမဲ့လာကြတယ်။

ဒီချုပ်အခြေအနေကို ဇာတ်စကားနဲ့ပြောရရင် ဒီလိုပုံနဲ့ဖြင့် ပေါက္ကံပြည်မှာ ကြာကြာနန်းစံနိုင်ပါ့မလား စဉ်းစားစရာပါ။

## (၃)
## ၂၀၀၈ ပြင်ရေးကိစ္စ

စစ်အုပ်စုဘက်က လွှတ်တော်တွင်း လွှတ်တော်ပ လမ်းကြောင်း ၂ ကြောင်းနဲ့ တုံ့ပြန်နေတယ်။ ကာချုပ်လုပ်သူက ဆုပ်လို့ကိုင်လို့ မရအောင် ပြောတဲ့နည်း၊ ပေးကားပေး၏ မရစေတဲ့စကားကို ပြောတယ်။ 'ပြင်ဖို့ သဘောတူပြီးသား၊ စနစ်တကျပြင်ဖို့ပဲ လိုတယ်။ ပြင်သင့်ပြင်ထိုက်တဲ့ဟာ ပြင်သင့်ပြင်ထိုက်ချိန်မှာပြင်ဖို့ ရှိပါတယ်' လို့ အာမခံတယ်။ (သူပြုတ်သွားလည်း နောက်လူတွေ ဒီလိုပဲဆက်ပြောပါလိမ့်မယ်။)

လွှတ်တော်လမ်းကြောင်းနဲ့ ပြင်ပက ရံထားတဲ့ သတင်းမှန်အဖွဲ့နဲ့ စစ်တပ် ထောက်ခံရေးအဖွဲ့တွေ ပြောဆို လုပ်ကိုင်ကြပုံက အတော်ကြမ်းတယ်။ ဘီလူးကြိမ်းကြိမ်းကြတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ မလိမ့်တပတ်လုပ်လို့ ရကောင်းတဲ့ကိစ္စ မဟုတ်ဘူး။ လွှတ်တော်တွင်းမှာ တို့ကအများစုပဲဆိုပြီး လုပ်ချင်ရာလုပ်လို့မရဘူး။ နောက် သူတို့ ခံတွင်းတွေ့နေတဲ့ 'ဒီမိုကရေစီ အနိုင်ကျင့်မှုပဲ' ဆိုတာမျိုး စစ်သားကောင်း ရန်တွေ့ အော်ကြဟစ်ကြတယ်။ မလိုလားအပ်သော ဆိုးကျိုးများ ဖြစ်ပေါ်စေလိမ့်မယ်လို့ ပြောသူက ပြောတယ်။ စစ်တလင်းဖြစ်သွားနိုင်တယ်လို့ ခြောက်သူက ခြောက်တယ်။ ကြည့်ရတာက လွှတ်တော်ထဲမှာ အတတ်နိုင်ဆုံးတားမယ်။ အပြင်မှာ သူ့အမာခံတွေနဲ့ ပွဲဆူအောင်လုပ်ပြီး ခြိမ်းခြောက်နေမယ်ဆိုတဲ့ သဘောပဲ။

လွှတ်တော်တွင်း ၂၅ ရာခိုင်နှုန်း ဝင်ထိုင်နေတာ ခြေဥကို ကာကွယ်စောင့်ရှောက်ဖို့ ဖြစ်တယ် ပြောရာကနေ ခု 'တပ်မတော်နေ့' ဆိုတာရဲ့ ကြွေးကြော်သံထဲမှာ 'ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး' ဆိုတဲ့ အချက်ကို ပီပီပြင်ပြင်ထည့်လိုက်ကြပြန်တယ်။ သူတို့စည်းလွတ်ဝါးလွတ် ပြောနေကြတဲ့အထဲမှာ ကိုယ်အလို့အမှန်းမသိ၊ ကိုယ့်ထိ လို့ထိမှန်းမသိ ဖြစ်သွားတာတွေလည်း ရှိတယ်။ ဆိုပါတော့ '၂၅ ရာခိုင်နှုန်းယူထားတာ ဘယ်ပြည်သူ၊ ဘယ်ပုဂ္ဂိုလ်တွေအတွက် ဘာထိခိုက်နစ်နာလို့လဲ' တဲ့။(ပြောမှပြောရက်ပလေတယ်။)လွှတ်တော်သည် အခြေခံဥပဒေကို ကျော်လွန်လုပ်ဆောင်မှုများစွာရှိတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုခဲ့ခြင်းက အထင်ရှားဆုံးဥပမာ ဖြစ်တယ်တဲ့။ (ညောင်မြစ်တူးတော့ ပုတ်သင်ဥပေါ်ပြီပေ့။ ဦးကိုနီကို လူမြင်ကွင်းမှာ ပြောင်အသတ်ခံရတာ ဒါ့ကြောင့်ကိုး။)

ဒီချုပ်ဘက်ကိုလည်း ကြည့်ပါမယ်။

အစိုးရနဲ့လွှတ်တော် သက်တမ်း ၃ နှစ်ကြာမှ ၂၀၀၈ ခြေဥပြင်ရေးပြဿနာကြီးကို ဘာလို့ဖြုန်းစားကြီး ထိုးတင်လိုက်ရသလဲ။ ၂ ချက် တွေ့ရတယ်။ တခုက စစ်တပ်အပေါ် မကျေလည်မှု ဖြစ်ရာက ပေါ်လာတာလို့ ဆိုတယ်။ ကိုယ့်ဘက်က ဒီလောက်လျှော့ပေးနေပါ လျက်နဲ့ ကိုယ့်ကိုထိုးကျွေးလေခြင်းဆိုတဲ့ ခံစားချက်နဲ့ ဒီခြေလှမ်းကို လှမ်းလိုက်ခြင်းဖြစ်တယ်တဲ့။ နောက်တခုက ၂၀၂၀ ရွေးကောက်ပွဲ အ တွက် ကြိုပြင်ခြင်း ဖြစ်တယ်။

၂၀၀၈ ပြင်ရာမှာ လူထုတိုက်ပွဲနည်းက တိုင်းပြည်နစ်နာတယ်။ ဒါ့ကြောင့် ဒီလမ်းကို NLD က မရွေးချင်ဘူးလို့ ပြောခဲ့ဖူးတယ်။ လွှတ်တော်တွင်းက ပြင်မယ်ပေ့ါ။ နောက်တော့ NCA က ပြင်မယ်ဖြစ်သွားပြန်ရော။ တခါ စီးပွားရေးအဓိက ခြေဥပြင်ရေးက နောက်မှ ဖြစ်သွား ပြန်ရော။ ပြင်ချင်တဲ့လမ်းစဉ်ကို ကျွန်တော်တို့ မတိုက်ခိုက်ပါဘူး။ တခါတရံ အားတောင်ပေးလိုက်ပါသေးတယ်။ ဒီချုပ်တင်ထားခဲ့တဲ့ ပြင်ချင်တဲ့အချက် ၁၆၈ ချက်ဆိုတာ ပြင်ပေးရင် ကောင်းတာပေ့ါ။ ကြိုက်ချင်စရာကြီးပါ။ ခု ၃ နှစ်ကျော်ပြီ။ ၂၀၀၈ ခြေဥ ဘယ်လောက် ပွန်းပဲ့သွားခဲ့လို့လဲ။ ဥပဒေပညာရှင်တွေက စစ်တပ် သဘောမတူဘဲ လွှတ်တော်ထဲမှာ ပြင်မရပါဘူးလို့ တညီတည်း ပြောကြပြီ။ NLD ရော စစ်တပ်ရောက ကိုယ်တွက်ကျန်အောင် ပြင်နေလို့ကတော့ ပြည်သူအတွက် ဘာမှကျန်မှာ မဟုတ်ပါဘူး။ ဒီချုပ်ဘက်က စစ်တပ် မထိခိုက်အောင် ဟိုဟာလေး ပြင်လိုက် - ဒီဟာလေးပြင်လိုက် လုပ်နေလို့ကတော့ 'စစ်အုပ်စု သက်တော်ရာကျော်ရှည်ပါစေ' လို့ ဆန္ဒပြုပေးနေသလို ပဲ ဖြစ်မှာပါ။

စစ်အုပ်စုက ၂၀၀၈ ခြေဥကို ၁၆ နှစ်ကြာအောင် အချိန်ယူ ရေးဆွဲတာဟာ သူတို့နောင်ရေး စိတ်အေးရအောင် ရေးဆွဲထားခြင်း ဖြစ်တယ်။ အပြင်ခံကြမှာ မဟုတ်ပါဘူး။ စစ်တန်းလျားကို ရှောရှောရှူရှူ ပြန်ကြမှာ မဟုတ်ပါဘူး။ လူထုနည်းနဲ့ အတင်းအကျပ် ပြန်ပို့မှ ရောက်သွားမှာပါ။ မရေမရာ လစ်ဘရယ်လမ်းကြောင်းလျှောက်နေလို့ကတော့ ရင်းနှီးထားရတာတွေ၊ ပေးဆပ်ထားရတာတွေ အဟောသိကံ ဖြစ်နေပါလိမ့်မယ်။ လူထုကလည်း အယုံအကြည်မဲ့လာပါလိမ့်မယ်။

## (၄)

## ၂၀၂၀ ရွေးကောက်ပွဲ

ဒီအင်အားစု ၂ ခုရဲ့ အာဏာပြဿနာမှာ ပြည်သူတွေအနေနဲ့ 'ကြားက ငထွားခါးနာ' ဆိုတာမျိုး မဖြစ်ဖို့ လိုတယ်။ စစ်အုပ်စု ခြေလှမ်းတွေ တင်ပြခဲ့ပြီ။ ဒီချုပ်ကလည်း ခုတော့ သူ့အခြေအနေ သူသိပုံပဲ။ ပိုးထိုးနေတဲ့ သဖန်းသီး ဖြစ်နေပြီ။ ရာထူးတွေပေးပြီး တာဝန်ပေးထားတဲ့ ကိုယ့်လူတွေထဲက ပြုတ်သွား၊ နုတ်ထွက်သွားရတဲ့ ဝန်ကြီး ဝန်လေးတွေ၊တိုင်းနဲ့ ပြည်နယ်က ဝန်ကြီးချုပ်တွေနဲ့ ဝန်ကြီးတွေ ဘယ်လောက်ရှိသွားပြီလဲ။ မကြာခင်က ပြီးသွားတဲ့ ဒီချုပ်အစည်းအဝေးမှာ နာယကဖြစ်သူပြောတဲ့ မိန့်ခွန်းကို ကြည့်ပါ။ အချုပ်ကတော့ 'ရှက်တတ်ရင် နုတ်ထွက်ကြပါ' လို့ ပြောလိုက်တာ ဖြစ်တယ်။ ခုလာမယ့် ရွေးကောက်ပွဲဟာ ၂၀၁၅ တုန်းကလို ချောင်မှာ မဟုတ်ဘူးလို့လည်း သတိပေးလိုက်ပါသေးတယ်။

ပြည်သူတွေကလည်း သိနေကြပါပြီ။ ခုတခါ မဲပေးလိုက်တော့ကော ဘာထူးလာမှာလဲလို့ မေးခွန်းထုတ်လာကြတယ်။ အလုပ်သမားတွေက ပြောကြတယ်။ 'အလုပ်ရှင်ဘက်ကရပ်တဲ့ အစိုးရကို မဲမပေးဘူး' တဲ့။ လယ်သမားတွေကတော့ 'တို့မြေပြန်မရရင် မဲမပေးနိုင်ဘူး' တဲ့။ တိုင်းရင်းသား လူမျိုးစုတွေကပြောလိမ့်မယ်။ 'စစ်အစိုးရလို ဗမာလူမျိုးကြီးဝါဒ ကျင့်သုံးနေရင် မဲမပေးနိုင်ဘူး' စသည်နဲ့ ဒီချုပ်ကို ဝိုင်းကြပ်မတ်ကြလိမ့်မယ်။ ကျန်တဲ့ လူလတ်တန်းစား၊ ဝန်ထမ်းတွေနဲ့ မြို့နေဆင်းရဲသားတွေကလည်း 'တို့ဘဝ အဆင့်နိမ့်သထက် နိမ့်လာနေတယ်။ အဆင့်မြှင့်တင်ပေးရမယ်' လို့ တောင်းဆိုကြမှာပဲ။ စစ်ဘေးရှောင်တွေကလည်း စစ်ပွဲတွေ ရပ်သွားအောင် လုပ်မပေးနိုင်ရင် မဲမပေးဘူး ဖြစ်လာလိမ့်မယ်။

ဒါ့ကြောင့် ဒီချုပ်အနေနဲ့ မဲလိုချင်ရင် စစ်တပ်ကို စစ်တန်းလျား ပြန်ပို့ပေးရမယ်။ စစ်တပ်နဲ့ သူ့ခရိုနီတွေ လက်ဝါးကြီးအုပ်ထားတဲ့ စီးပွားရေးလုပ်ငန်းတွေ၊ သိမ်းထားတဲ့ မြေယာတွေကို မူရင်းပိုင်ရှင်တွေလက်ထဲ ပြန်အပ်ခိုင်းရမယ်။ အလုပ်သမားတွေရဲ့ အခွင့်အရေး အပြည့်အဝ ပေးရမယ်။ တက်ကြွနိုးကြားတဲ့ လူငယ်ကျောင်းသားတွေကို သွေးခွဲတာ ချိုးနှိမ်တာ မလုပ်ဘဲ မြေတောင်မြှောက်ပေးရမယ်။ အသင်းအပင်းဖွဲ့စည်းခွင့် သတင်းလွတ်လပ်ခွင့် အာမခံရမယ်။ စစ်တပ်က တိုင်းပြည်အပေါ် ဗိုလ်ကျသတ်ဖြတ်လုယက်၊ အဓမ္မပြုကျင့်မှုတွေ တားဆီးပေးရမယ်။ သူတို့ကို ထင်သလို လုပ်ပိုင်ခွင့်ပေးထားတဲ့ ၂၀၀၈ ခြေဥ ဖျက်သိမ်းတဲ့လမ်းစဉ် ချမှတ်ဖို့ လိုတယ်။ 'ရင်ကြားစေ့ရေး လမ်းစဉ်' ကြီးက ဒုက္ခပေးခဲ့ပါပြီ။ ဒီလမ်းစဉ်ကို ပြောင်းပစ်မှ ဖြစ်ပါမယ်။ လမ်းစဉ်မှားနေရင် ပုဂ္ဂိုလ်တဦးရဲ့အရှိန်အဝါ လူထုထောက်ခံမှု ဘယ် လောက်ကြီးပါစေ၊ ဖြုန်းစားကြီး ကျဆုံးသွားနိုင်တာ သမိုင်းမှာ တွေ့ခဲ့ကြပါပြီ။ ဗမာပြည်မှာ စစ်တပ်ကိုယုံတဲ့၊ အားထားတဲ့ လက်ယာသွေဖီရေးဟာ အများဆုံး ဒုက္ခပေးခဲ့တယ်။ ဦးနုကတော့ စစ်အာဏာရှင် ဗိုလ်နေဝင်းကိုယုံလို့ စုံလုံးကန်းခဲ့ပြီ။ ဒီအမှားကို နောက်လူတွေ ဆက်မမှားစေချင်ပါ။

စစ်အုပ်စုကတော့ မိုက်ပြီးရင်း မိုက်တဲ့ သူ့လမ်းကြောင်းကို ဆက်လျှောက်နေပါတယ်။ စစ်ပွဲတွေ ဖြစ်နေမှ သူ့ရဲ့အခန်းဝင်မှုက ပီပြင်ပါမယ်။ ခုဆို ရခိုင်စစ်မျက်နှာဘက် တပ်အင်အား ၈၀၀၀ ပို့ထားလိုက်ပါပြီ။ တချိန်တည်းမှာ သူတို့ပိုင်ဆိုင်ထားတဲ့ ခုနစ်စည်းစိမ်တွေ တည်မြဲဖို့နဲ့ အာဏာကို ရေရှည်ကိုင်ထားဖို့ ရေးဆွဲထားတဲ့ ၂၀၀၈ ခြေဥကို ပြင်ဖျက်လုပ်တာ မှန်သမျှ မီးကုန်ယမ်းကုန် နည်းလမ်းစုံနဲ့ ကာကွယ်သွားပါလိမ့်မယ်။

ဒီအတိုင်းဆိုရင် ရွေးကောက်ပွဲပြီးသည်အထိ ခုလို ဘာမှ အဖြေမထွက်တဲ့ အခြေအနေအတိုင်း တည်ရှိနေပါလိမ့်မယ်။ ဒါပေမဲ့ အချိန်သိပ်မကြာနိုင်ပါဘူး။ ရွေးကောက်ပွဲဟာ အဖြေမဟုတ်လို့ ပြည်သူတွေက ဖောက်ထွက်တဲ့လမ်းကို ရွေးချယ်ကြပါလိမ့်မယ်။ စစ်တပ်ကလည်း ဒီချုပ်ကို လက်ညှိုးထိုး အပြစ်ပုံချပြီး အာဏာသိမ်းတဲ့လမ်းကို လိုက်နိုင်ပါတယ်။

ဗမာပြည်လူထုဟာ နိုင်ငံရေးနိုးကြားမှု ရှိတယ်။ ရုစ်လေးလုံးစိတ်ဓာတ် ရှင်သန်ဆဲ ဖြစ်တယ်။ အဖိနှိပ်ခံလူမျိုးပေါင်းစုံ ပြည်သူလူထုကြီး ဟာ မတရားတဲ့အမိန့်အာဏာဟူသမျှ ဖီဆန်ကြမယ့် အလုံးစုံပြုပြင်ပြောင်းလဲရေး(ရက်ဒီကယ်) လမ်းကြောင်းပေါ်မှာ အခြေအနေသစ်နဲ့လျော်ညီတဲ့ စုဖွဲ့မှုသစ်တွေ လုပ်ကြပြီး မိမိတို့ရဲ့ စွမ်းအားကို ထုတ်ဖော်ပြသကြပါလိမ့်မယ်။

စာတည်းအဖွဲ့
၆ - ၃ - ၂၀၁၉



# အပြောင်းအလဲတွေ ဝေဝေဆာဆာ

## နှစ်သစ်အခါ

ရဲဘော် ဖိုးသံချောင်း

နှစ်သစ်တခုကူးဝင်ပြီဆိုတော့ တောင်တက်ရင်းနေရာတခုမှာခဏနားရင်း ဘေးဘီကြည့်မိသလို၊ ကိုယ်ရောက်နေတဲ့ နေရာလေးရဲ့ အခြေအနေကို သိရအောင် ကမ္ဘာကြီးဖြစ်ပျက်ခဲ့တာနဲ့ ဖြစ်ပျက်နေတာတချို့ကို အကြမ်းဖျင်းမျက်စိတချက် ဝေ့လိုက်မိပါတယ်။

ဘာလင်တံတိုင်းပြိုကျသွားတာကို မိုင်တိုင်အမှတ်အဖြစ် အသိအမှတ်ပြုမယ်ဆိုရင် စစ်အေးစစ်ဆိုတာကြီး "ပြီး" သွားတာ အနှစ်သုံးဆယ်တင်းတင်းပြည့်ပါတော့မယ်။ ကမ္ဘာပေါ်မှာ ဘာအပြောင်းအလဲတွေသတိပြုမိကြပါသလဲ။ ဆိုဗီယက်အုပ် စုပြိုကွဲသွားတာ၊ ဆိုဗီယက်ရဲ့အရှိန်ဩဇာချည့်နဲ့သွားတာကတော့အမှန်ပါပဲ။ ဒါပေမဲ့ ကမ္ဘာ့ပြည်သူ တွေမှာ ပိုမိုလုံခြုံ၊ ပိုမိုကုံလုံခဲ့ပါသလား။ ဒီ ကမ္ဘာကြီးပေါ်မှာ တင်းမာမှုတွေ၊ အပူကွက်တွေ လျော့နည်းသွားခဲ့ပါသလား။ နိုင်ငံတွေအကြားမှာ ဆင်းရဲချမ်းသာ ကွာခြားမှုနဲ့ တနိုင်ငံချင်းမှာ ဆင်းရဲချမ်းသာ ကွာခြားမှုတွေ လျော့နည်းသွားပါသလား။ ဝေလာ ဝေးပါ။ စစ်ပွဲတွေကရော- ဘာလင်တံတိုင်း ပြိုကျသွားပြီးကတည်းက အရှေ့ဥရောပမှာ အမေရိကန်နဲ့သူ့ဂိုဏ်းသားအနောက်ဥရောပနိုင်ငံတွေရဲ့ပယောဂနဲ့ ဖြစ်လိုက်တဲ့ စစ်ပွဲတွေဟာ ဒုတိယကမ္ဘာစစ် စံချိန်ကိုတောင် မီလောက်ပါတယ်။ ဒါ့အပြင်၊ အာဖဂန်၊ အရှေ့ အလယ်ပိုင်းဒေသ၊ အာဖရိကမြောက်ပိုင်း၊ တောင်အမေရိကတိုက်အလယ်ပိုင်း၊ အမြောက်သံ၊ သေနတ်သံတွေစဲတယ်လို့ ရှိခဲ့လို့လား။ ဒီလိုအနေအထားကနေ ကမ္ဘာသူကမ္ဘာသားတွေတွေ ရလိုက်တဲ့ သင်ခန်းစာကတော့ ကမ္ဘာပေါ်မှာ ဗိုလ်ကြီးတဗိုလ်တည်းသာရှိတယ်ဆိုတော့လည်း ဗိုလ်ကြီးနှစ်ဗိုလ် ရှိတုန်းကလိုပဲ တင်းမာမှုတွေ၊ အပူကွက်တွေ ရှိမြဲရှိ၊ များမြဲများနေတယ်ဆိုတာပါပဲ။ ဒါ့အပြင် နောက်သင်ခန်းစာတခုက ဗိုလ်ကြီးတဗိုလ်တည်း ဆိုတဲ့အနေအထားဟာ ကာလ တိုလေး မျှသာ တည်ရှိနိုင်ပြီး သမိုင်းသဘောနဲ့ ပြောရရင် အင်မတန်တိုတောင်းတဲ့ဆယ်စုနှစ်တခု၊ နှစ်ခုသာသာပဲဖြစ်ပြီး ဘာမှမကြာခင်မှာ အခြေအနေ အချက်အလက် ရှိတဲ့ တခြားအင်အားတွေ၊ နိုင်ငံတွေက ပခုံးချင်းယှဉ်၊ ကျော်တက်ဖို့ လုံးပန်းကြတယ် ဆိုတာပါပဲ။ ဒီကမ္ဘာပေါ်က စစ် တို့၊ တင်းမာမှုတို့ ဆို တာတွေဟာ အရင်းရှင်စနစ် အားကြီးစွာ တည်ရှိမှုနဲ့ တိုက်ရိုက်ဆိုင်တဲ့ကိစ္စပါ။ ဒီစနစ်ဆိုးကြီးရှိနေသရွေ့ စစ်ပွဲ အန္တရာယ်၊ နျူကလီယား အန္တရာယ်တွေ ရှိနေ၊ ခြိမ်းခြောက်တာ ခံနေရမှာပါ။ ဒီနေ့ ကမ္ဘာ့စစ်ရေးရဲ့ထူးခြားချက်က ဩဇာလွှမ်းမိုးနိုင်တဲ့ နယ်မြေလုယက်ခြင်းနဲ့ စစ် လက်နက် (အသစ်တွေ အပါ) အပြိုင်အဆိုင် တီထွင်၊ ထုတ်လုပ်၊ တပ်ဆင်နေကြတာပဲဖြစ်တယ်။ ဒီနေ့အခါ မှာ ဒေါ်နယ်ထရမ့်

ဟာ သူ့အ လိုကျ ကမ္ဘာ့အခင်းအကျင်း(world order) သစ်တခု ဖန်တီးနေတယ်လို့တောင် နိုင်ငံတကာမီဒီယာတွေက ထောက်ပြ နေကြပါတယ်။

ကမ္ဘာ့ အခင်းအကျင်းသစ်ကြီး တခု ပေါ်ပေါက်တော့မှာဆိုတော့ အင်အားကြီးနိုင်ငံတွေ နေရာလုကြ၊ တပည့်မွေးကြတာကို ကောင်းကောင်းသဘောပေါက်နိုင်ပါတယ်။ ထရမ့်ကဆိုရင် သူတို့ တကြော်ကြော် ကြွေးကြော်ခဲ့တဲ့ ဂလိုဘယ် လိုက်ဖေးရှင်းကိုတောင်မှ အပုပ်ချပြောဆိုတာတွေလုပ်လာပါတယ်။ နောက်ပြီး အင်္ဂလန်က ဥရောပသမဂ္ဂထဲကထွက်တာ ဟာလည်း ဒင်းတို့တတွေ ကိုယ့်ယန္တရားကိုယ် ပြန်အားဖြည့်၊ ဆီလောင်း လုပ်နေကြတဲ့အထဲက တခုဖြစ်ပါတယ်။ အခြေ အနေသစ်၊ အခင်းအကျင်းသစ်အတွက် တာစူနေကြတာကနေ ပဋိပက္ခတွေ ပေါ်ထွက်လာနေတာဖြစ်ပါတယ်။

သိထားကြရမှာက စစ်အေးစစ်ပွဲခေတ်ဆိုတာတုန်းက အင်အားကြီးနိုင်ငံတွေအကြား ထိပ်တိုက်တွေ့တယ်ဆိုတာ မရှိသလောက်ပါ။ သူတို့ဟာ ကြားနိုင်ငံလေးတွေ၊ အထူးသဖြင့် ဆင်းရဲတဲ့နိုင်ငံလေးတွေ၊ ဗမာပြည်လို သယံဇာတ ပေါကြွယ်ဝတဲ့နိုင်ငံတွေ၊ ရေနံထွက်နိုင်ငံတွေမှာ သွားပြီး ကြမ်းကြမ်းကြတာ၊ လုကြယက်ကြတာဖြစ်ပါတယ်။ သူတို့ပြော ကြတဲ့ စစ်အေးစစ်ပွဲကြီးပြီးသည့်ဖြစ်စေ၊ မပြီးသည့်ဖြစ်စေ ကမ္ဘာ့သယံဇာတကိုလုယက်တာ၊ သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးတာ၊ ဆင်းရဲတဲ့နိုင်ငံတွေက ဈေးပေါတဲ့လုပ်အားတွေကို အပြတ်သွေးစုပ်နေတာတွေဟာ လျော့သွားတယ်မရှိ၊ ပိုဆိုး သထက်သာဆိုးလာနေပါတယ်။

ဒီလို နိုင်ငံကြီးတွေ ပခုံးချင်းတိုက်၊ ခေါင်းချင်းဆောင့်နေကြချိန်မှာ ဗမာပြည်ကအာဏာရှိသူတွေဟာ သူတို့အာဏာ တည်မြဲရေးကိုပဲစဉ်းစားပြီး ဗမာပြည်ကို ကျွဲနှစ်ကောင်ကြားက မြေစာပင်ဖြစ်အောင် လုပ်နေကြပါတယ်။ ကနေ့လို အင်အားကြီးနိုင်ငံတွေ တရှူးရှူးတရှဲရှဲ မာန်ဖီနေကြချိန်မှာ ဗမာပြည်လိုဆင်းရဲတဲ့နိုင်ငံငယ်လေးတွေဟာ ကိုယ့်ခြံစည်းရိုးကိုယ် လုံအောင်ကာ၊ ကိုယ့်အိမ်တွင်း ညီညွတ်ရေးကိုခိုင်မာအောင်တည်ဆောက်၊ ပြည်သူတွေကို လေကောင်းလေသန့်လည်း ရစေ၊ ကိုယ်လက်လှုပ်ရှားခွင့်လည်းရစေ ဖြစ်အောင် လုပ်ရမှာပါ။

ဒါပေမဲ့ လက်တွေ့မှာက ဒင်းတို့တတွေ ဒီလို တောကြောင်လက်ခမောင်းခတ်တာလုပ်လို့ ဗမာပြည်သားတွေ ပြည်ပကို ထွက်အလုပ်လုပ်ကိုင်ကြ၊ အစော်ကားခံကြရ၊ အနှိမ်ခံကြရသလို ပြည်တွင်းမှာတော့ ဒီမိုကရေစီဆိတ်သုဉ်းသထက် ဆိတ်သုဉ်း၊ လူတွေဆင်းရဲတွင်းနက်သထက်နက်ဖြစ်နေတာ ဘယ်သူမှမငြင်းနိုင်ပါဘူး။ နိုင်ငံတကာဆက်ဆံရေး၊ သံတမန်ရေးအရပြောရရင်တော့ တချိန်က အာရှ-အာဖရိက နိုင်ငံတွေအကြားမှာ ခေါင်းမော်နိုင်ခဲ့တဲ့ ဗမာပြည်ဟာ အခုတော့ အများ တံတွေးခွက်မှာ မျောနေပြီ ဆိုရမယ့်အခြေအနေမျိုး ဆိုက်နေပါတယ်။

တိုင်းပြည်ရဲ့ မြေပေါ်မြေအောက်သယံဇာတတွေ ပြည်ပကို စီးထွက်သွားတာနဲ့အတူ အဲဒီမူလသယံဇာတတွေရဲ့ နေရာမှာ ထုတ်လုပ်မှုအညစ်အကြေးတွေ၊ အဆိပ်ဓာတ်တွေ ကျန်ရှိနေခဲ့ပါတယ်။ အရင်က သယံဇာတတည်ရှိခဲ့ဖူးတဲ့ နေရာတွေမှာ အခုတော့ အဆိပ်မြေ၊ အဆိပ်ရေတွေ ဖုံးလွှမ်းနေပါပြီ။ မြေဟာစိုက်မရ၊ ရေဟာသောက်မရဖြစ်ကုန်ပါပြီ။ ဒါ့အပြင် စစ်အုပ်စုထိပ်သီးတွေနဲ့ ခရိုနီတွေရဲ့ လိုဘကြောင့် တောင်သူလယ်သမားတွေမှာ မြေယာတွေအသိမ်းခံရတဲ့ ရက်စက်မှုဟာလည်း ကျေးလက်နေပြည်သူလူထုကို အကြီးအကျယ်ခြိမ်းခြောက်မှုပါ။ ဒါတွေဟာ အေးစားပြမဟုတ်၊ နေ့ခင်းကြောင်တောင် ဓားပြတိုက်တွေမှုပါ။ ကချင်ပြည်နယ်မှာ ငှားပေးနေတဲ့ မြေကွက်လပ်တွေဟာ တချို့ဆိုရင် ဇေ သောင်းနဲ့ချီရှိပြီး ဗမာပြည်ကမြို့တမြို့ အရွယ်လောက် ရှိပါတယ်။

ဒီထက်ဆိုးတာကတော့ ဆင်းရဲတွင်း နစ်သထက်နစ်လာနေလို့ တိုင်းတပါးသားတွေကို ကိုယ့်မြေယာတွေရောင်းချ၊ ငှားရမ်းပေးနေရသလို ကိုယ့်နမ၊ ကိုယ့်သမီးတွေကို တိုင်းတပါးသားတွေဆီ ဇနီးမယားအဖြစ်ရောင်းချနေရတယ်ဆိုတဲ့ အရင်က ဗမာပြည်သားတွေ အိပ်မက်တောင် မမက်ဖူးတဲ့အဖြစ်ဆိုးတွေဟာ နောင်သားစဉ်မြေးဆက် အရှက်ရ၊ ခေါင်း မဖော်ဝံ့ဖြစ်စေမယ့်ကိစ္စတွေဖြစ်ပါတယ်။ ပြည်ပမှာ ဗမာပြည်သားဆိုရင်အထင်သေးခံရတယ်ဆိုတာဟာ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှ ထင်ထင်ရှားရှားပေါ်ပေါက်လာတဲ့ အပြောင်းအလဲ တမျိုးပါ။ ဒါဟာ ဗမာနိုင်ငံသားတွေညံ့လို့ မဟုတ်ပါဘူး၊ ဆင်းရဲရှာကြလို့ဖြစ်ပါတယ်။ မရှိနိုးနိုး အထင်ခံရတာမျိုးပါ။

ဒါတွေကိုကြုံရတော့ အရင်နယ်စပ်တလျှောက်မှာ ဗကပအင်အားတွေရှိနေတုန်းက ဒီလိုနယ်စပ်ဖြတ်လူကုန်ကူးတာ၊ မြေရောင်းစားတာတွေမရှိခဲ့ဘူးဆိုတာလည်း တွေးနေမိပါတယ်။ စစ်အာဏာရှင်တွေမှာ မရိုးနိုင်တဲ့ လုပ်ဇာတ်/လုပ်နည်းကိုင်နည်းတခု ရှိပါတယ်။ အဲဒါကတော့ ပြည်တွင်းပြည်ပရှိ မီဒီယာနဲ့ ဗမာပြည်နိုင်ငံရေးကို စိတ်ဝင်စားသူ၊ စောင့်ကြည့်နေသူတွေကို ကိစ္စတရပ်ရပ်နဲ့အာရုံလွှဲပြီး သူတို့အာဏာ တည်မြဲရေး၊ ကိုယ်ပိုင်ဓနတိုးပွားရေးအတွက် အစွမ်းကုန်လုံးပန်းတာ ဖြစ်ပါတယ်။ ဗိုလ်နေဝင်း လက်ထက်တုန်းက ဆိုရှယ်လစ်ဝါဒ မျက်လှည့်ပြပွဲနဲ့ အလုပ်သမားညီလာခံ၊ လယ်သမားညီလာခံဆိုတာတွေ တခြိမ်းခြိမ်းကျင်းပ လှည့်စားခဲ့ပြီး ဗိုလ်သိန်းစိန် လက်ထက်မှာတော့ ဘာအဖြေမှ မထွက်တဲ့၊ အနှစ်သာရမရှိတဲ့ ညောင်နှစ်ပင်ညီလာခံ ရသေ့ကိုးသောင်း ပြဇာတ်လိုဟာမျိုးတွေနဲ့ အာရုံလှည့်စားပါတယ်။ အခုကာလမှာတော့ စစ်တပ်ဟာ 'သီချင်းသာ ထပ်စေရမယ်၊ ကကြိုးတော့ မထပ်ရစေဘူး' ဆိုတာလို မပြီးနိုင်၊ မစီးနိုင်တဲ့ "ပြည်တွင်း ငြိမ်းချမ်းရေး" ကဇာတ်ကြီးခင်းပြီး ရခိုင်ပြည်နယ်အပါ တိုင်းရင်းသား ဒေသတွေမှာ သူတို့ရဲ့အာဃာတတွေကို ကျည်ဆန်အဖြစ် ပုံအောနေပါတယ်။

စစ်အုပ်စုဟာ ပြည်တွင်းစစ်နဲ့ပြည်တွင်းငြိမ်းချမ်းရေးပြဿနာကို ဝါဒဖြန့်စရာနဲ့ လုပ်ကိုင်စားစရာ ဇိမ်ခံပစ္စည်းအဖြစ် ဖန်တီးထားတာပါ။ သူတို့ ပြောနေတဲ့ ရင်ကြားစေ့ရေးတို့၊ တွေ့ဆုံစကားပြောပွဲတို့ ဆိုတာတွေကနေပြီး သူတို့နဲ့ သူတို့ရဲ့ ခရိုနီတွေ၊ နောက်လိုက်ခွေးတွေ ထောက်ပံ့ကြေး မျိုးစုံကို လှိုင်ဘောလယ် ပွဲတွေ့နေကြတယ်မဟုတ်ဘူးလား။ ဒင်းတို့တတွေ ပြည်တွင်းစစ်ကို ဖန်တီး၊ ထိန်းသိမ်းထားရာကနေ ကြီးပွားချမ်းသာခဲ့ကြသလို ပြည်တွင်းစစ် ရပ်စဲအောင်လုပ်နေပါတယ်ဆိုတဲ့ လုပ်ငန်းတွေကနေပြီး ဝင်ငွေတွေအလျှံပယ် ရနေတာလည်း အမှန်ပါပဲ။ အာဏာရ အသိုင်းအဝိုင်းချင်း ရင်ကြားစေ့"အပြောင်းအလဲတွေ"လုပ်တာနဲ့ပဲ ပြည်သူတွေ ဆင်းရဲတွင်း နစ်သထက် နစ်၊ ခရိုနီတွေချမ်းသာသထက်ချမ်းသာ၊ ဘူးတောင်းနစ်လို့စောင်ချမ်းပေါ် ဆိုတာလို သူ့ဟာသူတောင်မှ လူကြားထဲမတိုးဝံ့တဲ့ ဗိုလ်ခင်ညွန့်လိုသမိုင်းတရားခံကို စင်မြင့်ပေါ် တင်ကန်တော့တဲ့အခြေအနေတွေဖြစ်ပေါ် လာပါတယ်။

သန်းချီတဲ့ စစ်ပြေး/စစ်ရှောင်ဒုက္ခသည်နဲ့ ဒုက္ခသည်စခန်းဆိုတာဟာ နှစ်ပေါင်း ၇၀ ကျော် ပြည်တွင်းစစ်သမိုင်းရဲ့ အခု နောက်ဆုံးနှစ်များအပိုင်းမှာမှ ပေါ် လာတာပါ။ အပြောင်းအလဲသစ်ပါ။ မိုင်းကွင်းဆိုတဲ့ပြဿနာဟာလည်း သူတို့တွေ ငြိမ်းချမ်းရေးတို့၊ အပစ်အခတ်ရပ်စဲရေးတို့ ပြောနေတဲ့အကြားက ပေါ် လာတဲ့ပြဿနာအသစ်ဖြစ်ပါတယ်။

ဗမာပြည်မှာ ပြည်တွင်းစစ်နဲ့ခွဲမရတဲ့ လူမှုရေး နောက်ပြဿနာတခုကတော့ မူးယစ်ဆေးဝါးဖြစ်ပါတယ်။ ၁၉၅၀ စုနှစ်များ အစောပိုင်း၊ ဗမာပြည်အရှေ့တလွှားမှာ ကူမင်တန်တရုတ်ဖြူတွေ ဝင်ရောက်လာတဲ့အချိန်ကစပြီး မူးယစ်ရာဇာတွေ နဲ့ အစိုးရစစ်တပ်၊ ထောက်လှမ်းရေးတို့ဟာ ရှေးရေစက် ကံဆုံတယ်လို့ဆိုရမလို စုလျားရစ်ပတ် လက်ထပ်ခဲ့ကြတာ ဒီနေ့အထိ လက်တွဲမဖြုတ်၊ တဆက်တည်း လုပ်နေကြပါတယ်။ မူးယစ်ရာဇာတွေက စစ်တိုင်းထိပ်ပိုင်းတွေကို ခါးပိုက်ဆောင်ထဲ ထည့်ထားတာလည်း လူတိုင်းအသိပါပဲ။ ဒီလိုနဲ့ စစ်တပ်က အရပ်ဖက်ကို အာဏာလွှဲပေးလိုက်ပြီဆိုတဲ့နောက်ပိုင်း၊ ဗမာပြည်မှာ မူးယစ်ဆေးဝါးတွေဟာ ကြောက်ခမန်းလိလိ ပေါလာပါတယ်။ ပိုင်ရှင်မဲ့ မူးယစ်ဆေးဝါး ဆိုတာတွေအတွက် ရဲအဖွဲ့ကို လူထုက သရော်လှောင်ပြောင်နေကြပြီး တရားဥပဒေဆိုတာဟာလည်း မှောင်ရိပ်မှာ ငို နေရပါတယ်။

ဒါ့အပြင် ဘယ်တုန်းကမှ မကြုံဖူး၊ မကြားဖူးတဲ့ ဖားကန့်က တောင်ပြိုမှုလို မရှိလို့ လုပ်စားနေကြရတဲ့ ဗမာပြည်က ဆင်းရဲသားကျောက်သမားတွေကို ဒုက္ခပေးတဲ့ ကပ်တွေဟာလည်း စစ်အာဏာရှင်တွေနဲ့ သူတို့ရဲ့ခရိုနီတွေကောင်းစားမြဲဖြစ်ကြောင်း သက်သေပြနေတာသာဖြစ်ပါတယ်။ ဖိုးသမားများ အမေ့လက်စွပ်ကိုတောင် ပေါင်ပြီး ဆေးရှူတယ်လို့ ဆိုကြသလိုပဲ စစ်အာဏာရှင်တွေဟာ မိခင် ဧရာဝတီကိုတောင်မှ အငှားချစားခဲ့ကြတာ အခုဆိုရင် ဗမာပြည်ရဲ့ မနည်းလှတဲ့ မြစ်တွေချောင်းတွေဟာ သောက်သုံးရမှာအန္တရာယ်ရှိတဲ့ အနေအထားကို ရောက်လာကြပါပြီ။ ပြည်သူတွေ ဆန့်ကျင် ဆန္ဒပြနေကြတဲ့အကြားက ဘနဖူးသိုက်တူးလုပ်ခဲ့တဲ့ လက်ပံတောင်းတောင် သတ္တုတွင်း လုပ်ရပ်ဟာ ဝါးစိမ်းတောင် စီမံကိန်းလို တခြား အနီးအပါး ပတ်ဝန်းကျင်ကိုပါ ပျံ့နှံ့လာပြီး ရှေးဟောင်းအမွေအနှစ်တွေ ဆုံးရှုံးမှုအခြေအနေဟာ ဆိုးဝါးသထက်ဆိုးဝါးလာခဲ့ပါတယ်။ အခုနှစ်များအတွင်း ဗမာပြည်မှာလူတွေသတိထားမိကြတဲ့ ထင်ရှားတဲ့ အပြောင်းအလဲ တခု ကတော့ အုပ်စိုးသူတွေက သူတို့ရဲ့ရန်သူတော်စာရင်းမှာ မီဒီယာလောကသားတွေကိုပါ ထည့်သွင်း ဖိနှိပ်လာတာဖြစ်ပါတယ်။

ဒီလိုနဲ့ ဗမာနိုင်ငံအစိုးရဟာ မူးယစ်ဆေးဝါးလုပ်ငန်းနဲ့ မီဒီယာဖိနှိပ်မှုမှာ ကမ္ဘာ့ထိပ်တန်းစာရင်း ဝင် လာခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်နောက်ပိုင်းမှာ အစိုးရကို ထိရောက်စွာဝေဖန်ထောက်ပြတတ်သူတဦးကို ရန်ကုန်မြို့၊ မင်္ဂလာဒုံနိုင်ငံတကာ လေဆိပ်လို လူဗိုလ်ပုံ အလယ်မှာပစ်သတ်တဲ့ အဖြစ်အပျက်မျိုးတွေပေါ် ပေါက်ခဲ့ပြီး မန္တလေးလို ဗမာပြည်ရဲ့ ဒုတိယ အကြီးဆုံးမြို့ကြီးမှာလည်း နေဝင်မိုးချုပ်ရင် အပြင် မထွက်ကြနဲ့လို့ သတိပေးရတဲ့ အခြေအနေဆိုက်ခဲ့တာဖြစ်ပါတယ်။

ဒီလိုအပြောင်းအလဲတွေ၊ လှိုင်းလုံးတွေ အကြားမှာ မတုန်မလှုပ်၊ တည်ငြိမ်စွာရပ်တည်နေတာကတော့ စစ်အုပ်စုရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဆိုတာပဲဖြစ်ပါတယ်။ ဗမာပြည်သမိုင်းမှာ ပြည်သူလူထုရဲ့ ဆန့်ကျင်မှု အများဆုံးခံရတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတရပ် အခုလို ခိုင်ခိုင်မာမာ၊ ခိုင်ခိုင်မြဲမြဲတည်ရှိနေတာဟာ ဒီနေ့ ဗမာပြည် အခြေအနေနဲ့ နောက်ပိုင်းဖြစ်ပေါ် တိုးတက်မှုတွေကို ထင်ဟပ်နေတာလို့ပြောရပါလိမ့်မယ်။

၂၀၁၈ ခုနှစ်ကို ပြန်ငဲ့ကြည့်လိုက်တဲ့အခါ ဝမ်းသာစရာတွေ့ရတာတွေကတော့ ဖုယွင်သပိတ်အပါ ဗမာပြည် အနှံ့အပြားမှာ ပေါ် ပေါက်ခဲ့တဲ့ အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ ဝန်ထမ်းစသည်တွေရဲ့ သပိတ်တိုက်ပွဲ အမျိုးမျိုးပဲဖြစ်ပါတယ်။ ဒီတိုက်ပွဲတွေဟာ အောင်ပွဲရတာလည်းရှိ၊ အောင်ပွဲမရတာလည်းရှိဖြစ်ပေမယ့် ပြည်သူတရပ်လုံးကို အားတက်စေ၊ အနာဂတ်အပေါ် ယုံကြည်ချက် မြင့်မားစေတာ အမှန်ပါပဲ။

ရဲဘော်ဖိုးသံချောင်း

ဗဟိုစည်းရုံးရေးကော်မတီဗမာပြည်ကွန်မြူနစ်ပါတီ

CENTRAL ORGANIZING COMMITTEE, COMMUNIST PARTY OF BURMA

သို့
ဗဟိုကော်မတီ
မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)
မြန်မာနိုင်ငံ

မှ
ဗဟို စည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ
ဗမာပြည်

ရက်စွဲ- ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်။

အကြောင်းအရာ။ ။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး တည်ထောင်ခြင်း အနှစ်သုံးဆယ်မြောက် အထိမ်းအမှတ် အခမ်းအနားသို့ သဝဏ်လွှာ ပေးပို့ခြင်း။

လေးစားအပ်သည့် ရဲဘော်များခင်ဗျား

ယနေ့ကဲ့သို့ ဂုဏ်ယူအားတက်ဖွယ်ရာ နေ့ထူးနေ့မြတ်ကို ရဲဘော်တို့ ယခုကဲ့သို့ အထိမ်းအမှတ်ပြု အခမ်းအနား ကျင်းပခြင်းအတွက် ရဲဘော်တို့ကိုယ်စား ဂုဏ်ယူဝမ်းမြောက်မိသလို ရဲဘော်တို့ဗဟိုကော်မတီနှင့်တကွ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးအဖွဲ့ဝင်အားလုံးကို ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီနှင့် ပါတီဝင် ရဲဘော်များက လေးနက်စွာ ဂုဏ်ပြုနှုတ်ဆက်လိုက်ပါသည်။

ရှစ်လေးလုံးအရေးတော်ပုံ ပြီးဆုံးသည့်နောက် ဘာမှ မကြာသေးသော ကာလမှာပင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးကို တည်ထောင်ခဲ့ကြသည်။ တနည်း ပြောရလျှင်အရေးတော်ပုံ အာဇာနည်များ၏ သွေးတွေ မခြောက်မီမှာပင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးကို ကျဆုံးသူ အာဇာနည်များ၏ အသက်နှင့်

သွေးများပေါ်တွင် သစ္စာဆို တည်ထောင်ခဲ့ကြခြင်း ဖြစ်သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး တည်တံ့ခဲ့သည့် ကာလသက်တမ်းအတွင်း ဂုဏ်ယူစရာ အကောင်းဆုံးတချက်မှာ ရှစ်လေးလုံးအရေးတော်ပုံတွင် ကျဆုံးသွားသော အာဇာနည်များနှင့် သူတို့ တောင်းဆိုတိုက်ပွဲဝင်ခဲ့သော အရေးတော်ပုံအပေါ် သစ္စာရှိခြင်းပင် ဖြစ်၏ဟုဆိုလျှင် မမှားဟု ထင်ပါသည်။ ထိုနည်းတူစွာပင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၏ ချီတက်ရာလမ်းတလျှောက်တွင် လေးစားဖွယ်ရာ အာဇာနည်များ အသက်ပေးခဲ့ခြင်းကိုလည်း ဗမာပြည်သူများနှင့်အတူ မိမိတို့ ဗမာပြည် ကွန်မြူနစ်ပါတီက လေးစားဂုဏ်ယူမိကြောင်း ဖော်ပြလိုပါသည်။

ဗမာပြည်သူများက ရှစ်လေးလုံးအရေးတော်ပုံကြီးကို ယုံကြည်ထောက်ခံခဲ့ကြခြင်းမှာ တိုက်ပွဲဝင် ရဲဘော်နှင့် ပြည်သူများ၏ ဗမာပြည်တွင် စစ်အာဏာရှင်၊ စစ်အစိုးရဖယ်ရှားရေး ဒီမိုကရေစီထွန်းကားရေးနှင့် ငြိမ်းချမ်းရေးကြွေးကြော်သံများကြောင့် ဖြစ်သည်။ အနှစ်သုံးဆယ် ကြာပြီးနောက် ယနေ့အခါမှာ ဤတောင်းဆိုချက်များ မည်မျှအကောင်အထည် ပေါ်ပြီနည်း ဟု ပြန်ကြည့်၊ ပြန်သုံးသပ်သည်မှာလည်း နိုင်ငံရေး၏ လုပ်ရိုးလုပ်စဉ်တခုပင် ဖြစ်သည်။

ဤကာလများအတွင်း ဗမာပြည်၏ အသွင်သဏ္ဍာန်တွေသာ ပြောင်းလဲခဲ့ပြီး အနှစ်သာရအားဖြင့် မည်သို့မျှ မပြောင်းလဲခဲ့ခြင်းကို တကမ္ဘာလုံး အသိပင် ဖြစ်ပါသည်။ ထို့ကြောင့် ကျဆုံးသူများ၏ သွေးနှင့်အသက်များအပေါ်တွင် မိမိတို့နည်းတူ တိုင်တည် သစ္စာဆိုခဲ့ကြသော လက်ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ရဲဘော်များသည် အသက်ပေးသွားသူများ၏ မပြီးဆုံးသေးသော ရည်မှန်းချက်နှင့်တာဝန်များကို ဆက်လက်ထမ်းဆောင်ကြလိမ့်မည် ဟု ယုံကြည်မျှော်လင့်မိပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး အဓွန့်ရှည်ပါစေ။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး တိုက်ပွဲတရာ၊ အောင်ပွဲတရာ ရပါစေ။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးနှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့၏ တိုက်ပွဲဝင်ချစ်ကြည်မှု အဓွန့်ရှည်ပါစေ။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး တည်ထောင်ခြင်း အနှစ်သုံးဆယ်မြောက် အခမ်း အနား အောင်မြင်ပါစေ။

ရဲဘော်သဖွယ် အလေးပြုလျက်

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ





# ထွက်ပေါက်အခွင့်အရေးကို မယူတတ်ရင် မယူချင်ရင်တော့....

မောင်မိုးဦး

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့က NCA လက်မှတ်ထိုးထားတဲ့အဖွဲ့အစည်းတွေရဲ့ ထိပ်သီးတွေနဲ့ အစိုးရနဲ့ တပ်မတော် ထိပ် သီးတွေ အလွတ်သဘော အစည်းအဝေးတခု လုပ်ခဲ့တယ်။ အစည်းအဝေးမှာ ဗိုလ်မင်းအောင်လှိုင်က သူပြောချင်တာတွေကို ဟိန်းသံ ဟောက်သံ၊ ခြိမ်းသံ၊ခြောက်သံတွေနဲ့ မာန်တွေ၊ ဟန်တွေအပြည့်နဲ့ပြောသွားပါတယ်။ တကယ်တော့ အားလုံးကို (အဖွဲ့အစည်း အသီး သီးကိုရော၊ အစိုးရအဖွဲ့ကိုပါ) မောက်မောက်မာမာစော်စော်ကားကားပြောသွားတာပါ။ အလွတ်သဘော တန်းတူရည်တူ အပြန်အလှန် ဆွေးနွေးဖို့နေနေသာသာ အစည်းအဝေး ဆုံးအောင်တောင်မတက်ဘဲ အင်းလေးဖောင်တော်ဦး ဘုရားလှည့်တဲ့ပွဲကို သွားတက်ခဲ့တယ်။

ဗိုလ်မင်းအောင်လှိုင်ပြောတာတွေရဲ့ အတွင်းသဘောကတော့ ၂၀၀၈ အခြေခံဥပဒေဟာ ပြီးပြည့်စုံတယ်၊ ဘာမှအတွန့် အတက် လုပ်မနေကြနဲ့၊ ၂၀၀၈ အခြေခံဥပဒေကို အသေခံ ကာကွယ်မယ်၊ ဒို့တာဝန် အရေးသုံးပါးကိုလက်ခံရင် ဘာဖြစ်လို့ ခွဲမထွက်ရဆိုတာကို လက်မခံနိုင်တာလဲ။ ၂၀၀၈ အခြေခံဥပဒေအရပဲ ဒီချုပ်အစိုးရဖြစ်လာတာပဲ။ ဒီမိုကရေစီအနိုင်ကျင့်မှုမလုပ်ကြနဲ့၊ နိုင်ငံရေး ဂလဲ့စားချေမှု တွေ မလုပ်ကြနဲ့။ တပ်မတော်ကို ဘာမှပြုပြင်ပြောင်းလဲဖို့မလိုဘူး။

တိုင်းပြည်မှာ တပ်မတော် တခုတည်း ရှိရမယ်။ ငြိမ်းချမ်းရေး လိုချင် ရင် လက်နက်ကိုင်တပ်တွေတပ်မတော်လက်အောက်ဝင်ကြ။ နိုင်ငံရေးလုပ်ချင်ရင် နိုင်ငံရေးပါတီဖွဲ့ပြီး မှတ်ပုံတင်ကြ ဆိုတာပါပဲ။

တကယ်တော့ ဗိုလ်မင်းအောင်လှိုင်ဟာ စစ်အုပ်စုရဲ့ပေါ်လစီအရပ်ရပ်ကို စစ်အုပ်စုကိုယ်စား ထွက်ပြောနေတာဖြစ်ပါတယ်။ ဗိုလ်မင်းအောင်လှိုင်ဟာ စစ်အုပ်စုရဲ့ နံပတ်(၁) တော့ မဟုတ်တာ သေချာပါတယ်။ စစ်အုပ်စုဟာ တပ်မတော်ကို လက်ကိုင်တုတ်တပ်အဖြစ် ပြုလုပ်ထားနိုင်ပြီး ဗိုလ်မင်းအောင်လှိုင်ကို လက်ကိုင်တုတ်တပ်ရဲ့ ဗိုလ်ချုပ်မှူးကြီးအဖြစ် ခန့်ထားတာဖြစ်ပါတယ်။ ဗိုလ်မင်းအောင်လှိုင်ကို ဗိုလ်ချုပ်မှူးကြီးအဖြစ် အစိုးရကလည်း ခန့်တာမဟုတ်၊ လွှတ်တော်ကလည်း ခန့်တာ မဟုတ်တာကတော့ အသေအချာပါပဲ။ ဗိုလ်မင်းအောင်လှိုင်ပြောသွားတဲ့ တပ်မတော်သမိုင်းမှာ စစ်အုပ်စုသမိုင်းနဲ့တပ်မတော်သမိုင်းကို ဗလုံးဗထွေး ပြောတာ ဖြစ်ပါတယ်။ စစ်အုပ်စုက နိုင်ငံရေးအာဏာကို သိမ်းလိုက်တဲ့အချိန်ကစပြီး တပ်မတော်ဟာ စစ်အုပ်စုရဲ့လက်ကိုင်တုတ်တပ် ပီပြင်သွားခဲ့တာ ဖြစ်ပါတယ်။ ၁၉၅၈ ခုနှစ်က ဝတ်စုံပြည့်(အစမ်း) အာဏာသိမ်းမှုလုပ်ကတည်းက ဗိုလ်နေဝင်းဟာ စစ်အုပ်စုကို စတင်ဖွဲ့စည်းပြီး တပ်မတော်ကိုလည်း လက်ကိုင်တုတ်တပ်ပီသလာအောင် စတင်လုပ်ဆောင်ခဲ့တယ်။ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှာတော့ ဗိုလ်နေဝင်း စစ်အုပ်စုဟာ အတောင်အလက်စုံလင်လာပြီးဖြစ်တော့ တပ်မတော်ဟာလည်း ဗိုလ်နေဝင်းတလက်ကိုင်တပ်အဖြစ် ပီပြင်သွား ပါတယ်။ စစ်အုပ်စု ဖွဲ့တာကို မလိုလား တဲ့ တပ်မှူးကြီးအမြောက်အမြား တပ်အပြင် ရောက်ကုန်တော့တယ်။ စစ်အုပ်စုမှာနံပါတ် (၁) ပဲရှိတယ်၊ နံပါတ် (၂) ဆိုတာမရှိဘူး။ နံပါတ် (၂) ဖြစ်ချင်တဲ့ ဗိုလ်အောင်ကြီး အစောကြီးကန်ထုတ်ခံရတာပဲ။ စစ်အုပ်စု အဆက်ဆက်မှာ နံပါတ် (၂) တခါမှမရှိခဲ့ဖူးပါ။ ဗိုလ်နေဝင်း စစ်အုပ်စု၊ ဗိုလ်သန်းရွှေစစ်အုပ်စုအားလုံးမှာ နံပါတ်(၂) လို့ တစ်ပြေးလာရင် မကြာဘူး၊ ကန် ထုတ်ခံရတာပဲ။

ဗိုလ်မင်းအောင်လှိုင်ပြောတဲ့ ဒီမိုကရေစီအနိုင်ကျင့်မှုဆိုတာ ဘာလဲ။ လွှတ်တော်ထဲမှာ ဗိုလ်မင်းအောင်လှိုင် ခန့်အပ်တဲ့ တမတ်သား ကိုယ်စားလှယ်တွေ အရေးနိမ့်သွားတဲ့ကိစ္စကို ပြောတာပဲဖြစ်မယ်။ ဒီမိုကရေစီစနစ်မှာ အနည်းစုက အများစုရဲ့ဆုံးဖြတ်ချက်ကို နာခံရမယ်။ အများစုက အနည်းစုကို လေးစားရမယ်ဆိုတာ ဗိုလ်မင်းအောင်လှိုင် နည်းနည်းမှ နားလည်ပုံမပေါ်ဘူး။ တကယ်တော့ ဗိုလ်နေဝင်း စစ်အပ်စုကအစ ဗိုလ်သန်းရွှေ စစ်အုပ်စုအထိ (ကနေ့အထိ) လူမျိုးပေါင်းစုံ ပြည်သူတရပ်လုံး၊ တမျိုးသားလုံးကို အနိုင်ကျင့်ဖိနှိပ် စော်ကားခဲ့တာတွေကို ဗိုလ်မင်းအောင်လှိုင်မသိဘူးလား။ ၂၀၀၈ အခြေခံဥပဒေကြီးဟာ ဗမာပြည်မှာရှိတဲ့ နိုင်ငံရေးအင်အားစုအားလုံး၊ လူမျိုးပေါင်းစုံပြည်သူတရပ်လုံး၊ တမျိုးသားလုံးကို အနိုင်ကျင့် စော်ကား ဖိနှိပ်တဲ့ အခြေခံဥပဒေကြီးဆိုတာ မသိသူမရှိဘူးဆိုတာကို ဗိုလ်မင်းအောင်လှိုင် မသိရှာ့သလား။ မိမိကိုယ်ကျိုးအတွက် မသိချင်ယောင်ဆောင်နေတာတော့ ဖြစ်နိုင်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကနေ့အချိန်မှာ ဗိုလ်မင်းအောင်လှိုင်ဟာ နိုင်ငံရေးအင်အားစုအားလုံးကိုရော၊ အစိုးရအဖွဲ့ကိုရော လူမျိုးပေါင်းစုံ ပြည်သူလူထုတရပ်လုံး၊ တမျိုးသားလုံးအပေါ် ဗိုလ်ကျစော်ကား၊ အနိုင်ကျင့်နိုင်ပါတယ်။ ဒါပေမဲ့ ၂၀၀၈ အခြေခံဥပဒေအထက်မှာရှိနေတဲ့ စစ်အုပ်စုမှာ ဗိုလ်မင်းအောင်လှိုင်ဟာ နံပါတ် (၁) မဟုတ်ရင်တော့ စိန်လွင်လို ရာဇဝတ်ကောင် အဖြစ်လည်းကောင်း စောမောင်လို အရူးအဖြစ်လည်းကောင်း ဇတ်သိမ်းမကောင်းတဲ့ ကြမ္မာဆိုးနဲ့ တိုးနိုင်ပါတယ်၊ အိုင်စီစီကပ်သင့်နေတဲ့ စစ်ခေါင်းဆောင်ကို စစ်ခရိုနီလူတန်းစားက ကယ်တင်ရှင်အဖြစ် ချီးမြှောက်ချင်ကြမှာ မဟုတ်ပါဘူး၊ နံပါတ်(၁) ဖြစ်တဲ့ ဗိုလ်နေဝင်းသည်ပင်လျှင် ကြမ္မာငင်ခဲ့ပြီပဲ။

နိုင်ငံရေးအင်အားစုအားလုံးရော လူမျိုးပေါင်းစုံပြည်သူလူထုတရပ်လုံးဖြစ်တဲ့ တမျိုးသားလုံးကပါ အပစ်အခတ်ရပ်စဲကြပြီး နိုင်ငံရေး ပြဿနာကို ငြိမ်းချမ်းစွာ ဆွေးနွေးဖြေရှင်းဖို့ဆွေးနွေးရာမှာလည်း အပြန်အလှန် တန်းတူရည်တူသဘောထားပြီး အပြန်အလှန် လေးစားတဲ့စိတ်ထားနဲ့ ဆွေးနွေးဖို့၊ စိတ်အားထက်သန်နေကြတဲ့အချိန်မှာ ဗိုလ်မင်းအောင်လှိုင်က နိုင်ငံရေးဂလဲ့စားချေတာတွေ မလုပ်နဲ့လို့ ပြောနေတာ ဘာအဓိပ္ပာယ်ရှိလဲ။ ပြည်တွင်းစစ်တလျှောက် စစ်တပ်က ကျေးလက်ဒေသတွေမှာ ကျူးလွန်ခဲ့တဲ့ရာဇဝတ်မှုတွေ၊ ဗိုလ်နေဝင်း စစ်အုပ်စု အာဏာသိမ်းတဲ့ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့ လင်းအားကြီးအချိန်မှာ သမ္မတဟောင်းစဝ်ရွှေသိုက်ရဲ့ သားငယ် အသတ်ခံရတာကစတဲ့ မြို့ပေါ်လူသတ်မှုတွေအတွက် ဗိုလ်မင်းအောင်လှိုင် ကျောချမ်းနေတာ ဖြစ်နိုင်ပါတယ်။

ဗိုလ်နေဝင်း စစ်အုပ်စုဟာ ၁၉၆၂ မတ်လ ၂ ရက်နေ့မှာ အာဏာသိမ်းကတည်းက မြို့ပေါ်မှာ လူသတ်မှုနဲ့စခဲ့တာပါ။ ၁၉၆၂ ခုနှစ် ဇူလိုင် ၇ ရက်နေ့ ရန်ကုန်တက္ကသိုလ်ကျောင်းသားတွေကို တက္ကသိုလ်နယ်မြေထဲမှာ အစုလိုက်အပြုံလိုက် ရက်ရက်စက်စက် သတ်ခဲ့တယ်။ ၁၉၆၇ ခုနှစ် ရန်ကုန်မြို့ပေါ်မှာ တရုတ်ဗမာအရေးအခင်းကိုဖန်တီးပြီး မြို့လယ်ခေါင်မှာ လူသတ်ပွဲလုပ်ခဲ့တယ်။ ရခိုင်မှာ ဆန်လုပွဲ အကြောင်းပြုပြီး လူတွေကို အစုလိုက်အပြုံလိုက် သတ်ခဲ့တယ်။ ၇၄-၇၅ ခုနှစ်တွေမှာ အလုပ်သမား၊ ကျောင်းသား အရေးအခင်းတွေမှာ အစုလိုက်အပြုံလိုက် ပစ်ခတ်သတ်ဖြတ်ခဲ့တယ်။ မိုင်းရာပြည့်၊ ဦးသန့်ဈာပနအရေးအခင်းတွေမှာ ဖမ်းဆီးနှိပ်စက် သတ်ဖြတ်တာတွေ လုပ်ခဲ့တယ်။ ၁၉၈၈ လူထုအုံကြွမှုအရေးအခင်းမှာ ရန်ကုန်မြို့အတွင်း (မဟာရန်ကုန်အတွင်း) နေရာ အတော်များများမှာ အစုလိုက်အပြုံလိုက် ပစ်ခတ်သတ်ဖြတ်ခဲ့တယ်။ ဗမာတပြည်လုံးအနှံ့ မြို့ကြီးတွေမှာလည်း ပစ်ခတ်သတ်ဖြတ်မှုတွေဖြစ်ခဲ့တယ်။ လူတွေကို စစ်ကြောရေးမှာ၊ ထောင်တွင်းမှာ နှိပ်စက်ညှဉ်းပန်း၊ သတ်ဖြတ်တာတွေ အများအပြားရှိခဲ့တယ်။ ဒီပဲယင်း အရေးအခင်းမှာ သေကျေအနာတရဖြစ်ခဲ့တာ၊ လက်ပံတောင်းတောင်မှာ လယ်သူမ ဒေါ်ခင်ဝင်း အသတ်ခံရတာ၊ ရှေ့နေဦးကိုနီ အသတ်ခံရတာ၊ ၂၀၀၇ သံဃာ့အရေးအခင်း (ရွှေဝါရောင်တော်လှန်ရေး) မှာ ရန်ကုန်မြို့လယ်ခေါင်မှာ အစုလိုက်အပြုံလိုက်အသတ်ခံရတာ၊ ၂၀၀၈ နာဂစ်မုန်တိုင်းဒဏ် ခံရစဉ်က အလောင်းတွေကို ငါးစာကျွေးပစ်လိုက်ဆိုတဲ့ စစ်အုပ်စုရဲ့ လက်ပါးစေဂန်ကြီးတပါးရဲ့ သဘောထားစတာတွေ အားလုံးဟာ စစ်အုပ်စုက တာဝန်ယူရ

မယ့်ကိစ္စတွေချည်းပဲ ဖြစ်တယ်။ အဲ့ဒီတာဝန် အားလုံးဟာ ကနေ့ဗိုလ်မင်းအောင်လှိုင်အပေါ် စုပြုံကျ ရောက်နေပါတယ်။ ဒီကိစ္စတွေဟာ တချိန်ချိန်မှာ အရိုးတွန်တတ်တယ်ဆိုတာ ဗိုလ်မင်းအောင်လှိုင် စဉ်းစားလေ ကျောချမ်းလေ ဖြစ်ပုံရပါတယ်။

တကယ်တော့ လူမျိုးပေါင်းစုံပြည်သူလူထုတရပ်လုံး၊ နိုင်ငံရေးအင်အားစုအားလုံးဟာ စစ်အုပ်စုကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖျက်သိမ်းဖို့ အခွင့်အရေးပေးခဲ့တာ အကြိမ်အတော်များခဲ့ပါတယ်။ ၈၈ အရေးတော်ပုံကာလအတွင်းမှာ ကြားဖြတ်အစိုးရဖွဲ့ဖို့ ပြည်သူလူထုက တောင်းဆိုခဲ့တယ်။ အဲ့ဒီတုန်းက လူထုသဘောကျ ကြားဖြတ်အစိုးရကို ဖွဲ့စည်းပေးခဲ့ရင် စစ်အုပ်စုကို အေးအေးချမ်းချမ်း နဲ့ သိက္ခာရှိရှိ ဖျက်သိမ်းပစ်နိုင်ပါတယ်။ တပ်မတော်ကလည်း လက်ကိုင်တုတ်ဘဝက လွတ်မြောက်သွားနိုင်ပါတယ်။

၁၉၉၀ ရွေးကောက်ပွဲရလာဒ်ကို အသိအမှတ်ပြုပြီး ဒီချုပ်နဲ့ ရွေးကောက်ပွဲအနိုင်ရအင်အားစုတွေလက်ထဲ အာဏာလွှဲခဲ့ရင် စစ်အုပ်စုကို အေးအေးချမ်းချမ်းနဲ့ဖျက်သိမ်းလိုက်နိုင်ပြီး ဒီမိုကရေစီနိုင်ငံကို စောစောစီးစီးထူထောင်နိုင်မှာဖြစ်သလို ၂၀၀၈ အခြေခံဥပဒေလည်း ပေါ်ပေါက်စရာအကြောင်းမရှိပါ။ ပြည်တွင်းစစ်ပြဿနာကိုလည်း စောစောကတည်းက ဖြေရှင်းပြီးဖြစ်နိုင်ပါတယ်။ စစ်အုပ်စုဟာ ခေါင်းမာမာနဲ့ အာဏာကိုချုပ်ကိုင်ထားပြီး စစ်အာဏာရှင်စနစ်ကို ဆက်လက် ကျင့်သုံးတာကြောင့် ၂၀၀၈ အခြေခံဥပဒေဆိုတာလည်း ပေါ်လာတယ်။ စစ်မဟုတ်-ငြိမ်းချမ်းရေးမဟုတ်တဲ့ အခြေအနေတရပ် ဖြစ်ပေါ်စေတယ်။ အရပ်သားနဲ့ စစ်ဖက်-ဖက်စပ်အစိုးရတရပ် ပေါ်ပေါက်စေတယ်။ တိုင်းပြည်လည်းမွဲသည်ထက် မွဲတယ်။ ပြဿနာပေါင်းစုံဟာလည်း သပွတ်အူ လိုက်နေတယ်။ နိုင်ငံတကာ ဆက်ဆံရေးတွေမှာလည်း အဖုအထစ်တွေ များလာနေတယ်။

ဒါပေမဲ့ ထွက်ပေါက်အလားအလာတခု ရှိနေပါတယ်။ အဲ့ဒါကတော့ တပြည်လုံးအပစ်အခတ်ရပ်စဲပြီး အင်အားစုအားလုံး ပါဝင်တဲ့ တန်းတူရည်တူရှိတဲ့ အပြန်အလှန်လေးစားတဲ့၊ အပေးအယူရှိတဲ့၊ အလျှော့အတင်းလုပ်တဲ့၊ ရိုးသားပွင့်လင်းတဲ့ နိုင်ငံရေးဆွေးနွေးပွဲ တရပ်ကို ဖော်ဆောင်နိုင်ရမှာဖြစ်တယ်။ အဲ့ဒီလိုဆွေးနွေးပွဲမျိုးမှာမှ တမျိုးသားလုံးသွေးစည်းညီညွတ်အောင် ဘယ်လိုလုပ်မလဲ၊ဒီမိုကရေစီ ဘယ်လိုဖော်ဆောင်မလဲ၊ ဖက်ဒရယ်ပြည်ထောင်စုကို ဘယ်ပုံစံနဲ့ ဘယ်လိုထူထောင်မလဲ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖက်ဒရယ် ပြည်ထောင်စုနဲ့ကိုက်ညီအောင် ဒီမိုကရေစီစံညွှန်းတွေနဲ့အညီ ဘယ်လိုရေးဆွဲမလဲ၊ ဒီမိုကရေစီရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုနဲ့ ကိုက်ညီတဲ့ တပ်မတော်တရပ်ကို ဘယ်လို ပြင်ဆင်ဖွဲ့စည်းမလဲ ဆိုတာတွေကို မူကျကျ၊ စနစ်တကျ ဆွေးနွေး ညှိနှိုင်းနိုင်မှာ ဖြစ်ပါတယ်။ လက်ရှိလုပ်နေတဲ့ ၂၁ ရာစုပင်လုံညီလာခံကို ဘောင်မခတ်ဘဲ တိုးချဲ့ပြီး ကျင်းပမယ်ဆိုရင် အောင်မြင်တဲ့ဆွေးနွေးပွဲတရပ် ဖြစ်မြောက်သွားနိုင်ပါတယ်၊

အဲ့ဒီဆွေးနွေးပွဲအောင်မြင်ရင် စစ်အုပ်စုဟာ အေးအေးချမ်းချမ်းနဲ့ ကိုယ်ဘာသာ စစ်အုပ်စုကိုဖျက်သိမ်းပြီး စစ်အာဏာရှင်စနစ်ကို ရုပ်သိမ်းသွားနိုင်ပါတယ်။ တိုင်းပြည်လည်း ငြိမ်းချမ်းသာယာပြီးဖွံ့ဖြိုးတိုးတက်သွားမှာပါ။

ဒီထွက်ပေါက်အခွင့်အလမ်းကို စစ်အုပ်စုကမယူဘဲ ဆက်ပြီးခေါင်းမာမယ်ဆိုရင်တော့ အရိုးတွန်သံတွေပြန်ကြားလာရဦးမှာပဲ။ သမိုင်းဟာ အညှာတာကင်းမဲ့ပါတယ်။ သမိုင်းဖန်တီးတာ ပြည်သူလူထုပဲဖြစ်ပါတယ်။ စစ်အုပ်စုကသမိုင်းဖန်တီးနေတာမဟုတ်ပါ။ စစ်အုပ်စုသက်တမ်းဟာ ရာစုဝက် ကျော်နေပြီဆိုပေမယ့် သမိုင်းရေစီးကြောင်းမှာ ရေပွက်တခုသာ ဖြစ်တယ်ဆိုတာ သမိုင်းကအဆုံးအဖြတ်ပေးပါလိမ့်မယ်။ စစ်အုပ်စုဟာ ဒီအတိုင်းပဲ ဆက်ပြီး ခေါင်းမာနေရရင်တော့ စစ်အုပ်စုနဲ့ ဗိုလ်မင်းအောင်လှိုင်ရဲ့ ကံကြမ္မာဟာ ဟစ်တလာနဲ့သူ့ရဲ့ နောက်လိုက်ဗိုလ်ချုပ်တွေရဲ့ ကံကြမ္မာနဲ့များ သွားတူလေမလားပဲ။

**မောင်မိုးဦး**



**သေနတ်ကိုင်**

**ယဉ်ကျေးမှုနဲ့**

**ယဉ်ပါးနေပြီဖြစ်တဲ့**

**လာဘ်ပေးလာဘ်ယူမှု**

**ဇော်လတ်**

သရုပ်ဆောင် အောင်ရဲထွေးသေဆုံးမှုကနေ [ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး၊ ရာဇဝတ်ကြီးအမှု အမှတ် ၃၄/၂၀၁၈ အား ရာဇဝတ်ကျင့်ထုံး ဥပဒေအမှတ် ၄၉၄ (က) အရ ရုပ်သိမ်းခွင့်ပြုသည့်ကိစ္စတွင် တရားလိုပြသက်သေများကို တမင်ပေါ့လျော့စွာ စစ်ဆေးပြီး တရားခံများ ပြစ်မှုကျူးလွန်ကြောင်း တရားလိုပြသက်သေများက ထွက်ဆိုနိုင်ခြင်းမရှိသည့်အခြေအနေဖြစ်ပေါ်အောင် ဖန်တီးကာ တရားခံများ၏ မိဘများထံမှ လာဘ်ငွေနှင့် တံစိုးလက်ဆောင်များ ရယူခဲ့သည့်] ဖျတ်ခနဲ လှန်ပြလိုက်တဲ့ အဂတိလိုက် စားမှုဟာ "တရားဥပဒေလောကနဲ့ ရဲလောက" ရဲ့ပုပ်သိုးလိုက်စားမှုကလေးကိုသာ တကွက်တကွင်း ကွက်ပြီးဖော်ပြနေတာမဟုတ်ဘဲ စစ်အုပ်စု အုပ်စိုးမှုယန္တရားကြီးရဲ့ အထွေထွေ ပုပ်သိုးနေမှု၊ အထွေထွေ မဖွယ်မရာမှုကြီးတွေကိုပါ တပြိုင်နက်တည်း အသိပေး ဖော်ထုတ်ပြ လိုက်တာဖြစ်ပါတယ်။

'အီစွတ်ပုံပြင် 'တစ်ပုဒ်ထဲမှာ ပါသလို ဆိတ်စားစရာကို မြေခွေးက ယူပေးပြီး၊မြေခွေးစားစရာကို ဆိတ်က အပြန်အလှန် ခိုးယူ ပေးကြတဲ့ ပုံပမာကိုတောင် သွားပြီး သတိရစေပါတယ်။ ပုပ်သိုးမှုဟာ ကင်ဆာလို အမြစ်တွယ်လိုက်စားနေတာကို မြင်လိုက်ကြပြီ မဟုတ်ပါလား။ တကယ်တော့ အထက်အောက်အပြန်အလှန် ချိတ်ဆက်၊ အကွက်ဆင် အကွက်ရိုက်ပြီး လာဘ်ယူ လာဘ်စားကြတာပါ။ အောက်ခြေ "အမှုစစ်ရဲအုပ်" ကနေ အထက်အဆင့် "တိုင်းဒေသကြီး ဥပဒေချုပ်" အထိ အစဉ်လိုက် တင်ပြရရင်

ရဲအုပ် (ချစ်ကိုကို) [ကျပ်ငွေ သိန်း ၃၀]
ဒုတိယခရိုင်ဥပဒေအရာရှိ (ဒေါ်သစ်သစ်ခင်) [ကျပ်ငွေ သိန်း ၃၀ နှင့်ပါတိတ်လုံချည် တစ်ထည်]
ဒုတိယခရိုင်တရားသူကြီး (ဦးအောင်ကြည်) [ကျပ်သိန်း ၃၃၀]
ခရိုင်ဥပဒေအရာရှိ(ဦးကိုကိုလေး) [ကျပ်ငွေ သိန်း ၁၃၀နှင့် Goldlabel အရက် ပုလင်း တစ်လုံး]
တိုင်းဒေသကြီးဥပဒေအရာရှိ (ဦးသိန်းဇော်) [ကျပ်ငွေ သိန်း ၅၀]
တိုင်းဒေသကြီးဥပဒေချုပ်(ဦးဟန်ထူး) [ကျပ် ငွေသိန်း၁၅၀၊ BlueLabel အရက်ပုလင်း တစ်လုံးနှင့် အင်္ကျီတစ်ထည်]

[ငွေကြေးအနေနဲ့ ကျပ်သိန်းတစ်ထောင် ပင်မပြည့်တာ သတိပြုမိပါတယ်။ သိန်း ၇၂၀ ပဲရှိပါတယ်။ လာဘ်ငွေဖော်ပြတာ ပမာဏနည်းများ နေသလား၊ သက်သက်ညာညာ လျှော့လျှော့ပေါ့ပေါ့ဖော်ပြနေကြသလားလို့လည်း စဉ်းစားမိပါတယ်]အများပြည်သူ အသက်အိုးအိမ်လုံခြုံမှုအကျိုးစီးပွားအတွက်အလို့ငှာ အမှန်တရားနဲ့ ဥပဒေကို မယိမ်းမယိုင် ထိန်းသိမ်း ကာကွယ်စောင့် ရှောက်ရန် တာဝန်ရှိအဖွဲ့အစည်းဖြစ်တဲ့ "တရားစီရင်ရေးနဲ့ ရဲလောက" ထဲမှ ပုပ်သိုးလိုက်စားနေတဲ့ မဖွယ်မရာအမှုကြီး ပွင့်ကျ ပေါ်ထွက်လာပါတယ်။

"တရား စီရင်ရေးနဲ့ ရဲလောကမှာ" ဒီလို ပုပ်သိုးလှိုက်စားမှုတွေ နက်ရှိုင်းစွာအမြစ်တွယ်နေခဲ့တာ ဘယ်လောက်ကြာမြင့်နေပြီလဲ။ နက်ရှိုင်းနေခဲ့ပြီလဲ။ ဖြစ်ရိုးဖြစ်စဉ်သဖွယ်ဖြစ်နေခဲ့တာ ဘယ်လောက်ကြာမြင့်နေခဲ့ပြီလဲ။ "ရေလောင်းတယ်၊ လိုင်းဝင်တယ်၊ ဂါကြေး" တို့ ဆိုတာတွေဟာ ဒီလောကရဲ့ "ယဉ်ကျေးမှုစကားလုံးတွေ" ပဲ မဟုတ်လား။" အဖြစ်မှန်၊တရားနဲ့ဥပဒေ " ကို မိုက်မိုက်မဲမဲ ကျောခိုင်းလျစ်လျူရှုပြီး မိမိသင်ယူ ကိုင်စွဲရထားတဲ့ "တရားဥပဒေ၊ ရာထူး အဆင့် နေရာ" ကို တလွဲ အသုံးချပြီး ကိုယ်ကျိုးကြည့်ခဲ့ကြမှုတွေ အရေအတွက် ဘယ်လောက်တောင်ရှိခဲ့ပြီလဲ။

ဒီလို မတရားမှု၊ ဖိနှိပ်အနိုင်ကျင့်မှု၊ မဖွယ်မရာမှုတွေ၊ ဒီလို မလျော်မကန်ပြုမှုတွေဟာ စစ်အုပ်စုရဲ့ ဖောက်ပြန်တဲ့ အုပ်စိုးမှု ခေတ်စနစ်ထဲမှာ သန္ဓေတည် မွေးဖွားပြီး အစွယ်နဲ့ အမြီး ပေါက်လာခဲ့တာပါ။ စစ်အုပ်စု အုပ်စိုးသူတွေကလည်း သေနတ်ကို လက်ကိုင်ပြုပြီး ထင်ရာ စိုင်းခဲ့ကြတာမို့ သူတို့ အောက်ခြေယန္တရားထဲက ဝက်အူလေးတွေကလည်း သူတို့အစွယ်၊ သူတို့ အမြီးကို ထုတ်ပြပြီး သူတို့ အထွာနဲ့ သူတို့ ထင်ရာစိုင်းခဲ့ကြတာသာ ဖြစ်ပါတယ်။ တကယ်အရင်းစစ်တော့ " ခေါင်က မိုးမလုံလို့ တံစက်မြိတ်က မိုးယို" တာပါပဲ။

စစ်အုပ်စုထိပ်သီးက ဥပဒေတို့ရဲ့ အခေါင်အချုပ်လို့ဆိုတဲ့ အခြေခံဥပဒေ (၁၉၄၇ အခြေခံဥပဒေ) ကို စစ်ဖိနပ်နဲ့ နင်းချေ ဖျက်ဆီးခဲ့ တာပဲ မဟုတ်လား။ သေနတ်နဲ့ထောက်ပြီး အခြေခံဥပဒေကို စိတ်ကြိုက် ရေးဆွဲ အတည်ပြုခဲ့တယ် မဟုတ်လား။ (၁၉၇၄ အခြေခံ ဥပဒေ/ ၂၀၀၈ အခြေခံဥပဒေ)

ဒီလိုနဲ့ စစ်အုပ်စုဟာ "စစ်တပ်နဲ့သေနတ်" ကိုသာ လက်မှာမြဲမြဲ ဆုပ်ကိုင်ထားနိုင်ရင် ဘာကိုမဆိုလုပ်နိုင်တယ်လို့ ထင်မှတ်သွားခဲ့ကြတယ်။ ဒီလို ထင်မှတ်မှား သွားလောက်အောင်လည်း သူတို့ အုပ်စိုးထားမှုက (၁၉၆၂ ခုနှစ်ကနေ ယနေ့အထိ ) ရှည်ကြာနေဆဲ ဖြစ်တယ် မဟုတ်လား။ ဒီလိုထင်မှတ်မှားမှုနဲ့ ထင်ရာစိုင်းခဲ့ကြတာမှာ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု စတဲ့ဘက်ပေါင်းစုံမှာ ဆုတ်ယုတ် ပျက်ပြားကုန်ပါတယ်။ တိုင်းပြည်နဲ့လူထုဟာ "အမွဲတကာ့ ထွတ်ခေါင် ဖွတ်မင်းနောင်" ဖြစ်ခဲ့တယ်။ စစ်အုပ်စုဝင် ထိပ်သီးစစ်ဗိုလ်ချုပ်ကြီးတွေကတော့ သူဌေးသူကြွယ်ကြီးတွေဖြစ်လာတယ်။


ဖန်တီးနိုင်သူရဲ့ ကလောင်ကဝေ စေစားမှုအောက်မှာ အစဉ်အလာဗီလိန်လူဆိုး "ဒဿဂီရိဟာ အချစ်သူရဲကောင်း" ဖြစ်လာသလိုပေါ့။ သေနတ်ကိုင်ထားနိုင်ရင် ဘာမဆိုလုပ်နိုင်တယ်ဆိုတဲ့ ထင်မှတ်မှားမှုကို တရားသဖွယ်လက်ကိုင်ပြုပြီး စစ်အုပ်စုဟာ အမှန်ကို အမှား - အမှားကို အမှန်သဖွယ် ပြောင်းပြန်လှန်ပစ်ခဲ့ကြတယ်။ အလားတူပင် တရားမှုကို မတရားမှုအဖြစ်ပြောင်းလဲခဲ့ပြီး မတရားမှုကိုလည်း တရားမှုသဖွယ်ဖြစ်လာစေခဲ့တယ်။ စစ်အုပ်စု အုပ်စိုးတဲ့ခေတ်ကာလမှာ လိုအပ်ရင်လိုအပ်သလို " ကြမ်းပိုး ဟာ လိပ်၊ လိပ်ဟာ - ကြမ်းပိုး" ဖြစ်ခဲ့ရတယ်။ တိုင်းပြည်ချစ်သူက အမျိုးသား သစ္စာဖောက်ဖြစ်ရတယ်။ ဆန္ဒပြလှုံ့ဆော်ရေးသမားက ဆူပူအကြမ်းဖက်သမား ဖြစ်သွားရတယ်။ တော်လှန်ရေးသမားဟာ သောင်းကျန်းသူဖြစ်ရတယ်။ သူခိုးကြီးတွေတော့ ဘွဲ့ထူးဂုဏ်ထူးတွေရပြီး ဘုရားဒကာလူကြီး လူကောင်းတွေဖြစ်လာတယ်။

ဒီလိုနဲ့ သေနတ်ကိုင်ယဉ်ကျေးမှု ရှည်လျားကြာမြင့် လာတဲ့အခါ ဒီလိုမဖွယ်မရာမှုတွေဟာ လုပ်ရိုးလုပ်စဉ်သဖွယ်၊ ယဉ်ကျေးမှု သဖွယ်၊ "ကျင့်ဖွယ်သားတို့တာ" လို့ ဆိုတဲ့ ဆုံးမလင်္ကာသွားသဖွယ် ဖြစ်လာပါတော့တယ်။ ဒီအခါမှာ ငွေထုပ်ပိုက်ထားနိုင်သူများကလည်း သေနတ်ကိုင်ထားသူများနဲ့ နှစ်ကိုယ့်တစ်စိတ်ပေါင်းဖက်ပြီး (တချို့က သားပေးသမီးယူ ခမီးခမက်ပေါင်း ဖက်စေပြီး) တိုင်းပြည် နဲ့ ပြည်သူလူထုအပေါ် ဖိနှိပ် အနိုင်ကျင့်ပါတော့တယ်။ ငွေနဲ့ပေါက်ပြီး အမှုတွေဖျောက်ပစ်လိုက်နိုင်တယ်။ "ပိုင်ရှင်မဲ့"လို့ လုပ်ကြံဖန်တီးနိုင်ပြီး တကယ့် လက်သည်တရားခံဟာ သေနတ်ကိုင် အဘတွေ တန်ခိုးနဲ့ ကိုယ်ပျောက်မြေလျှိုးသွားစေနိုင်တယ်။

အခုပေါ်ပေါက်လာတဲ့ သရုပ်အောင်ရဲထွေး သေဆုံးမှုနဲ့ စပ်လျဉ်းပြီးပေါ်ပေါက်လာတဲ့ အမှုဟာ တကယ့်တော့ အပေါ်ယံမှာ စတိလောက်သာပေါ်နေတဲ့ အဖျားအနားလေးမျှသာရှိပါသေးတယ်။ ဟိုးအောက်မှာ ငုပ်လျှိုးလှိုက်စားနေတဲ့ အပိုင်းက ပုပ္ပား တောင်မကြီး သို့မဟုတ် ကချင်ပြည်နယ်က ခါကာဘိုရာဇီတောင်ထက် ကြီးချင်သာကြီးမယ် သေးတော့မသေးနိုင်ပါဘူး။

ဒီဖြစ်ရပ်ကနေ လက်ရှိအုပ်စိုးသူအစိုးရဖြစ်တဲ့ ဒီချုပ်ပါတီအစိုးရကို အတိအလင်းသတိပေးလိုက်တဲ့အချက် နှစ်ခုရှိပါတယ်။ ပထမတစ်ခုက တရား ဥပဒေစိုးမိုးရေး (ဝါ) တရားတဲ့ ဥပဒေတွေ စိုးမိုးလာဖို့ဆိုတာဟာ ပါးစပ်က ပြောနေကြသလိုလို လွယ်လွယ်ကူကူ အေးအေးဆေးဆေး ဖြစ်မလာနိုင်ဘူးဆိုတဲ့ အချက်ဖြစ်ပြီး၊ ဒုတိယတစ်ခုကတော့ စစ်ဗိုလ်ချုပ်ကြီးတွေ (တာဝန်ထမ်းဆောင်ဆဲနဲ့ အငြိမ်းစားတွေ) ချမ်းသာကြွယ်နေတာ "သေနတ်/ရာထူးအဆင့်နေရာ" နဲ့ ကင်းပြီး ချမ်းသာကြွယ်ဝလာတာမဟုတ်ဘူးဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ နဝတ - နအဖ နဲ့အတူ ပေါ်ထွန်းပြီး ၂၀၀၈ ခြေဥနဲ့ လူရာဝင်လာတဲ့ စစ်ခရိုနီလူတန်းစားဆိုတာ သူတို့ပါပဲ။

စစ်အုပ်စုနဲ့ ၂၀၀၈ အခြေခံဥပဒေကို အကုန်အစင် တိုက်ဖျက်ပစ်နိုင်မှသာ စစ်အုပ်စုရဲ့ယဉ်ကျေးမှုထုတ်ကုန်သဖွယ်၊ ဖြစ်ရိုးဖြစ်စဉ်သဖွယ် ယဉ်ပါး စွဲမြဲနေပြီဖြစ်တဲ့ သေနတ်/ရာထူး အဆင့်နေရာကို အလွဲသုံးစားလုပ်ပြီး အကတိ လိုက်စားမှုကို အခြေခံအားဖြင့် တိုက်ဖျက်ပစ်နိုင်မှာ ဖြစ်ပါတယ်။




# မာ့က်စ်ဝါဒနှင့် ပြုပြင်ရေးဝါဒ

(ဗီ . အိုင် လီနင်)

မင်းမဲ့ဝါဒီတို့နှင့်မတူဘဲ မာ့က်စ်ဝါဒီများသည် ပြုပြင်ရေးအတွက် တိုက်ပွဲဆင်ခြင်း၊ ဆိုလိုသည်မှာ အုပ်စိုးသူလူတန်းစား၏ လက်ဝယ်ရှိသော အာဏာကိုဖျက်ဆီးခြင်း မပြုသော်ငြားလည်း အလုပ်သမားများ၏ အခြေအနေ တိုးတက်ကောင်းမွန်လာရေးအတွက် တိုက်ပွဲဆင်ခြင်းများကို အသိအမှတ် ပြုပေသည်။ သို့သော် မာ့က်စ်ဝါဒီများသည် အလုပ်သမားလူတန်းစား၏ ရည်မှန်းချက်များနှင့် ပြုမှု များအား ပြုပြင်နည်းအတွင်းသာ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဘောင်ခတ်ထားသည့် ပြုပြင်ရေးဝါဒီများကို ပြတ်ပြတ်သားသား ဆန့် ကျင်ပေသည်။ ပြုပြင်ရေးဝါဒသည် အလုပ်သမားများအပေါ် ခနရှင်လူတန်းစား၏ လှည့်စားချက်ဖြစ် သည်။ ပြုပြင်ရေးတစုံတရာ လုပ်သည့်တိုင် အောင် အရင်းအနှီး၏ လွှမ်းမိုးမှုရှိနေသမျှကာလပတ်လုံး အလုပ်သမားများသည် အခစား ကျေးကျွန် ဖြစ်မြဲဖြစ်နေပေလိမ့်မည်။

လစ်ဘရယ်ခနရှင်လူတန်းစားသည် အစဉ်အမြဲပင် လက်တဖက်မှ ၎င်းတို့ကမ်းလှမ်းပေးသော ပြုပြင်ရေးကို အခြားတဖက်ဖြင့် ပြန်လည်ရုပ်သိမ်းသွားကာ ပြုပြင်ရေးအား အကောင်အထည်မဲ့ အချည်းနှီးဖြစ်သွားစေပေသည်။ သူတို့သည် ပြုပြင်ရေးကို အသုံးပြု၍ အလုပ်သမားများကို ကျွန်ပြုသည်။ အလုပ်သမားများအား တကွဲတပြားဖြစ်အောင် ဂိုဏ်းခွဲသည်။ ဤသို့ဖြင့် လုပ်သားများအား ထာဝစဉ် လုပ်ခစားကျေးကျွန်ဖြစ်စေသည်။ ထို့ကြောင့် ပြုပြင်ရေးဝါဒသည် စိတ်ကောင်းစေတနာကောင်းနှင့် လုပ်သည်ပင်ဖြစ်စေ လက်တွေ့တွင်မူ အလုပ်သမားများအား လှိုက်စားသော အားနည်းသွားစေသော ခနရှင်လူတန်းစား၏ လက်နက်ကိရိယာဖြစ်သည်။ ပြုပြင်ရေးသမားများအပေါ် ပုံအပ်ယုံကြည်သော အလုပ်သမားများမှာ အမြဲပင် လိမ်ညာလှည့်ဖြားခြင်းခံရလေ့ရှိသည် ဆိုသည်ကို တိုင်းပြည်တိုင်းမှ အတွေ့အကြုံများက ပြသခဲ့ပြီဖြစ်သည်။

ဆန့်ကျင်ဖက်အားဖြင့်မူ မာ့က်စ်၏ သဘောတရားများကို နားလည်သဘောပေါက်ကြသည့် အလုပ်သမားများ၊ ဆိုလိုသည်မှာ အရင်းအနှီးက စိုးမိုးထားသမျှ အခစားကျေးကျွန်စနစ်သည် ရှောင်ရှား၍ရမည်မဟုတ်ဆိုသည်ကို သိရှိထားသူများ၊ ၎င်းတို့သည် ခနရှင်လူတန်စား၏ မည်သည့် ပြုပြင်ရေး၊ လိမ်ညာလှည့်ဖြားမှုကိုမျှ ခံရလိမ့်မည်မဟုတ်ပေ။ အရင်းရှင်စနစ်အောက်တွင် ပြုပြင်ရေးမှာ မတည်တံ့နိုင်ကြောင်း၊ ထိရောက်မှုမရှိနိုင်ကြောင်းကို သိရှိထားကြလျက် အလုပ်သမားများသည် အခြေအနေပိုမိုကောင်းမွန်ရေးအတွက် တိုက် ပွဲဝင်ကြပြီး ယင်းတိုက်ပွဲများကို အခစားကျေးကျွန်စနစ်အား တိုက်ခိုက်ရာတွင် ပိုမိုအားကောင်းရန် အသုံးချကြပေသည်။ ပြုပြင်ရေးသမားများသည် မစို့မပို့ချေးသိပ်မှုများဖြင့် အလုပ်သမားများအား သွေးခွဲသည်။ လှည့်ဖြားသည်။ လူတန်းစားတိုက်ပွဲမှ လမ်းလွှဲစေရန် ကြိုး ပမ်း

ကြသည်။ သို့သော် ပြုပြင်ရေးဝါးဒ၏ လှည့်ဖြားချက်များကို သိမြင်ကြ၍ အလုပ်သမားများသည် ပြုပြင်ရေးများကို မိမိ၏ လူတန်းစား တိုက်ပွဲ ကြီးထွား ကျယ်ပြန့်လာစေရန်အတွက် အသုံးပြုကြ၏။

အလုပ်သမားများအတွင်းသို့ ပြုပြင်ရေးဝါဒီများ၏ ဩဇာသက်ရောက်မှု ကြီးမားလေလေ၊ အလုပ်သမားများမှာ အင်အားချည့်နဲ့ ပျော့ညံ့လေလေ၊ ဓနရှင်လူတန်းစားအပေါ် ပိုမိုအမှီသဟဲပြုရလေလေဖြစ်၏။ ဤသို့ဖြင့် ဓနရှင်လူတန်းစားက ပြုပြင်ရေးများအား အချည်းအနှီးဖြစ်အောင် နည်းပရိယာယ်မျိုးစုံကို အလွယ်တကူ ကျင့်သုံးနိုင်လေလေဖြစ်သည်။ အလုပ်သမားလှုပ်ရှားမှုသည် ပိုမို အမှီအခိုကင်းလေလေ ရည်မှန်းချက် ပိုမိုကျယ်ပြန့်လေလေ ပြုပြင်ရေးဝါဒ၏ ကျဉ်းမြောင်းမှုမှ ပိုမိုလွတ်ကင်းနိုင်လေလေဖြစ်သည်။ အချို့ ပြုပြင်မှုများကို ခိုင်မာစေရန်၊ အသုံးပြုရန် အလုပ်သမားများအတွက် ပိုမိုအခွင့်သာလေလေဖြစ်သည်။

တိုင်းပြည်တိုင်းတွင် ပြုပြင်ရေးသမားများရှိကြသည်။ အဘယ်ကြောင့်ဆိုသော် ဓနရှင်လူတန်းစားသည် အလုပ်သမားများအား အ ကျင့်ပျက်စေရန်၊ ကျေးကျွန်စနစ်ကို ဖျက်ဆီးဖို့ လုံးဝစိတ်မကူးတော့ဘ တင်းတိမ်ရောင့်ရဲနေသည့် ကျေးကျွန်များအဖြစ် ပြောင်းလဲပစ်ရန် တနည်းမဟုတ်တနည်း ကြိုးပမ်းနေသောကြောင့်ဖြစ်သည်။ ရုရှားပြည်မှ ပြုပြင်ရေးသမားများဆိုသည်မှာ ဖျက်သိမ်းရေးသမားများပင်ဖြစ်၏။ ၎င်းတို့သည် ကျွန်တော်တို့၏ အတိတ်ကာလကို ပြစ်တင်ရှုတ်ချ၍ ပြောင်တရားဝင်ပါတီသစ် ထူထောင်ခွင့်ရရှိရေး စိတ်ကူးယဉ်အာမခံချက်ဖြင့် အလုပ်သမားများအား ချွေးသိပ်ကြသည်။ မကြာသေးမီက " မြောက်ပိုင်းပရာပဒါ "[၁] ဝေဖန်ရှုတ်ချမှုကြောင့် စိန့်ပီတာစဘတ် ဖျက်သိမ်းရေးသမားများသည် မတတ်သာ၍ မိမိတို့သည် ပြန်လည်ပြင်ဆင်ရေးဝါဒနှင့် မပတ်သက်ကြောင်း ငြင်းဆိုလာကြသည်။ အလွန် အရေးကြီးလှသော ပြဿနာကို ရှင်းလင်းလာစေရန် အတွက် ၎င်းတို့၏ ပြောဆိုချက်များကို ဂရုစိုက်ရပေမည်။

စိန့်ပီတာစဘတ် ဖျက်သိမ်းရေးသမားများက သူတို့သည်ပြုပြင်ရေးသမားများ မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ပြု ပြင်ရေးသာ အရာရာ ဟူ၍လည်းကောင်း၊ နောက်ဆုံးရည်မှန်းချက်သည် မပြောပလောက်ဟူ၍လည်းကောင်း သူတို့ ပြောကြားခြင်းမရှိကြောင်း၊ သူတို့အနေဖြင့် နောက်ဆုံးရည်မှန်းချက်သို့ ချီတက်ကြဟုလည်းကောင်း၊ ပြုပြင်မှုရယူရေးတိုက်ပွဲများမှတဆင့် နောက်ဆုံး ရည်မှန်းချက်သို့ဟု လည်းကောင်း ပြောခဲ့သည်ဟု ကြေညာခဲ့သည်။

အပြောနှင့်အလုပ်ကိုက်ညီခြင်းရှိ မရှိ ကျွန်တော်တို့ကြည့်ကြပါစို့။

ပထမအချက်။ ။ ဖျက်သိမ်းရေးသမား ဆီးဒွေါသည် ဖျက်သိမ်းရေးသမားအားလုံး၏ ပြောဆိုချက်များကို ပေါင်းရုံး၍ရေးသား ဖော်ပြရာတွင် မာ့က်စ်ဝါဒ၏ " ကြွေးကြော်သံကြီး ၃ ခု" အနက် ၂ ခုသည် ယခုအခါ ကျွန်တော်တို့၏ လှုံ့ဆော်ရေးအတွက် မသင့်လျော်တော့ပါ ဟူ၍ဖြစ်၏။ ဆီးဒွေါသည် အလုပ်ချိန် ၈ နာရီ တောင်းဆိုချက်ကို လက်ခံထိန်းသိမ်းထားသည်။ အကြောင်းမူကား သဘောတရား ရေးအရ ဤအချက်ကို ပြုပြင်ပြောင်းလဲမှုတရပ်အနေဖြင့် အကောင်အထည်ဖော်နိုင်၍ဖြစ်သည်။

သို့သော် သူပယ်ထားသည့် သို့မဟုတ် ဖယ်ထုတ်ထားသည့် အရာမှာ ပြုပြင်ရေးထက် ကျော်လွန်နေသောအရာများဖြစ်နေပေသည်။ သူ ကျင့်သုံးနေသည်မှာ ပုံသေနည်းဖြင့် ဖော်ပြခဲ့သော နောက်ဆုံးရည်မှန်းချက်သည် မပြောပလောက်ဟူသည့် ပေါ်လစီပင် ဖြစ်နေပေသည်။ ထို့ကြောင့် သူသည် အထင်ရှားဆုံးသော အချောင်ဝါဒ နွံတွင်းသို့ ကျံဆင်းသွားတော့သည်။ (ဒီမိုကရေစီဘောင်အတွင်း၌ ဖြစ်ပါစေ) " နောက်ဆုံးရည်မှန်းချက် " ကို ကျွန်တော်တို့၏ လှုံ့ဆော်ချက်မှ ထုတ်နုတ်ပစ်လျှင် ပြုပြင်ရေးဝါဒပင်ဖြစ်တော့သည်။

ဒုတိယအချက်။ ။ ဖျက်သိမ်းရေးသမားများ၏ သတင်းကြီးလှသော(ယခင်နှစ်) ဩဂုတ် ကွန်ဖရင့်ကလည်း အလားတူပင် ပြုပြင်ရေး ဝါဒ မဟုတ်သော တောင်းဆိုချက်ကို ပေါ်လွင်စေရမည့်အစား ကျွန်တော်တို့ လှုံ့ဆော်မှု၏ အချက်အချာအဖြစ် ထားရှိရမည့်အစား နောက်ကွယ်သို့ပင် တွန်းပို့လိုက်ကြသည်။

တတိယအချက်။ ။ ဖျက်သိမ်းရေးသမားများက " အရာဟောင်း" ကို ချေဖျက်ခြင်း၊ ကဲရဲ့ရှုတ်ချခြင်း၊ အရာဟောင်းကို လျစ်လျူရှု ခြင်း အားဖြင့် သူတို့ကိုယ်သူတို့ ပြုပြင်ရေးဝါဒ ဘောင်အတွင်း၌ အကန့်အသတ်ခံနေရသည်။ လက်ရှိအခြေအနေတွင် ပြုပြင်ရေးဝါဒ နှင့် "အရာဟောင်း" ကို ချေဖျက်ခြင်းတို့မှာ တစပ်တည်း ဆက်နေပြီဖြစ်သည်။

စတုတ္ထအချက်။ ။ ဖျက်သိမ်းရေးသမားများသည် ပြုပြင်ရေးဝါဒ ဘောင်ထက်ကျော်လွန်၍ ကြွေးကြော်သော အလုပ်သမားများ၏ စီးပွားရေး လှုပ်ရှားမှုများကို ( "သွေးပူခြင်း"၊ " လက်လွတ်စပယ်ပြုခြင်း" စသဖြင့် ပြောပြီး) ဒေါသတကြီး ထိုးနှက်ကြသည်။ နောက်ဆုံးရလဒ်ကား မည်သို့နည်း? ။

ဖျက်သိမ်းရေးသမားများသည် ပြုပြင်ရေးဝါဒကို မူ အရ ငြင်းပယ်ကြောင်း ပါးစပ်က ပြောကြသည်။ သို့သော် လက်တွေ့တွင်မူ ဤ ပြုပြင်ရေးဝါဒမျိုးကို ဘက်ပေါင်းစုံတွင် လက်ခံကျင့်သုံးနေကြသည်။ တဖက်တွင်သူတို့က ပြုပြင်ရေးသည် အရာရာမဟုတ်ဟု ကျွန်တော်တို့အား အာမခံတိ ပြုနေကြသည်။ သို့သော် အခြားတဖက်တွင်မူ မာ့က်စ်ဝါဒီများက ပြုပြင်ရေးဝါဒ ဘောင်ထက် ကျော်လွန်သွားသည့် လက်တွေ့ပြုမူမှုတိုင်းမှာ ဖျက်သိမ်းရေးသမားများ၏ ထိုးနှက်ခြင်း သို့မဟုတ် နှာခေါင်းရှုံ့ခြင်းကို ခံကြရပြန်သည်။

မည်သို့ပင်ဖြစ်စေ အလုပ်သမား လှုပ်ရှားမှုအတွင်းရှိ အရေးကိစ္စများက ပြုပြင်ရေးကို လက်တွေ့ အသုံးပြုခြင်းနှင့် ပြုပြင်မှုအား ရယူခြင်းတို့အတွက် တိုက်ပွဲဝင်ရာတွင် မာ့က်စ်ဝါဒီများသည် နောက်ကျကျန်ရစ်ခြင်း မရှိသည်သာမက ရှေ့ဆုံးတွင်ပင် ရောက်နေ

ကြောင်း ကျွန်တော်တို့အား ပြသခဲ့သည်။ အလုပ်သမားနယ်မြေများရှိ ဒူးမားလွှတ်တော်တွင်းနှင့် ဒူးမားလွှတ်တော်ပြင်ပတွင် ကျွန်တော်တို့ ကိုယ်စားလှယ်များ ပြောဆိုလုပ်ကိုင်ရာ၌ဖြစ်စေ၊ အလုပ်သမား စာပုံနှိပ်တိုက် ထူထောင်ရာ၌ဖြစ်စေ၊ အာမခံလုပ်ငန်းပြုပြင်ရေးကို အသုံး ချရာ၌ဖြစ်စေ အကြီးဆုံး လုပ်သားသမဂ္ဂဖြစ်သည့် သတ္တုလုပ်ငန်း အလုပ်သမားသမဂ္ဂကို စည်းရုံးသိမ်းသွင်းရာ၌ဖြစ်စေ နေရာအနှံ့တွင် မာ့က်စ်ဝါဒီ အလုပ်သမားများအနေဖြင့် တိုက်ရိုက်ကျသော၊လက်ငင်းကျသော၊ နေ့စဉ် လုပ်ရိုးလုပ်စဉ် လုပ်ငန်းဆန်သော လှုံ့ဆော်ရေး၊ စည်းရုံးရေးလုပ်ငန်းများလုပ်ရာ၌ ပြုပြင်ရေးရရှိရန်၊ တိုက်ပွဲဝင်ခြင်းနှင့် ပြုပြင်ရေးကို အသုံးချခြင်းတွင် ဖျက်သိမ်းရေးသမားများထက် သာလွန်ကြောင်းကို တွေ့မြင်နိုင်ပေသည်.။

မာ့က်စ်ဝါဒီများသည် ပြုပြင်ရေးများကို ရရှိရန်နှင့် အသုံးချရန်အတွက် " အခွင့်အလမ်း" တခုကိုမျှ လက်လွှတ်မခံဘဲ မမောမပန်း အလုပ်လုပ်ကြသည်။ ၎င်းတို့သည် ဝါဒဖြန့်ခြင်း၊ လှုံ့ဆော်ခြင်း၊ လူထုလက္ခဏာဆောင်သော စီးပွားရေးတိုက်ပွဲဆင်ခြင်း စသည်ဖြင့် ပြုပြင်ရေးဝါဒဘောင်ထက် ကျော်လွန်လုပ်ဆောင်သော ပြုမူမှုတိုင်းကို ပြစ်တင်ရှုတ်ချခြင်းမပြုဘဲ ထောက်ခံသည်။ တိုးပွားအောင်လည်း ဂရု တစိုက်လုပ်ဆောင်ပေသည်။ မာ့က်စ်ဝါဒမှ စွန့်ခွာသွားသော ဖျက်သိမ်းရေးသမားများမှာမူ မာ့က်စ်ဝါဒ ပါတီတည်ရှိနေမှုကို ဆန့်ကျင်၍ မာ့က်စ်ဝါဒစည်းကမ်းကို ဖျက်ဆီးကာ ပြုပြင်ရေးဝါဒနှင့် လစ်ဘရယ်အလုပ်သမားပေါ်လစီကို ထောပနာပြုကြသည်။ ထိုသို့လုပ်ခြင်းသည် အလုပ်သမားလှုပ်ရှားမှုကို အစည်းပြေစေခြင်းသာဖြစ်စေပေသည်။

ထို့အပြင် `ရုရှားပြည်ရှိ ပြုပြင်ရေးဝါဒတွင် ထူးခြားသောသဏ္ဍာန်တမျိုးရှိနေသည့် အချက်ကိုလည်း မမေ့အပ်ပေ။ ယင်းမှာ လက်ရှိရုရှားပြည် အခြေခံနိုင်ငံရေး အကြောင်းအချက်များနှင့် လက်ရှိ ဥရောပ အခြေခံနိုင်ငံရေး အကြောင်းအချက်များကို ထပ်တူထားခြင်းပင်ဖြစ်သည်။ လစ်ဘရယ်အမြင်မှကြည့်လျှင် ဤသည်မှာ အကျိုးအကြောင်း ဆီလျော်လှပေသည်။ အဘယ်ကြောင့်ဆိုသော် လစ်ဘရယ်များသည် "ဘုရားသခင်ကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့တွင် ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းထားရှိသည်" ဆိုသည်ကို ယုံကြည်ခြင်းကြောင့်ဖြစ်သည်။ အောက်တိုဘာလ ၁၇ ရက်နေ့ နောက်ပိုင်းတွင် ပြုပြင်ရေးဝါဒဘောင်ထက် ကျော်လွန်၍ ဒီမိုကရေစီရေးအတွက် လုပ်ဆောင်ခြင်းသည် မိုက်မဲရာကျသည်ဟူသော အမြင်ကို ထိန်းသိမ်းနေခြင်းအားဖြင့် လစ်ဘရယ်များသည် ဓနရှင်လူတန်း၏ အကျိုးစီးပွားကို ကိုယ်စားပြုပေသည်။

လက်တွေ့အားဖြင့် ကျွန်တော်တို့၏ ဖျက်သိမ်းရေးသမားများ ကျင့်သုံးသည်မှာ ဤဓနရှင်အမြင်များသာဖြစ်နေပေသည်။သူတို့သည် " ပြောင်တည်ရှိသော ပါတီ" နှင့် တရားဝင်တည်ရှိခွင့်ရရေးအတွက် တိုက်ပွဲဆင်ခြင်းစသည်တို့ကို အဆက်မပြတ် စနစ်တကျ (စက္ကူပေါ်တွင်) " သယ်လာ" ကြသည်။ တနည်းအားဖြင့်သူတို့သည် ဥရောပတိုက်မှ ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်ကို လစ်ဘရယ်များကဲ့သို့ပင် ရုရှားပြည်သို့ သယ်ယူလာချင်ကြသည်။ အနောက်တိုင်းမှာ ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်ကို ထူထောင်ရာနှင့် ခိုင်ခံ့အောင် လုပ်ရာတွင် မျိုးဆက် ပေါင်းများစွာပင် ကြာအောင် လုံးပန်းခဲ့ရသည်။ အချို့ဆိုလျှင် ရာစုနှစ်ပေါင်းများစွာပင် ကြာအောင်လုံးပမ်းခဲ့ရသည်ဆိုသည့် အချက်ကိုကား သူတို့ မလိုလားကြပေ။ ဖျက်သိမ်းရေးသမားများနှင့် လစ်ဘရယ်သမားများမှာ ဥပမာနှိုင်းရသော် သားရေကိုလည်း ဆေးကြောချင် ရေတွင်လည်းမနစ်ရဲ ဖြစ်နေသူနှင့် တူနေပေတော့သည်။

ဥရောပရှိ ပြုပြင်ရေးဝါဒ၏ ဝိသေသမှာ ဓနရှင် "လူမှုပေါ်လစီ" ဖြင့် မာက်စ်ဝါဒကို အစားထိုးခြင်း၊ လက်တွေ့အားဖြင့် မာ့က်စ် ဝါဒကို စွန့်ပစ်ခြင်းဖြစ်သည်။ `ရုရှားပြည်ဖျက်သိမ်းရေးသမားတို့၏ ပြုပြင်ရေးဝါဒသည်ကား ထိုမျှပင်မက မာ့က်စ်ဝါဒနှင့် အဖွဲ့အစည်းကိုပင် ဖြိုဖျက်ပစ်ကြသည်။ အလုပ်သမားလူတန်းစား၏ ဒီမိုကရေစီရေး လုပ်ငန်းတာဝန်များကို စွန့်ပယ်ပစ်ပြီး လစ်ဘရယ်အလုပ်သမားပေါ်လစီဖြင့် အစားထိုးလာကြပေသည်။ ။

ဗီ . အိုင် လီနင်

PravdaTruda No.2

September 12, 1913

ရှင်းချက်

၁။ မြောက်ပိုင်း ပရာဗာဒါ (ဆဗာနာရာ ပရာဗာဒါ) - ၎င်းမှာ ဘောရှီဗစ်တို့ ထြောင်ထုတ်ဝေခဲ့သော ပရာဗာဒါသတင်းစာက သုံးစွဲသော အမည်တခုဖြစ်သည်။ ၁၉၁၃ ခုနှစ် ဩဂုတ်လ တရက်နေ့ မှ စက်တင်ဘာ ၇ ရက်အတွင်း ဤအမည်ဖြင့်ထုတ်ဝေခဲ့သည်။ ဤနေရာတွင် လီနင်ရည်ညွှန်းသည်မှာ " ရုရှားဓနရှင် လူတန်းစားနှင့် ရုရှားပြုပြင်ရေးဝါဒ" ဟူသော သူ၏ ဆောင်းပါးဖြစ်သည်။

-----

ဗမာပြည်ကွန်မြူနစ်ပါတီ
ဘာသာပြန်နှင့် စာပုံနှိပ်ဌာနက
၁၉၈၅ ခုနှစ်က ထုတ်ဝေခဲ့သော
စာအုပ်ကို ယခု ပြန်လည်ထုတ်ဝေဖော်ပြလိုက်ခြင်း ဖြစ်ပါတယ်။ ။



# အမျိုးသားရေးမျက်နှာဖုံးစွပ်နဲ့ စစ်အာဏာ

မျိုးမြင့်ချို

နိုင်ငံတိုင်း၊ အမျိုးသားတိုင်းမှာ သူ့အလံနဲ့သူ့ကြွေးကြော်သံ(သီချင်း)ဆိုတာရှိကြတာပါပဲ။ အမျိုးသားရေးဝါဒ Nationalism ဆိုတာ ကလည်း ဘယ်လို လူမှုစနစ်မှာပဲဖြစ်ဖြစ်၊ ဘယ်လို တိုင်းပြည်အမျိုးအစားမှာဖြစ်ဖြစ် သဏ္ဍာန် မျိုးစုံနဲ့ အနှံ့အပြားတည်ရှိနေတာဖြစ်ပါတယ်။ ထရမ့်ရဲ့အမေရိကန်ပထမ ၊ တရုတ်ရဲ့ BRI ၊ အိန္ဒိယရဲ့ Act East ၊ ဂျာမနီရဲ့ Industry 4.0 ၊ ဗြိတိန်ရဲ့ Brexit ဆိုတာတွေဟာ သူတို့ရဲ့ ၂၁ ရာစုအစ အမျိုးသားရေးဂါဒ တွေလို့ ဆိုနိုင်ပါတယ်။

လူတန်းစားလူ့အဖွဲ့အစည်းမှာ လူတန်းစားအမှတ်တံဆိပ်နဲ့ ကင်းလွတ်တဲ့ ဝါဒရယ်လို့ မရှိပါဘူး။ လူတန်းစားရပ်တည်ချက်(ဘက်) မရှိတဲ့(အပဖြစ်တဲ့) ဝါဒသဘောတရားရယ်လို့ မရှိပါဘူး။ အမျိုးသားရေးဂါဒမှာလည်း ဖောက်ပြန်တဲ့(နေရှင်အမျိုးသားရေးဂါဒ) ရှိသလို တိုးတက်တဲ့ (ပစ္စည်းမဲ့ လူမျိုးစုံဂါဒတို့၊ နယ်ချဲ့ဆန့်ကျင်ရေး - အမျိုးသားလွတ်မြောက်ရေး ပြည်ချစ်ဂါဒတို့ ) ရှိခဲ့တာပါပဲ။ ဖက်ဆစ်ဂါဒဆိုတာ နယ်ချဲ့အရင်းရှင်စနစ်ထဲက အစွန်းရောက်အမျိုးသားရေးဂါဒဂိုဏ်း ခေါင်းထောင်လာတာပါပဲ။ ကာလ ဒေသ အခိုင်အမာအခြေအနေမှာ အခိုင်အမာခွဲခြားသုံးသပ်ပြီး ဖောက်ပြန်- တိုးတက် သတ်မှတ်ရတာပါ။

စိတ်ဓာတ်ရေးရာနဲ့ အမျိုးသားဇာတိပုညဂုဏ်မာနတွေ ကျိုးပဲ့ကုန်ပါပြီလို့ခံစားနေရတဲ့ တိုင်းပြည်တွေမှာ အုပ်စိုးသူတွေက အမျိုးသားအလံနဲ့ အသံ(သီချင်း)ကို အတင်းဦးညွှတ်ခိုင်းရင်း မတူကွဲပြားတဲ့ လူ့အစုအစည်းတွေ၊ တိုင်းပြည်တွေအပေါ် ရန်လိုစိတ်၊ မုန်းတီးစိတ်၊ အာဃာတတရားတွေ သွတ်သွင်းပေးပါတယ်။ ဒီလိုနဲ့ ကြာလာတဲ့အခါ အုပ်ချုပ်ခံလူတွေမှာလည်း (အကုန်လုံးမဟုတ်တောင် အတိုင်းအတာ တခုအထိ) ဒီ အမျိုးသားရေးအစွဲဟာ ကြီးသထက်ကြီးလာပြီး အစွန်းရောက်တဲ့အထိ ဖြစ်သွားပါတယ်။

အစွန်းရောက်အမျိုးသားရေးဝါဒနဲ့ လက်ဝါးကြီးအုပ်အရင်းရှင်စနစ် ပေါင်းဖက်တွေ့တဲ့အခါ နာဇီဝါဒီတွေ ကမ္ဘာချီဖက်ဆစ်ဝါဒီတွေ ဖြစ်ကုန်တော့တာပါပဲ။ ၂၁ ရာစုမှာ ၂၀ ရာစုလို ဟစ်တလာ-မူဆိုလိုနီ-ကျိုတို ဝင်ရိုးတန်းဖက်ဆစ်ဂါဒလိုမျိုး ပေါ်ပေါက်ဖို့ မလွယ်ကူပေမယ့် ပြည်တွင်းဖြစ် ဖက်ဆစ်ဝါဒတွေတော့ ခေါင်းထောင်လာနိုင်ပါတယ်။

ဖက်ဆစ်ဝါဒမှာလည်း ပြည်ပနိုင်ငံတွေအပေါ် ကျူးကျော်ရန်စတိုက်ခိုက် သိမ်းပိုက်တဲ့အထိဖြစ်တဲ့ ကမ္ဘာချီဖက်ဆစ်တွေနဲ့ ပြည်တွင်းမှာပဲ လူမျိုးကြီးဝါဒအမျိုးသားရေးအလံကိုထူပြီး လူမျိုးစုငယ်တွေ၊ လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုမတူတဲ့ လူနည်းစုတွေအပေါ် ဖိနှိပ်ကွပ်ညှပ် အုပ်စိုးတဲ့ ပြည်တွင်းဖြစ်ဖက်ဆစ်တွေဆိုပြီး ၂ တန်းစား ခွဲကြည့်နိုင်မြင်နိုင်မှာ ဖြစ်ပါတယ်။ (ဒီပြည်တွင်းဖက်ဆစ်တွေဟာ ပြည်ပကို မကျူးကျော်သေးတာတခုကလွဲလို့ ဖက်ဆစ်လက္ခဏာ ဆောင်ပါတယ်။ ပြည်တွင်းနေ(ဘာသာတူ၊ ယဉ်ကျေးမှုတူ) လူများစုကြီးကို ကိုယ်စားပြုသယောင် ထင်မှတ်မှားမှုကိုလည်း ဖန်တီးထားပါတယ်။ အမုန်းတရားနဲ့ အာဃာတမီးတွေလည်း မွှေးပေးထားပါတယ်။ စစ်အုပ်စုကျင့်သုံးနေတဲ့ အမျိုးသားရေးဝါဒဆိုတာဟာ တနည်းပြောရရင် ပြည်တွင်းဖြစ် ဖက်ဆစ်ဝါဒလက္ခဏာအပြည့်ပါပါတယ်။

နိုင်ငံရေးလည်းရှိ၊ သမိုင်းလည်းသိ၊ မှန်မှန်ကန်ကန်လည်းအကဲဖြတ်နိုင်တဲ့ ပြည်သူတွေနဲ့နိုင်ငံရေးသမားတွေလောက်သာ ဒီအုပ်စိုးမှုနဲ့ ဒီစစ်အာဏာရှင်စနစ်ဟာ စစ်ဗျူရိုကရေစီ၊ စစ်အာဏာယန္တရားနဲ့၊ စစ်လက်ဝါးကြီးအုပ် အရင်းရှင်စနစ်မှန်း၊ ပြည်တွင်းဖြစ်ဖက်ဆစ်ဝါဒမှန်း သိကြတာဖြစ်ပါတယ်။ လူတချို့ တွေတွေဝေဝေ မှောက်မှောက်မှားမှားတွေ ဖြစ်နေတာလည်း တွေ့ရမှာဖြစ်ပါတယ်။ အဲ့ဒီ တွေဝေမှောက်မှား သူတွေအထဲမှာမှ အမှန်တကယ်မသိသူ၊ မသိသယောင်ပြုနေသူ၊ သိသိနဲ့ လိုက်ပါနေသူရယ်ဆိုပြီး ထပ်ခွဲလို့ ရနိုင်မယ်ထင်ပါတယ်။

အမှန်တကယ်မသိသူက သိသွားတဲ့အခါ ပြောင်းလဲသွားပါတယ်။ မသိယောင်ဆောင်နေသူက အခြေအနေပြောင်းတဲ့အခါ ဘက်လိုက် ပြောင်းတတ်ပါတယ်။ သိသိနဲ့ လိုက်ပါသူကတော့ ပြည်သူ့ဒဏ် အခတ်ခံရချိန်ရောက်မှ အချိန်လွန် နိုင်ငံရေးနောင်တ ရ တတ်ပါတယ်။ ဗမာ့လက်ရှိ နိုင်ငံရေးဖြစ်ထွန်းမှုနဲ့ ပကတိဘာဝအခြေအနေမှာ အဲ့လိုလူ (နိုင်ငံရေးသမား) ဘယ်လောက်များနေမနေက စစ်အာဏာရှင်စနစ် ဘယ်လောက် သက်တမ်းရှည်မရှည်ရဲ့ အတိုင်းအတာတော့ မဟုတ်ပါ။ ခေတ်စနစ်ကိုပြောင်းတာဟာ၊ သမိုင်းကို အပြောင်းအလဲလုပ်နိုင်တာဟာ လူထု ဖြစ်ပါတယ်။ လူထုမပါပဲ၊ လူထုအပေါ် မမှီခိုဘဲ၊ လူထုအခြေခံမပါပဲ ပြောင်းလဲသွားတဲ့သမိုင်းဆိုတာ ကမ္ဘာမှာ မရှိပါ။

ဒီလို ဆိုလိုက်လို့ ဒီလူတွေကို လွှတ်ထားရမယ်လို့ အနက်မထွက်ပါ။ ဒီလိုလူတွေကို သူတို့တည်မှီရာ၊ သူတို့ အကျိုးစီးပွားဖြစ်ထွန်းရာ စစ်အာဏာရှင်စနစ် ပင်စည်ပင်မကြီးနဲ့တန်းတူ ဆန့်ကျင်တိုက်ခိုက်ရမှာ ဖြစ်ပါတယ်။ သူတို့အထဲကမှ တိုင်းပြည်ဘက် လူထုဘက် မျက်နှာမူလာနိုင်ခြေ ရှိတဲ့သူ၊ ပြည်ချစ်စိတ်ရှိတဲ့သူဆိုရင် တိုက်လည်းတိုက် တပြိုင်တည်းမှာ စည်းလည်း စည်းရုံးရမယ်လို့ မြင်ပါတယ်။

ဗမာပြည်မှာဖြစ်နေတဲ့ အမျိုးသားရေးကတော့ နိုင်ငံ(တော်)လို့ အသံကြားလိုက်ရင် ဗမာပြည်မြေပုံကြီး မျက်စိထဲပေါ်လာအောင်၊ ကမ္ဘာမကြေ သီချင်း နားထဲကြားယောင်လာအောင်၊ ရုပ်ရှင်မပြခင် မတ်တပ်ထရပ်ပြီး ခေါင်းငုံ့ရတာကို အမွှန်အမြတ်ထင်အောင်၊ Stateဆိုတာ ဘာမှန်းမသိအောင်၊ အုပ်စိုးသူဆိုတာကို နဝေတိမ်တောင်ဖြစ်အောင်၊ (လူတန်းစား)အာဏာဆိုတာကို အစာမကြေအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ပေးနေသူတွေရဲ့ ဝါဒဖြန့်မှုသက်သက်ပဲ ဖြစ်ပါတယ်။ ဒီဝါဒဖြန့်မှုမြစ်ဖျားခံရာဟာ မနက်ညနေ အလံတင်အလံချ တန်းစီတဲ့အခါ သစ္စာဆိုရတာတွေနဲ့ အသားကျယဉ်ပါးနေသူတွေထံကနေ ဖြစ်ပါတယ်။ ဒီ နိုင်ငံ(တော်)ဆိုတဲ့ အမျိုးသားရေးဝါဒနဲ့ စစ်ဝါဒီတွေရဲ့ အကျိုးစီးပွားဟာ တထပ်တည်း ကျနေတာကို မြင်ကြရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ အမျိုးသားရေးဝါဒ Nationalism ဆိုတိုင်း ဆန့်ကျင်ဖို့မဟုတ်ပါ။ ဘယ်လိုအမျိုးသားရေးဝါဒလဲ အသေအချာဆန်းစစ်ကြည့်ပြီးမှ လက်ခံတာ၊ ဆန့်ကျင်တာ။ တစုံတရာတွဲလုပ်တာ၊ အကန့်အသတ်နဲ့ ပေါင်းစည်းလုပ်ကိုင်မှာတွေကို ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ လက်ရှိ ဗမာပြည်မှာဖြစ်ထွန်းနေတဲ့အမျိုးသားရေးဝါဒကို ၁၉၉၈ ခု- ၂၁ ရာစု စာစဉ် အမှတ် ၁ မှာဖော်ပြထားတဲ့"မျက်မှောက်ကမ္ဘာနှင့် ဆိုရှယ်လစ်ဝါဒ" ဆောင်းပါးပါ အယူအဆနဲ့နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အကျိုးများစရာရှိပါတယ်။ အဲ့ဒီဆောင်းပါးရဲ့(ထူးခြားချက် (၂) အရည်အသွေးအရ အကြောင်းအချက်စုံလင်ခြင်း ရှုပ်ထွေးခြင်း) ကဏ္ဍမှာ ခုလိုဖော်ပြထားတာတွေ့နိုင်ပါတယ်။

(အမျိုးသားရေးဝါဒဟာ ကြားနေသဘောသဘာဝရှိပြီး အမျိုးသားအသီးသီးအတွက် "ဆက်သွယ်ပေး" တဲ့ တံတားလည်းဖြစ်နိုင်တယ်။ "အဆက်ဖြတ်ပေး"တဲ့ တံတိုင်းလည်းဖြစ်နိုင်တယ်လို့ မြင်ကြတယ်။ မျက်မှောက်ခေတ် အမျိုးသားရေးဝါဒလှုပ်ရှားမှုတွေကို တွန်းဆော်ပေးနေတဲ့ပဋိပက္ခတွေက ရောထွေးယှက်နွယ်နေကြပြီး လှုပ်ရှားမှုရဲ့အကြောင်းရင်းတွေကလည်း ရှုပ်ထွေးများပြားလှပါတယ်။

အဲ့ဒီအချက်ကို ကျွန်တော်တို့ မြင်ကြရမယ်။ အဲ့ဒီလို ပဋိပက္ခလက္ခဏာတွေကလည်း ကွဲပြား၊ အကြောင်းရင်းတွေက မတူတာကြောင့် မျက်မှောက်ခေတ် အမျိုးသားရေးဝါဒရဲ့ "အရည်အသွေးလက္ခဏာ"တွေကလည်း မတူကြတော့ဘူး။ ဒီဝါဒဖွံ့ဖြိုးမှုနဲ့ ဆင့်ကဲဖြစ်စဉ်တို့ရဲ့ ဦးတည်ရာဘက်တွေလည်း မတူကြတော့ဘူး။ သမိုင်းမှာ သူ့ရဲ့အခန်းဝင်မှုတွေဟာလည်း မတူကြတော့ဘူး။ ဒ့ါကြောင့် ဒီဝါဒရဲ့ ရှုပ်ထွေးတဲ့လက္ခဏာဟာလည်း အပြည့်အဝ ပေါ်လွင်လာတယ်။ လက်တွေ့အရပ်ရပ်တွေအရ ပြောနိုင်တာကတော့ မျက်မှောက်ခေတ် အမျိုးသားရေးဝါဒဟာ အလွန့်အလွန်ထက်တဲ့ အသွားနှစ်ဖက်ပါတဲ့ ဓားတလက်နဲ့တူပါတယ်။ အမျိုးသားနိုင်ငံတွေကို တည်ဆောက်တဲ့၊ တိုင်းပြည် တပေါင်းတစည်းတည်းရှိမှုနဲ့ အမျိုးသား ဂုဏ်သိက္ခာတို့ကို ကာကွယ်တဲ့၊ သို့မဟုတ် ခိုင်မာအောင်လုပ်တဲ့ ကိုယ်စောင့်နတ်တပါး ဖြစ်နိုင်သလို၊ အခြားတဘက်မှာလည်း တိုင်းပြည် တည်ငြိမ်မှုနဲ့ တပေါင်းတစည်းတည်းရှိမှုတို့ကို ခြိမ်းခြောက်တဲ့ သို့မဟုတ် ဖျက်ဆီးတဲ့ တံခါးဖျက်တင်းပုတ်ကြီးအဖြစ်သို့ ပြောင်းလဲသွားနိုင်ပါတယ်။ နောက်ပြီး ဒီဝါဒဟာ နယ်ချဲ့ဆန့်ကျင်ရေး၊ ကိုလိုနီဝါဒဆန့်ကျင်ရေး၊ဗိုလ်ကျလွှမ်းမိုးမှု ဆန့်ကျင်ရေးတွေ လုပ်နိုင်သလို၊ ဒေသတွေ မတည်မငြိမ် ဖြစ်စေတဲ့၊ နိုင်ငံတကာ စည်းစနစ်တွေကိုလှိုက်စားတဲ့ လူသတ်လက်နက်တခုအဖြစ်သို့လည်း ပြောင်းသွားနိုင်ပါတယ်)

ပြည်ချစ်ဝါဒစိတ်ဓာတ်ရှိသူတိုင်း အင်တာနေရှင်နယ် အဖိနှိပ်ခံလူမျိုးပေါင်းစုံ သွေးစည်းညီညွတ်ရေး အလံအောက်မှာ ဖောက်ပြန်တဲ့ အမျိုးသားရေးဝါဒကို ဆန့်ကျင်သွားဖို့ လိုပါတယ်။ စစ်သုံးစစ်တိုက် ၂၀၀၈ဖျက် ရေးဟာ လတ်တလော လုပ်ငန်းပါ။

- ပြည်တွင်းဖြစ်ဖက်ဆစ်(စစ်အာဏာရှင်စနစ်) အကျပိုင်းရောက်နေပါပြီ။ ဖောက်ပြန်တဲ့ အမျိုးသားရေးဝါဒ ပြည်တွင်းမှာ မုချ ကျဆုံး မှာပါ။

ကျွန်တော်တို့ ချိန်ဆနိုင်ကြဖို့ပါပဲ။

မျိုးမြင့်ချို(စက်တင်ဘာ၊ ၂၀၁၈)

## ဆရာကြီးမှိုင်းရာဇဝင်ကာလ။
## (၁၉၆၄-ဇူလိုင်-၂၃ ရက်--ဩဂုတ်-၈ရက်)



# ကျွန်မဆက်၍ ရေးချင်သော ဖေဖေအကြောင်းများ။ ဆောင်းပါးအမှတ်(၅၀)

ဖေဖေအသက်(၃၈)နှစ်အရွယ်-

၁၉၅၇မှာတပ်ကထွက်ရပြီးနောက် နိုင်ငံရေး ဆက်လုပ်ဆောင်ရာမှ- ဆရာကြီးမှိုင်းတို့ရဲ့ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင်း ပါဝင်သွားခဲ့ရာမှာ ၁၉၆၂-မတ်လ(၂)ရက်နေ့ စစ်တပ်ကအာဏာသိမ်းလိုက်တဲ့ အချိန် ကျမှပဲ၊ လှုပ်ရှားမှုတွေရပ်လိုက်ရပါတယ်။

ဆရာကြီးမှိုင်း ကျန်းမာရေးကောင်းစဉ်က ဆရာကြီးအိမ်- စမ်းချောင်း၊ အမှတ် (၅) ချမ်းသာလမ်းမှာပဲ ဆွေးနွေးပွဲတွေ၊ အစည်းအ ဝေးတွေလုပ်လေ့လုပ်ထ ရှိ ပေမယ့်၊ ဆရာကြီးအသက်အရွယ်က ထောက်လာ၊ ကျန်းမာရေးက ယိုယွင်းလာတော့၊ ကျွန်မတို့အိမ် စမ်းချောင်း အမှတ်(၁၆)ဆီဆုံလမ်းအိမ်မှာပဲ လုပ်လာပါတော့တယ်။

ဆရာကြီးရဲ့ ကျန်းမာရေးကို တောက်လျှောက် ကြည့်ရှုစောင့်ရှောက်ပေးခဲ့သူကတော့-ဒေါက်တာဆင်ဖိုးပါ။ ဖေဖေက လည်း သူရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်မှာ ဒေါက်တာဆင်ဖိုးကို အထူးကျေးဇူးတင်စွာနဲ့---ဆရာကြီး ဤမျှအထိ အသက် ရှည်၍ အနာမဲ့စွာ နေထိုင်သွားနိုင်မှုမှာ ဒေါက်တာဆင်ဖိုး၏ ကျေးဇူးပင်ဖြစ်ပါသည်။--- (ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော -ဆိုင်း စုမှသည် မန်ဟိုင်းဆီသို့(ယဉ်မျိုးစာပေ)-နာ၂၇၅)။----လို့ရေးထားပါတယ်။

ဆရာကြီးရဲ့ကျန်းမာရေးဟာ-၁၉၆၃ ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပျက်ပြီးကတည်းက တဖြည်းဖြည်း ဆိုးလာရာ မှာ- ၁၉၆၄ ဇူလိုင် လဆန်းကစပြီး အခြေအနေတွေ ပိုဆိုးလာနေပါတယ်။ အဲဒီကာလတွေမှာ- ဒေါက်တာဆင်ဖိုး၊ ဖေဖေ၊ လွှတ် တော်ရှေ့ နေကြီး ဦးထွန်းတင်တို့ (၃)ဦးဟာ နေ့ရောညပါ အနားမှာရှိနေကြပါတယ်။ ဖေဖေတို့က တချို့ညတွေဆို မပြန်ကြတော့ ပါဘူး။ ဆရာကြီးမိသားစုဝင်များနဲ့အတူ ဆရာကြီးဘေးမှာပဲ ရှိနေခဲ့ကြပါတယ်။ ဖေဖေကလည်း အဲဒီ ကာလ အဖြစ်အပျက်တွေ

ကို--ဆရာကြီးမှိုင်း၏နောက်ဆုံးနေ့ရက်များ--ဆိုတဲ့ မှတ်တမ်းလေး ရေးထားပါတယ်။ (အထက်ပါစာ အုပ်နှာ-၂၈၂-၂၈၅) ။ ၁၉၆၄ - ဇူလိုင်(၂၃)နံက်-၁နာရီမှာ ဆရာကြီးကွယ်လွန်သွားပါတော့တယ်။ ဖေဖေတို့က ဆရာကြီးရဲ့သားမက် စာရေးဆရာကြီး ဇေယျ(ဦးယော)ကို အမှူးပြုပြီး ဈာပနကော်မတီဖွဲ့လိုက်ပါတယ်။ ဒီအချိန်မှာ- ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို တဖက်သတ်ရပ်ပစ်လိုက်တဲ့အတွက်ရော၊ ဒီနောက် လူဖမ်းပွဲများ ဆက်တိုက် လုပ်နေမှုတွေကြောင့်ရော၊ လူထုက မကျေမနပ်ဖြစ်ပြီး ပုံရိပ်လည်း ဆိုးဝါးနေတဲ့ တော်လှန်ရေးကောင်စီက-ဆရာကြီးမှိုင်းရဲ့ဈာပနမှာ ဝင်လာပြီး အကူအညီများ ပေးလာပါတယ်။

ဒါတွေကို ဖေဖေတို့က အသုံးချပြီး ဆရာကြီးရဲ့ ဈာပနအခမ်းအနားကိစ္စများမှာရော၊ နောင်တည်ဆောက်တဲ့ ဆရာကြီး ဂူဗိမာန်ကိစ္စများမှာပါ ဆရာကြီးရဲ့ဂုဏ်သိက္ခာနဲ့သင့်တော်စွာ အတော်ခမ်းခမ်းနားနားဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆရာကြီးရဲ့ ရုပ်ကလာပ်ကို ချမ်းသာလမ်းအိမ်မှာ တပတ်ထားပြီး ဇူလိုင်(၂၉)ရက်မှာ အစိုးရကပေးတဲ့ စမ်းချောင်း ဘောလုံးကွင်း (ပဒုမ္မာကွင်း) က မဏ္ဍပ်ထဲ ရွှေ့ပြီး (၁၀)ရက်ထားပါတယ်။ ဆရာကြီးရဲ့ ဘဝဖြစ်စဉ် ပြခန်းလေးတခုလည်း ခင်းကျင်းပြသထားပါတယ်။ ညပိုင်းမှာလည်း လူထုဦးလှစီစဉ်မှုနဲ့ ဟောပြောပွဲတွေ လုပ်ပါသေးတယ်။ ဖေဖေက ဒီကာလမှာ လူထုဦးလှနဲ့တွဲအလုပ်လုပ်ရင်း လူထုဦးလှရဲ့စည်းရုံးရေးစွမ်းအင်ကို အတော်သဘောကျခဲ့ပါတယ်။

အဲဒီဟောပြောပွဲတွေဟာ အလွန်စည်းကားပါတယ်။ ဆရာကြီးရဲ့ ဘဝဖြစ်စဉ်တွေ၊ဆရာကြီးရဲ့ စာပေကဗျာလေးချိုးကြီးများအကြောင်းတွေ၊ ပြည်တွင်းငြိမ်းချမ်းရေးခရီးများ ထွက်စဉ်က အကြောင်းအရာတွေ၊- စတာတွေ အတော်ကို စုံလင် ပါတယ်။ ဟောပြောသူတွေ၊ စာတမ်းဖတ်သူတွေကလည်း နိုင်ငံရေးလောက၊ အနုပညာလောကနဲ့ စာပေလောကတို့က နာမည်ကျော် ပုဂ္ဂိုလ်များဖြစ်ကြလို့လည်း လာနားထောင်သူတွေများပြီး စည်ကားနေတာလည်းဖြစ်ပါတယ်။

အဲဒီမဏ္ဍပ်ထဲမှာထားရှိတဲ့ ဆရာကြီးရုပ်ကလာပ်ကိုလည်း အဖွဲ့အစည်းတွေ- လူပုဂ္ဂိုလ်အမျိုးမျိုး- သံရုံးများက လွမ်းသူ့ပန်းခွေများ လာချကြရာမှာ တချို့(မတရားသင်းကြေညာခံထားရတဲ့) အဖွဲ့အစည်းတွေလည်း ပါလာပါတယ်။ ပန်းခွေ လာချစဉ်က နာမည်တမျိုးနဲ့ဖြစ်ပြီး လူလစ်မှ အပေါ်ကကပ်ထားတဲ့ စာရွက်ကို ခွာလိုက်ဟန်ရှိပါတယ်။

ဩဂုတ်လ(၈)ရက်နေ့မှာတော့ ဆရာကြီးရဲ့ရုပ်ကလာပ်ကို ပဒုမ္မာကွင်းကနေ ခြေလျင်သယ်ဆောင်ပြီး- အစိုးရ ပေးထားတဲ့-ရွှေတိဂုံဘုရားလမ်းရှိ ကန်တော်မင်ပန်းခြံထဲရှိ ယာယီဂူဗိမာန်မှာ မြှုပ်နှံလိုက်ပါတယ်။ အဲဒီနေ့ကတော့ - လူထု တရပ်လုံး ပါဝင်လှုပ်ရှားတဲ့ ပြည်သူ့ဈာပနကြီး ဖြစ်ခဲ့ပါတယ်။ ရုပ်ကလာပ်သယ်ဆောင်ရာ လမ်းတလျှောက်- ဦးဝိစာရလမ်းဘေး တဖက်တချက်မှာ၊ ရွှေတိဂုံဘုရားကုန်းတော်ပေါ် - လူတွေ ကြိတ်ကြိတ်တိုးနေပြီး ကန်တော်မင်ပန်းခြံမှာတော့ ဆက်သယ်လို့ မရလောက်အောင်ကို လူတွေပြည့်လျှံနေပါတော့တယ်။ လမ်းဘေးတဖက်တချက်မှာလည်း လိုက်ပို့တဲ့ လူတွေကြားထဲ တချို့အမျိုးသမီးကြီးတွေ မျက်ရည်ပေါက်ပေါက်ကျပြီး ထိုင်ကန်တော့နေတာတွေလည်း တွေ့ရပါတယ်။ (ဖေဖေကိုပြောပြမိတော့-တောထဲနဲ့အဆက်အစပ်ရှိသူများဖြစ်နိုင်တယ်။ ဆရာကြီးကွယ်လွန်ပြီဆိုတော့- ငြိမ်းချမ်းရေးရ ဖို့လည်း ဝေးပြီ- တောထဲရှိဆွေတွေမျိုးတွေနဲ့ လည်း ဝေးပြီ- လို့တွေးပြီး ပို စိတ်ထိခိုက်ကြတာဖြစ်မယ်---တဲ့။)

ဖေဖေတို့ဈာပနကော်မတီဝင်တွေက အဲဒီကာလအတွင်း ဘာပြဿနာမှမပေါ်အောင် အတော်ကြိုးစားခဲ့ကြရပါတယ်။ တော်လှန်ရေးကောင်စီအစိုးရက လူထုရဲ့ခံစားချက်ကို သိလို့ရော၊ သူတို့ ပုံရိပ်အတွက်ရော ဈာပနကိစ္စများမှာ လာကူညီနေပေမယ့်-ဖေဖေတို့ကော်မတီထဲမှာရော၊ ဘေးပတ်ပတ်လည်မှာရော၊ စုံထောက်တွေ၊ စစ်ထောက်လှမ်းရေးတွေ ပြည့်နှက်နေအောင် ထည့်ထားပါတယ်။(ဖေဖေကတော့ဆရာကြီးမှိုင်း မိသားစုထဲမှာပါ ထည့်ထားတယ်-လို့ သံသယရှိခဲ့ပါတယ်။)

ဒါပေမဲ့ ပြည်သူလူထုရဲ့ တာဝန်သိစွာ သတင်းပေးမှုတွေကြောင့် ဖေဖေတို့တတွေ တချို့ကိစ္စများကို လက်ဦးမှုရှိရှိ ရှောင်ရှားနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် အဲဒီကာလက- မဆလဖွဲ့တော့မယ့်အကြောင်းတွေ ကြားလာနေရပြီး- လက်ဝဲသမား (အမည်ခံ)နိုင်ငံရေးသမားများကို-အထူးအရာရှိရာထူးတွေ ပေးလာနေတော့- ရနိုးနိုးသမားများက (မျက်နှာကောင်း ရရေး အတွက်) အတော် အနှောင့်အယှက်တွေ ပေးလာနေပါတယ်။ ဒါတွေအတွက်လည်း ဖေဖေတို့ အတော်စိတ်ပင်ပန်းရပါတယ်။

ဒီနောက် ဂူဗိမာန်တည်ဆောက်ရေး ရန်ပုံငွေရှာရတဲ့အလုပ်၊ ဆရာကြီး ဂုဏ်သိက္ခာနဲ့အညီ တည်ဆောက်ရေးအလုပ် စတာ တွေကို ဆက်တိုက်လုပ်ဆောင်ရပါတယ်။ အစိုးရပေးထားတဲ့ မြေကွက်ကလေးမှာ သားသားနားနားဖြစ်ဖို့အတွက် အတော်လုံးပန်းရပါတယ်။ ဖေဖေတို့က ဂူဗိမာန် တည်ဆောက်ရေးအတွက် ဗိသုကာဦးကျော်မင်းကို ရလိုက်တဲ့အတွက် အတော့်ကို အဆင် ပြေသွားပါတယ်။ ဦးကျော်မင်းဟာ အန်ကယ်ကြည်မောင်က ဖေဖေဆီခေါ်လာပေးတာပါ။ ဦးကျော်မင်း ဟာ နောက်ပိုင်းမှာလည်း အန်ကယ်ကြည်မောင်နဲ့ ဒီချုပ်ထဲပါသွားပြီး နဝတ-နအဖခေတ် နိုင်ငံရေးအကျဉ်းသမားကြီးဖြစ်ခဲ့ရပြီး ဒီဒဏ်တွေနဲ့ပဲ စောစောစီးစီး ကွယ်လွန်သွားရှာပါတယ်။

ဖေဖေကတော့ ဆရာကြီးဈာပနကို-ပြည်သူ့ဈာပနကြီးအဖြစ် ခမ်းခမ်းနားနားကျင်းပပေးလိုက်နိုင်မှုအတွက်ရော၊ဆရာကြီးရဲ့ဂူဗိမာန်ကို ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်ပေးလိုက်နိုင်မှုအတွက်ရော၊ အတော်ကျေနပ်အားရခဲ့ပုံရပါတယ်။ ဆရာကြီးရဲ့ ဂုဏ်

သိက္ခာနဲ့အညီ လုပ်ဆောင်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဖေဖေက ဆရာကြီးရဲ့ဘဂကိုလည်း အတော် လေးစားအားကျပုံရပါတယ်။ ဒါ့ကြောင့်ပဲ ၂၀၀၇ ခုနှစ်မှာ စတင်ထုတ်ဝေခဲ့တဲ့ ဖေဖေအတ္ထုပ္ပတ္တိစာအုပ်မှာ ဆရာကြီးအကြောင်းကို ဒီလိုရေးထားတာ တွေ့ရပါတယ်။(အထက်ပါစာအုပ်-နာ၂၉၀)။

-----ဆရာကြီး ကွယ်လွန်သွားသော်လည်း ဆရာကြီး၏ စိတ်ဓာတ်က ရှင်သန်ကျန်ရစ်နေပေသည်။ ဆရာကြီး၏ ပြည်သူများဘက်က ထာဝစဉ် ရပ်တည်ပြီး ပြည်သူများ၏ ဘဂ သာယာငြိမ်းချမ်းရေးအတွက် တသက်ပတ်လုံး လုပ်ကိုင်ဆောင်ရွက်သည့် ဖွဲနပဲ စိတ်ဓာတ်သည် နောင်မျိုးဆက်အဆက်ဆက်ကို သမိုင်းအမွေအဖြစ် လက်ဆင့်ကမ်းပေးခဲ့ပေသည်။ ထို့ကြောင့် မှိုင်း ရာပြည့် လှုပ်ရှားမှုမှာ ပါဝင်ခဲ့သည့် ကျောင်းသားခေါင်းဆောင်များမှာ ထောင်တန်းအကျခံ တချို့လည်း တောထဲရောက် လက်နက်ကိုင်တော်လှန်ရေးသမားအဖြစ်နှင့် ယခုအနှစ်သုံးဆယ်ကြာပြီးသောအခါ ဗမာပြည် နိုင်ငံရေးဇာတ်ခုံပေါ်တွင် နိုင်ငံရေး ခေါင်းဆောင်များအဖြစ် ပေါ်ထွက်လာပြီဖြစ်သည်။ ဆရာကြီး၏ မပြီးဆုံးသေးသောတာဝန်ကို သူတို့ ဆက်လက် ဆောင်ရွက်ပေလိမ့်မည်။------

-----ရှစ်လေးလုံးအရေးတော်ပုံအတွင်းတုန်းကလည်း ဆရာကြီးကို မီလိုက်ခြင်းမရှိသည့် ကျောင်းသားငယ်လေးများက မိမိတို့၏ခံစားရချက်များကို "အဘိုးရေ-"ဟု တ၍ ကျော်ကြားလှသည့် ကမ္ဘာမကျေသစ် - သီချင်းကိုသီဆိုခဲ့ကြပါသည်။ နောက်တမျိုးဆက် မှိုင်းကလေးများ ပေါ်လာခြင်းဖြစ်ပါသည်။-------

----ပြည်သူများဘက်က အင်အားတရပ်အဖြစ် ဆရာကြီးကို ပုံအရိပ် ဖော်သလို ဆန့်ကျင်ဘက်အင်အားစုကလည်း ဆရာကြီး၏ အမည်နာမ စွမ်းပကားကို အကြောက်ကြီးကြောက်ကြပါသည်။ ထို့ကြောင့်ပင် နဂတ-နအဖခေတ်အဆက်ဆက်တွင် ဆရာကြီး၏ နာမည် ဓာတ်ပုံတို့ကို ဖော်ပြခွင့်မပေးခြင်းဖြစ်သည်။ ဆရာကြီး၏ဂုဏ်ရှိန်ကား ကြီးမားလှသည်။ ဆရာကြီး၏ ဘဂသည် ကောင်းမြတ် လှပေစွ။------တဲ့။

ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းတွေဟာ ဆရာကြီးမကွယ်လွန်ခင်(၁၉၆၂-တော်လှန်ရေးကောင်စီအာဏာသိမ်းပြီး)က တည်းက အတော် ရပ်ဆိုင်းသွားပြီး ဆရာကြီးရာပန အထူးသဖြင့် ဂူဗိမာန်တည်ဆောက်ပြီး (၁၉၆၆) ချိန်မှာတော့ လုံးဝကို ရပ်ဆိုင်းသွားပါတော့တယ်။ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ဝင်အတော်များများလည်း အဖမ်းခံသွားရပြီဖြစ်ပါတယ်။

ဒီမှာတင် ဖေဖေရဲ့ပြည်တွင်းနိုင်ငံရေးလှုပ်ရှားမှုတွေ ရပ်ဆိုင်းသွားပါတော့တယ်။

လှကျော်ဇော။၂၄-၉-၂၀၁၈။

ပုံ၁။ စမ်းချောင်းချမ်းသာလမ်းအိမ်။၂၇-၇-၁၉၆၄--ဘောလုံးကွင်းသို့ ရွှေ့တဲ့နေ့။
ဖေဖေ၊ဂိုရူရသခင်ချစ်မောင်၊လူထုဦးလှ။
ပုံ၂။ ရာပနမဏ္ဍပ်တွင်း။ ဖေဖေ၊ တော်ဘုရားလေး-ဦးသန့်စင်၊(လက်ပတ်အနက်နဲ့)၊ ဦးထွန်းတင်၊(ကျောပေးထား)။
၃။ ၈-၈-၁၉၆၄-ကန်တော်မင်သို့ပို့ဆောင်သည့်နေ့။ ဖေဖေနဲ့ဒေါက်တာဆင်ဖိုး။





## ၂၀၂ -တပ်ဖွဲ့ အမှတ်တရ...

**ဖိုးနီ**

" တော်လှန်ရေးလမ်းခရီးဆိုတာ  ရန်ကုန် - ပြည် ကားလမ်းမကြီးလို ဖြောင့်ဖြူးတာ မဟုတ်ဘူး " ဟု ဥက္ကဋ္ဌ သခင်ဇင်က ပြောခဲ့ဖူးသည်။ ရခိုင်ရိုးမက လယ်သမားရဲဘော်ကြီးတယောက်ကတော့..." တော်လှန်ရေးဆိုတာ သစ်တောက် ငှက်ပျံသလိုပဲလေ... နိမ့်လိုက် မြင့်လိုက်ပေါ့....ဖွဲ့သတ္တိ ရှိမှ ခံနိုင်ရည်ရှိမှ လိုရာခရီး ကို ရောက်နိုင်လိမ့်မယ် "...ဟုဆိုသည်။ မိုးသက်မုန်တိုင်းကြားမှာ လှိုင်းကြီး လေထန်... ရေဆန်ကို လှော်ခတ်နေရသော လှေငယ်တစင်းပမာ တော်လှန်ရေးခရီး၏ အတိုင်းအဆ မရှိသော ကြမ်းတမ်းခက်တရော်မှု၊ အောင်မြင်မှု.. ဆုံးရှုံးမှုနှင့် အတက်..အကျရှိနေမှုတို့၏ အတွင်းသဘောကို ညွှန်းဆိုကြခြင်းဖြစ်ပေလိမ့်မည်။

ကွန်မြူနစ်တယောက်အဖို့ပြောရလျှင်.. တော်လှန်ရေးဆိုသည်မှာ မိမိ၏အတွေးအခေါ်နှင့်အရည်အချင်းကို မီးလျှံကြားမှာ ဆေးသားတင်သော.. မှတ်ကျောက်ပင်ဖြစ်သည်။ အခက်အခဲကိုမကြောက်။ ရန်သူကိုမကြောက်၊ အသက်စွန့်ရမှာမကြောက် စသည့် မကြောက်တရားများကိုကိုင်စွဲလျက် အသက်သွေးချွေးပေးဆပ်မှုများဖြင့်သာ... တိုက်ပွဲဝင်ခဲ့ကြရသည်။ ဒူးထောက်အညံ့ခံမလား... တိုက်ပွဲဝင်ရင်း အသက်စွန့်မလား..ဆိုသည့် မဖြစ်မနေ ရွေးချယ်ရတော့မည့် အခြေအနေမျိုးတွင် ကွန်မြူနစ်များက ဂုဏ်ပြောင်စွာ အသက်စွန့်ရေးလမ်းကိုသာ ပြတ်ပြတ်သားသားရွေးခဲ့ကြသည်။ လက်နက်ကိုင်တော်လှန်ရေးထဲမှာ..အကျဉ်းစခန်းထဲမှာ...တရားခွင်မှာ.. မိမိတို့၏ယုံကြည်ချက်ကို ခိုင်ခိုင်မာမာဆုပ်ကိုင်လျက် ရန်သူကို ပြတ်သားစွာရင်ဆိုင်ခဲ့ကြသည်ကို သမိုင်းမှာတွေ့ရမှာဖြစ်သည်။ ၁၉၈၉-ခုနှစ် ဧပြီလက နယ်စပ်ဒေသခွဲထွက်ပုန်ကန်မှုအရေးအခင်းကြီးကြောင့်.. ပါတီနှင့်တော်လှန်ရေးအဖို့ ကြီးမားသောအခက် အခဲနှင့်

ကြုံတွေ့ရချိန်... ဆက်လက်ရှင်သန်ရန်.. သေရေးရှင်ရေးတမျှ အရေးကြီးသောကာလမျိုးတွင် ပါတီဗဟိုနာခံရေးစိတ်ဓာတ်. .ဗဟိုဝန်းရံရေးစိတ်ဓာတ်ဖြင့် တည်တည်ငြိမ်ငြိမ် ကြံ့ကြံ့ခိုင်ခိုင် ပါတီဗဟိုဘက်မှ ဆက်လက်ရပ်တည်ရန် ဆုံးဖြတ်ခဲ့သော ၂၀၂-တပ်ဖွဲ့ (ဗမာပြည်ကွန်မြူနစ်ပါတီ ရှမ်းပြည်မြောက်ပိုင်းခရိုင်) တပ်မှူးတပ်သား များ၏ ရပ်တည်မှုကိုတော့ ကျွန်တော့်ရင်ထဲမှာ ယနေ့တိုင် အမှတ်တရ ရှိနေခဲ့ပါသည်။

လွန်ခဲ့သော (၂၉)နှစ်ထိုနေ့က လှုပ်ရှားနေသောရုပ်ပုံလွှာများကို ပြန်လည်မြင်ယောင်မိတိုင်း လွမ်းဆွတ်ကြေကွဲ နာကျင်စွာ ရင်မှာ တသိမ့်သိမ့် ခံစားမိသည်။ မှတ်မှတ်ရရ ၁၉၈၉-ခုနှစ် ...မေလ-၂၃-ရက်နေ့... မိုးမိတ်နယ်...ပန်ဂူ ပလောင်အမျိုးသားတောင်ပေါ် ရွာကြီး၏ ရွာလယ်ကမြက်ခင်းပြင်တွင် ရဲဘော်များစုဝေးရောက်ရှိနေကြသည်။ အနောက်တောင်ဘက်မှ ညိုမည်းနေသော မိုးသားတိမ်လိပ်များ တရိပ်ရိပ်တက်လျက် တခွင်တပြင်လုံး အုံ့ဆိုင်းနေသည်။ အရှေ့ဘက်တောင်ခြေ၏ ဝေဆိုင်းနေသော မှိုင်းပျပျမြူငွေ့များကြားမှ ငြိမ်သက်စွာ လဲလျောင်းနေသော ခိုမုန်းဈေးရွာ ကွင်းကလေးကို ဝိုးတဝါးလှမ်းမြင်နေရသည်။ တပ်ထု အရေးပေါ်အစည်းအဝေးအတွက် စုစည်းလာကြသော တိုက်ခိုက်ရေးတပ်မှရဲဘော်များ ...ခရိုင်ရုံးနှင့် မြို့နယ်ဒိုင်နယ်အသီးသီးမှရဲဘော်များနှင့် DPA(ဒီမိုကရေစီ ပြည်ချစ်တပ်မတော်)မှ ရဲဘော်တချို့ အပါအဝင် အင်အား(၁၃၀)ခန့်ရှိ သည်။ အစည်းအဝေးစတင်သည်နှင့် နိုင်ငံရေးမှူး ရဲဘော်ကျော့ရင်က ပါတီဗဟိုနှင့် မိမိတပ်ဖွဲ့၏ လက်ရှိ ရင်ဆိုင်နေရသည့် အခြေအနေကိုရှင်းပြပြီး ဤပြဿနာအပေါ် ခရိုင်ကော်မတီ၏ ရပ်တည်မှုနှင့် သဘောထားကို ရှင်းပြပါသည်။ တပ်မှူး ရဲဘော် ဘရန်ရှောင် နှင့် ခရိုင်ကော်မတီတဦး ဖြစ်သည့် ရဲဘော်ကျန်အောင် (ပလောင်အမျိုးသား၊ ကွယ်လွန်)တို့ကလည်း ပါဝင် ဆွေးနွေးပါသည်။

တကယ်တော့ ယခင်က ၂၀၂-စစ်ဒေသဟုခေါ်ဆိုခဲ့သော ဤရွှေလီချိုင့်ဝှမ်းဂွင်(ခွင်)မှာ အရှေ့မြောက်စစ်ဒေသမှ ရန်သူ့ဒေသအတွင်းသို့ တိုးဝင်တည်ဆောက်ထားသော ပြောက်ကျားအခြေခံဒေသငယ်တခုသာဖြစ်ပါသည်။ပြောက်ကျားဒေသဆိုသော်လည်း နောက်ပိုင်းဒေသမှ လက်နက်ခဲယမ်းအထောက်အကူနှင့် တချို့သော ပံ့ပိုးမှုများကို ရရှိနိုင်ခဲ့သဖြင့် သီးခြားကင်းလွတ်သော ဒေသတခုတော့ မဟုတ်ပေ ။ စစ်ရေး ပထဝီအမြင်အရဆိုလျှင်..... ဤဒေသမှတဆင့် အနောက်တောင်ဘက်သို့ ဦးတည်၍ မိုးကုတ် မိုင်းလုံ မန္တလေးမြောက်ဘက်ဒေသ နောင်ချိုဘက်အထိ တိုးချဲ့သွားနိုင်သလို... အနောက်မြောက်ဘက်သို့ ဦးတည်ပြီး ဧရာဝတီမြစ်အရှေ့ဘက် ရွှေလီမြစ်ဆုံမှ ကသာ အရှေ့ခြမ်း ရွှေကူနယ်အထိ တိုးချဲ့သွားနိုင်ပေသည်။ တော်လှန်ရေးအခြေခံဒေသ ရှေ့တဆင့် တိုးချဲ့ရေးအတွက် နင်းခုံဒေသတခုဖြစ်နေသဖြင့် တစုံတရာ အရေးပါသော ပြောက်ကျားဒေသ တခုအဖြစ် ပါတီဗဟိုမှ အလေးထားခဲ့သလို ၊ ရန်သူအဖို့လည်း အသည်းထဲထိုးစိုက် ဝင်နေသော ဆူး တချောင်းလို ဖြစ်နေသည်။ ရန်သူ၏ ဝိုင်းပတ်ချေမှုန်းရေးထိုးစစ်များကိုလည်း တရံမလတ် ရင်ဆိုင်ခဲ့ရသည်။ စစ်ဒေသ၏ အနှစ်(၂၀)ခန့်ဖြတ်သန်းလာခဲ့သော တော်လှန်ရေးခရီးတွင် အခြေခံဒေသအနေနှင့် ကျဉ်းသွားလိုက်..ကျယ်လာလိုက် စသည့်ဖြစ်စဉ်များရှိခဲ့သလို...အောင်မြင်မှုများနှင့်အတူ...ဆုံးရှုံးမှုများလည်း ဒွန်တွဲတည်ရှိခဲ့ပေသည်။ ပသို့ဆိုစေ အာဇာနည်ရဲဘော်များ၏အသက်သွေးချွေး ပေးဆပ်မှုများဖြင့်သာ ၂၀၂-တပ်ဖွဲ့ အနေဖြင့် ဤဒေသတွင် ပါတီအလံအတွက် အနှစ် (၂၀)ကာလအထိ မှတ်တိုင်တခု စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပေသည်။

ထိုစဉ်က...ပါတီဗဟိုအနေနှင့်ဆက်လက်ရပ်တည်ရေးအတွက်ပင် ကြီးမားသည့်အန္တရာယ်နှင့် ရင်ဆိုင်နေရချိန်တွင် ရဲဘော်တိုင်းက ဘယ်အတွေးအခေါ်နှင့်ဆက်သွားမလဲဆိုတာ မိမိကိုယ်ကို ပြတ်ပြတ်သားသားမေးခွန်းထုတ်ရမည့်အချိန်ဖြစ်ခဲ့သည်။ တပ်ဖွဲ့ဝင်ရဲဘော်များ အားလုံးက ရဲဘော်ကျော့ရင်၏တင်ပြချက်များကို ငြိမ်သက်စွာအထူးအာရုံစိုက်နားထောင်ရင်းလေးလေးနက်နက်စဉ်းစားနေကြသည်။ “ရဲဘော်တို့ ...အားလုံးသိကြတဲ့အတိုင်း နယ်စပ်ဒေသ ပုန်ကန် ခွဲထွက်မှုတွေကြောင့် ပါတီဗဟို ဟာ ကြီးမားတဲ့အခက်အခဲနဲ့ ရင်ဆိုင်နေရပြီ။...ရှေ့မှာ ဒီထက်ဆိုးဝါးတဲ့အခြေအနေမျိုးတွေနဲ့တောင် ရင်ဆိုင်ရနိုင်တယ်ဆိုတာ တွက်ချက်ထားဖို့ လိုတယ်။ ဒီအခြေအနေမှာ ၂၀၂-တပ်ဖွဲ့ဟာ ကြီးမားတဲ့အခက်အခဲတွေ တွေ့လာနိုင်တယ်။ လက်ရှိမှာပဲ ခွဲထွက်-ကိုးကန့်အဖွဲ့က သူတို့အောက်ကိုဝင်ဖို့ ကျုပ်တို့ကို လာစည်းရုံးတယ်။ ကျုပ်တို့က လက်မခံတော့ စစ်ရေးအရ တိုက်ခိုက်တာတွေလုပ်လာတယ်။ ကျုပ်တို့ကလည်း ခုခံကာကွယ်တဲ့အနေနဲ့ စစ်ရေးအရ ပြန်ပြီး တုံ့ပြန်တယ်။ တိုက်ပွဲဖြစ်စဉ်အတွင်းမှာ မိမိဘက်က ရဲဘော်တယောက် ကျဆုံးခဲ့ရတယ်။ ပတ်ဝန်းကျင်က မဟာမိတ် ဆိုသူတွေကလည်း သူစိမ်းဆန်လာတယ် ။ တချို့က ရန်ဘက်လို ချက်ချင်း သဘောထားပြောင်းပြီး ခိုးကြောင်ခိုးဝှက် တိုက်ခိုက်တာတွေလုပ်လာတယ်။ လွယ်ယရွာမှာ သူတို့လာပစ်လို့ တပ်က ရဲဘော်ဘောက်နော်ကျဆုံးခဲ့တယ်။ ပါတီကို ထောက်ခံတဲ့ရွာသားတချို့ကို ခြိမ်း

ခြောက်တာ အကျပ်ကိုင်တာ ..ပါတီရဲ့ လျှို့ဝှက်ပစ္စည်းဂိုဒေါင်တွေကို လိုက်ရှာပြီး သိမ်းယူတာတွေ လုပ်လာတယ်။ တဖက်ကလည်း ရန်သူကို သတင်းပေးတာမျိုးတွေလည်း လုပ်တယ်။ ပါတီဗဟိုရဲ့အခက်အခဲကို ချက်ကောင်းယူပြီး ၂၀၂-တပ်ဖွဲ့ကို အပြုတ်ချေမှုန်းပစ်လိုက်ဖို့ လုပ်လာတာ ပိုထင်ရှားလာတယ်။ ရန်သူ့လှုပ်ရှားမှုတွေကလည်း စိပ်လာတယ်။ ဒီလိုအခြေအနေမှာ ကျုပ်တို့ ဘယ်လို ရပ်တည်ကြမလဲ ဘာလုပ်ကြမလဲဆိုတာ ပြတ်ပြတ် သားသားဆုံးဖြတ်ရတော့မယ်။ ခရိုင်ကော်မတီရဲ့သဘောထားကတော့ ချုပ်ပြောရရင်.. ပါတီဗဟိုကို နာခံရေးပဲ၊ ပါတီဗဟိုကို ဝန်းရံရေးပဲ။ ခွဲထွက်တာတွေကိုရှုတ်ချတယ်။ ဒီလိုအခြေအနေမျိုးမှာ ဟိုသဘောတရားပြော ဒီသဘောတရားပြောလုပ်ပြီး ဗဟိုဆန့်ကျင်ရေးလုပ်တာတွေကိုလည်း ရှုတ်ချတယ်။ ရဲဘော်တို့တဦးချင်းအနေနဲ့ ဘယ်လမ်းလျှောက်မလဲ ကိုယ်ပိုင်ဆုံးဖြတ်ကြပါ။ ကိုယ်ကြိုက်တာ ရွေးနိုင်ပါတယ်။ ဒါပါပဲ...”

၂၀၂ - တပ်ဖွဲ့၏ပြတ်သားသည့်ဆုံးဖြတ်ချက်က ရဲဘော်တွေရဲ့ ပါတီအပေါ်ယုံကြည်မှုကို မှတ်ကျောက်တင်လိုက်ခြင်းပင် ဖြစ်သည်။ မိမိတို့လျှောက်ရမည့်လမ်းကို စိုးစဉ်းမျှ တွေဝေမှုမရှိဘဲ ပြတ်သားစွာဆုံးဖြတ်ခဲ့သည့် ရဲဘော်များ၏ မွန်မြတ်သည့် စိတ်ဓာတ်ကို လေးစားမိသည်။ ဂုဏ်ပြုမိသည်။ ရင်ထဲမှာ နင့်နေအောင်ခံစားလိုက်ရသည်။

ဤသို့ဖြင့် ပန်ဝါဒေသရှိ ပါတီဗဟို၏ ညွှန်ကြားချက်အရ တတ်နိုင်သမျှ အခြေခံဒေသနှင့်မိမိအင်အားကိုထိန်းသိမ်းရေး ဦးတည်ချက်ဖြင့် ...တပ်ကိုနိုင်ငံရေး အတွေးအခေါ်ပညာပေးသည့်လုပ်ငန်းနှင့်အတူ.. မိမိအခြေအနေနှင့်ကိုက်ညီသည့် စစ်ရေးလှုပ်ရှားမှုများ လုပ်လျက် ကာလတချို့ ဖြတ်သန်းခဲ့ရသည်။ နောက်ပိုင်းတွင် တပ်ဖွဲ့၏ လုံခြုံရေးလိုအပ်ချက်အရ ဗဟိုသို့တင်ပြ ခွင့်ပြုချက်ယူပြီး တပ်ဖွဲ့ကို ရွှေလီမြစ် မြောက်ဘက် (ကေအိုင်အေ) တပ်ရင်း(၁၂ )ဒေသသို့ပြောင်းရွှေ့အခြေပြုခဲ့သည်။ ၁၉၉၀- ခုနှစ် အောက်တိုဘာလ မှာတော့.... “တပ်ဖွဲ့တခုလုံးကို ပန်ဝါသို့ခေါ်ယူရန် အခြေအနေမပေး တော့သဖြင့် အရေးအတွက် အကန့်အသတ်နှင့်သာဖြစ်နိုင်ကြောင်း အခိုင်အမာကို တပ်ဖွဲ့ခေါင်းဆောင်များက ဆုံးဖြတ်လုပ်ကိုင်ရန် စသည်ဖြင့် ” ဗဟိုမှညွှန်ကြားချက် ရောက်လာခဲ့သည်။ ပါတီဗဟို၏ညွှန်ကြားချက် ရသည့် အချိန်မှာတော့...ရဲဘော်တွေက ပါတီဗဟို၏ အခက်အခဲကို လေးလေးနက်နက် နားလည်လိုက်ကြပါသည်။ ဗဟိုအနေနှင့် ပါတီဆက်လက်ရှင်သန်ဖို့ ပါတီအလံဆက်ထူဖို့ပင် အခက်ခဲဆုံးအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပြီး နောက်ဆုံး မြေအောက်ပါတီပင် ဖြစ်သွားနိုင်သည့်အခြေအနေကို ရဲဘော်တွေက သဘောပေါက်ပြီး စိတ်မကောင်းဖြစ် ကြရသည်။

အတူလက်တွဲတိုက်ပွဲဝင်ခဲ့ကြသော ရဲဘော်တွေကို အိမ်ပြန်ကြဖို့ ဖျောင်းဖျ နားချရသည့်အဖြစ်မျိုး ကျွန်တော့်တသက် ... တခါမျှ မကြုံဖူးခဲ့ပါ။ တပ်မှူးတယောက်အနေနှင့် မိမိတပ်ကို ဖျက်လိုက်ရခြင်းသည် ပန်းချီဆရာတယောက်က မိမိကိုယ်တိုင်လက်ကုန်ဆွဲထားသော ပန်းချီကားတချပ်ကို မိမိကိုယ်တိုင် ဆုတ်ဖြဲပစ်လိုက်ရသလိုများ ဖြစ်နေမလားဟု စဉ်းစားမိသည်။ မလွှဲမရှောင်သာ၍ တပ်ကိုဖျက်လိုက်ရခြင်းဖြစ်သည်ကို ရဲဘော်တွေအားလုံးက သဘောပေါက် နားလည်ကြသော်လည်း ရင်ထဲမှ နာကျင်ကြေကွဲဝမ်းနည်းမှုကိုတော့ မည်သို့မျှထိန်းချုပ် နိုင်စွမ်းမရှိ ကြတော့ပေ .. ပူလောင်သောမျက်ရည်ဥတို့သာကြွေဆင်းလာတော့သည်။

“ မခွဲချင်ပေမယ့်လည်း တော်လှန်ရေးရဲ့လိုအပ်ချက်အရ မခွဲနိုင်မခွာရက် ...ခွဲကြရဦးမယ် ရဲဘော်တို့ ...။ ရဲဘော်တို့အတွက် လိုအပ် မယ်ထင်ရင်.. သေနတ်တွေယူသွားကြပါ။ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ကျော်ဖြတ်ကြပါ.. ဘယ်အချိန်မှာဖြစ်ဖြစ် ဘယ်နေရာမှာပဲနေနေ ..... ပါတီနဲ့ပြည်သူကိုမမေ့ကြပါနဲ့ ...တနေ့မှာ ပါတီရဲ့ အလံအောက်မှာ ပြန်ဆုံကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။”

တပ်ဖွဲ့နိုင်ငံရေးမှူးက တတ်နိုင်သမျှ စိတ်ကို တည်ငြိမ်အောင်ထိန်းပြီး နှုတ်ဆက်စကားပြောရင်း ရဲဘော်ကျန်အောင်၏ လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။ “ ကျွန်တော်တို့ ပါတီကို ယုံကြည်တယ်။ ဘယ်လိုအခြေအနေ ..ဘယ်လိုဘဝကိုပဲရောက်ရောက် ကျွန်တော်တို့ရင်ထဲမှာ ပါတီရှိနေမှာပါ။။ ” ရင်ထဲက ဆို့နင့်နာကျင်နေသဖြင့် ရဲဘော်ကျန်အောင်၏ အသံက တုန်ခါနေပါသည်။

ကျွန်တော်ကတော့ ၂၀၂-တပ်ဖွဲ့၏ အစည်းအဝေးအမှတ်တရ ဓာတ်ပုံလေးကို ပြန်ကြည့်လိုက်တိုင်း “ ကျွန်တော်တို့ရင်ထဲမှာ ပါတီရှိနေမှာပါ” ဆိုသော ရဲဘော်ကျန်အောင်၏ နောက်ဆုံးနှုတ်ဆက်သွားသည့် စကားသံလေးကိုသာ ကြားယောင်နေမိပါတော့သည်။

**ဖိုးနီ (၆-၁၀-၂၀၁၈)**




# တော်လှန်ရေးသမား တို့ရဲ့

# ကျက်သရေ

## (အက်ဆေး)

### မောင်လှဝင်း(မြင်းခြံ)

"လူဆိုတာ ခေါင်းတလုံး ပြတ်သွားရင်တောင်မှ ကျက်သရေ လျော့သွားတတ်တဲ့ အစားမျိုးမဟုတ်ပါဘူး"

(ဂျူးလိယက် ဖူးချစ် )

ဂျူးလိယက်ဖူးချစ်ပြောသော လူစားမျိုးမှာ အသက်ရှင်စဉ် ကြီးမြတ်ပြီး အသက်စွန့်တော့ ဂုဏ်ရောင်ပြောင်ကြသူများ ဖြစ်ပေလိမ့်မည်။ ပြည်သူ့အကျိုးဆောင်သူများ၊ ပြည်သူ့အတွက် အသက်ပေးတိုက်ပွဲဝင်ကြသော တော်လှန်ရေးသမားများနှင့် ကွန်မြူနစ်များ ဖြစ်ပေလိမ့်မည်။ ခေါင်းဖြတ်အသတ်ခံကြရသူများမှာလည်း ဒီလူများပင် မဟုတ်ပါလား။

မနေ့တနေ့ကပဲ သတင်းစာအဟောင်းများ ရှာဖွေလှန်လှောရင်း အမှတ်မထင် ရဲဘော်မူကာဂျီတို့ အရက်တက် တိုက်ပွဲတွင် ကျဆုံးသွားသောသတင်းကို ဖတ်ရှုမိသည်။ ၁၉၆၁ ခုနှစ် မေလ ၉ ရက်နေ့ထုတ် သတင်းစာများ ဖြစ်ပါသည်။ အို.... ကျွန်တော် တို့ရဲ ဘော်များကို ခေါင်းဖြတ်ထားကြတာပါကလား။ ယုတ်မာပက်စက်လှတဲ့ရန်သူ။ ရိုင်းစိုင်းလှတဲ့ ရန်သူ။ ရန်သူ့အပေါ် နာကြည်းစိတ်တွေ ဝုန်းခနဲ ရှန်းကြွလာပါသည်။ ရဲဘော်များအတွက် ကြေကွဲမိပါသည်။ ပြည်သူ့အကျိုးအတွက် အသက် ပေးလှူ ကာ ဂုဏ်ရောင်ပြောင်စွာ ကျဆုံးသွားခဲ့ကြသော ရဲဘော်များကို ဦးညွှတ်မိပါသည်။

မေလ ၇ ရက်နေ့ အရက်ဦးတိုက်ပွဲတွင် အလစ်အငိုက် အတိုက်ခံရသဖြင့် ကျွန်တော်တို့ရဲဘော် ၅ ဦး ကျဆုံးခဲ့ရပါသည်။ ဗမာပြည်ကွန်မြူနစ်ပါတီ အရန်ဗဟိုကော်မတီဝင်ဖြစ်သူ ရဲဘော်မူကာဂျီ၊ တိုင်းတပ်မှူး စစ်ရေးတာဝန်ခံ ဗိုလ်မင်းဒင်၊ တိုင်းပါတီအတွင်းရေးမှူး ရဲဘော်မျိုးအုံ၊ ရဲဘော်အောင်ခင်နှင့် ရဲဘော်မောင်သန့်တို့ ၅ ဦးတို့ ကျဆုံးခဲ့ရပါသည်။ ပါတီရဲဘော်များမှာ ပေါင်းတည်မြို့ မြောက်ဘက် မိုင်(၃၀) အကွာ မရွေးကျွန်းရွာ ဘုန်းကြီးကျောင်းသို့ အစည်းအဝေးလုပ်ရန် ရောက်ရှိနေခြင်း ဖြစ်ပါသည်။ ၇ ရက်နေ့ မနက်လင်း အားကြီးအချိန်တွင် ရန်သူ့ရဲတပ်ဖွဲ့က အလစ်အငိုက်ယူ တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ တိုက်ပွဲမှာ ကျဆုံးသော ရဲဘော် များ၏ခေါင်းကို ဖြတ်ကာ ရယူခဲ့ပြီး ရန်သူ့အာဏာပိုင်များက မြိန်ရေရှက်ရေ ဝမ်းသာအားရ ကြည့်ရှုခဲ့ရုံသာမက ခေါင်းဖြတ်များကို ဓာတ် ပုံများ ရိုက်ယူကာ သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ကြပါသေးသည်။ သူတို့မသိသည်မှာ လူ တနည်း တော်လှန်သူတို့၏ ကျက်သရေမှာ ခေါင်းတလုံးပြတ်စေ ကျက်သရေမယုတ်လျော့ပါ။ ဂုဏ်ရောင်ပြောင်စွာ ကျဆုံးခဲ့ရသဖြင့် မြင့်မြတ်ခြင်းနှင့်အတူ ကျက်သရေပင် တိုး ပွား လာပါသေးသည်။ တော်လှန်ရေးသမား၏ကျက်သရေသည် တိုင်းပြည်နှင့် ပြည်သူအပေါ် သူ့အလုပ်အကျွေးပြုပေးမှုအပေါ် မူတည်ပြီး ကြီးမြင့်စမြဲ ဖြစ်ပါသည်။ သူတို့ကို အနိတုတော်လှန်ဝံ့သော ပြည်သူ့ဘက်တော်သားများကို ဖမ်းမိလျှင် ငွေဘယ်လောက်ပေးမည်ဟု ဆုငွေထုတ်တတ်သည်မှာ နယ်ချဲ့အစိုးရနှင့် ဖောက်ပြန်ရေးအစိုးရများ၏ အကျင့်ပင် ဖြစ်ပါသည်။ အင်္ဂလိပ်ကိုလိုနီအစိုးရသည် ဗိုလ်ချုပ် အောင်ဆန်းကို ဖမ်းမိလျှင် ဆုငွေဘယ်လောက်ဟု ထုတ်ပြန်ခဲ့ဖူးသည်။ လွတ်လပ်ရေးရပြီး သည်ဘက်ခေတ်တွင် သခင်သန်းထွန်းနှင့်

ကွန်မြူနစ် ခေါင်းဆောင်များ ကို ဖမ်းမိလျှင်ဘယ်လောက်ဟု ဆုငွေထုတ်သည်။ ယခု ကျဆုံးသွားခဲ့သော ရဲဘော်မူကာဂျီကို ဖမ်းမိလျှင် ဆုငွေ ငါးသောင်းဟု ကြေ ညာထားပြီး ဗိုလ်မင်းဒင်နှင့် ရဲဘော်မျိုးအုံတို့မှာ ဆုငွေ နှစ်သောင်း အထုတ်ခံထားရသူများ ဖြစ်ပါသည်။ ဖမ်းမိလျှင် ဆိုသောစကားကို သူ တို့က ထပ်မံရှင်းလင်းကြပါသေးသည်။ အသေရရ အရှင်ရရဟူ၍။ ဆုရဖို့ သေချာချင်လျှင် ခေါင်းဖြတ် ယူခဲ့ကြဖို့ သူတို့က မှာကြားထား ကြပါသေးသည်။

တရုတ်ပြည်တွင်လည်း ကူမင်တန်ဖောက်ပြန်ရေးအစိုးရက တော်လှန်ရေးသမားများကိုဖမ်းမိလျှင် ဘယ်လောက်ဟု ဆုငွေထုတ်ပါသည်။ တော်လှန်ရေးသမားကို ဖမ်းမိလျှင် တိရစ္ဆာန်လှောင်အိမ်လို လူလှောင်အိမ်ထဲ ထည့်သွင်းပြီး လူအများ လာရောက်ကြည့်ရှုစေပါသည်။ ထိုမှုမက လှောင်အိမ်ထဲမှ ကွန်မြူနစ်များ တော်လှန်ရေးသမားများကို ခေါင်းဖြတ်ပြသထားပြီး လူထုကို လာရောက်ကြည့်ရှုနိုင်းပါသည်။ ကွန်မြူနစ်ပါတီဝင် သူရဲကောင်း ရဲဘော်ဖန်ချီမင်း(ဖန်စစ်မင်) ကို ယခုကဲ့သို့ပင် လှောင်အိမ်ထဲ ထည့်ခဲ့ပါသည်။ ခေါင်းဖြတ်ခဲ့ပါသည်။ အမကြီးကျန်း၏ ခင်ပွန်းသည်ဖြစ်သူ ကွန်မြူနစ် ပြောက်ကျားခေါင်းဆောင် ရဲဘော်ဖုန်စုံထောင်ကိုလည်း ယခုကဲ့သို့ပင် ခေါင်းဖြတ် သတ်ပါသည်။ တရုတ်ပြည်ဂျပန်ခုခံဆန့်ကျင်ရေးကာလက အသက်ငယ်ရွယ် နပျိုလှသော ကွန်မြူနစ်မလေး လျူဟူးလန်ကို ဂျပန်နယ်ချဲ့သမားက ခေါင်းဖြတ်သတ်ခဲ့ပါသည်။

ထိုကဲ့သို့ ခေါင်းဖြတ်အသတ်ခံရသူ တော်လှန်ရေးသမားများ ကွန်မြူနစ်များ ပြည်သူ့ဘက်တော်သားများ အမြောက်အမြား ရှိခဲ့သည်။ ဗမာပြည်မှာလည်း အများအပြား ရှိပါသည်။ ဂဠုန်ဆရာစံ၏ လယ်သမားသူပုန်တပ်ဖွဲ့ဝင်များကို အင်္ဂလိပ်ကိုလိုနီအစိုးရက ဖမ်းမိသောအခါ ယခုလိုပင် ခေါင်းဖြတ်သတ်ပြီး လယ်သမားသူပုန်ဦးခေါင်းများကို လူထုအား လာရောက်ကြည့်ရှုစေပါသည်။ ယင်းဓာတ်ပုံများမှာ ယခုအထိ မှတ်တမ်းအဖြစ် ကျန်ရှိနေပါသေးသည်။ ပြည်မြို့က ပုလိပ်ဌာနရှေ့တွင် ပြသထားခြင်း ဖြစ်ပါသည်။ ကိုလိုနီခေတ်က မြစ်ဝကျွန်းပေါ်မှာ အင်္ဂလိပ် စစ်တပ်မှ စစ်ဗိုလ်တယောက် အသတ်ခံရလို့ ယောက်ျားမှန်သမျှ ရွာလုံးကျွတ်ခေါင်းဖြတ်အသတ် ခံရသော ခေါင်းတရာသင်းချိုင်း ဆိုပြီး မှတ်တမ်းတင်ထားသည့်ရွာ ရှိခဲ့ပါသည်။ ဒေါက်တာသန်းထွန်း ရေးခဲ့ဖူးပါသည်။

ခေါင်းဖြတ်သတ်ခြင်း၊ ခေါင်းပြတ်များကို ပြသခြင်းမှာ နယ်ချဲ့နှင့် ဖောက်ပြန်ရေးသမားများ၏ ပြည်သူဖိနှိပ်ရေးနည်းနာ၊ ခြိမ်းခြောက်ရေး နည်းနာတခု ဖြစ်ပါသည်။ သူတို့ကို အာမခံဝံ့အောင် ပြည်သူများကို ခြိမ်းခြောက်တာ ဖြစ်ပါသည်။ စိတ်ဓာတ်အရ ဖိနှိပ်ခြင်းလည်း ဖြစ်ပါသည်။ သတင်းစာများတွင် ခေါင်းပြတ်ပုံများ ထည့်သွင်းဖော်ပြခြင်းမှာလည်း ထိုသဘောပါပဲ။ စစ်အုပ်စုကတော့ အရေးတော်ပုံတွေ လူထုအုံကြွမှုတွေ ထပ်မံမပေါ်ပေါက်အောင် အရေးတော်ပုံအတွင်းမှ ခေါင်းဖြတ်သတ်သော အဖြစ်အပျက်များနှင့် ခြောက်လှန့်တတ်ပါသည်။ တလောကပင် "လှိုင်းကြီးလေထန် ဖြစ်ရပ်မှန်"ဆိုသည်ကို ပြသ၍ ရှစ်လေးလုံးပြည်သူ့အရေးတော်ပုံကြီးကို သရုပ်ဖျက်သွားခဲ့ပါသေးသည်။ အမှန်မှာ ရှစ်လေးလုံးအရေးတော်ပုံအတွင်း ခေါင်းဖြတ်သတ်ဖြတ်မှုတချို့ ပေါ်ပေါက်ခဲ့ရခြင်းတွင် သူတို့စနက် အများ ကြီးပါသည်ကိုတော့ သူတို့က ဖုံးကွယ်ထားပါသည်။

ဗမာပြည်က ပြည်သူ့ဘက်တော်သားတွေကို ခေါင်းဖြတ်သတ်ခဲ့သူများတွင် ဖက်ဆစ်ဂျပန်နှင့် ဗမာပြည် စစ်အုပ်စု လက်ကိုင်တုတ်တပ်လည်း ပါဝင်ပါသည်။ ရဲဘော်သိန်းတန်ခေါ် ရဲဘော်ချစ်တီးနှင့် ရဲဘော်ကိုဘအုန်းတို့ကို ဖက်ဆစ်ဂျပန်များက စစ်ကိုင်းတံတားတွင် ခေါင်းဖြတ်သတ်ခဲ့ပါသည်။ စစ်အုပ်စုလက်ကိုင်တုတ်စစ်တပ်က ပဲခူးရိုးမနှင့် ရှမ်းရိုးမတို့တွင် ကွန်မြူနစ်များကို ခေါင်းဖြတ်ခဲ့သည်များ ရှိခဲ့ပါသည်။ ခေါင်းဖြတ်သတ်တာ၊ ကိုယ့်ကျင်းကိုယ့်ဘာသာတူးစေပြီး သတ်တာတို့မှာ သူတို့ကျင့်သုံးတတ်သည့် အကျင့်ဆိုး ဖြစ်ပါသည်။ ပြဿနာ ပေါ်နေသည့် ရခိုင်ဘက်မှာပင် သည်အကျင့်ဆိုးမျိုး ကျင့်သုံးခဲ့ကြပါသေးသည်။

ဤစာမှာ ခေါင်းဖြတ်အသတ်ခံရသော်ငြားလည်း ပြည်သူ့ဘက်တော်သားများ၊ တော်လှန်ရေးသမားများ၊ ကွန်မြူနစ်များဆိုသည်မှာ ဂုဏ်ကျက်သရေယုတ်လျော့သွားရိုးမရှိဟု အဓိက ဖော်ကျူးလိုခြင်း ဖြစ်ပါသည်။ လူတန်းစားရန်သူ စစ်အစိုးရ၊ ဖောက်ပြန်ရေးအစိုးရတို့၏ ယုတ်မာရက်စက်မှုများကို ဖွင့်ချလိုခြင်း ဖြစ်ပါသည်။ သို့ရာတွင် ဗမာပြည်ကွန်မြူနစ်ပါတီက ခေါင်းဖြတ်စနစ်ဆိုးတရပ်ကို ပပျောက်အောင် ကြိုးပမ်းခဲ့မှုတရပ်ကိုတော့ မှတ်တမ်းတခုအနေနှင့် ထည့်သွင်းဖော်ပြလိုပါသေးသည်။ဗမာပြည်ကွန်မြူနစ်ပါတီကတော့ ဝနယ်တွင် ခေါင်းဖြတ်ဓလေ့ကို ပပျောက်သွားစေခဲ့ပါသည်။ ခေါင်းဖြတ်စနစ်ဆိုးဟု ကျွန်တော်တို့ ခေါ်ဝေါ်ပါသည်။ သူတို့ကတော့ ယဇ်နတ်ပူဇော်ရန် ခေါင်းဖြတ်ကြခြင်း ဖြစ်ပါသည်။ သူစိမ်းတွေ နယ်ကျူးလာသူတွေကို ယဇ်ပူဇော်ချိန်တွင် ခေါင်းဖြတ်ပြီး ပူဇော်ဖို့ ဖမ်းဆီးထားကြပါသည်။ အနယ်နယ် အရပ်ရပ်ရှိ ရွာအတော်များများမှ ထိုသို့ခေါင်းဖြတ်ယဇ်ပူဇော်ရန် ဖမ်းဆီးထားခြင်း ခံနေကြရသော ဝကလေးငယ် စုစုပေါင်း ၄၇၀ လောက်ကို ပါတီက ကယ်တင်နိုင်ခဲ့ပါသည်။ ဝနယ်တွင် ခေါင်းဖြတ် ယဇ်နတ်ပူဇော်သော ဓလေ့ဆိုးကို ပပျောက်သွားအောင် ပါတီက အမိန့်ထုတ်၍သော်လည်းကောင်း၊ ပညာပေးစည်းရုံး၍သော်လည်းကောင်း အချိန်ယူ၍ ကြိုးပမ်းခဲ့ရပါသည်။ ခေါင်းဖြတ်ခံရမည့်ဘေး မှ ပါတီက ကယ်တင်ခဲ့သူ ဝကလေးငယ်များကို ပါတီက ကျွေးမွေးပြုစု ပညာသင်ကြားပေးခဲ့ရပါသည်။ နောင်တွင် သူတို့သည် ပြည်သူ့တပ်မတော်သားများအဖြစ် တာဝန်မျိုးစုံထမ်းရွက်ကာ ပြည်သူ့အကျိုးထမ်းဆောင်သူများဖြစ်လာကြပါသည်။ သစ်ရွက်စိမ်းရောင်စစ်ယူနီဖောင်းများကို ဝတ်ဆင်ကာ ဦးထုပ်မှာ ကြယ်နီတလက်လက်နှင့် သူတို့မျက်နှာတွေက ကျက်သရေရှိစွာ ပြုံးလို့။ ။

မောင်လှဝင်း(မြင်းခြံ)

# ကျွန်တော်ကြားဖူးသလို ပြောဆိုပါမည် (၆)

## *ယူဂျီဆိုတာ...*

**A.ငြိမ်း**



(၁)

**ယူဂျီဆိုတာ...**

ပြောပြသူက ရဲဘော်ထွန်းဖြစ်တယ်။

ပါတီသမိုင်းမှာ မကျော်ကြားတဲ့ သူရဲကောင်းတွေ၊ အာဇာနည်တွေ အများကြီးရှိတယ်။ တချို့ကို နောက်ပိုင်းကျမှ ဖော်ထုတ်ဂုဏ်ပြုပေးနိုင်တယ်။ တချို့ကျတော့ ထုတ်ဖော်လို့ကို မဖြစ်ဘူး။ ခုထိ ထုတ်ဖော် မရသေးတာတွေလည်း ရှိတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က ယူဂျီဖြစ်နေတာကိုး-ဥပမာ၊ သာယာဝတီထောင် ဝင်စီးတုန်းက အဖြစ်အပျက်တခုဆိုရင် ....

(၂)

**သာယာဝတီထောင်**

သာယာဝတီထောင် ဆိုလိုက်တာနဲ့ .... သတိရတာတချို့ ပေါ်လာတယ်။ ကျော်မြသန်းရေးတဲ့ "သာယာဝတီထောင်မှငရဲခန်းများ" စာအုပ်ဖတ်ရတုန်းက ကြက်သီးထခဲ့ဖူးတယ်။

၇၁ ခုနှစ် အင်းစိန်ထောင် အဆောင် (၄) မှာ ကိုယ်ရည်သွေးတတ်တဲ့ ဝါဒါကြီးတယောက်နဲ့ ဆုံဖူးတယ်။ နာမည်က 'ဦးစော' တဲ့။ "ဟေ့ - မင်းတို့က ကျွန်းပြန်တွေဆိုပြီး ထောင်ထောင် ထောင်ထောင် မလုပ်နဲ့။ ငါက သာယာဝတီထောင်မှာ နေလာတဲ့ကောင်။ ကွန်မြူနစ်တွေ ထောင်ဝင်စီးပြီး၊ ငါတို့ထောင် အရာရှိတွေနဲ့ ငါတို့ဘာယာတွေကို သတ်ပစ်တုန်း က မသေလို့ ကျန်နေတာကွ" .... လို့ ဝင့်ဝါဖူးတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ စိန်ရတု အထိမ်းအမှတ် ထုတ်ဝေတဲ့ ပါတီရက်စွဲသမိုင်းမှတ်တမ်းမှာ ....

"၁၉၄၉ ဧပြီလမှာ နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ သာယာဝတီထောင်ကို ဝင်စီးပြီး ထောင်ကိုဖွင့်ပစ်လိုက်ကာ ထောင်ပိုင် မစ္စတာပေါ၊ ထောင်မှူးကြီး ဦးပု၊ ဒု ထောင်ပိုင် ငြိမ်းမောင်၊ ဘာယာသန်းငွေ၊ အပါအဝင် ၆ ဦးကို သာယာဝတီထောင်က ငရဲခန်းများ အမှုတွေနဲ့ ပတ်သက်ပြီး သေဒဏ်ပေးခဲ့တယ်".... လို့ ဖော်ပြထားတယ်။ သူတို့ အမှု တွဲတွေကို ခုံဖွဲ့ပြီး စစ်ဆေးအပြစ်ပေးခဲ့တာဖြစ်တယ်။

(၃)

## ယူဂျီတွေရဲ့ ဆုလာဘ်

ကျွန်တော်တို့က အပေါ်ယံအဖြစ်အပျက်တွေကိုပဲ ဖတ်ဖူးကြားဖူးကြတာပါ။ အဲဒါရဲ့ နောက်ကွယ်က လျှို့ဝှက်ချက်နဲ့ ကျွန်တော်တို့ စံထား အတုယူရမယ့် ရဲဘော်တယောက်ရဲ့ ယူဂျီစိတ်ဓာတ်နဲ့ စွန့်လွှတ်မှုကို မသိခဲ့ပါဘူး။ ရဲဘော်ထွန်းက ဆက်ပြောတယ်။

"သူ ဘယ်သူလဲဆိုတာ မသိဘူး၊ ဂျပန်ခေတ်တုန်းက စစ်ကိုင်း ရဲဘော်အောင်မိုးက ဂျပန်မျက်စိကျအောင် ကြမ်းပြရမ်းပြပြီး အယုံသွင်းထားသလို ဒီရဲဘော်လည်း သာယာဝတီထောင်မှာ လက်စောင်းထက်ပြခဲ့တယ်။ တကယ်တော့ သူဟာ ထောင်တွင်း အခြေအနေတွေ ကို ပုံမှန်အစီရင်ခံနေတဲ့ ပါတီရဲ့ ယူဂျီတယောက်ပဲ။

"ပါတီက သာယာဝတီထောင် ဝင်စီးပြီး ခုံရုံးဖွဲ့စစ်တော့ အနှိပ်စက်ခံထားရတဲ့ နိုင်ငံရေးသမားတွေရဲ့ စွဲချက်တင်မှုတွေကြောင့် သူဟာ တရားခံတယောက်အဖြစ် သေဒဏ်အပေးခံရတယ်။ "သူက 'ကျွန်တော်ဟာ ပါတီယူဂျီတယောက်ပါ' လို့ ခုံရုံးမှာ ဖွင့်ပြောလိုက်ရင် လွတ်မယ်ဆိုတာ မသိဘဲ နေမှာ မဟုတ်ဘူး။ ဒါပေမဲ့ သူမပြောခဲ့ဘူး၊ ကြိုးစင်ပေါ် တက်ပြီး အသက်စွန့်သွားတယ်။ ဘာကြောင့်လဲ။ ကျွန်တော်မသိပါဘူး။ ပြောနိုင်တာက သူဟာ လျှို့ဝှက်ရေးကို စောင့်ထိန်းရတဲ့ ယူဂျီတယောက်မို့ ဒီလိုလုပ်သွားတယ်- ဆို တာပါပဲ"

(၄)

## နိဂုံး

သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်တဲ့ ရဲဘော်ထွန်းရဲ့ စိတ်မချမ်းမမြေ့ မျက်နှာကြီးကို ဒီနေ့အထိ မြင်ယောင်ဆဲပါ။

**A.ငြိမ်း**
**(၁၆-၁၀-၂၀၁၈)**



## "တစ်ဆို့မှု" ကို အကောင်လိုက် မြင်လိုက်ကြရပြီ

**မောင်ထွန်းကျော်မြိုင်**

အောက်တိုဘာလ ၁၅ ရက်နေ့ "သီးသန့်အစည်းအဝေး" မှာ ပြောကြားချက်တွေ ကြားရဖတ်ရပါတယ်။ အဲဒီပြောကြားချက် သုံးခု အနက် ကာချုပ်ဗိုလ်မင်းအောင်လှိုင်ရဲ့ပြောကြားချက်ဖတ်ရတော့ ရှင်ဥတ္တမကျော် တောလားထဲက "ဘီလူးသွားကို လဖြဲတည်း " ဆိုတဲ့ စကားကို သတိရမိတယ်။ ပြောဆိုချက်က အင်မတန် မောက်မာ ရင့်သီးလွန်းပါတယ်။

ဒါပေမဲ့ ဒီလို ငွါစကားနွားရ မောက်မောက်မာမာပြောဆိုတဲ့ "ကာချုပ်" ကို နောက်တစ်ရက် အစည်းအဝေးဆက်မတက်လို့ ဆိုပြီး ဝမ်းနည်းပြနေသူကလည်း ရှိသေးတယ်။

ဗိုလ်မင်းအောင်လှိုင် ပြောသွားတာတွေကို ကြည့်ရင် ငါတကောကောပြီး လိုရာဆွဲပြောတာတွေ ချန်လှပ် ကျော်လွှား ပြောသွားတာတွေကို တွေ့ရမှာဖြစ်ပါတယ်။

( ပြည်ထောင်စုအတု၊ ဆိုရှယ်လစ်အတု၊ အမျိုးသားညီလာခံအတု၊ ဒီမိုကရေစီအတု စသဖြင့်) အတုမျိုးစုံနဲ့ လှည့်ဖြားလာခဲ့တဲ့ စစ်အုပ်စုခြံပေါက်ပီပီ အတုတွေနဲ့ လှည့်ဖြားဖို့ သမိုင်းအချက်အလက်တွေကို လိုရာဆွဲ ပြောသွားတာတွေသာဖြစ်ပါတယ်။ ဒီတစ်ခါ လှည့်ဖြားဖို့ သူတို့ အာရုံကျနေတာ "ဖက်ဒရယ်အတုနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်အတု" ဖြစ်ပါလိမ့်မယ်။ အဲဒီအထဲကနေ အမြင်သာဆုံးဖြစ်တဲ့ အချက်နှစ်ချက် ကို ရေးပြပါရစေ။

ပထမတစ်ခု " သီပေါမင်းကို အင်္ဂလိပ်လက်ထဲကနေ ပြန်လုမယ် ဆိုပြီး နောက်လိုက် ၅၀၀ နဲ့ မန္တလေး မဟာမုနိဘုရားကြီးထဲကနေ စောင့်နေတယ်ဆိုတဲ့ ညောင်ရွှေစော်ဘွား ကြီး ဦးစောမောင်" ဆိုတဲ့ကိစ္စပါ။ ခုခေတ် စကားနဲ့ ပြောရင် ဒါ "ဂျင်း" ထည့်တာပါ။ ဖက်ဒရယ်အတုအတွက် "ညောင်ရွှေစော်ဘွားကြီး ဦးစောမောင်" ကို လွှမ်းတပြနေတာပါ။ "ကာချုပ်" ဆိုသူက လွမ်းမယ့်သာ လွမ်းပြနေတာပါ၊ တကယ်တော့ ဒီညောင်ရွှေစော်ဘွား ဦးစောမောင်ဆိုတာဟာ ရှမ်းအမျိုးသားတွေထဲမှာ အင်္ဂလိပ်ပေးတဲ့ "ဆာဘွဲ့" ပထမဆုံး ရရှိသူဖြစ်ပါတယ်။ အထက်ဗမာပြည်ကို အင်္ဂလိပ်က သိမ်းယူပြီးတဲ့နောက် အင်္ဂလိပ်ကို ရှမ်းပြည်တက်လာနိုင်ဖို့ လမ်းပြလုပ်ခဲ့ကြသူ နှစ်ဦးအနက် တဦးဖြစ်တယ်လို့ သထုံမြို့စားစဝ်ခွန်ကြည်ရဲ့"ရှမ်းပြည်အမှားတော်ပုံ" စာအုပ်ကို ဖတ်ကြည့်ရင် တွေ့နိုင်ပါတယ်။ဆရာမြသန်းတင့်ရဲ့"တောင်သမန်ရွှေအင်းက လေညင်းဆော်တော့" စာအုပ်နဲ့ ဦးအုန်းဖေရဲ့ "ပင်လုံစစ်တမ်း" တွေထဲမှာ စဝ်စောမောင်အကြောင်း တစေ့တစောင်း တွေ့နိုင်ပါတယ်။ ထားပါတော့။

ဆိုလိုချင်တာက ဖက်ဒရယ်အတုအတွက် ပဒေသရာဇ်ခေတ်မှာပဲ ဖက်ဒရယ်ဖြစ်နေသယောင်ယောင် လိမ်ညာပြီး အစချီပြောဆိုနေတဲ့ အချက်ဖြစ်ပါတယ်။ ညောင်ရွှေစော်ဘွား စဝ်စောမောင်ဟာ မင်းတုန်းမင်းရဲ့ ကိတ္တိမသား (မွေးစားသား) ဖြစ်ပြီး ၁၈၆၄ အောက်တို ဘာ ၂၃ မှာ ညောင်ရွှေစော်ဘွားဖြစ်လာသူဖြစ်တယ်။ ပဒေသရာဇ်ဘုရင်ဆိုတာ သူ့သစ္စာခံသူကို သူကောင်းပြုတာပဲ။

မင်းတုန်းမင်းရဲ့ မွေးစားသား၊ ရှမ်းလူမျိုးတွေထဲ အင်္ဂလိပ်ပေးတဲ့ "ဆာဘွဲ့" ပထမဆုံးရရှိသူကို၊ "တပ်မတော်က အမျိုးသားနိုင်ငံရေး" ပဲ လုပ်တယ်ဆိုတဲ့"ကာချုပ်" က ဂုဏ်တင်ဂုဏ်ဖော်ပြောဆိုနေတာ ရယ်စရာ မကောင်းဘူးလား။တဖက်မှာ ဒီလိုတင်ထားပြီး "ပင်လုံစာချုပ်" (ဝါ) တောင်တန်းနဲ့ပြည်မ အတူတကွ လွတ်လပ်ရေးယူကြမယ်ဆိုတဲ့ ဆုံးဖြတ် ချက် ချမှတ်နိုင်ဖို့ စနစ်တကျ ပြင်ဆင်စည်းရုံးခဲ့ကြပြီး အင်္ဂလိပ်အလိုတော်ရိစော်ဘွားတွေနဲ့ဒိုမိုနီယံသမားတွေကို စွန့်စွန့်စားစား တိုက်ပွဲ ဆင်ခဲ့ကြတဲ့ ဦးတင်ဇ၊ ဦးထွန်းမြင့် (တောင်ကြီး)၊ ဦး

ခွန်းထီး၊ ဦးဘစံ၊ ဦးခွန်စောတို့ အမှူးပြုတဲ့ "ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ချုပ် (ရပလ) " ရဲ့ ကြီးမားတဲ့ သမိုင်းဝင်အခန်းကို ဗိုလ်မင်းအောင်လှိုင်က " ဗိုလ်ချုပ် ပြန်မယ်ဆိုတဲ့ သတင်းကြားရတော့ ပင်လုံတစ်ဝိုက်မှာ စုစည်းနေတဲ့ တိုင်းရင်းသား ပြည်သူလူထုနဲ့ ကျောင်းသားတွေက "ရှမ်း-ဗမာ ပူးပေါင်းပါ"၊ "နယ်ချဲ့အလိုမရှိ"စတဲ့ ကြွေးကြော်သံတွေနဲ့ လှည့်လည် ကြွေးကြော်ခဲ့လို့ ပင်လုံ စာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ပါတယ်" ဆိုတဲ့ စာတစ်ကြောင်းနဲ့ ဖုံးကွယ်ပစ်လိုက်တယ်။ ချောင်ထိုးမေ့မှိန်စေလိုက်တယ်။

ဒီလိုလုပ်ရတာမှာ ကြီးမားတဲ့ သမိုင်းကြောင်းနောက်ခံရှိတယ်။ အဲဒီအချက်ကို ပြောဖို့အတွက်ဆိုရင် ဒုတိယအချက်ဖြစ်တဲ့ ၁၉၄၇ အခြေခံဥပဒေနဲ့ ဗိုလ်နေဝင်းစစ်အုပ်စုက အာဏာသိမ်းခဲ့တဲ့ကိစ္စပြောမှ ဇာတ်ရည်လည်မှာဖြစ်ပါတယ်။

ကာချုပ် ဗိုလ်မင်းအောင်လှိုင်ရဲ့ မိန့်ခွန်းဆိုတာထဲမှာ "ပင်လုံစာချုပ်" ပဲ ကွက်ပြီး ကိုးကားသွားတယ်။ တခြား မပြောရဲဘူး။သမိုင်းကို ပြောမယ်ဆိုရင် "၁၉၄၇ အခြေခံဥပဒေ" နဲ့ အဲဒီ အခြေခံဥပဒေထဲက " အခန်း (၁၀) ခွဲထွက်နိုင်သော အခွင့် အရေး" ဆိုတာကို ပြောရတော့မယ်။ ဒါတွေကို ပြောရင် ၁၉၆၂ ဗိုလ်နေဝင်း စစ်အုပ်စုက အာဏာသိမ်းတာ၊ ထိုစဉ်က မြန်မာ့အသံမှာ ပြည်ထောင်စု နီးနှောဖလှယ်ပွဲ ကျင်းပနေတဲ့အချက်၊ အခြေခံဥပဒေကို စစ်အုပ်စုက ဖျက်ဆီးတဲ့ကိစ္စ၊ သီပေါစော်ဘွား စဝ်ကြာဆိုင်ကို စစ်တပ်ထောက်လှမ်းရေးက ဖမ်းဆီး လက်စဖျောက်ပစ်တဲ့ကိစ္စ၊ "ဖက်ဒရယ်မူ" ဆိုတာ "ခွဲထွက်ရေး" လို့ သရုပ်ဖျက်ခဲ့တဲ့ကိစ္စတွေ၊ ညောင်မြစ်တူး ပုတ်သင်ဉပေါ် သလို မီးခိုးကြွက်လျှောက်ပေါ် ကုန်မှာ စိုးတာကြောင့် တမင်တကာချန်လုပ်ခဲ့တာဖြစ်တယ်။ နိုင်ငံရေး အထုပ်ဖြေမှာကို ကြောက်လို့လည်းဖြစ်တယ်။ ဒါကြောင့် သူခိုးက လူဟစ်တယ် ဆိုတဲ့စကားအတိုင်းပါပဲ၊ "ဆွေးနွေးနေကြ တာတွေဟာ ငြိမ်းချမ်းရေးကို အဓိကဦးတည်ပြီးလက်နက်ကိုင် လမ်းစဉ်ချုပ်ငြိမ်းဖို့ ဖြစ်ပါတယ်။ နိုင်ငံရေး အထုပ်ဖြေဖို့ မဟုတ်ပါဘူး " လို့ ကာချုပ် ဗိုလ်မင်းအောင်လှိုင် က သူပြောစကားထဲမှာ မိုက်မိုက်ကန်းကန်း ခြိမ်းခြောက် ပြောဆိုခဲ့တယ် မဟုတ်ပါလား။

စစ်အုပ်စုဟာ သူတို့ သမိုင်းအမဲစက် အညစ်အကြေးကို ကိုယ်တိုင်လည်း အထုပ်မဖြေဝံ့ဘူး။ သူများအထုပ်ဖြေပြတာ မခံနိုင်ဘူး။ (RCSS) ကို မြွေ - မြွေချင်းမို့လား၊ ငယ်နိုင်သဘောမျိုးနဲ့လား မသိဘူး ကာချုပ်ဆိုသူက အထုပ်ဖြေပြထားတယ်။ ပြည်တွင်းစစ်ဆိုတဲ့ နိုင်ငံရေးပြဿနာကို လက်နက်ကိုင်တော်လှန်ရေးနည်းနဲ့ ဖြေရှင်းနေရတဲ့ ပဋိပက္ခ သမိုင်းစဉ်ကို ယထာဘူတကျကျ ကြည့်မယ်ဆိုရင် ၁၉၄၈ ခုနှစ်ကနေ ၁၉၆၂ ခုနှစ်အထိပဲ (၁၉၄၇-အခြေခံဥပဒေအရ) ပေါ်ပေါက်လာတဲ့ နိုင်ငံရေးအစိုးရနဲ့ တိုက်ခိုက်ခဲ့ကြရတာပါ။ နှစ်ကာလအားဖြင့် (၁၄) နှစ်သက်တမ်းမျှသာရှိပါတယ်။ ပြည်တွင်းစစ်မှာ စစ်တပ်ဟာ အုပ်စိုးသူအစိုးရရဲ့ အဓိက အာဏာဒေါက်တိုင်အဖြစ် အမှုထမ်းခဲ့တာပဲ မဟုတ်ပါလား။ ဒီထဲကနေမှ အကွက်ချောင်းပြီး အာဏာသိမ်းခဲ့ တာဟာ ဗိုလ်နေဝင်းစစ်အုပ်စု ပဲ ဖြစ်ပါတယ်။ (၁၉၅၈) မှာ အိမ်စောင့်အစိုးရအဖြစ် အကျပ်ကိုင်ခဲ့တဲ့ ကာလလည်း ထည့်တွက် သင့်ပါတယ်။

ဒီတော့ ၁၉၆၂ ကနေ ဒီကနေ့ ၂၀၁၈ အခုအထိ လက်နက်ကိုင်ပဋိပက္ခ (ဝါ) ပြည်တွင်းစစ်တိုက်နေရတဲ့ ကာလဟာ (၅၆) နှစ်သက်တမ်း (ရာစုနှစ်ထက်ဝက်ကျော်) ရှိပါတယ်။ တော်လှန်ရေးကောင်စီ၊ (မဆလ)၊ (နဝတ-နအဖ) ၊ "၂၀၀၈ အခြေခံဥပဒေ" မျက်နှာဖုံးစွပ်ပြီး ထွက်လာတဲ့ စစ်အုပ်စု စသဖြင့် နာမည်ဘယ်လိုပဲပြောင်းနေနေ တပ်မတော်အပါအဝင်၊ နိုင်ငံရေး၊ စီးပွားရေး ဘက်ပေါင်းစုံကို လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားတဲ့ စစ်အုပ်စုနဲ့ လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေ တိုက်ခိုက်နေရတဲ့ တိုက်ပွဲ (ဝါ) ပဋိပက္ခ (ဝါ) ပြည်တွင်းစစ်ပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဒီပဋိပက္ခ/ ဒီပြည်တွင်းစစ်ကို ဒီနေ့အချိန်အခါမှာ စစ်တပ်ကို တစ်လက်ကိုင်တပ်သဖွယ် လက်ဝါးကြီးအုပ်ထားတဲ့ စစ်အုပ်စုနဲ့ တိုင်းရင်းသားလက်နက်ကိုင်များအကြား ဖြစ်ပွားနေသော ပဋိပက္ခသာဖြစ်တယ် လို့ ယေဘုယျအားဖြင့် ကောက်ချက်ချတာဟာ အင်မတန် သင့်မြတ်လျော်ကန်သော၊ ယုတ္တိတန်သော ကောက်ချက်ဖြစ်တယ်လို့ ဦးနှောက်ပုံမှန်ရှိသူတိုင်းက ကောက်ချကြမှာ လက်ခံအသိအမှတ်ပြုကြမှာ ဖြစ်ပါတယ်။

တစ်ဆို့မှုတွေ ကျော်လွှားနိုင်စေဖို့ ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဒီ "သီးသန့်အစည်းအဝေး" ဆိုတာကို ကျင်းပခဲ့ကြတာပါပဲ၊ ဒါပေမဲ့ "ကာချုပ်" ဆိုသူ ဗိုလ်မင်းအောင်လှိုင်က " (NCA) ရဲ့ အခြေခံမူများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်ရဲ့ အခြေခံမူများကို ရှေးရှုပြီးလုပ်ကြ၊ NCA စာချုပ်မှာ လက်မှတ်ရေးထိုးဖို့ ကျန်ရှိနေသေးတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတွေ လက်မှတ် ထိုးကြ၊ လက်မှတ်ရေးထိုးပြီးသား အဖွဲ့တွေကလည်း (NCA) ဘောင်ထဲကနေ စည်းကမ်းသေဝပ်စွာ ဆက်လက်လျှောက်လှမ်းကြ" လို့ နသယ်ကို နက်လိုက်ဘိသကဲ့သို့ ရင့်ရင့်သီးသီး ပြောဆိုသွားခဲ့ပြီ။

အခုတော့ မှန်းချက်နဲ့နှမ်းထွက် မကိုက်ဘဲ "သီးသန့်အစည်းအဝေး"ပွဲစင်မြင့်ပေါ်မှာ"တစ်ဆို့မှု"ကို အစွယ်လောက်၊ ခွာလောက်၊ အမြီးလောက်၊ ချိုလောက်သာ မကတော့ပဲ အကောင်လိုက် မြင်လိုက်ကြရပြီ။ ဘီလူးရော - သွားပါ ရိုက်ချိုးပစ်ကြစို့။

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်)



# “ပြည်နာမှ အာဏာမြဲမည်” ဆိုတဲ့ စစ်အုပ်စုရဲ့အတွေးအခေါ်

မန်းဖိုးဟဲ

ရခိုင်မြောက်ပိုင်းဒေသ ပြဿနာနှင့်ပတ်သက်၍ ဒီချုပ်အစိုးရနှင့် နိုင်ငံတော်အတိုင်ပင်ခံကို ဝေဖန်ပြစ်တင်ထားသော ၊ အောင်ဇေယျကလောင်အမည်ခံပြီး ရေးသားထားသည့်ဆောင်းပါးတပုဒ်ကို ၃၁၊၁၀၊၂၀၁၈ ရက်နေ့ ထုတ် စစ်တပ်အာဘော် မြဝတီ သတင်းစာမှာ ဖတ်ရသည်။

အောက်တိုဘာ ၂၆ ရက်နေ့က ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်တွင် `သေနင်္ဂဗျူဟာ လေ့လာရေးအဖွဲ့မှ ဦးစီးပြုလုပ်သော `မီဒီယာမျက်နှာဖုံးဖြင့် ကွယ်ပုက်ထားသော ရခိုင်ပြည်နယ်ဖြစ်စဉ်၏ အမှန်တရားများ ( The Hidden Reality of Rakhine Situation Behind the Media Mask) ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲစကားဝိုင်းကိုလည်း ဆောင်းပါးရှင်က ရည်ညွှန်း ဖော်ပြထားသည်။ ထို ဆွေးနွေးပွဲ စကားဝိုင်းမှာလည်း တကယ်တော့ စစ်တပ်အတွက် လော့ဘီ ( lobby ) လုပ်ပေးသောသူများက စီစဉ်တင်ဆက်သည့်ပွဲ တပွဲမျှသာ ဖြစ် သည်။ ဆောင်းပါးရှင် အောင်ဇေယျက ထိုစကားဝိုင်းခေါင်းစဉ်မှ Media Mask ဆိုသည့်အသုံး အနှုန်းကိုလည်း အမည်းရောင်မီဒီယာ (black media) ကို ဆိုလိုကြောင်း ယူဆပါသည် ဟု ဆိုသည်။ ထို အမည်းရောင် မီဒီယာများကို ပြိုလဲသွားအောင်ထိ တုံ့ပြန် ထိုးနှက်ဖို့ ဒီ ချုပ် အစိုးရကို တိုက်တွန်း ထားသည်။

မြန်မာပြည် အရေးကိစ္စများ နှင့်ပတ်သက်၍ အနောက်တိုင်း မီဒီယာများက ဘက်လိုက်ဖော်ပြမှုများကို ဝေဖန်ရာတွင် ၁၈၈၅ ခုနှစ် ဗြိတိသျှ-မြန်မာ တတိယစစ်ပွဲမတိုင်ခင်က နယူးယော့တိုင်း သတင်းစာက ဗြိတိသျှတို့အနေဖြင့် မြန်မာဘုရင် သီပေါမင်းကို ထီးနန်းချပြီး ဗမာပြည်ကို ထာဝရသိမ်းရင်တောင် ယဉ်ကျေးသောကမ္ဘာက ကျေနပ်လက်ခံကြမည် ဆိုသည့် ရေးသားချက်ကိုပင် ကိုးကားထားသေး သည်။ ထိုသို့ မဟုတ်မမှန် ရေးသားချက်ကို ခေတ်နောက်ကျနေသည့် ပဒေသရာဇ်ခေတ်ဖြစ်နေ၍ ဗမာပြည်ဘက်က ဘာမှမတုံ့ပြန်နိုင်ခဲ့ ဟု ဆောင်းပါးက ဆိုသည်။

၁၉၈၈ ခုနှစ်၊ ဒီမိုကရေစီအရေးတော်ပုံကာလကလည်း `နယ်ချဲ့အနောက်နိုင်ငံများက သတင်းဌာနကြီးများက ဗမာပြည် အကြောင်း လံကြုတ်သတင်းများထုတ်လွှင့်ခဲ့သည်ကို အချိန်မီမတုံ့ပြန်နိုင်ခဲ့ဟု ထိုစဉ်က နဝတ အစိုးရကိုဝေဖန်ထားသေးသည်။ ထိုကာလကို ပြန်ကြည့်လျှင် ဗိုလ်နေဝင်း မဆလ စစ်အစိုးရ က တိုင်းပြည်ကို ကမ္ဘာနှင့်အဆက်ဖြတ်ပြီး ၂၆ နှစ်လုံးလုံး ဗမာပြည်၏ သတင်းအချက်အလက်များကိုမှောင်ချထားခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ထင်ရှားသည့် အနောက်ကမ္ဘာက သတင်းဌာနကြီးများ၏ ထုတ်ဖော်မှုကြောင့် ဗမာပြည်သူလူထု၏ ဒီမိုကရေစီအရေးတော်ပုံကြီး အစပျိုးချိန်နှင့် နောက်ပိုင်းကာလသတင်းများကို ကမ္ဘာက သိရှိပြီး အာရုံစိုက်လာခဲ့ကြခြင်း ဖြစ်သည်။ ထိုသတင်းဌာနများကြောင့် ကမ္ဘာကြီးက ဗမာပြည်သူတို့၏ စစ်အာဏာရှင်စနစ်ကနေ လွတ်မြောက်လိုသည့်စိတ်ဓာတ် စွမ်းအားနှင့် မြင့်မားသည့် ရဲစွမ်းသတ္တိကို ကောင်းစွာသိရှိလာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းသတင်းဌာနကြီးများသည် ဒီမိုကရေစီရေးအတွက်ရုန်းကန်ခဲ့ကြသော ဗမာပြည်သူများအတွက် ထိုအချိန်ထိုကာက မဟာမိတ်ဖြစ်ခဲ့ကြသည်။

ထိုဒီမိုကရေစီရေး လူထုအုံကြွမှုကို အကြမ်းဖက် ဖြိုခွင်းခဲ့ပြီးနောက် ထပ်ဆင့်အာဏာသိမ်း နဝတစစ်အစိုးရက `BBC, VOA မိုးလုံးပြည့် မုသာဂါဒ´ စာအုပ်များကို အုပ်ရေ ထောင်သောင်း ချီ ရိုက်နှိပ်ပြီး ထုတ်ဝေဖြန့်ချိကာ တုံ့ပြန်ဖို့ ကြိုးစားခဲ့သည့်တိုင် ထိုဂါဒဖြန့်စာ အုပ်များသည် ပိဿာချိန်နှင့် ရောင်းချသည့်ဆိုင်များတွင်သာ ပုံသွားသည် ဟု လူတွေက ပြောခဲ့ကြသည်။ ထို့ကြောင့် ဆောင်းပါးရှင်က ` မိုး လွန်မှထွန်ချခဲ့သည်´ ဟု အပြစ်တင်ထားသည်။

ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍မူ ထိုဆောင်းပါးက `မိုးမလွန်မီထွန်ချနိုင်ချေရှိပါလျက် မချသေးကြောင်း'အံ့သြနေသည်။"

(ဒီ ချုပ်) အစိုးရတွင် အချိန်၊လူ၊ပစ္စည်း၊အရင်းအမြစ် (Time, Staff, Material, Resource) အပြည့်အစုံရှိသော်လည်း အမည်းရောင် မီဒီယာကိုတုံ့ပြန်ရာတွင် အားရဖွယ်မရှိချေ။ နိုင်ငံတော် သမ္မတရုံးနှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးတို့က သတင်းထုတ်ပြန်ခြင်းသည် အစိုးရ၏ ဆောင်ရွက်မှုကို သတင်းထုတ်ပြန်ခြင်းသာဖြစ်၍ ပြည်သူအများမျှော်လင့်သကဲ့သို့ အမည်းရောင်မီဒီယာကို တန်ပြန်ချေဖျက် သောသဘောမရှိချေ" ဟုရေးထားသည်။

ဆောင်းပါးရှင်က မီဒီယာလက်နက်သည် ဖြစ်ရပ်မှန်ဆိုသည့် ပကတိသတင်းအချက်အလက်ကို ကျော်လွန်၍ အရောင်ဆိုးလို့ရတဲ့ ဝရဇိန်လက်နက်သဖွယ် ယူဆဟန်တူသည်။ စစ်အာဏာရှင်ကို မကာကွယ်ကောင်းလားဟု ရန်တွေ့သည်။ ယခုအခါ မြောင်းထဲရောက်သွားပြီဖြစ်တဲ့ ကိုလိုနီသမိုင်းလိမ်ကို လည်းကောင်း ဗိုလ်ခင်ညွန့်ရဲ့ မိုးလုံးပြည့်မှသာဝါဒများကို လည်းကောင်း ကိုးကားသည်။

စစ်တပ်၏ လူ့အခွင့်အရေးချိုးဖေါက်မှုများ ကိစ္စကို ဒီချုပ်အစိုးရနှင့် နိုင်ငံတော်အတိုင်ပင်ခံကလည်း မျက်စိမှိတ် အပြတ်ငြင်းပယ်ဖို့တော့ အခက်အခဲရှိသည်။ ကိုဖီအာနန်လို ထင်ရှားကျော်ကြားသည့် နိုင်ငံတကာကပုဂ္ဂိုလ်များ ဦးဆောင် ပါဝင်သည့် ကော်မရှင်များဖွဲ့စည်းပြီး ရခိုင်ဒေသအရေးကိုဖြေရှင်းဖို့ ကြိုးစားခဲ့သည်။ ဗမာပြည်အစိုးရအပေါ် နိုင်ငံတကာ၏ဖိအား လျှော့နည်းစေဖို့ ထိုသို့ ထိန်းထိန်းသိမ်းသိမ်းလုပ်ခဲ့သည်ကိုပင် ကိုယ့်ပြည်တွင်းရေးကိစ္စတွင် နိုင်ငံခြားသားများကို ယုံကြည် အားကိုးပြီး မဖြေရှင်းသင့်ကြောင်း၊ စစ်တပ်ဘက်၏ ဝေဖန်ပြစ်တင်ခြင်း ခံရသေးသည်။ ဒီချုပ်အစိုးရအနေဖြင့် တဖက်ကလည်း `အမျိုးသားပြန်လည်သင့်မြတ်ရေး´၏ အခြေခံအဖြစ် လက်ခံ ကျင့်သုံးနေသည့် စစ်တပ်နှင့် သင့်မြတ်ရေးမှုကိုလည်း အထိအခိုက်မခံဝံ့သောကြောင့် သံတမန်နည်းလမ်းဖြင့် ဖြေရှင်းဖို့ ရုန်းကန် ကြိုးစားနေရရှာသည်။ ဒါကိုပင် မကျေနပ်နိုင်ဘဲ ဆောင်းပါးရှင်အောင်ဇေယျ ဆိုသူက ` အမည်းရောင်မီဒီယာကို ချေဖျက်ရန် တနည်းအားဖြင့် မီဒီယာမျက်နှာဖုံးကို ခွာဖြုတ်ပစ်ရန် တစ်နည်းသာ ရှိတော့ကြောင်း၊ ၄င်းမှာ ကာယကံရှင်အစိုးရအနေဖြင့် ဆိတ်ဆိတ်မနေဘဲ အမည်းရောင်မီဒီယာ အားလုံးသည် မဟုတ်မမှန်လုပ်ကြံသတင်းများဖြစ်၍ လက်မခံနိုင်ကြောင်း အစိုးရကိုယ်တိုင် တစ်ခွန်းတည်း ငြင်းဆိုလိုက်ရန်ဖြစ်သည်´ ဟု ဒီချုပ်အစိုးရနှင့် နိုင်ငံတော်အကြံပေးပုဂ္ဂိုလ်ကို အပြတ်ငြင်းဖို့တိုက်တွန်းထားသည်။

ဆောင်းပါးအဆုံးတွင် `ဤဆောင်းပါးသည် ဆောင်းပါးရေးသူ၏ အာဘော်သာဖြစ်ပါသည်´ ဟု မြဝတီသတင်းစာ အယ်ဒီတာမင်း က မှတ်ချက်ရေးထားသော်လည်း ကျွန်တော်ကတော့ ဆောင်းပါးရှင်ပြောသည့် မီဒီယာမျက်နှာဖုံး (media mask) ဖြင့် ကွယ်ပုက်ထားသည့် စစ်ဗိုလ်ချုပ်များ၏ တင်းမာခက်ထန်သော စစ်ဘီလူးမျက်နှာများကိုသာ မြင်နေမိသည်။

စစ်တပ်သည် ပြည်တွင်းငြိမ်းချမ်းရေးကိစ္စမျိုးမှာတော့ ဒီချုပ်အစိုးရကို ဖုတ်လေသည့်ငပိ ရှိလေသည်မထင်ဘဲ လုံးဝ ဂရုမစိုက်ခဲ့ချေ။ ငြိမ်းချမ်းရေးညီလာခံကျင်းပနေသည့်အချိန်မှာ လက်နက်ကိုင်လူမျိုးစုအဖွဲ့များကို ရန်စတိုက်ခိုက်နေသည်။ အစည်းအဝေးတိုင်းမှာ သူတို့မူ ၆ ချက်ကို တစ်ပြားမှမလျှော့ဘဲ တဖက်သတ်ဗိုလ်ကျကာ ငါ့စကားနွားရ ပြောနေသည်။ သို့သော် စစ်တပ်က လူ့အခွင့်အရေး အကြီးအကျယ်ချိုးဖောက်မှုကို ကမ္ဘာက ကောင်းကောင်းသိရှိသွားသဖြင့် ထုတ်ဖော်ကန့်ကွက်ကြရုံသာမက၊ ICC က ပါ တာဝန်ရှိ စစ်တပ်အရာရှိအချို့ကို အမှုဖွင့် အရေးယူမည်ဟု အသံထွက်လာသောအခါကျမှ ရခိုင်ဒေသပြဿနာကို ထိန်းထိန်းသိမ်း သိမ်းဖြေရှင်းနေရသည့် ဒီချုပ်အစိုးရအပေါ် ကိုပင် စိတ်မရှည်နိုင်တော့ဘဲ၊ ဒီချုပ်အစိုးရအား ခေါင်းခံခိုင်းဖို့ အတင်း ကြိုးစားနေခြင်းသာ ဖြစ်သည်။

အရှုပ်ထုပ်ကို ပြည်တွင်းမှာ ဖန်တီးတာလည်း စစ်အုပ်စုပဲဖြစ်သည်။ ပြည်တွင်းကိစ္စကို ပြည်ပအကြောင်းအချက်ဖြစ်အောင် ဖန်တီးပြီး အာဏာမြဲဖို့ကြိုးစားတာလည်း စစ်အုပ်စုပဲဖြစ်သည်။ မရှူနိုင်မကယ်နိုင်ဖြစ်လာမှ မီဒီယာဝရဇိန်လက်နက် မသုံးရကောင်းလားဟု ရန်ရှာနေသည်။

စစ်အုပ်စုကအမှန်တကယ်စိုးရိမ်ကြောက်ရွံ့သည်မှာ ဖိနှိပ်မှုဒဏ် အမျိုးမျိုးကို တနေ့တခြားပိုမိုခံစားနေရသည့် ဗမာပြည် သူလူထုကြီး အုံကြွတော်လှန်လာမည့်အရေး ကိုသာဖြစ်သည်။ ထို့ကြောင့် လက်ရှိဗမာပြည်၏အခြေအနေတွင် စစ်အာဏာရှင်စနစ် ဆက်လက်ရှင်သန်ရေးအတွက် ပြည်တွင်းစစ်မီးကို အဆုံးမသတ်စေဘဲ၊ စစ်အုပ်စုရေးဆွဲပြဌာန်းခဲ့သော ၂၀၀၈ အခြေခံ ဥပဒေအောက်တွင် ဒီချုပ်အစိုးရကို အကျပ်အတည်းအမျိုးမျိုးတွေ့အောင် ဖန်တီးနေခြင်းသာဖြစ်ပေသည်။

တချိန်က ဗမာပြည်အရင်းရှင်စီးပွားရေးလောကတွင် `ပြည်နာမှ ငွေရှာရလွယ်သည်´ ဆိုသည့် လက်သုံးစကားကို အမှတ်ရမိသည်။ ယခုခေတ်တွင်မူ စစ်အာဏာရှင် ဗိုလ်ချုပ်များအတွက်တော့ ပြည်နာမှ ငွေရှာရလွယ်ရုံမက၊ ပြည်နာမှ အာဏာမြဲမည် ဆိုသည့် အတွေးအခေါ် ကို ခိုင်ခိုင်မာမာကိုင်စွဲထားနေကြဆဲဖြစ်ပေသည်။

**မန်းဖိုးဟဲ**



## အလုပ်သမား သူရဲကောင်း

## ရဲဘော် ဘပြုံး

ဗမာပြည်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် ပြင်ဆင်စည်းရုံးနေစဉ် ဖက်ဆစ်ဂျပန်တော်လှန်ရဲ့တပ်ဦးမှာ သူရဲကောင်းများအဖြစ် ကျဆုံးသွားသူတွေထဲက နာမည်ကျော်ကြားထင်ရှားသူ နှစ်ဦးရှိပါတယ်။ တဦးက ရဲဘော်ချစ်တီးခေါ် စစ်ကိုင်း ကိုသိန်းတန်ဖြစ်ပြီး နောက်တဦးကတော့ ရေနံမြေမှ ရဲဘော်မောင်ပြုံးခေါ် ရဲဘော်မောင်ဘပြုံးဖြစ်ပါတယ်။ ကလကတ္တားမြို့မှာ ဂျပန်တော်လှန်ရေးအတွက် စည်းရုံးပြင်ဆင်မှုတွေလုပ်နေတဲ့ ဦးသိန်းဖေ(မြင့်)က ဗမာပြည် ပြည်သူများသို့ ဒီရဲဘော်နှစ်ဦးကို နှစ်တွေလတွေ အချိန်ရာသီတွေ ပြောင်းခဲ့သော်လည်း ဘယ်တော့မှ မေ့မရနိုင်တဲ့ အကြောင်း သူ့တို့ရဲ့ ဂုဏ်ပုဒ်တွေ ဖော်ထုတ်ကာ ချီးကျူးပြုစကားပြောကြားပြီး အသံလွှင့်ခဲ့ပါတယ်။

ရဲဘော်စစ်ကိုင်းကိုသိန်းတန်က ၁၉၄၂ ခုနှစ်က စစ်ကိုင်းတံတားပေါ်မှာ ဂျပန်ကင်ပေတိုင်တို့ရဲ့ သတ်ဖြတ်ခြင်းကို ခံသွားခဲ့ ရ ပါတယ်။

ရဲဘော်ဘပြုံးကတော့ ၁၉၄၃ ခုနှစ်က ချောက်မြို့မှာ ဂျပန်စစ်ပုလိပ်တွေ ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကို ကြံ့ကြံ့ခိုင်ခိုင် သူရဲကောင်း ပီသစွာ ရင်ဆိုင်ရင်း ကျဆုံးခဲ့ရတာဖြစ်ပါတယ်။

ရဲဘော်ဘပြုံးဟာ

- ဖက်ဆစ်ဂျပန်တော်လှန်ရေးသမားတဦး
- ဗမာပြည် ကွန်မြူနစ်ပါတီဝင်
- ဗမာပြည်အလုပ်သမားလူတန်းစားအပေါ် သူမတူအောင် သစ္စာကြီးသူတဦးလို့ ပြောရမယ်ထင်ပါတယ်။

ရဲဘော်ဘပြုံး သူရဲကောင်းပီသစွာ ကျဆုံးသွားခဲ့ပုံနဲ့ သူ့ရဲ့အတ္ထုပ္ပတ္တိကို သခင်ဗဟိန်းအယ်ဒီတာအဖြစ် တာဝန်ယူထားစဉ် ၁၉၄၆ ခုနှစ် ပြည်သူ့အာဏာဂျာနယ်များမှာ အခန်းဆက်အဖြစ် ပြည့်စုံစွာ ထည့်သွင်းဖော်ပြခဲ့ပါတယ်။

ရဲဘော်ဘပြုံးအကြောင်းကို ရေးသားသူကတော့ "လှကွန်း"ဖြစ်ပါတယ်။ ယခုဖော်ပြမှာကတော့ ၁၉၄၆ ခုနှစ် ပြည်သူ့အာဏာဂျာနယ်များမှာ ပါရှိတဲ့ ရဲဘော်ဘပြုံးအကြောင်းကို အကျဉ်းချုပ် ပြန်လည်ရေးသားကာ ဖော်ပြလိုက်ခြင်းဖြစ်ပါတယ်။

ရဲဘော်ဘပြုံး

ရဲဘော်ဘပြုံးကို မုံရွာမြို့အနီး ခိုးသန်းရွာမှာ ၁၉၂၁ ခုနှစ်က မွေးခဲ့တာပါ။ သူ့ဖခင်က မူလတန်းကျောင်းအုပ်ဆရာကြီး ဦးဘသင် ဖြစ်ပါတယ်။ ရဲဘော်ဘပြုံး အသက် ၁၁ နှစ် အရွယ်ရောက်လာတဲ့အခါ ဦးဘသင်ဟာ ရေနံမြေ ချောက်မြို့သို့ ပြောင်းရွှေ့အခြေစိုက်ရပါ တယ်။ ကျောင်းဆရာ မဟုတ်တော့ပါဘူး။ ဘီအိုစီ ရေနံကုမ္ပဏီ ရဲ့ အလုပ်သမားတန်းလျားမှာ သူကြီးအဖြစ် အလုပ်လုပ်ရပါတယ်။

မောင်ဘပြုံးကလေးဟာ နာမည်နဲ့လိုက်အောင် အစဉ်ပြုံးနေတတ်လို့ လူချစ်လူခင် များပါတယ်။ ဦးဘသင်ဟာ ကလေးတွေ တပြုံကြီးနဲ့ မလောက်ငတဲ့အတွက် ချောက်မြို့က ဇာတ်ရုံကြီးတရုံဘေးမှာ လက်ဖက်ရည်ဆိုင်ဖွင့်တဲ့အလုပ် လုပ်ရပြန်တယ်။ မောင်ဘပြုံး ကိုတော့ ဦးဘသင်က ပညာလည်းတတ်စေချင် ကျောင်းလည်း မထားနိုင်တော့ မိတ္ထီလာ ခရစ်ယာန်ကျောင်းကို မွေးစားဖို့ ပေးလိုက်ရ တယ်။ နဂိုက အာဟာရ မလုံလောက်ခဲ့သူမို့ မောင်ဘပြုံးဟာ မိတ္ထီလာခရစ်ယာန်သာသနာပြုကျောင်းမှာ တနှစ်လောက် စာသင်အပြီး ကျန်းမာရေးချို့တဲ့လို့အိမ်ပြန်လာရတယ်။ ဒါပေမဲ့ ဒီအချိန်မှာပဲ မောင်ဘပြုံးရဲ့အစ်ကိုကြီးက တလ ၁၅ ကျပ်စား ပညာသင်အလုပ်ကလေး ရလာလို့ မောင်ဘပြုံးကို ဘီ-အို-စီ ကျောင်းမှာ ထားနိုင်ပြန်တယ်။ မောင်ဘပြုံးဟာ ကျောင်းမှာ စာတော်တယ်။ ဆရာ ဆရာမတွေရဲ့ အ ချစ်တော် ဖြစ်ခဲ့တယ်။ ကျောင်း လက်ရေးမဂ္ဂဇင်းရဲ့ အယ်ဒီတာလည်း ဖြစ်ခဲ့တယ်။ ဆင်းရဲ ချမ်းသာ မမျှတတဲ့ အရင်းရှင်လောကနဲ့ ကျွန် ဘဝအဖြစ်ဆိုးတို့ကို သရော်စာများရေးတာ- ကဗျာစပ်တာတွေလုပ်ခဲ့တယ်။ ကျောင်းအုပ်ဆရာကြီးက ဖိနပ်သံနဲ့မာန်တင်း တတ်တာကို တောင် လှောင်ပြောင်သရော်စာ ရေးခဲ့တယ်။

မတရားတဲ့ စနစ်ဆိုးကို ခါးသီးရွံမုန်းနေတတ်သူ မောင်ဘပြုံးဟာ ၁၉၃၈ သပိတ်လည်း ဖြစ်လာရော သပိတ်တိုက်ပွဲထဲ အားရ ပါးရ ဝင်နွှဲ ဖို့ အခွင့်အရေးရလာတယ်။ သပိတ်ကို သူတတ်နိုင်သလောက် ကူတယ်။သူတို့ကျောင်းကလည်း သပိတ်မှောက်ဖို့ သူခေါင်း ဆောင်တယ်။ အဲဒီတုန်းက သူ့အသက် ဘာမှ မရှိသေး။ ၇-တန်း ကျောင်းသားအရွယ်ပဲ။

၇- တန်းအောင်တော့ ကျောင်းထွက်ရတယ်။ ဘာအလုပ်မှ မရသေးဘူး။ အလုပ်မရသေးခင်စပ်ကြား သူက ယောင်ပေပေလုပ် မနေဘူး။ ပညာတိုးတက်ကြီးပွားရေးအသင်းတခုကို သူတည်ထောင်လိုက်တယ်။စာကြည့်ခန်းဖွင့်တယ်။ ဆွေးနွေးပွဲတွေလုပ်တယ်။ စကား ရည်လုပွဲတွေ လုပ်တယ်။

သူ့ဘဝလမ်းကြောင်းပြောင်းခဲ့ရတာ ဒီပညာတိုးတက်ကြီးပွားရေးအသင်းမှာပဲ ဖြစ်တယ်။ ဒီစာဖတ်ခန်းမှာပဲ ဖြစ်တယ်။ ဒီအသင်း မှာပဲ သူဟာ ကိုထွန်းစိန်(ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ စည်းရုံးရေးမှူး)၊ ကိုသက်တင်(ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ စည်းရုံးရေးမှူး) တို့နဲ့ ရဲဘော်ရဲဘက်တွေ ဖြစ်လာကြလို့ပဲ။ အရင်ကတော့ ကျောင်းနေဘက်တွေ ဖြစ်ခဲ့ကြတယ်။ အခုတော့ ရဲဘော်ရဲ ဘက် တွေ ဖြစ်လာတယ်။ ကြမ္မာတူ- ရည်ရွယ်ချက်တူ-တာဝန်တူတဲ့ ရဲဘော်ရဲဘက်တွေ ဖြစ်လာကြတယ်။ ပစ္စည်းမဲ့အလုပ်သမားတို့ရဲ့ လွတ်မြောက်ရေးလမ်းကို လျှောက်လှမ်းဖို့ စိုင်းပြင်းလာကြတယ်။ ဒီအတွက် စည်းရုံးစုဖွဲ့ ရေးပြဿနာတွေကို ရှာဖွေ စစ်ဆေးလာကြတယ်။

တဖက်မှာကျ အိမ်မှာ စားရေးသောက်ရေး ခက်လာတယ်။ အကို ကိုဘအုန်းက ကြေးနန်းရိုက်သင်ဖို့ အလုပ်သင်အဖြစ် ဝင်လုပ် ရ တယ်။ ဘပြုံးကလည်း တလ ၂၅ စား ပညာသင်အလုပ်သမားအဖြစ် ဓာတ်ဆီချက်စက်ရုံမှာ အလုပ်လျှောက်ထားရတယ်။ အရင်က သ ပိတ်ခေါင်းဆောင် ဖြစ်ခဲ့ဖူးတော့ သူ့ကို ချက်ချင်းအလုပ်မခန့်။ ထစ်ထားတယ်။ နောက် ၈ လလောက်ကြာမှ အလုပ်ရတယ်။ တအိမ်လုံးမှာ စားမည့်ဗိုက်က ကိုးလုံး။ အလုပ်လုပ်တဲ့လက်က ၆ ချောင်းပဲ ရှိတယ်။ လူ ၃ ယောက်သာ လုပ်နိုင်တာမို့ တအိမ်လုံးဝင်ငွေ ဒင်္ဂါး ၅၅ ပြား သာ ရှိတယ်။ ကြက်လေးဘဲလေး မွေးထားပေမယ့် တအိမ်လုံး ဝမ်းစာ မလုံလောက်။ လူချင်းတူတူ သူချင်းမျှမျှ မနေနိုင်။

အိမ်က ဒီလို ကျပ်တည်းနေပေမယ့် ဘပြုံးက မတရားမှုတွေ့ရင် ငုံ့မခံတတ်။ ရေနံချက်စက်ရုံကို အုပ်ချုပ်ရတဲ့ မျက်နှာဖြူအင် ဂျင်နီယာက သူတို့ပညာတော်သင်တွေကို မြေတူးခိုင်းတယ်။ မောင်ဘပြုံးက ကျုပ်တို့ဟာ အလုပ်ကို တိုးတက်အောင်လုပ်နိုင်ဖို့ ပညာ သင်ရင်း လုပ်နေတာပဲ။ မြေတူးတာ ကျုပ်တို့အလုပ်မဟုတ်ဘူး။ မလုပ်နိုင်ဘူး-လို့ ပြန်ပြောတဲ့အတွက် ပစ္စည်းစမ်းသပ်ရေးဌာနဘက် အ လုပ်ပြောင်းတာ ခံလိုက်ရတယ်။

အဲဒီအချိန်အတောအတွင်း ကမ္ဘာပေါ်မှာလည်း နိုင်ငံရေးပြဿနာတွေ ဆူပွက်လာတယ်။ ဖက်ဆစ် စစ်ဘီလူးနိုင်ငံတွေရဲ့ ကြမ်း တမ်းတဲ့လက်တွင်း တိုင်းပြည်ငယ်လေးတွေ တခုပြီးတခု ကျရောက်သွားတယ်။ ဂျာမနီကလည်း အလုပ်သမားတွေရဲ့ ဗိမာန်လို့ခေါ်ဆိုရ မယ့် ရုရှားကိုပါ ဝင်တိုက်တယ်။ အရှေ့ဘက်မှာ ဖက်ဆစ်ဂျပန်ကလည်း ဂျာမနီ-အီတလီနဲ့ စပိန်တို့ဘက်ကနေ ဒီစစ်ထဲ ဝင်ပါဖို့လေးခင်း

တ ပြပြ ဖြစ်လာနေတယ်။ ဗြိတိသျှနဲ့ အမေရိကန်တို့ကလည်း ပြည်သူလူထုရဲ့ တောင်းဆိုမှုကို မလွန်ဆန်သာဘဲ ဖက်ဆစ်တို့ကို ခုခံတိုက်ခိုက်လာကြရတယ်။

အဲဒီအချိန်ကတည်းက ဘပြုံးရဲ့စိတ်မှာ ဖက်ဆစ်ဆန့်ကျင်ရေးစိတ်ဓာတ်တွေ ကိန်းအောင်းနေပြီ။ ဘာလို့လဲဆိုတော့ အဲဒီအချိန်မှာ သူဟာ ကွန်မြူနစ်ပါတီဝင် အလုပ်သမားရဲဘော်ဖြစ်နေပြီ။ သူ့ကို ကွန်မြူနစ်တယောက်အနေနဲ့ အမြင်မှန်လာအောင်၊ တွေးခေါ်မှုသဘောတရား မှန်လာအောင် ကိုထွန်းစိန်နဲ့ ကိုသက်တင်တို့က ပညာပေးဆွေးနွေးလာခဲ့ကြလို့ပဲ။ သင်ကြားပေးကြလို့ပဲ။ ဗြိတိသျှနဲ့ အမေရိကန်တို့ကလည်း ပြည်သူလူထုရဲ့ တောင်းဆိုမှုကို မလွန်ဆန်သာဘဲ ဖက်ဆစ်တို့ကို ခုခံတိုက်ခိုက်လာကြရတယ်။

ဖက်ဆစ်ဂျပန်တွေ ဗမာပြည်ထဲ ရောက်မလာမီကပဲ သူဟာ ဖက်ဆစ်ဂျပန်ကို ဆန့်ကျင်တော်လှန်ရမယ်ဆိုတဲ့ အသိရှိနေပြီးသား ဖြစ်တယ်။ ဂျပန်တွေ ဗမာပြည်ထဲ ဝင်လာတော့လည်း ချက်ချင်းထတိုက်လို့ မရသေးတဲ့လက်တွေ့အခြေအနေကို သူတို့နားလည်သဘောပေါက်နေတယ်။ ကိုလိုနီအင်္ဂလိပ်တွေကလည်း ဗမာပြည်ကနေ ဆုတ်ခွာသွားပြီ။ လက်နက်ကိုင်ပြီး ပြန်မတိုက်နိုင်သေးတဲ့အချိန်မှာ စိတ်ထဲကပဲ ဂျပန်ကို ခုခံတွန်းလှန်နေရတယ်။ ဖက်ဆစ်ဂျပန်တို့ကို မောင်းထုတ်ရေး၊ တမျိုးသားလုံးညီညွတ်စွာနဲ့ ဖက်ဆစ်ဂျပန်ကို တွန်းလှန်ရေးအတွက် ပြင်ဆင်မှုလုပ်ငန်းတွေထဲမှာ ပါဝင်လုပ်ဆောင်နေရတယ်။

ဒီအတောအတွင်း မန္တလေးထောင်မှာ အကျဉ်းကျနေတဲ့ ကိုထွန်းစိန် ပြန်လွတ်လာတယ်။ ကိုထွန်းစိန် ဘာလို့ မန္တလေးထောင်ရောက်ရတာလဲ။ အင်္ဂလိပ်တွေက ဖမ်းပြီး ထောင်ထဲ ထည့်ထားခဲ့လို့ပဲ။ ခုတော့ ကိုထွန်းစိန်လည်း ပြန်ရောက်လာပြီမို့ သူတို့အားလုံးတက်ညီလက်ညီနဲ့ ဖက်ဆစ်ဂျပန်တွန်းလှန်ရေးအတွက် ပါတီညွှန်ကြားမှုအောက်မှာ စည်းရုံးပြင်ဆင်နေခဲ့ကြတယ်။

ဒီလိုနဲ့ ၁၉၄၃ ခုနှစ်ကို ရောက်ရှိလာတယ်။ (ရဲဘော်ဘပြုံး အသက်က ၂၂ နှစ်။)

ကိုသက်တင်အိမ်မှာ ပါတီက စေလွှတ်လိုက်တဲ့ စည်းရုံးရေးမှူး ကိုစံညွှန့်(ကိုကျော်သန်း)နဲ့ ကိုထွန်းစိန်တို့တည်းခိုနေကြတယ်။ ဖက်ဆစ်တော်လှန်ရေးစာပေ၊ စာစောင်စာတမ်းတွေနဲ့ ဆွေးနွေးပွဲတခု လုပ်နေကြတယ်။ အလုပ်သမားရဲဘော်အများအပြားလည်း ဒီဆွေးနွေးပွဲကို တက်ရောက်လာတယ်။ ကိုသက်တင်အိမ်ဟာလည်း အိမ်နဲ့မလိုက်အောင် လူဝင်လူထွက်တွေ ရှုပ်နေတယ်။

စားရေးသောက်ရေးကို ဒိုင်ခံလုပ်နေရသူ ကိုသက်တင်ကလည်း ဆင်းရဲလှသူ ဖြစ်တယ်။ နောက်ပြီး အိမ်ကလူတွေလည်း ရှိနေတာမို့ လွတ်လွတ်လပ်လပ် မရှိလှ။ ဒီတော့ အိမ်တလုံးရှာဖို့ ပြင်ရတော့တယ်။

အချိန်က ၁၉၄၃ ခုနှစ်၊ ဩဂုတ်လရဲ့ နေ့တနေ့။

တမြို့လုံးကလူတွေ ဖုံးခိုကျင်းတွေထဲ ရောက်နေတယ်။ မဟာမိတ်အင်္ဂလိပ်တို့ရဲ့လေယာဉ်ပျံတစင်းဟာ ချောက်မြို့ကောင်းကင်ယံ မှာ တဟည်းဟည်း အော်မြည်ကာ ပျံဝဲလျက်ရှိတယ်။ ဂျပန်တော်လှန်ရေးမှာ ခေါင်းဆောင်ပါဝင်ဖို့ ပြင်ဆင်နေတဲ့ လူငယ်လေးတစုကတော့ အိမ်လွတ်တလုံးရတာနဲ့ ကိုသက်တင်အိမ်ကနေ ပြောင်းရွှေ့ဖို့ လေယာဉ်ပျံကို ဂရုမစိုက်နိုင်ဘဲ အလုပ်များနေကြတယ်။ ပြောင်းရွှေ့မယ့်အိမ်မှာ ပစ္စည်းတွေ နေရာချထားရင်း အလုပ်ရှုပ်နေကြတယ်။ တိုင်းပြည်ကို သစ္စာဖောက်တဲ့ ကိုယ်ကျိုးသမား သူလျှိုတယောက် သတင်းပေးမှုကြောင့် ဂျပန်စစ်ပုလိပ် လက်ဖတင်နင်တဦးနဲ့ ဂျပန်စစ်သားနှစ်ယောက် ဝင်းဝရောက်နေတာ သူတို့သတိမပြုမိကြ။ ဒေါက်-ဒေါက်လို့ တံခါးခေါက်သံမကြားရဘဲ ဂျပန်စစ်ပုလိပ်တွေ အိမ်ထဲ ရောက်လာကြတယ်။ အလုပ်သမားရဲဘော်ခင်မောင်နဲ့ ငွေဆိုင်တို့ ကတော့ နောက်ဖေးပြတင်းပေါက်ကနေ ခုန်ဆင်းပျောက်ကွယ်သွားကြတယ်။ မိထားတာက ကိုထွန်းစိန်၊ ကိုစံညွှန့်၊ ကိုသန်းရွှေနဲ့ ကိုတင်အောင်။ ဂျပန်စစ်ပုလိပ်တယောက်က စာရွက်စာတမ်းတွေ တပွေ့တပိုက်ကြီးသိမ်းလာတယ်။

"ကျုပ်တို့က အိမ်ပြောင်းခါစ ပစ္စည်းတွေ နေရာချနေတယ်။ ဟို ၂ ယောက်က ခင်ဗျားတို့လာလို့ ဘာမှန်းညာမှန်းမသိ ကြောက်လို့ထွက်ပြေးတာ။ ဒီစာရွက်တွေက ဝတ္ထုရေးထားတဲ့ စာရွက်တွေ"လို့ အားလုံးက တညီတည်းဖြေကြတော့ ဂျပန်စစ်ဗိုလ် တွေသွားတယ်။ သူကလည်း အကြံနဲ့။ "ခင်ဗျားတို့ ထွက်ပြေးတဲ့နှစ်ယောက်ကို ရှာပေးနိုင်မလား"လို့ မေးတယ်။ သူတို့ကလည်း ရှာပေးမယ်လို့ ဝမ်းသာအားရ ကတိခံလိုက်တယ်။ ဂျပန်ကလည်း နောက်မှ အားလုံးကို သိမ်းကျုံးဖမ်းဖို့။

ဂျပန်လက်အောက်က လွတ်လာတဲ့ ရဲဘော်တွေဟာ ကိုသက်တင်အိမ်မှာ ပြန်စု၊ ကိုသက်တင်တို့တတွေ ဝိုင်းဝန်းကူညီ စီစဉ်ပေးလို့ ထွက်ပြေးကြတော့တယ်။ နောက်ဆုံးမှာ တယောက်မှ ပြန်မလာကြတာတွေ့တော့မှ ဂျပန်တို့ကလည်း အပိုင်ကိုင်ဖို့သာ ကျန်တော့တယ်။ ကိုသက်တင်နဲ့ ဘပြုံးတို့ ကို ဖက်ဆစ်ဂျပန်တွေက ဖမ်းဖို့ မျက်စိကျနေတာ ကြာပြီ။ ကိုသက်တင်နဲ့ဘပြုံးတို့က မသိကြ။ ကိုသက်တင်နဲ့ဘပြုံးတွေ့ပြီး အခြေအနေတွေကို ဆွေးနွေးကြသေးတယ်။ ဘပြုံးက စိတ်ဓာတ်အရ ပြင်ဆင်ပြီးသား။ "အရေးကြီးတဲ့ လူတွေ လွတ်သွားပြီပဲ။ မဖမ်းဘူးပဲ ထင်တယ်။ ဖမ်းလည်း ခံမယ်။ အနေအထိုင်မပျက်နေပါ။"လို့ ဆွေးနွေးတယ်။ သူက ဖြစ်လာသမျှ ရင်ဆိုင် ဖို့ ပိုင်းဖြတ်မှုနဲ့ သတ္တိ ပြင်ဆင်ထားတဲ့ပုံ ရှိတယ်။

တကယ်ပဲ- ကိုသက်တင်ကို အိမ်မှာ လာဖမ်းတယ်။ ထွက်ပြေးသွားသူတွေ ဘယ်မှာလဲ မေးတာပဲ။ မသိဘူးလို့တည်တည်ကြည်ကြည်ပြောတော့ ပြန်လွှတ်ပေးတယ်။ ဒါပေမဲ့ ဂျပန်တယောက် ထည့်လိုက်တယ်။ အကျယ်ချုပ်ပဲ။ ကိုသက်တင်က ဂျပန်ကို ထမင်းကျွေး

စီးကရက်တိုက်ပြီး အယုံသွင်းကာ နောက်ဖေးသွားမယ်ဆိုပြီး ထွက်ပြေးတယ်။ မြစ်ဆိပ်မှာ အောက်ဖက် ထွက်မယ့်လှေတစင်း အခိုက်သင့်တွေ့တာနဲ့ လှေပေါ်တက်ပြီး အောက်ဘက်ကို ထွက်ပြေးလာခဲ့တယ်။

နောက်နေ့မနက် လင်းအားကြီးမှာ ဘပြုံးအိမ်ကို လာဝိုင်းပြီ။ သူ့ကို ဖမ်းခေါ်ပြီး အချုပ်ထဲ ထည့်ထားလိုက်တယ်။ တချိန်တည်း အလုပ်သမားရဲဘော်တွေကိုလည်း ဖမ်းတယ်။ ရဲဘော်ကိုသန်းညွှန့်၊ ရဲဘော်မ မစန်းစန်းနဲ့ တခြားရဲဘော်တွေ။ အဲသလို နောက်မှ အချုပ်ခန်းထဲ ရောက်လာကြတဲ့ ရဲဘော်တွေကို ဘပြုံးက အားပေးတယ်။ "ရဲဘော်တို့- ဘာမှ အားမငယ်ကြနဲ့။ အများအတွက် ကိုယ်ခံသွားမယ်" အဲဒီအချိန်ကတည်းက သူဟာ ပိုင်းဖြတ်ချက် ခိုင်ခိုင်မာမာ ချခဲ့ပြီးသားဆိုတာ သေချာတယ်။

ဘပြုံးက သူ့စကားအတိုင်း တခြားသူတွေ ဒီကိစ္စနဲ့ ဘာမှ မပတ်သက်ဘူး။ လွှတ်ပေးပါ။ သူ့ကိုပဲ ဖမ်းပါ-လို့ပြောလိုက်တယ်။ ဂျပန်စစ်ဗိုလ်က "ဟိုလူတွေ ဘယ်မလဲ။ ဘာလို့ထွက်ပြေးသလဲ"

သူက မသိဘူးပြောတော့ လက်ကြမ်းကြီးနဲ့ ပါးကို ဘယ်ပြန်ညာပြန်ရိုက်တယ်။

"အေးမောင်(ကိုထွန်းစိန်) နဲ့ စံညွှန့်ရှိတဲ့နေရာကို ပြော။ မပြောရင် ပြောအောင်လုပ်မယ်"

ဂျပန်ဗိုလ်က ကြိမ်းတာမဟုတ်၊ တကယ်ကို နှိပ်စက်တယ်။ လုံစွပ်သွားနဲ့ ပေါင်သားတွေကို ထိုးတယ်။ လက်ဖျားနဲ့ မအားကို ဓာတ်ကြိုးပတ်ပြီး ကျင်စက်(မဂနက်တို)လှည့်ကာ ဓာတ်လိုက်အောင် လုပ်တယ်။ တချက်လှည့်လိုက်တိုင်း အကြောတွေ တွန့်နေအောင် ခံရပေမယ့် မောင်ဘပြုံးက တချက်မျှ မအော်။

စစ်ပုလိပ်တွေက တနည်းပြီးတနည်း နည်းမျိုးပေါင်းစုံနဲ့ တနေကုန် နှိပ်စက်တယ်။ မောင်ဘပြုံးက ဘယ်သူ့အကြောင်းမေးမေး မသိဘူးဆိုတာပဲ ဖြေတယ်။ ဂျပန်စစ်ပုလိပ်တွေက နှိပ်စက်လေ။ ဘပြုံးက ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးစကားတွေ ပြောလေ။ နောက်ပြီး သူ့ ရဲဘော်တွေကို တရားဟောလေ လုပ်တယ်၊ နှိပ်စက်နည်းပေါင်းလည်း စုံတယ်။

ရဲဘော်အားလုံးကို အချုပ်ခန်းထဲ စုပြုံထည့်ထားပြီး တညလုံး အစာငတ် ရေငတ်ထားတယ်။ တခြားသူတွေလည်း စစ်ပုလိပ်တွေရဲ့ နှိပ်စက်တာ အနည်းနဲ့အများ ခံရတယ်။ ဒါပေမဲ့ အခံရဆုံးက ဘပြုံးပဲ။ ဒါပေမဲ့ ဘပြုံးကတော့ မျက်နှာတချက်မပျက်၊ အမလေးလို့ တခွန်းမှ မအော်။ တချက်မှ စုတ်မသတ်။ ဒါကို သူတို့အားလုံးမြင်နေရလို့ သူ့အပေါ် သနားနေကြတယ်။ ဒါပေမဲ့ သူကပဲ ရဲဘော်တွေကို ပြန် အားပေးနေသေးတယ်။

နောက်ပြီး ဘပြုံးဟာ သူ့အနားကတွေ့ရတဲ့ မီးသွေးခဲကလေးတခဲ ကောက်ယူပြီး အချုပ်နံရံပေါ်မှာ စာသွား ရေးတယ်။ မနက်မိုးလင်းတော့မှ ညက ဘပြုံးရေးထားတဲ့ "ဒုက္ခဘုံ"ဆိုတဲ့ စာလုံးတွေကို ရဲဘော်တွေ တွေ့မြင်ရတော့တယ်။

နောက်နေ့မနက်မှာလည်း ဂျပန်စစ်ဗိုလ်က ဘပြုံးကို တန်းစစ်တယ်။

"အေးမောင်နဲ့ စံညွှန့် ဘယ်မှာလဲ"

"မသိဘူး"

"ဒီစာရွက်တွေက ဘာတွေလဲ"

"ဒါ- မင်းတို့ကို တော်လှန်ပြီး မောင်းထုတ်ဖို့ စာရွက်တွေ"

ဂျပန်စစ်ဗိုလ်ဟာ လန့်ပြီး ထခုန်တယ်။

"ခူးရား...မင်းကွန်မြူနစ်လား"

"အေး-ဟုတ်တယ်။ ကွန်မြူနစ်---ဖက်ဆစ်ရဲ့ အကြီးဆုံးရန်သူ ကွန်မြူနစ်။ ငါ့ကို သတ်လိုက်၊ ငါ့ကို မသတ်ဘဲလွှတ်လိုက်ရင် တနေ့ မင်းတို့ကို ငါပြန်သတ်မှာပဲ။ မင်းတို့ မသေချင်ရင် ငါ့ကို အခု သတ်လိုက်။ တခြားသူတွေကို လွှတ်လိုက်။ သူတို့နဲ့ ဘာမှ မဆိုင်ဘူး။ စံညွှန့်နဲ့အေးမောင်ကတော့ မင်းတို့ဘယ်တော့မှ မမိဘူး။ မင်းတို့မမိနိုင်တဲ့နေရာ ရောက်သွားပြီ။"

ဂျပန်စစ်ဗိုလ်က "ငါတို့ဂျပန်တွေလည်း မင်းတို့ကွန်မြူနစ်တွေနဲ့အတူတူပဲ။ ဒို့လည်း နယ်ချဲ့အင်္ဂလိပ်ကို တိုက်ပါတယ်။ ဒို့ အတူ ပေါင်းရအောင်။ မင်းလည်း ငါတို့နဲ့ ပေါင်းလုပ်ပါ "လို့ အနနည်းနဲ့အချိုသတ်တဲ့အခါတော့ ဘပြုံးက ဒေါသတအားထွက်ပြီး ဆဲတော့တာပဲ။ "မင်းတို့ဖက်ဆစ်တွေနဲ့ ငါတို့ကွန်မြူနစ်ပါတီ တူသလား-တန်သလားကွ"ဆိုပြီး ခွေးသားတွေ ခွေးမသားတွေနဲ့ ဆဲတော့တာပါပဲ။ ဘာမှမေးမရတဲ့အခါ ဂျပန်စစ်ဗိုလ်က အပြင်းထန်ဆုံး နှိပ်စက်စေလိုက်တယ်။

စစ်ပုလိပ်တယောက်ရဲ့ ဘွတ်ဖိနပ်ဟာ သူ့မျက်နှာပေါ် ရောက်သွားတယ်။ နောက် စစ်ပုလိပ်တယောက်က သူ့ရင်ဘတ်ပေါ် သေ နတ်ဒင်နဲ့ တအားဆောင့်ချလိုက်တယ်။ ဘေးကရဲဘော်တွေ မျက်စိမှိတ်ထားကြတယ်။ မစန်းစန်းကတော့ မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ရှိုက်ငိုနေတယ်။

ဂျပန် စစ်ဗိုလ်က "ကဲ- တခွန်းတည်း မေးတော့မယ်။ စံညွှန့်နဲ့အေးမောင် ဘယ်မှာလဲ"

ဘပြုံးအဖြေကလည်း တမျိုးတည်းပဲ။ "မသိဘူး"

နှိပ်စက်မှုတွေ ပြောင်းဆန်သွားတယ်။

ဂျပန်တွေက လဲနေတဲ့ မောင်ဘပြုံးကို ပွေ့ထူ။ ခေါင်းထောင်နိုင်အောင်လုပ်၊ မော်တော်ကားဘီးခွေ(သံခွေ)ကြီးကို လည်ပင်းမှာ စွပ်ပေးလိုက်ကြတယ်။ ပြီးတော့ လက်ပြန်ကြိုးရှည်ရှည်နဲ့ ချည်တုပ်ပြီး ထုပ်မှာ ချိတ်ဆွဲထားလိုက်တယ်။ သူ့ခြေဟာ ကြမ်းပြင်နဲ့ တပေလောက်လွတ်နေတယ်။ မော်တော်ကား ဘီးခွေကြောင့် သူ့ဦးခေါင်းဟာ ရှေ့သို့ တဝက်ကျိုးကျနေတယ်။

စစ်ပုလိပ်အားလုံး ထမင်းစားထွက်သွားကြတယ်။ ဒီအချုပ်ထဲမှာ ရှိနေသူတွေအပြင် ဖမ်းထားသမျှ ကျန်တဲ့လူအားလုံး ဒီအချုပ်ခန်းထဲ သွင်းထားလိုက်တယ်။ ဘပြုံးကို ဘယ်လို ပြစ်ဒဏ်ပေးတယ်ဆိုတာ အားလုံးမြင်အောင် ပြလိုဟန်ပေါ်တယ်။

"ရဲဘော်တို့- ငါ့အဖြစ်ကို အလုပ်သမားတွေ သိအောင် ပြောပြလိုက်ပါ။ မင်းတို့ဘူးကွယ်ပြီး လွတ်အောင်လုပ်ပါ။ ငါတို့ရဲ့ လွတ်လပ် ရေးတိုက်ပွဲကို မတွန့်မဆုတ်ဆက်လုပ်ရင် ငါ့ကို မမေ့ရာရောက်တာပါပဲ။ မင်းတို့ကို ငါယုံတယ်။ အလုပ်သမားတွေ ကိုငါယုံတယ်။ တို့အလုပ်သမားတွေဟာ အလုပ်သမား လယ်သမားတို့ရဲ့ လောကသစ်ကို မတည်ဆောက်ရသမျှ ဆက်တိုက်မယ်။ နယ် ချဲ့ စနစ်လည်း တိုက်မယ်။ "

သူ့အသံဟာ တိမ်သထက်တိမ်လာတယ်။ ရဲဘော်တွေဟာ အချုပ်ခန်းသံတိုင်တွေကို ကိုင်ရင်း သူ့စကားကို အာရုံစိုက်နားထောင်နေကြတယ်။ ရဲဘော် မစန်းစန်းကတော့ သတိလစ်မေ့မျောသွားတယ်။


"အခု- ငါ့ခေါင်းဟာ ဖက်ဆစ်တွေ လက်ထဲမှာ ကျိုးနေရပေမယ့် အလုပ်သမားတွေဟာ ဒီလို ဘဝမျိုးမှာ ဘယ်တော့မှ ဦးမနှိမ်ဘူး။ ဦးမညွှတ်ဘူး။ "

"တိုက်မယ်-"

"တိုက်---မ---"

တိုက်မယ်ဆိုတဲ့ စကားကို ရေရွတ်ရင်း ရဲဘော်ဘပြုံး အသက်ပေးစွန့်သွားခဲ့ပါတယ်။

(သူ အမွေအဖြစ် ပေးခဲ့တဲ့ ဒီစကား ၂ လုံးကို သူ့ညီတွေ သူ့အစ်ကိုတွေ (အစ်ကို ဘအုန်း- ဘချစ်၊ ညီ ဘမုံး) တခြား ညီနောင်အလုပ်သမားရဲဘော်တွေက အမွေအဖြစ် ဆက်ခံခဲ့ကြတယ်။ အလုပ်သမားလူတန်းစားရဲ့ လွတ်မြောက်ရေးနဲ့ တိုင်းပြည်လွတ်လပ်ရေးတာ ဝန်ကို သေသည်အထိ ကျေပွန်စွာထမ်းဆောင်ပြီး ရေနံမြေရဲ့ အလုပ်သမားသူရဲကောင်းအဖြစ် အသက်စွန့်လွတ်သွားသူ သူ့အပေါ် သစ္စာရှိသောအားဖြင့် တော်လှန်ရေးတာဝန်တွေကို ဆက်လက်ထမ်းဆောင်ခဲ့ကြပါတယ်။)




ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ကွန်မြူနစ်ပါတီ ကြေညာစာတမ်း

## ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ကွန်မြူနစ်ပါတီ ကြေညာစာတမ်း

ကွန်မြူနစ်ပါတီကြေညာစာတမ်း(ဗမာဘာသာပြန်) ပုံနှိပ်ထုတ်ဝေခြင်း အနှစ်(၇၀) ပြည့် အထိမ်းအမှတ်

ဒီနှစ်ဟာ ကွန်မြူနစ်ပါတီ ကြေညာစာတမ်း ထုတ်ဝေခဲ့ နှစ် ၁၇၀ မြောက် နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီကို ဗမာပြည်မှ တိုးတက်တဲ့ မာ့က်စ်ဝါဒီ လူငယ်များက အင်္ဂလိပ်ကိုလိုနီလက်အောက် ၁၉၃၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှာ မြေအောက်ပါတီအဖြစ် လျှို့ဝှက်ထူထောင်ခဲ့ပါတယ်။ ပါတီဟာ သက်တမ်းအရ အလွန်နုနယ်လှတဲ့ ကာလမှာပဲ ဒုတိယ ကမ္ဘာစစ်ကြီးနဲ့ ကြုံတွေ့ရင်ဆိုင်လိုက်ရပါတယ်။ ဖက်ဆစ်ဂျပန်လက်အောက် ကျရောက်သွားရတဲ့ တိုင်းပြည်ကို ဖက်ဆစ်ဂျပန်လက်အောက်က လွတ်မြောက်ရေးအတွက် တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုကြီးကို စည်းရုံးလှုံ့ဆော်ကာ ဖက်ဆစ်ဂျပန်တော်လှန်ရေးကို ဦးဆောင်တိုက်ပွဲဝင်ခဲ့တယ်။ ဖက်ဆစ်ဂျပန်တော်လှန်ရေး အောင်ပွဲရပြန်တော့လည်း ပြန်လည်ရောက်ရှိလာတဲ့ အင်္ဂလိပ်ကိုလိုနီ နယ်ချဲ့သမားလက်အောက်က တိုင်းပြည်လွတ်မြောက်ရေးအတွက် စည်းရုံးလှုံ့ဆော် တိုက်ပွဲဝင်သွားရေးအတွက် စည်းရုံးပြင်ဆင်ရပါတယ်။

ဒီလို လေးနက်ဂုဏ်ပြောင်တဲ့ သမိုင်းပေးတာဝန်တွေကို ထမ်းဆောင်နေရတဲ့အတွက် ကျွန်တော်တို့ ပါတီအနေနဲ့ ပါတီတည်ထောင်စမှာ မာ့က်စ်ဝါဒရဲ့ အရေးကြီးစံတင်ကျမ်းတဆူဖြစ်တဲ့ "ကွန်မြူနစ်ပါတီကြေညာစာတမ်း" ကို ပုံနှိပ်ထုတ်ဝေခြင်း မလုပ်နိုင်ခဲ့ပါဘူး။ ဒီကာလမှာပဲ ၁၉၄၇ ခုနှစ်အတွင်း လန်ဒန်မှာ "ဗြိတိသျှအင်ပိုင်ယာအတွင်းရှိ ကွန်မြူနစ်ပါတီများရဲ့ ညီလာခံ" ကျင်းပခဲ့ပါတယ်။ ဒါနဲ့ ပတ်

သက်လို့ ပါတီဥက္ကဋ္ဌ သခင်ဗသိန်းတင်က ၁၉၇၇ ခုနှစ် စက်တင်ဘာနဲ့ ဒီဇင်ဘာလအတွင်း ကွန်မြူနစ်ပါတီကြေညာစာတမ်း ဒုတိယ အကြိမ် ပုံနှိပ်ထုတ်ဝေခြင်း အမှာစာမှာ ခုလို ရေးသားထားခဲ့ပါတယ်။

"၁၉၄၇ ခုနှစ်က လန်ဒန်မြို့မှာ ကျင်းပခဲ့တဲ့ 'ဗြိတိသျှအင်ပါယာအတွင်းရှိ ကွန်မြူနစ်ပါတီများ ကွန်ဖရင့်' မှာ ဆုံးဖြတ်ချက်တခု ချမှတ်ခဲ့တယ်။ ဒီဆုံးဖြတ်ချက်ကတော့ ၁၉၄၈ ခုနှစ်ဟာ ကွန်မြူနစ်ပါတီ ကြေညာစာတမ်း ထုတ်ပြန်တာ အနှစ် ၁၀၀ ပြည့်နှစ်ဖြစ်တဲ့ အတွက် တတ်နိုင်တဲ့ ကွန်မြူနစ်ပါတီများက မိမိတို့ တိုင်းရင်းဘာသာစကားဖြင့် ဘာသာပြန် ပုံနှိပ်ထုတ်ဝေကြရန် မိတ္တူ ၅ အုပ်မှ ၁၀ အုပ်စီလောက်ကို လန်ဒန်မြို့ရှိ မာ့က်စ်အထိမ်းအမှတ် ဗိမာန်မှာ ထားရှိရန် ဆုံးဖြတ်ခဲ့တယ်။

ဒီအစည်းအဝေးကို ကျွန်တော်တို့ပါတီကလည်း ကိုယ်စားလှယ်တဖွဲ့ စေလွှတ်ခဲ့တယ်။ ဒီဆုံးဖြတ်ချက်အတိုင်း ၁၉၄၈ ခုနှစ် အစောပိုင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီက ဒီစာအုပ်ကို ဘာသာပြန်ပြီး ထုတ်ဝေခဲ့တယ်။ မိတ္တူ ၁၀ စောင်ကိုလည်း လန်ဒန်မြို့ ရှိ မာ့က်စ်အထိမ်းအမှတ် ဗိမာန်သို့ ပို့ခဲ့တယ်"။

အခုအခါ ဗမာပြည်ကွန်မြူနစ်ပါတီက ကွန်မြူနစ်ပါတီ ကြေညာစာတမ်း ပထမဆုံးအကြိမ် ဘာသာပြန်ပုံနှိပ်ထုတ်ဝေခဲ့တာ အနှစ် ၇၀ တိုင်ခဲ့ပါပြီ။ ၎င်းနောက် ဒုတိယအကြိမ်၊ တတိယအကြိမ်တို့လည်း ထုတ်ဝေပြီးခဲ့ပါပြီ။

ဒါပေမဲ့ ယခုအခါ ပါတီအလံကို ဆက်လက်သယ်ဆောင်နေတဲ့၊ ဗမာပြည်မှာ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေး သမိုင်းပေးတာဝန်တွေကို သယ်ဆောင်နေတဲ့ ပါတီမျိုးဆက်တွေအပါအဝင် ဗမာပြည်မှာ အသစ်ပေါ်ထွန်းနေတဲ့ မာ့က်စ်ဝါဒ မျိုးဆက်သစ်တွေလည်း ၎င်း စာအုပ်ကို တွေ့ဖူးမြင်ဖူး ဖတ်ဖူးသူ အလွန်နည်းလိမ့်မယ်လို့ ယူဆရပါတယ်။ အဲဒီပထမအကြိမ် ပုံနှိပ်ထုတ်ဝေစဉ်က ရဲဘော်သခင်သန်းထွန်းက အမှာစာ ရေးသားခဲ့ပါတယ်။

ယခုအခါ ဗမာပြည်ကွန်မြူနစ်ပါတီက ကွန်မြူနစ်ပါတီကြေညာစာတမ်း ပထအမကြိမ်ထုတ်ဝေခြင်း အနှစ် ၇၀ မြောက် အခါသမယကို အထိမ်းအမှတ်ပြုခြင်းအားဖြင့်လည်းကောင်း၊ အမှာစာ ရေးသားခဲ့တဲ့ ဥက္ကဋ္ဌကြီး သခင်သန်းထွန်း ကွယ်လွန်ခြင်း အနှစ် ၅၀ ပြည့်မြောက် တဲ့ အခါသမယကို အထိမ်းအမှတ်ပြု ဥက္ကဋ္ဌကြီးကို အောက်မေ့တသတဲ့အနေဖြင့်ပါ ၎င်း အမှာစာကို ဗဟိုသုတေသနဌာနအနေဖြင့် ထုတ်ဖော်တင်ပြလိုက်ပါတယ်။

အရေးတော်ပုံ စာတည်းအဖွဲ့အနေဖြင့်လည်း ရဲဘော်သခင်သန်းထွန်းရဲ့ စာစုများ စာရင်းမှာ စာမူတခု ဖြည့်ဆည်းလိုက်နိုင်လို့လည်း နှစ်ထောင်းအားရ ဖြစ်မိပါတယ်။

## အမှာ

လွန်ခဲ့သော နှစ်ပေါင်းတရာက- ၁၈၄၇ - ခုနှစ် ဇွန်လတွင် လန်ဒန်မြို့၌ ကွန်မြူနစ်အဖွဲ့ချုပ်၏ ပဌမကွန်ဂရက်ကို ကျင်းပခဲ့၏။ ၎င်း ကွန်ဂရက် က ကါးမာက်စ်နှင့်-ဖရက်ဒရစ်-အိင်ဂဲယ်တို့ တင်ပြသော အခြေခံမူများကို လက်ခံခဲ့၏။ ၎င်းအခြေခံမူတို့သည် ယခုအခါ-ကွန်မြူနစ် ကျေညာစာတမ်း-ခေါ် ရာဇဝင်မေါ်ကွန်းထိုးထားသည့် စာတမ်းဖြစ်လာ၏။

၁၉၄၇- ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသော ဒုတိယကွန်ဂရက်က ကျေညာစာတမ်းကို ရေးရန် မါ့က်စ်နဲ့ အိန်ဂဲယ်လ် တို့ကို တာဝန်ပေးခဲ့၏။၁၈၄၈ ခုနှစ် ဇန္နဝါရီလတွင် ရေးသားပြီး၍ ဖေဖေါ်ဝါရီလတွင် ပုံနှိပ်ထုတ်ဝေသူထံသို့ ပို့ခဲ့လေသည်။လွန်ခဲ့သော အနှစ်တရာက ရေးသားထုတ်ဝေခဲ့သော ကွန်မြူနစ်ကျေညာစာတမ်းသည် အနှစ်တရာအတွင်း အဖြစ်အပျက်တို့က စမ်းသတ်မှတ်ကျောက်တင်ခြင်းကို အောင်မြင်စွာခံနိုင်ခဲ့လေပြီ။

ယခုအခါ ကွန်မြူနစ် ဝါဒ (ဝါ) မါ့က်စ်ဝါဒသည် - ကမ္ဘာကို ပြောင်းလဲနိုင်သော - နိုင်ငံရေး လုပ်ငန်းကြီးဟု မိတ်ဆွေရော ရန်သူပါ တကမ္ဘာလုံးက အသိအမှတ်ပြုနေရ၏။

၁၈၈၃ -ခုနှစ် မား(က်)(စ်) သေဆုံးသည့်အခါ သင်းချိုင်းတွင် ဥဒါန်းကျူးသူကား အိန်ဂဲလ်ပင်ဖြစ်၏။ ထိုမတိုင်မီ ၆ နှစ်က ဒျူးရင်းအားပြန်ကြားချက် ဟူသော ကျမ်းကြီးကို ရေးခဲ့၏။ မား(က်)(စ်) အသက်ရှင်စဉ်က မပြီးပြတ်ကျန်ရစ်ခဲ့သော အရင်းကျမ်းကြီး ဒုတိယတွဲ၊ တတိယတွဲကိုလည်း ပုံနှိပ်ထုတ်ဝေခဲ့၏။

အိန်ဂယ်သည် ၁၈၉၅ ခုနှစ်တွင် သေဆုံးခဲ့၏။ သူ၏အလောင်းကို မီးသဂြိုဟ်ပြီး ပြာကို သူ့အသက်ရှင်စဉ်က ရှိခဲ့သည့် ဆန္ဒအတိုင်း ပင်လယ်ရေပြင်တွင် ချခဲ့ပေသည်။

## ဥရောပအခြေအနေ

ကွန်မြူနစ် ကျေညာစာတမ်း မပေါ်ထွက်မီ ဥရောပအခြေအနေကို သိရှိရန်လို၏။

၁၇၈၉- ခုနှစ်တွင် ပြင်သစ်တော်လှန်ရေးကြီး ဖြစ်ပွါးခဲ့၏။ ထိုမတိုင်မီက အင်္ဂလန်ပြည်မှာ တရားဥပဒေအရ ရှင်ဘုရင်စံနစ် ဖြစ်၏။ မြေရှင်ကြီးများ ကုန်သည်ကြီးများကို အုပ်စိုးနေ၏။ အင်အားတောင့်တင်းသော ရေတပ်ကြီးရှိပြီး ကုန်ရောင်းကုန်ဝယ်ထွန်းကား၍ အင်ပါရာမှာ ကြီးထွားရ၏။ ပြင်သစ်ပြည်တွင် သက်ဦးဆံပိုင် ရှင်ဘုရင်အုပ်စိုးနေ၏။ ဖေါက်ပြန်သော မင်းဆွေမင်းမျိုး မှူးမျိုးမတ်နွယ်တို့က ချယ်လှယ်နေ၏။ ကျေးကျွန်စနစ်များကို ဖယ်ရှားလိုသော လယ်သမားလူတန်းစားကို ရှေ့ဆောင်သော ဓနရှင်လူတန်းစားသည် အာဏာသိမ်းယူရန် အသင့်ဖြစ်နေ၏။ စပိန်ပြည်တွင်ကား အကျင့်ဖေါက်ပြန်နေသော ရှင်ဘုရင်များ မှူးမတ်များ ဘုန်းကြီးများက ကြီးစိုး နေ၏။ ဂျာမနီပြည်မှာလည်း အာဏာရှင်ကလေးများ အုပ်စိုးနေသည့် နယ်ကလေးများကို ပေါင်းစပ်ထားခြင်းဖြစ်၏။ ပရပ်ရှားပြည်တွင် စစ်ဝါဒသမားများက လွှမ်းမိုးနေ၏။ ဩစတြီးယားလက်အောက်တွင်လည်း နယ်ကလေး အမြောက်အများ ရှိ၏။ ပိုလန်ပြည်မှာ ပရပ်ရှား ဩစတြီးယားနှင့် ရုရှားတို့က ပိုင်းစိပ် အုပ်စိုးနေ၏။ ရုရှားပြည်သည်လည်း တောင့်တင်းသော စစ်တပ်များနှင့် နယ်ချဲ့နေ၏။ ပျက်စီးယိုယွင်းစပြုနေသော တူရကီပြည်သည် ဘော်လကန်တိုင်းပြည်များကို အုပ်စိုးနေ၏။ အီတလီမှာကား နယ်ကလေးများအဖြစ် အပိုင်းပိုင်း အစိပ်စိပ်ဖြစ်နေ၏။

၁၇၈၉-ခုနှစ် ပြင်သစ်တော်လှန်ရေးကြောင့် ပြင်သစ်ပြည်သည် သမတနိုင်ငံဖြစ်လာ၏။ ပရပ်ရှား ဩစတြီးယားနှင့် အင်္ဂလန်တို့က ခေါင်းဆောင်၍ ပြင်သစ်ကို တိုက်ကြ၏။ ၁၈၁၅-ခုနှစ်အထိ စစ်ဖြစ်ခဲ့၏။ အင်္ဂလန်သည် ပြင်သစ်၏ အကြီးဆုံးရန်သူ ဖြစ်ခဲ့၏။ စစ်ရေးကြောင့် ပြင်သစ်ပြည်တွင် နပိုလီယန်သည် စစ်အာဏာရှင်စံနစ် အဖြစ်သို့ ပြောင်းလဲခဲ့၏။ နပိုလီယံသည် ဥရောပတခုလုံးလိုလိုကို မိမိလက်အောက် သိမ်းသွင်းခဲ့၏။

ပြင်သစ်တို့သွားလေရာ မြေရှင်စနစ် ဖျက်သိမ်းရေး လောကအသစ်တခု တည်ထောင်ရေး ဟူသော နေရာ သဘောတရားတို့ ကို ယူဆောင်လာခဲ့၏။ ၁၈၁၂ - ခုနှစ်မှ ၁၈၁၄ - ခုနှစ်အကြား နပိုလီယံကို တိုင်းပြည်အသီးသီးက တော်လှန်ကြရာတွင် လူထုအုံကြွမှုကြီးသည် ဖြစ်ပေါ်ခဲ့၏။

၁၈၁၅ -ခုနှစ်ပြီးနောက် ဥရောပအာဏာပိုင်တို့သည် ခေတ်ဟောင်းကို ပြန်တည်ထောင်ရန် ကြိုးစားခဲ့ကြ၏။ ပဋ္ဌမမြောက်အလက်ဇန္ဒား ခေါ် ရုရှားပြည်မှ ဇာဘုရင်နှင့် ဩစတြီးယားမှ ဝန်ကြီးချုပ် ဝင်းသားမတားနစ်တို့ ခေါင်းဆောင်၍ မဟာမိတ်အဖွဲ့တရပ်ကို ဖွဲ့ စည်းခဲ့၏။ အာဏာ ပိုင်တို့သည် နပိုလီယံကို ခုခံတိုက်ခိုက်စဉ်က မိမိတို့လူထုအား အမျိုးမျိုး ဂတိပေးခဲ့ကြ၏။ သို့အတွက် စစ်ကြီးကာလ တွင် "ခေတ်ပြောင်း ဝါဒ" နှင့် "လူမျိုးရေးဝါဒ"တို့သည် တော်လှန်ရေး ဓနရှင်လူတန်းစား၏ လက်နက်ဖြစ်လာခဲ့၏။

အီတလီ၊ စပိန်၊ ဂျာမဏီ၊ ပိုလန်တို့တွင် လက်နက်ကိုင်ထကြွမှုများ ဖြစ်ခဲ့၏။ ရုရှားတွင် ၁၈၂၅ ခုနှစ်တွင် ဒီဇင်ဘာ တော်လှန်မှုဖြစ်ခဲ့၏။ "တောင်အမေရိကမှ စပိန်ပိုင် ကိုလိုနီများသည် လွတ်လပ်ရေး ကျေညာကြ၏" "ပြင်သစ်ပြည်တွင်၊ ၁၈၃၀ ခုနှစ်တွင် တော်လှန်ရေး ဖြစ်၏" "အင်္ဂလန်ပြည်တွင် ၁၈၃၂ ခုနှစ်တွင် ပါလီမန်ပြုပြင်ရေး လုပ်ရ၏" "မြေရှင်ကြီးများလက်ထဲမှ ဓနရှင်ကြီးများလက်ထဲသို့ အာဏာ ကူးပြောင်းသွားခဲ့၏"။

ဤသို့အားဖြင့် ၁၈၄၈ ခုနှစ် တော်လှန်ရေးနှစ်သို့ ရောက်လာခဲ့၏။ "ဖေဖေါ်ဝါရီလတွင် ပါရစ်မြို့၌ ပုန်ကန်မှုဖြစ်၏" "ဒုတိယသမတ နိုင်ငံတော်ကို ကျေညာခဲ့၏" "ဘရပ်ဆဲစ်တွင်လည်း ဖြစ်ပွား၏" "ဗီယန်နားမြို့ ဘာလင်မြို့များတွင် ထကြွမှုဖြစ်ခါ အစိုးရ ထွက်ပြေးစေခဲ့ ၏" "အီတလီပြည်၊ ပိုလံပြည်၊ ဟန်ဂေရီပြည်တို့တွင် ထကြွမှုများဖြစ်ခဲ့၏" "အင်္ဂလန်ပြည်တွင် အလုပ်သမား အင်အားပြပွဲများ ဖြစ်ခဲ့၏" သို့ရာတွင် ၁၈၄၈ ခုနှစ် တော်လှန်ရေးကြီးမှာ ကျဆုံးခဲ့၏။ ခေတ်ဟောင်းကို ခြောက်ခြားစေခဲ့၏။ ဤတော်လှန်ရေးများတွင် မါးက်စ်နှင့် အိန်ဂဲလ်စ် တို့သည် ပါဝင်ခဲ့ကြ၏။ တော်လှန်ရေးများ ကျဆုံးသည့်အခါ ၁၈၄၉ ခုနှစ်တွင် အင်္ဂလန်သို့ ပြန်သွားကြပေသည်။

## ကွန်မြူနစ် အဖွဲ့ချုပ်

ကွန်မြူနစ်အဖွဲ့ချုပ်ကို ၁၈၄၇ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်သည်။ "မါး(က်)စ်နှင့် အိန်ဂဲယ်စ်တို့သည် အၡ္စမြစ်ချကထဲက ပါလာကြပေသည်။ ၁၈၃၄ ခုနှစ်တွင် ဂျာမဏီပြည်မှ ထွက်ပြေးတိမ်းရှောင်လာသူ လူတစုသည်။ ပါရစ်မြို့တွင် "ထွက်ပြေး တိမ်းရှောင်လာသူများ၏ အဖွဲ့ချုပ်" ခေါ် လျှို့ဝှက်သင်းကို တည်ထောင်ခဲ့၏။ "၁၈၃၆ ခုနှစ်တွင် နှစ်ဂိုဏ်းကွဲသွား၏" "ပြင်းထန်သော အယူအဆရှိသူများက" "တရားသူများ၏ အဖွဲ့ချုပ်" ကို ဖွဲ့စည်း၏။ "သူတို့သည် ပစ္စည်းမဲ့လူတန်းစားမှ လူများဖြစ်၏" "မူလအဖွဲ့အစည်းမှာ တဖြေးဖြေး ပျက်စီးသွား၏"

"တရားသူများ၏ အဖွဲ့ချုပ်သည်"   ၁၈၃၉ ခုနှစ် မေလ ၁၂ ရက်နေ့တွင် လက်နက်ကိုင်ထကြွသော ဘဲလင်ကီခေါင်းဆောင်သည့် လျှို့ဝှက်သင်းနှင့် ပူးတွဲလုပ်ခဲ့၏။   "ထိုအဖွဲ့ချုပ်ခေါင်းဆောင်များဖြစ်သော ကားလ်ကက်ပါးနှင့် ဟိန်းရစ်ကောဝါးတို့သည် အကျဉ်းချခြင်းခံရပြီးနောက် လွတ်သည့်အခါ လန်ဒန်သို့ ရောက်လာခဲ့၏" ၁၈၄၃ ခုနှစ်တွင် အိန်ဂဲလ်နှင့် တွေ့၏။

၁၈၄၀ ခုနှစ်တွင် အလုပ်သမားပညာရေးအသင်းကို စကတ်ပါးတို့က တည်ထောင်ကြ၏။"ဤအဖွဲ့အားဖြင့် တိုင်းပြည် အသီးသီးမှ တော်လှန်ရေးသမား အချင်းချင်း ဆက်သွယ်မိကြ၏"   တိုင်းပြည်အသီးသီးတွင်လည်း အဖွဲ့ခွဲများ တည်ထောင်မိကြ၏။      ၁၈၄၅ ခု နှစ် လောက်တွင် ကွန်မြူနစ်အဖွဲ့အစည်း အသီးသီးတို့၏ ကိုယ်စားလှယ်များ ကွန်ဖရင့်တရပ်ကို ခေါ်ရန် စိုင်းပြင်းကြ၏။   သို့အတွက် ၁၈၄၇ ခု နှစ် နွေလတွင် ကွန်ဖရင့်တရပ် ခေါ်ဖြစ်၏။  ကွန်မြူနစ်အဖွဲ့ချုပ်ဟုခေါ်ပြီး အဖွဲ့အစည်းများအားလုံး ပေါင်းစပ် ပစ်ရန် သဘောတူကြ၏ ယာယီစည်းမျဉ်းကို အတည်ပြုလိုက်၏။

၁၈၄၇ ခုနှစ် နိုဝင်ဘာလတွင် ဒုတိယကွန်ဂရက်ကျင်းပပြီး။ ကွန်မြူနစ်ကျေညာစာတမ်းရေးရန် မားက်စ် နှင့် အိန်ဂဲလ်ကို တာဝန် ပေးလိုက်၏။ ၁၈၄၈ ခုနှစ် တော်လှန်ရေးတွင် အဖွဲ့ချုပ်ဝင်များသည် ပါဝင်ဆင်နွှဲကြ၏။ ၁၈၅၁ ခုနှစ်တွင်  ကိုလုံးမြို့မှ ဗဟိုရ်ကော်မတီများ အဘမ်းခံရ၏။ အမှုစစ်ပြီး ခေါင်းဆောင်များ ထောင်ချခြင်းခံရလေသည်။ ၎င်းအမှုစီရင်ချက်ချပြီး အဖွဲ့ချုပ်ကို ဖျက်သိမ်းလိုက်၏။

၁၈၆၂ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့ကျမှသာလျှင် မာက်စ်က ခေါင်းဆောင်ပြီး   အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့၏။

## ဗမာပြည်ကွန်မြူနစ်ပါတီ

မါက်စ်ဝါဒကို အခြေခံထား၍ ဗမာပြည်ကွန်မြူနစ်ပါတီကို ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ဖွဲ့ခဲ့၏။    ကွန်မြူနစ်တို့၏ လှုံ့လကြောင့် ဗမာပြည်လွတ်လပ်ရေးလုပ်ငန်းတွင် အလုပ်သမား- လယ်သမား လူတန်းစားသည် ကြီးစွာသော အခန်းမှ ပါခဲ့၏။ မါ့က်စ်ဝါဒအမြင်အရ ဂျပန် ဖက်ဆစ်တို့အား တော်လှန်ရေးသည် - မှန်သောလမ်းစဉ်ဟု ယုံကြည်သည့်အတိုင်း ဗမာပြည်ကွန်မြူနစ်တို့သည် အခြားသော မျိုးချစ်တို့နှင့်အတူ ဂျပန်တော်လှန်ရေးကို အောင်မြင်စွာ ဆင်နွှဲခဲ့၏။ ၄၅-ခုနှစ်မှစ၍ ဗမာပြည်ကို ကျွန်ပြုလုပ်ရန် ကြိုးစားနေသော   အင်္ဂလိပ်နယ်ချဲ့သမားကို ခုခံရန်လိုသည်ဟု မါ့က်စ်ဝါဒအမြင်အရ ကွန်မြူနစ်ပါတီသည် လူထုကြီးနှင့် အတူတိုက်ပွဲဝင်ခဲ့၏။

ယခုအခါ ဗမာပြည်သည် အဆောင်အယောင်အားဖြင့်  လွတ်လပ်သော နိုင်ငံဟု ကျေညာထားသော်လည်း ဗမာလူထုကြီး တရပ်လုံး သည် အမေရိကန်နယ်ချဲ့သမား၏ အင်္ဂလိုအမေရိကန်-ဗြိတိသျှနယ်ချဲ့သမား၏ စီးပွားရေးအရ-စစ်ရေးအရ ချုပ်ချယ်မှုတို့ကို ဆက်လက် တိုက်ခိုက်ရပေမည်။ ဤတိုက်ပွဲ အောင်မြင်စွာ ဆင်နွှဲနိုင်ရန်  မါ့က်စ်ဝါဒကို  အခြေခံထားသော ဗမာပြည်ကွန်မြူနစ်ပါတီသည်  ကြိုးစားရှေ့ဆောင်နေ၏။

အချုပ်အားဖြင့်ဆိုရလျှင်- မါ့က်စ်ဝါဒသည် ဗမာပြည်၏ လွတ်လပ်ရေး၊ လူထု၏  လွတ်လပ်ရေး၊ ဒီမိုကရေစီရေးတို့အတွက် မီရှူးတန်ဆောင်ဖြစ်သောသဘောတရားများ ဖြစ်၏။   သို့အတွက် မါ့က်စ်ဝါဒ အနှစ်တရာပြည့် အထိမ်းအမှတ်အဖြစ်ဖြင့် ဗမာပြည်တွင် တခါမျှ ပုံနှိပ်ထုတ်ဝေခြင်း မပြုသေးသော ကွန်မြူနစ်ကျေညာစာတမ်းကို ဗမာပြည်ကွန်မြူနစ်ပါတီက ပုံနှိပ်ထုတ်ဝေလိုက်ပေသည်။

သန်းထွန်း ၇-၂-၄၈။

မှတ်ချက်- (၁) ၁၉၄၇ ခုနှစ် ဗြိတိသျှအင်ပါယာအတွင်းရှိ ကွန်မြူနစ်ပါတီများ ကွန်ဖရင့်သို့ တက်ရောက်ခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီမှ ကိုယ်စားလှယ်အဖွဲ့မှာ ရဲဘော်သခင်ဗသိန်းတင်နဲ့ ရဲဘော်အောင်ကြီးတို့ ဖြစ်ပါတယ်။
(၂) အမှာစာကို မူရင်းသတ်ပုံတွေအတိုင်း ရိုက်ထားပါတယ်။



## ကားလ်မာ့က်စ်အနှစ် ၂၀၀ မွေးနေ့

### ရဲဘော်ဖိုးသံချောင်း

ဆိုဗီယက်ယူနီယံပြိုကွဲမှု၊ ဘာလင်တံတိုင်းဖျက်သိမ်းမှု စတာတွေပေါ်ပြီးနောက်မှာ "သမိုင်းနိဂုံးချုပ်ပြီ"၊ "ကွန်မြူ နစ်ဝါဒ အဆုံးတိုင်သွားပြီ" စတဲ့ပြောမှုဆိုမှုတွေ ကမ္ဘာမှာသောသောညံခဲ့ပါတယ်။ ကမ္ဘာလို့ဆိုလိုက်တော့ ဗမာပြည်လည်း အပါလို့ဆိုရမှာပါ။ ဒါပေမဲ့ ဒီကနေ့ ကမ္ဘာ့နိုင်ငံရေး၊ အယူအဆရေးတွေမှာ လွှမ်းမိုးနေတဲ့မေးခွန်းက ကွန်မြူနစ်ဝါဒ ခေါင်းပြန်ထောင်မယ့်လက္ခဏာတွေ ဘာကြောင့်တွေ့နေကြရတာလဲဆိုတာပဲ ဖြစ်ပါတယ်။ ကားလ်မာ့က်စ်ရဲ့ အကြိမ် ၂၀၀ မြောက်မွေးနေ့အခမ်းအနားတွေကို တခုတ်တရကျင်းပကြပြီး ကွန်မြူနစ်ကြေညာစာတမ်းကို ပြန်အမွှမ်းတင် နေကြတာကို နိုင်ငံရေးလောကသားတိုင်း သတိမပြုမိဘဲမနေနိုင်ကြပါဘူး။

မာ့က်စ်ရဲ့မွေးနေ့အထိမ်းအမှတ်ကိုကျင်းပရာမှာ သူ့မွေးရပ်ဂျာမနီထက်တောင် ကျယ်ပြန့်နက်ရှိုင်းတယ်လို့ဆိုနိုင်တဲ့ အင်္ဂလန်နိုင်ငံမှာ အဲဒီမေးခွန်းတွေကို သုတေသနပြုတာ၊ အမြင်ဖလှယ်တာတွေလုပ်ကြပြီး အင်တာနက်တွေ၊ စာအုပ်ဆိုင် တွေမှာလည်း အရမ်းပျံ့နှံ့နေခဲ့ပါတယ်။ ၂၉ နှစ်အရွယ် ကားလ်မာ့က်စ်နဲ့ ၂၇ နှစ်အရွယ်အိန်ဂယ်တို့ ၁၈၄၈ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့ ကွန်မြူနစ် ကြေညာစာတမ်းဟာ ကမ္ဘာပေါ်မှာ ခရစ်ယာန် သမ္မာကျမ်းပြီးရင် အရောင်းရဆုံး စာအုပ်လို့ အသိအမှတ်ပြုခံရပြီး ဒီနေ့မှာ ကွန်မြူနစ်ကြေညာစာတမ်း ဘာကြောင့် အသက်ဝင်အရေးပါနေရသေးတာလဲ ဆိုတာဟာ စိတ်ဝင် စားစရာ၊ ဆွေးနွေးချင်စရာ အကြောင်းအရာတခုဖြစ်နေပါတယ်။

ပြောရရင် လူ့သမိုင်းတလျှောက်ပေါ်ပေါက်ခဲ့တဲ့ ဘာသာရေးမဟုတ်တဲ့ အဘိဓမ္မာတွေထဲမှာ မာ့က်စ်ဝါဒလောက် ဘယ်ဟာမှတာရှည် တည်တံ့၊ စွဲကိုင်သူ များခဲ့တာ မရှိပါဘူး။

တချို့လူတွေမေးတတ်ကြတဲ့မေးခွန်းတခုက လွန်ခဲ့အနှစ် ၂၀၀ က မာ့က်စ်ဝါဒဆိုတာကြီးဟာ အများကြီးမတူပြောင်းလဲသွားတဲ့ ဒီနေ့ခေတ်ကြီးထဲမှာ အသုံးဝင်သေးလို့လားဆိုတာဖြစ်ပါတယ်။ မှန်ပါတယ်၊ ဒုံးပျံ-ဂြိုဟ်တုတွေလွှတ်တင်တာ၊ အီလက်ထရွန်းနစ် ပညာထွန်းကားလာတာ။ အပြောင်းအလဲတွေများလှပါတယ်။ ဒါကို မာ့က်စ်ဝါဒီတွေက မငြင်းပါဘူး။ ဒါပေမဲ့ အရင်းရှင်စနစ်ရဲ့ အနှစ်သာရ လက္ခဏာတွေပြောင်းလဲသွားပြီလား။ ဒီနေ့ခေတ်အရင်းရှင်စနစ်နဲ့ မာ့က်စ်-အိန်ဂယ်တို့ ခေတ်ကအရင်းရှင်စနစ်အကြားမှာ အနှစ်သာရအရ ဘာ

များ ခြားနားပါသလဲ။ နိုင်ငံလွန်ကော်ပိုရေးရှင်းကြီးတွေ(transnational corporations)တွေ ပေါ်ပေါက်လာလို့ အလုပ်သမားလူတန်းစားမှာ သွေးစုပ်ခံရတာလျော့နည်းသွားသလား။ ကုလသမဂ္ဂလိုအဖွဲ့အစည်းတွေပေါ်လာလို့ နိုင်ငံကြီးတွေကနိုင်ငံငယ်တွေအပေါ် အနိုင်ကျင့်သွေးစုပ်တာတွေပပျောက် သွားသလား။ လူ့အဖွဲ့အစည်းထဲမှာ ဆင်းရဲချမ်းသာကွာဟမှုတွေ ကျဉ်းမြောင်းသွားသလား။

အရင်းရှင်စနစ်ကရော အလုပ်သမားတွေကို သွေး မစုပ်ဘဲ ရပ်တည်-ကြီးထွား- ရှင်သန်လို့ရနေပြီလား။ ဒီတော့ တချို့သော သဘောတရားဆရာတွေက ကမ္ဘာကြီးပေါ်မှာ လူတန်းစားကွဲပြားမှု၊ နိုင်ငံရေးအစုကွဲပြားမှု၊ စစ်ရဲ့ ခြိမ်းခြောက်မှုတွေရှိနေသရွေ့ လူတွေဟာ မာ့က်စ်ဝါဒကို ပြန်မျှော်နေကြလိမ့်ဦးမယ်လို့ ဆိုလာကြပါတယ်။ လူတွေရဲ့အမြင်မှာ လက်ရှိအရင်းရှင်စနစ်အပေါ် မျှော်လင့်ချက်ကင်းမဲ့ရုံမက ဆိုးဝါးယုတ်မာတဲ့အုပ်စိုးသူတွေရဲ့ဖိနှိပ်မှုကို မတွန်းလှန်နိုင်ကြတဲ့ နိုင်ငံရေးအင်အားစုတွေကိုလည်း စိတ်ပျက်လာကြပါတယ်။

အိုင်ဖုန်းတွေ၊ ဖေ့စ်ဘုတ်တွေခေတ်စားလာတဲ့ဒီခေတ် မှာ လူတွေဟာသူတို့တွေ့ကြုံနေရတဲ့ စိတ်ပျက်စရာတွေကို ရင်ဆိုင်ဖို့၊ ဖြေရှင်းဖို့ ခိုင်ခံ့တဲ့အတွေးအခေါ်တွေကို ရှာဖွေချင် လာကြပါတယ်။ အဲတော့ မာ့က်စ်ဝါဒကိုပဲပြန်တွေ့ပါတယ်။ ဒီအတွက် အကြောင်းရင်း တခုကတော့ မာ့က်စ်ဝါဒက လူတွေကို အသေယုံကြည်ခိုင်း၊ လက်ခံခိုင်းတာမဟုတ်ဘဲ ဦးနှောက်လှုပ်ရှားခွင့်၊ ဆင်ခြင်လက်ခံခွင့်ကို ဦးစားပေးတယ် ဆိုတာ ဖြစ်မယ်ထင်ပါတယ်။

ကမ္ဘာကြီးလုံးနေသေးတယ်ပဲဆိုဆို၊ ပြားသွားပြီးပဲပြောပြော ကမ္ဘာမြေပြင်ပေါ်မှာ အနိမ့်အမြင့်မညီမျှမှုတွေ၊ အတိုက်အခိုက် ဆန့်ကျင်မှုတွေကတော့ တည်ရှိမြဲ တည်ရှိမြဲဖြစ်တယ်ဆိုတာ ဘယ်သူမှမငြင်းနိုင်ကြဘူး။ ဖူကူယားမားရဲ့ သမိုင်း နိဂုံးချုပ်ပြီဆိုတာကြီး ပေါ်ထွက်ပြီးလို့ ငါးနှစ်အကြာမှာပဲ ထိုင်းနိုင်ငံကစလိုက်တဲ့ အာရှတိုက်ရဲ့ဘဏ္ဍာရေးအကျပ်အတည်း ကြီးပေါ်ပေါက်ခဲ့ပြီး၊ ၁၆ နှစ် အကြာဖြစ်တဲ့၂၀၀၈ခုနှစ်မှာတော့ ဥရောပကအစ ကမ္ဘာအနှံ့အပြားမှာ အင်မတန်ဆိုးဝါးတဲ့ စီးပွားရေးကပ်ကြီးနဲ့ ကြုံတွေ့ခဲ့ကြရတာကို မှတ်မိကြလိမ့်မယ် ထင်ပါတယ်။ အဲဒီနောက်၂၀၁၁ခုနှစ်၊ စက်တင်ဘာ ၁၇ရက်နေ့မှာ ကမ္ဘာ့အရင်းရှင်ဌာနချုပ်ကြီးလို့ဆိုရမယ့် နယူးယောက်မှာ "ဝေါလ်လမ်းမကြီးကိုသိမ်းပိုက်ကြ"ဆိုတဲ့ လူထုဆန္ဒပြပွဲကြီးပေါ်ပေါက်ခဲ့ပါတယ်။ ဒါဟာ ဆိုဗီယက်ယူနီယံ ပြိုကွဲသွားလို့ အရင်းရှင်စနစ်ကို တိုက်မယ့် လူတွေမရှိတော့ဘူးလို့ စိတ်ကူးယဉ်တဲ့လူတွေကို သတိပေးလိုက်တဲ့ခေါင်းလောင်းသံလို့ ဆိုရမှာပါ။ ၉-၁၀-၁၈ နေ့ကအေရှားတိုင်းမ်စ် (Asia Times) ဝက်ဘ်ဆိုက်ပေါ်က "ကမ္ဘာ့စီးပွားရေးထိုင်းမှိုင်းမှုကြီးတခု ရှေ့မှာစောင့်နေပြီလား"ဆိုတဲ့ဆောင်းပါးထဲမှာ "၂၀၀၈ ခုနှစ်တုန်းကလို ကမ္ဘာ့စီးပွားရေးထိုင်းမှိုင်းမှုကြီးနဲ့ ကြုံတွေ့နိုင်စရာတွေရှိနေကြောင်း" အိုင်အင်မ်အက်ဖ် က ထုတ် ပြောတယ်လို့ ထောက်ပြထားပါတယ်။ အရင်းရှင်စနစ်ရဲ့ ဒီသံသရာရှိ နေသေးသရွေ့ ဒီစီးပွားရေးထိုင်းမှိုင်းမှုတွေ၊ ကပ် တွေရဲ့ဒဏ်တွေကို ဆင်းရဲတဲ့နိုင်ငံတွေနဲ့ ပြည်သူတွေဟာ ခံစားနေရဦးမှာပဲဆိုတာကို နားလည်သဘောပေါက်သူတွေကတော့ ဒီလို အခြေအနေဆိုးတွေကို လက်ပိုက်ကြည့်မနေနိုင်ကြပါဘူး။ နည်းလမ်းရှာကြတာပါပဲ။ ဒီတော့လည်း ဒီစနစ်ဆိုးကြီးနဲ့ ဒီကပ်ဆိုးတွေ ခွဲခြားလို့မရကြောင်း ထောက်ပြတဲ့ တခုတည်းသော သဘောတရားဖြစ်တဲ့ မာ့က်စ်ဝါဒကို ပြန်ချဉ်းကပ်ကြတာဟာ မဆန်းပါဘူးလို့ ဆိုရမှာပါ။ ၂၀၀၈ ခုနှစ် အရင်းရှင်စနစ် စီးပွားရေး အကျပ်အတည်းကြီးတုန်းကဆိုရင် ဒီစာတမ်းကို ကိုးကားလိုက်ကြတာမှသဲသဲလှုပ်မျှမဟုတ်ပါလား။

ဒါနဲ့ပြောင်းပြန် ခေတ်ရှင်သဘောတရားတွေကပ်ဆိုက်နေတာကို အထင်ရှားဆုံး တွေ့နိုင်နေပါတယ်။ အဲဒါက အဘိဓမ္မာနယ်ပယ်မှာဖြစ်ပါတယ်။ မှန်ပါတယ်။ ခေတ်ရှင်အဘိဓမ္မာဆရာတွေထဲမှာ ဟော့ဘ်စ်(Hobbes)၊ လော့ခ်(Locke)၊ ကန့်(Kant)၊ ဟီဂယ်)(Hegel)စတဲ့ ထူးချွန်တဲ့ ဘောဂဗေဒပညာရှင်၊ အဘိဓမ္မာဆရာတွေပေါ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ သူတို့တတွေဟာ အရင်းရှင်စနစ်က လူသားတွေအကြားမှာ နေရာယူခါစ တိုးတက်တဲ့လက္ခဏာဆောင်နေတုန်းကာလက ပေါ်ခဲ့တာဖြစ်ပါတယ်။ အရင်းရှင်စနစ်အတွက် ကောင်းကျိုးတွေပြုခဲ့ကြပါတယ်။ ဒါပေမဲ့ အရင်းရှင်စနစ်ဟာ နယ်ချဲ့စနစ်အဖြစ် အဆင့်ပြောင်းသွားပြီးပေမယ့်လည်း ကပ်ဘေးတွေနဲ့ တင်းကျမ်းဖြစ်ကာ ဆုတ်ယုတ်တဲ့အပိုင်း ကို ရောက်လာတဲ့အခါမှာတော့ "ထူးချွန်တဲ့" အဘိဓမ္မာဆရာတွေကို မွေးထုတ်မပေးနိုင်တော့ပါဘူး။ သူတို့ရဲ့ ဝါဒဖြန့်ယန္တရားတွေဟာ ဘယ်ခါကနဲ့မှမတူအောင် ကျယ်ပြန့်စွာဝါဒဖြန့်နေကြပေမယ့် ဒီစနစ်ကြီးကို ခြေမန်းကွင်းစွပ်ထားတဲ့ ဒီကပ်ဆိုးတွေအကြောင်းနဲ့ ဒီကပ်ဆိုးတွေက လွတ်မြောက်ဖို့နည်းလမ်း စတာတွေကိုတော့ လူတွေလက်ခံယုံကြည်အောင် သူတို့ မပြောနိုင်ကြတာ အမှန်ပါပဲ။ သူတို့ ပြောတဲ့ လွတ်လပ်တဲ့လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှု၊ ဈေးကွက် စတာတွေကြောင့်ပဲ ဒီနေ့ ကျွန်တော်တို့ နိုင်ငံရဲ့စီးပွားရေးဟာ စုတ်ပြတ်သတ်နေပြီး ပြည်သူတွေ ဆင်းရဲနေကြတယ်ဆိုတာ ငြင်းလို့မရပါဘူး။

အင်္ဂလန်နိုင်ငံက ဂါးဒီးယန်း သတင်းစာကြီးထဲမှာပါတဲ့ ဆောင်းပါးတပုဒ်မှာ ပြင်သစ်ကွန်မြူနစ်ပါတီရဲ့ သဘောတရား ပညာရှင်လည်းဖြစ်၊ ပါရီဝိဇ္ဇာတက္ကသိုလ်ကြီးတခုက အဘိဓမ္မာပါမောက္ခတဦးလည်းဖြစ်တဲ့ လူဝီအော်လ်သူဇာ (Louis Althusser)က မာ့က်စ်ဝါဒနဲ့ ပတ်သက်လို့ရေးခဲ့တဲ့ဆောင်းပါးမှာ မာ့က်စ်ကို ဂရိအဘိဓမ္မာဆရာသေးလ်စ် (Thales)၊ အီတလီနက္ခတ္တဗေဒ နဲ့သင်္ချာပညာရှင် ဂယ်လီလီယို (Galileo) တို့နဲ့ အခုလိုကိုးကားထားပါတယ်။ "သေးလ်စ်က သင်္ချာ ပညာကို ဖော်ထုတ်လိုက်သလို၊ ဂယ်လီလီယိုက နက္ခတ္တပညာကို ဖော်ထုတ်လိုက်သလို မာ့က်စ်ကလည်းသမိုင်းကို ကံကြမ္မာရဲ့ဖန်တီးချက်၊ လူပုဂ္ဂိုလ်ကြီးတွေရဲ့ လုပ်ဆောင်ချက်အဖြစ် ဖော်ပြနေတာတွေထဲကနေ လူတွေရဲ့လုပ်ဆောင်မှု ဖြစ်စဉ်အဖြစ် အသစ် ဖော်ထုတ်ရှင်းပြခဲ့ပါတယ်။ ခေတ်သစ်သမိုင်းခွဲခြမ်းစိတ်ဖြာမှုနဲ့ ရှေးဟောင်းယဉ်ကျေးမှုသုတေသန ပညာ(Archeology) က ခွဲခြမ်းစိတ်ဖြာမှုတွေဟာ မာ့က်စ်ရဲ့သုံးသပ်နည်းတွေအတိုင်းပဲ ခွဲခြမ်းစိတ်ဖြာကြတာပါ။

ဖိုကော်လ်တ်(Focault)ရဲ့ ကနေ ဝေါ်လာစတိန်း(Wallerstein ) ရဲ့ ကမ္ဘာ့စနစ်များ သဘောတရားအထိ အားလုံးပဲ ဒီလမ်း ကို လိုက်ကြတာဖြစ်ပါတယ်။" မှန်ပါတယ်။ မာ့က်စ်နဲ့ပတ်သက်ပြီး နောက်လူတွေ ရင်သပ်ကြရတာရဲ့အကြောင်းတွေက သူနဲ့အိန်ဂယ်တို့နှစ်ဦး ရဲ့ ကွန်မြူနစ်ကြေညာစာတမ်းနဲ့ အရင်းကျမ်းတို့မှာ ဟောကိန်းထုတ်ခဲ့တာတွေဟာ လက်တွေ့ဖြစ်ပေါ်နေလို့ဖြစ်ပါတယ်။ သူတို့ဟာ ကမ္ဘာ့ စီးပွားရေးကပ်ကြီးတွေနဲ့ ဂလိုဘယ်လိုက်ဇေးရှင်းကိုဟောကိန်းထုတ်ခဲ့သလို လူ့အဖွဲ့အစည်းရဲ့ဖြစ်ပေါ် တိုးတက်မှုအဆင့်ဆင့် (ကမ္ဘာဦးလူ သားအဆင့်ကနေ အရင်းရှင်စနစ်၊ ဆိုရှယ်လစ်စနစ်အထိ) ကိုလည်း ခွဲခြမ်းစိတ်ဖြာပြခဲ့ပါတယ်။

ဒီနေ့အခါမှာ ဗမာပြည်အပါအဝင် ကမ္ဘာပေါ်က ဖောက်ပြန်တဲ့အစိုးရတွေအဖို့ မာ့က်စ်ဝါဒဟာ သဘောတရားအရ အဓိက နံပါတ် တစ် ရန်သူကြီးလို့သတ်မှတ်ထားတယ်ဆိုတာကို ပြန်ကြည့်လိုက်ရင် မာ့က်စ်ဝါဒ ပျောက်ကွယ်မသွားဘူးဆိုတာ ထင်ရှားနေပါတယ်။ ၂၀ ရာစုနှစ်အကုန်ပိုင်းတုန်းက ဆိုရှယ်လစ်နိုင်ငံဆိုတာတွေ ပြိုကျကုန်တာနဲ့ မာ့က်စ်ဝါဒခေတ် မရှိတော့ဘူး၊ အလုပ်မဖြစ်တော့ဘူး လို့ ဆိုသူ တွေကို မေးရမှာက ကမ္ဘာ့သမိုင်းမှာ တခြားစနစ်တွေရော စတည်ထောင်စမှာ ရှုံးနိမ့်မှုတွေမရှိခဲ့ဖူးဘူးလား ဆိုတာ ဖြစ်ပါတယ်။

မာ့က်စ်ဝါဒီတွေအဖို့ကတော့ ပဲရစ်ဘုံအဖွဲ့ကွန်မြူန်းကြီးကနေ ဆိုဗီယက်ယူနီယံလို ဟစ်တလာနဲ့ ဝင်ရိုးစွန်းနိုင်ငံတွေကို အနိုင် တိုက်နိုင်တဲ့ ဆိုရှယ်လစ်နိုင်ငံကြီးပေါ်ထွက်လာတာဟာ ရောမတိုးတက်မှု ကြီးဖြစ်ပါတယ်။ ဆိုဗီယက်ယူနီယံသူ့အကြောင်းနဲ့သူ ပျက်သွား တော့လည်း မာ့က်စ်ဝါဒီတွေဟာ ကွန်မြူနစ်ကြေညာစာတမ်း မှာ မာ့က်စ်နဲ့အိန်ဂယ်ရေးခဲ့တဲ့ "ပစ္စည်းမဲ့တွေမှာ နှောင်ကြိုးတွေကလွဲလို့ ဘာမှဆုံးရှုံးစရာမရှိဘူး။ သူတို့မှာကမ္ဘာကြီးတခု အနိုင်ရစရာရှိနေတယ်"ဆိုတာကို စွဲကိုင်မြဲ စွဲကိုင်ထားကြသလို "ကမ္ဘာ့အလုပ်သမားများ ညီညွတ်ကြလို့" လုံ့ဆော် ကြွေး ကြော်ရင်း ရှေ့ကိုဆက်လက်ချီတက်နေကြမှာပါ။

**ရဲဘော်ဖိုးသံချောင်း**

---

## ပြည်သူတွေမှာ ရွေးချယ်စရာမရှိလို့ တည်မိတဲ့ဘုရား လင်းတပဲနားနား ဆိုတဲ့ အတွေးအခေါ်မရှိပါဘူး

## ( NLD ပါတီရဲ့ ၂၀၁၈ အမျိုးသားနေ့ ကြေညာချက်ကို သုံးသပ်ခြင်း)

**မိုးဇင်**



(၁)

၉၈ ကြိမ်မြောက် အမျိုးသားနေ့မှာ အာဏာရပါတီ ဒီချုပ်က ကြေညာချက်တစောင် ထုတ်ပြန်ခဲ့ပါတယ်။ ဒီထုတ်ပြန်ချက်မှာ၊ ၁၉၂၀ ခုနှစ်က ဒီဇင်ဘာလက ပထမအကြိမ်ကျောင်းသားသပိတ်ဟာ ဗမာပြည်လွတ်လပ်ရေးသမိုင်းရဲ့ပထမမော်ကွန်းဖြစ်ပြီး ကိုလိုနီကျွန် ပညာရေးဆန့်ကျင်ရေး၊ အမျိုးသားပညာရေး မြှင့်တင်ရေးကို တောင်းဆိုခဲ့တဲ့ မီးရှူးတန်ဆောင်ဟာ ၁၉၃၆၊ ၁၉၃၈ ကျောင်းသားသပိတ် များအထိ ထွန်းညှိပေးနိုင်ခဲ့ကြောင်း၊ ထိုမှတဆင့် အလုပ်သမား၊ လယ်သမား၊ ကျောင်းသားများပါ ပါဝင်တဲ့ ကျယ်ပြန့်ကြီးမားတဲ့ ၁၃၀၀ ပြည့်အရေးတော်ပုံကြီးအထိ လက်ဆင့်ကမ်း သယ်ဆောင်နိုင်ခဲ့ကြောင်း ၁၉၂၀ ခုနှစ်က ကျောင်းသားသပိတ် ရဲ့ သမိုင်းဝင်အရေးပါမှုကို ရေးသားဖော်ပြထားပါတယ်။

နိုင်ငံရေးနဲ့ပညာရေး ဆက်စပ်မှုနဲ့ပတ်သက်ပြီး "နိုင်ငံရေးလွတ်လပ်မှ ပညာရေးလွတ်လပ်မယ်၊ နိုင်ငံရေးလွတ်လပ်အောင် ကြိုးဆောင်ကြ" ဆိုတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့အဆိုအမိန့်ကို ကိုးကား ဖော်ပြသွားတာလည်း မှတ်သားစရာကောင်းပါတယ်။ "ပညာဆိုတာ ကျွန်စိတ်မွေးဖို့ မဟုတ်ဘူး။ ပညာဆိုတာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်တဲ့ လူမျိုးတွေရဲ့စိတ်ဓာတ်ကို မွေးပေးဖို့ဆိုတဲ့ အသိဉာဏ်အမြင်တွေနဲ့ (၁၉၂၀ ခုနှစ်က ကျောင်းသား၊ ကျောင်းသူတွေက) အဲ့ဒီတိုက်ပွဲကိုဝင်ခဲ့တာ" ဆိုတဲ့ ဒေါ်အောင်ဆန်းစု ကြည်ရဲ့ ကောက်ချက်ကလည်း စိတ်ဝင်စားစရာပါပဲ။

(၂)

ဒီချုပ်အစိုးရ တာဝန်ယူပြီးတဲ့နောက် ကြိုးပမ်းဆောင်ရွက်နေတာတွေနဲ့ ပတ်သက်ပြီး မြန်မာ့အလူ့အဖွဲ့အစည်းအား လွတ်လပ်ပြီးတရားမျှတသော ပတ်ဝန်းကျင်ကောင်းများသို့ လှမ်းတက်စေလျက် အရည်အချင်းအရ သစ်လွင်သော အဆင့်တဆင့်သို့ မြှင့်တင်ရန် လုပ် နေကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအပေါ် အခြေခံသော တိုင်းရင်းသားမျိုးနွယ်စုအားလုံး ညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ထူထောင်ရေးအတွက် အပြန်အလှန် အသိအမှတ်ပြု၊ အပြန်အလှန်လေးစားမှုဖြင့် ဆွေးနွေး အဖြေရှာရေး ယဉ်ကျေးမှုသစ်ကို အကောင်အထည်ဖော်နေဆဲကာလလို့ဆိုပါတယ်။ ဒီအဆိုနဲ့ပတ်သက်လို့တော့ မေးစရာမေးခွန်းတွေ ရှိလာပါတယ်။

ကြေညာချက်မှာပါသလို "ပြည်သူ့ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့် ပြည်သူလူထု၏ လွတ်လပ်သောဆန္ဒနှင့် ယုံကြည် မျှော်လင့်ချက်အရ ဒီမိုကရေစီ နိုင်ငံသစ်ထူထောင်ခွင့်တာဝန်ကို ထိုက်တန်စွာ ရရှိခဲ့သည့်အားလျော်စွာ .. " ဆိုတဲ့အတိုင်း ဒီချုပ် ပါတီက ၂ နှစ်ကျော် အစိုးရသက်တမ်းအတွင်း သိသာတဲ့အောင်မြင်မှုတွေ ဘယ်လောက်ရခဲ့ပါပြီလဲ။ ပြည်သူတွေဘဝ အရင်က ထက်စာရင် ဘယ်လောက်အသက်ရှူချောင်နေပါပြီလဲ။ ပြည်သူတွေရဲ့ဘဝ ဘယ်လောက်လုံခြုံအေးချမ်းနေပြီလဲ ။ တောက်လောင်နေဆဲ ပြည်တွင်းစစ်မီးကြောင့် စစ်ပြေးဒုက္ခသည်ပြည်သူတွေရဲ့စာရင်း ဘယ်လောက်လျော့သွားပြီလဲ။ စစ်အစိုးရအဆက်ဆက် လက်ထက်ကတည်းက တိုင်းပြည်အနံ့အပြား လူမှုရေးကင်ဆာရောဂါလို ပျံ့နှံ့နေတဲ့ မူးယစ်ဆေးဝါးအန္တရာယ် ဘယ်လောက်လျော့ကျသွားပြီလဲ။ ဒီပြဿနာတွေဟာ ပြည်သူတွေရဲ့နေ့စဉ်ဘဝနဲ့တိုက်ရိုက်ပတ်သက်နေတဲ့အတွက် အဖြေရဖို့တော့ သိပ်မခက်ပါဘူး။ အိုင်တီ သတင်းမီဒီယာခေတ်ဖြစ်လို့ ဖြစ်ရပ်မှန်တွေကိုလည်း ဘယ်သူမှ ဖုံးကွယ်ထားလို့ မရနိုင်တော့ပါဘူး။

(၃)

စစ်တပ်က မွတ်စလင်ဘာသာဝင် လူမျိုးတွေအပေါ် လူမဆန်တဲ့ ရက်စက်မှုများကျူးလွန်ခဲ့တဲ့ ရခိုင်ဒေသအရေးနှင့် ပတ်သက်ပြီး နိုင်ငံတကာက ဖိအားပေးမှုတွေကို ခေါင်းခံပြီးတာဝန်ယူဖြေရှင်းနေရသည်ကိုတော့ နိုင်ငံပုံရိပ်နှင့် အမျိုးသား အချုပ်အခြာအာဏာနှင့် ဂုဏ်သိက္ခာအတွက် မဆုတ်မနစ်ခုခံကာကွယ်နေရသည်ဟုဆိုပါတယ်။ နိုင်ငံတကာရဲ့ ဖိအားပေးမှု တွေကိုလည်း " ရန်စွယ်ငေါငေါ စွပ်စွဲပုတ်ခတ်မှုများ" ဟု သဘောထားပြီး "တရားအရ စီရင်ဆုံးဖြတ်ပေးသည့် အလင်းရောင်အောက်တွင် မိမိ၏ သစ္စာတရားအပေါ် ကျွန်ုပ်တို့သည် လိပ်ပြာသန့်သန့်ဖြင့် ကြံ့ကြံ့ခံ ဖယ်ရှားရှင်းလင်းကျော်လွှားလျက်ရှိ သည်"လို့တောင်ကဗျာဆန်ဆန် ရေးလိုက်ပါသေးတယ်။

ဒီချုပ်ပါတီနဲ့အစိုးရဟာ၊ ရခိုင်ဒေသပြဿနာနဲ့ပတ်သက်ရင် ကုလသမဂ္ဂအပါအဝင်နိုင်ငံတကာအသိုင်းအဝိုင်းက အထောက် အထား သက်သေခိုင်လုံစွာနဲ့ ကောင်းစွာ သိရှိထားပြီးဖြစ်တဲ့ စစ်တပ်ရဲ့ ကျူးလွန်သမျှကို မျက်စိမှိတ်ကာကွယ်ဖို့ ဆုံးဖြတ်လိုက်တဲ့ သဘောလို့ယူဆရတော့မှာဖြစ်ပါတယ်။ တကယ်တော့ ဒီချုပ်ပါတီဟာ"အမျိုးသားသင့်မြတ်ရေး" (အမှန်တော့ စစ်တပ်နဲ့သင့်မြတ်ရေးလို့ပဲ အများကရှင်းလင်းစွာနားလည်နေကြတာပါ) အတွက် ဗိုက်အငှားနဲ့ဓားထိုးခံနေခြင်းသာဖြစ်ပါတယ်။

(၄)

စစ်အုပ်စုဟာ ၂၀၁၁ ခုနှစ်မှာ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ် အကျယ်ချုပ်ကနေ လွှတ်ပေးပြီး၊ လူထုကြီးက ယုံကြည် ထောက်ခံမှုအခိုင်အမာရှိနေတဲ့ ဒီချုပ်ကို လွှတ်တော်ထဲ ဝင်လာနိုင်ဖို့အတွက် ခြံဝင်ပေါက်ကို နည်းနည်းပြင်ပြီး ချဲ့ပေးခဲ့တယ်။ စစ်ဗိုလ်ချုပ်ဟောင်း သမ္မတကြီးက ဒေါ်အောင်ဆန်းစုကြည်ကို ဖိတ်ကြားပြီး သမ္မတအိမ်တော် ခန်းမဆောင်ရှေ့ သူ့ဖခင် ဗိုလ်ချုပ် အောင်ဆန်း ဓာတ် ပုံကြီးရှေ့မှာ ကျေနပ်တဲ့အပြုံးကိုယ်စီနဲ့ နှစ်ကိုယ်ယှဉ်တွဲပြီးဓာတ်ပုံရိုက်ပြခဲ့တယ်။ စစ်အုပ်စု က မြက်မြက်ကလေး နိုင်ငံရေး အမြတ်ထုတ်သွား နိုင်ခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ "အမျိုးသားပြန်လည်သင့်မြတ်ရေး" အတွေးက အဲ့ဒီအချိန်ကတည်းက စခဲ့ပုံရတယ်။

ဒီလိုနဲ့ ဒီချုပ်ခေါင်းဆောင် ဦးဝင်းတင်ရဲ့ ၂၀၀၈ အခြေခံဥပဒေကို ပြင်ပြီးမှ လွှတ်တော်ထဲဝင်ရေး ကို ငြင်းပယ်ပြီး လွှတ်တော်ထဲဝင်ပြီးမှ အခြေခံဥပဒေကိုပြင်ရေးဆိုတဲ့ ဗျူဟာကိုကျင့်သုံးဖို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့အရှိန်ဩဇာကို မလွန်ဆန်နိုင်တဲ့ ဒီချုပ်ပါတီ ခေါင်းဆောင်မှုအဖွဲ့က ဆုံးဖြတ်ခဲ့တယ်။ အဲ့ဒီနောက်ပိုင်း နိုင်ငံရေးမိုးသက်မုန်တိုင်းတွေကြားမှာ ဒီချုပ်ပါတီအတွက် သက်စွန့်ကြိုးပမ်းရုန်းကန်ရပ်တည်ခဲ့ကြတဲ့ ပါတီခေါင်းဆောင်တွေနဲ့ကေဒါအတော်များများလည်း ပြန်လည်ကျင်းပတဲ့ ပါတီညီလာခံ အပြီးမှာ ပါတီရဲ့အပြင်ဘက်ကို ရောက်ကုန်ကြတာတွေ့ရတယ်။

"ရထားကြီး မှားစီးမိကတည်းက ဆိုက်မယ့်ဘူတာတွေအားလုံး အလွဲချည်းဖြစ်မှာပဲ" ဆိုတဲ့ အာဖရိကန်သတင်းစာဆရာ တယောက် ရဲ့ စကားလိုပဲ၊ ဒီချုပ်ပါတီဟာ ပါတီကို ပြန်လည်မှတ်ပုံတင်ကာ၊ စစ်အုပ်စုရဲ့ ၂၀၀၈ အခြေခံဥပဒေအောက်ကို ခေါင်းလျှိုပြီး ရွေးကောက်ပွဲတွေဝင်ဖို့ ဆုံးဖြတ်ကတည်းက နိုင်ငံရေးခြေလှမ်းတွေ လွဲမှားခဲ့တာပါပဲ။ ဒါပေမဲ့ ဒီ မရဏစစ်ရထားကြီးကို စီးမိတာက သူနဲ့သူ့ပါတီသာမဟုတ်ဘဲ သူ့ကို ယုံကြည်ထောက်ခံခဲ့တဲ့ ပြည်သူလူထုကြီးပါ လိုက်ပါခဲ့ရတယ်။ ဒါကို စောစောကတည်းက သိမြင်တဲ့ နိုင်ငံရေး ပါတီတွေ၊ လူမျိုးစုတိုင်းရင်းသားခေါင်းဆောင်အချို့ အပါအဝင် အတွေ့အကြုံ ကြွယ်ဝတဲ့ နိုင်ငံရေးပုဂ္ဂိုလ်တွေက တိုင်းပြည်နဲ့ ပြည်သူလူ ထုကြီး ရဲ့ အကျိုးစီးပွားကို ထောက်ထားပြီး ဒီချုပ်ပါတီနဲ့ ခေါင်းဆောင်ကို အလေးအနက် အကြံပြု ထောက်ပြခဲ့ကြတယ်။ ဒါပေမဲ့ ဒီချုပ်ပါတီနဲ့ ခေါင်းဆောင်မှုအဖွဲ့က ဒီအကြံပြုချက်တွေကိုလက်မခံခဲ့ပါဘူး။ အစိုးရသက်တမ်း တဝက်ကျိုးခါနီးအချိန်မှာတော့ ပြည်သူလူထုတွေ ရင်ဆိုင် ကြုံတွေ့နေရတဲ့ အတိဒုက္ခတွေဟာ ပိုမိုကြီးမား နက်ရှိုင်းလာနေတဲ့အတွက် နိုင်ငံရေးပါတီ အဖွဲ့အစည်းအချို့သာမက တိုင်းပြည်ရဲ့ နား - မျက်စိ ဖြစ်တဲ့ မီဒီယာတွေကပါ ဝေဖန်ထောက်ပြမှုတွေ တနေ့ တခြား ပိုမိုမြင့်တက်လာတယ်။ စောစောပိုင်းကတော့ ၂၀၀၈ အခြေခံဥပဒေ နှောင်ကြိုးနဲ့ချည်နှောင်ခံထားရတဲ့အတွက် ပြည်သူလူထု နဲ့ နားလည်စာနာတဲ့ တိုင်းရင်းသား နိုင်ငံရေး အင်အားစု အချို့က ဒီချုပ်အ စိုးရအပေါ် သံသယအကျိုး ခံစားခွင့်ပြုထားခဲ့ကြတာပါ။ ဒီကြားထဲက ဒီချုပ်ကို ချည်နှောင်ထားပြီး ခိုင်းစားနေတဲ့ စစ်အုပ်စုရဲ့ လုပ်ရပ်ဆိုး တွေကိုတော့ သူတို့က အာစေးထည့်ခံထားရသလို ပွင့်ပွင့်လင်းလင်းမပြောဝံ့ဘဲ စာနာနားလည်မှု ပေးခဲ့တဲ့သူတွေကိုတော့ ရန်ထောင် စကားဆိုခဲ့တယ်။ "ငါမှငါ၊ ငါသာလျှင်တတ်တယ်၊ သိတယ်၊ နားလည်တယ်၊ မှန်တယ်၊....ငါလိုချင်တဲ့ ပုံသဏ္ဍာန် မထွက်တဲ့သူတွေဟာ ပစ်ပယ်ရမယ့်၊ ချေမှုန်းရမယ့်သူတွေ ဖြစ်တယ်လို့ သဘောထားတဲ့ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေဟာ အမျိုးသားရေးစိတ်ဓာတ် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးနိုင်မှာမဟုတ်ပါဘူး" လို့ အပြစ်တင်လိုက်တဲ့ ဒေါ်အောင် ဆန်းစုကြည်ရဲ့စကားကိုဒီကြေညာချက်မှာ ဖော်ပြထားတာ တွေ့ရတယ်။

ဒါ့အပြင် ဒီလို တိုင်းပြည်နဲ့ပြည်သူလူထုအတွက် ဝေဖန်ထောက်ပြချက်တွေကို အလေးထားစရာမလိုဘူးဆိုတဲ့သဘောနဲ့ "ငြိမ်းချမ်းရေးညီလာခံ ၂၁ ပင်လုံ အောင်မြင်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသစ်တည်ဆောက်ရေးတို့ကို ဦးလည်မသုန် အကောင် အထည်ဖော်ရင်း ကြုံတွေ့ရင်ဆိုင်လျက်ရှိသော ဖိအားနှင့် စိန်ခေါ်မှုများကို ပြည်သူနှင့်အတူ စုပေါင်းအင်အားဖြင့် အောင်မြင်စွာ ဖြတ်ကျော်ကြဖို့" တောင် တိုက်တွန်းသွားပါသေးတယ်။

လက်တွေ့မှာတော့ တိုင်းပြည်ရဲ့ဘဏ္ဍာငွေတွေ၊ အကုန်ခံပြီး အချိန်ဆွဲ ကျင်းပနေတဲ့ ၂၁ ရာစုပင်လုံဟာ အစိုးရဆိုင်းဘုတ်အောက်ဝင်ပြီး စစ်တပ်က ထင်သလိုအနိုင်ကျင့် ချုပ်ကိုင်ခြယ်လှယ်နေတဲ့ ဟန်ပြငြိမ်းချမ်းရေးညီလာခံပါ။ လက်တွေ့မှာ ဒီချုပ်အစိုးရဟာ၊ စစ် တပ်နဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား ငြိမ်းချမ်းရေးအောင်သွယ်တော်အခန်းကပဲပါတာပါ။ ဒါကြောင့် ဒီဟန်ပြ ငြိမ်းချမ်းရေးညီလာခံဟာ အောင်မြင်စရာ အကြောင်းမမြင်ပါဘူး။ ဒီညီလာခံကနေ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုသစ် တည်ဆောက်ရေးဆိုတဲ့ အိပ်မက်အကောင်အထည်ပေါ်ဖို့ကတော့ ပိုပြီးဝေးပါသေးတယ်။

၂၀၁၅ ရွေးကောက်ပွဲမှာ ဒီချုပ်ပါတီကို လူထုကြီးက တခဲနက် မဲပေးခဲ့တဲ့ အကြောင်းရင်းက တခွန်းတည်းပြောရင် ဒီချုပ်ပါတီက ကတိပေးထားတဲ့အတိုင်း စစ်တပ်ရဲ့နိုင်ငံရေးကတုတ်ကျင်းဖြစ်တဲ့ ၂၀၀၈ အခြေခံဥပဒေကို ပြင်ပြီး စစ်သားတွေကို အစိုးရအဖွဲ့ထဲကရော၊ လွှတ်တော်ထဲကပါ ထွက်သွားစေဖို့ဆိုတဲ့မျှော်လင့်ချက်တွေကြောင့်ပါ။ အခုတော့ စစ်တပ်နဲ့သင့်မြတ်ရေးကိုဦးစားပေးပြီး ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ရေးကို တဖြည်းဖြည်းချင်း နားချယူဖို့ဒီချုပ်အစိုးရက အချည်းနှီး ကြိုးပမ်းနေတယ်။

အခုတော့ စစ်ဗိုလ်ချုပ်တွေရဲ့ဩဇာကို မလွန်ဆန်နိုင်တဲ့အတွက်၊ ဒီချုပ်အစိုးရဟာ သူတို့မျှော်လင့်သလို ဆောင်ကြဉ်းပေးနိုင်မယ့် အလားအလာမရှိဘူးဆိုတာ ပိုမိုသိမြင်လာကြပါပြီ။ နောက်ဆုံးသည်းမခံနိုင်တော့တဲ့တနေ့ ပြည်သူလူထုကြီးဟာ သူတို့ကံကြမ္မာကို သူတို့ဖာသာဆုံးဖြတ်နိုင်ဖို့အတွက် အုံနဲ့ကျင်းနဲ့ ရုန်းကန်လှုပ်ရှားကြဖို့ပဲ ရှိပါတယ်။ အဲ့ဒီလှုပ်ရှားမှုတွေထဲကပဲ သူတို့ရဲ့ ခေါင်းဆောင်အသစ်တွေကို ရွေးချယ်သွားကြဦးမှာပါ။ ပြည်သူလူထုမှာ ရွေးချယ်စရာမရှိလို့ တည်မိတဲ့ဘုရား လင်းတပဲနားနား ဆိုတဲ့ အတွေးအခေါ် ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။

ကြီးမားပြီး ခက်ခဲပြင်းထန်တဲ့ ရုန်းကန်မှုတွေနဲ့အတူ ကြောင်လိမ်လှေကားလို ဖြစ်ပေါ်တိုးတက်ခဲ့တဲ့သမိုင်းကို ပြည်သူတွေကသာ ဖန်တီးခဲ့ကြတာပါ။ ကျွန်တော်တို့ ဗမာပြည်သူတွေကလည်း သူတို့ရဲ့ တကယ့်လွတ်မြောက်ရေးအောင်ပွဲကို တနေ့မှာ မုချရယူပြီး သမိုင်းမှာ ကမ္ပည်းထိုးကြဦးမှာပါ။



# ရင်ကြားစေ့ရေးရဲ့ နောက်ကွယ်မှာ

ထွန်းအောင်ဝင်း

ရင်ကြားစေ့ပြီး အစိုးရဖြစ်လာတဲ့ ဒီချုပ်မှာ အာဏာက ဟန်ပြ (အဆောင်အယောင်)ပဲရှိပြီး စစ် ဗျူရိုကရက် ခနရှင်လူတန်းစားရဲ့ ရွှေ အိုး၊ ငွေအိုးတွေကို မထိရဲ မတို့ရဲတော့ ဥပဒေ စိုးမိုးရေးကို ထိထိရောက်ရောက် မလုပ်နိုင်သလို စီးပွားရေးမှာလည်း ရွှေအိုးကြီးရွက်ပြီး ကမ္ဘာပတ် လက် ဖြန့်တာပဲ တတ်နိုင်ပါတယ်။ ငြိမ်းချမ်းရေးမှာလည်း ပွဲစားသာသာဆိုတော့ အခြေခံဥပဒေပြင်ရေး (ဝါ) စစ်မှန်ပြည့်ဝတဲ့ ဖက်ဒရယ်ဒီမိုကရေစီ ထူထောင်ရေးကို ရေးတေးတေးတောင် မမျှော် မှန်းနိုင်ဘူး။ နိုင်ငံရေး စနစ်ပြောင်းဖို့၊ စီးပွားရေး နာလန်ထူဖို့ ဆိုရင် အာဏာက အခရာဆိုတာ ပြောဖို့ကို မလိုတာပါ။ အခု ရင်ကြားစေ့နေပုံက စစ်အုပ်စုဆီက အာဏာ တစိတ်တပိုင်းကို လက်ဖြန့် တောင်းနေတာ။ ဓား တရမ်း ရမ်းလုပ်နေတဲ့ ဓားပြဆီက တိုက်ရာပါပစ္စည်းကို ခွဲဝေပေးဖို့ ချော့တောင်းနေတာနဲ့တူပါတယ်။ တခါတရံမှာတော့ စောင်း မြောင်း ပြန်ပက်တဲ့ နည်းနဲ့လည်း တောင်းတတ်ပါတယ်။ အာဏာရင်းပြီး ခနဥစ္စာကို ထူထောင်ထားတဲ့ စစ်အုပ်စုက လောဘဖြတ်ပြီး အာဏာစွန့်မှာ မဟုတ်တာလည်း သူတို့ ပြောစကားတွေနဲ့ လုပ်ရပ်တွေက သက်သေပြနေပါတယ်။

ဘယ်လောက်ပဲ ဟန်ဆောင်ဖုံးဖိ ပြုံးစိစိလုပ်နေကြပေမယ့် ရင်ကြားစေ့ရေးဟာ တဖြည်းဖြည်း နဲ့ လိပ်ခဲတည်းလည်း ဖြစ်လာတယ်။ အထူးသဖြင့် တိုင်းရင်းသား လက်နက်ကိုင်တွေနဲ့ စစ်အုပ်စုကြား၊ ပြည်သူနဲ့ စစ်အုပ်စု ကြားမှာ ဘယ်လိုမှ ရင်ကြားမစေ့နိုင်တော့ ရင်ကြားစေ့ရေးကြွေးကြော်ရင်း ကြားညပ်နေတဲ့ ဒီချုပ်အစိုးရ အနေမတတ်ရင် အခက်ကြုံနိုင်ပါတယ်။ မလိမ္မာ၊ မပါးနပ်ရင်၊ ပြည်သူနဲ့ အတူ ရပ်တည်ပြီး ရဲရဲဖောက်မထွက်ရင် အထိနာနိုင်ပါတယ်။ အတုအယောင် ရင်ကြားစေ့ရေးက မုချစွန့်လွှတ်ရမယ့်အရေးဆိုတာ အနေး နဲ့ အမြန် ဘူးပေါ်သလို ပေါ်လာမှာ ဖြစ်တယ်။ စစ်အုပ်စုကတော့ အခွင့်အရေးပေးတုန်း ပြည်သူရော အတိုက်အခံပါ လုံးပါးပါးအောင် လုပ်နေတာပါ။ စစ်အုပ်စု လုပ်နေတာတွေက တခြား အထွေအထူးမဟုတ်ဘူး တန်ပြန်တော်လှန်ရေးပါပဲ။ ဒီအခြေခံကနေ အတိုက်အခံအဖွဲ့ အစည်း မှန်သမျှကို တလှေ့ကျော်လုံး ခံတိုက်လာတာပါ။ ဒီကနေ့ လုပ်နေတာက ဒီချုပ်ကို ဒီချုပ်နဲ့ တိုက်၊ ဒီချုပ်ကို ပြည်သူနဲ့ တိုက်၊ ဒီချုပ်ကို တခြားအတိုက်အခံတွေနဲ့ တိုက်၊ ဒီချုပ်(ဒေါ်စု) ကို နိုင်ငံတကာနဲ့ လှည့်တိုက်တာတွေပဲ။

ဗကပကို ဗကပနဲ့ တိုက် လုပ်ခဲ့တယ်။ ကျောင်းသားကို ကျောင်းသားနဲ့ တိုက်၊ သံဃာကို သံဃာနဲ့ တိုက်၊ အလုပ်သမားကို အလုပ်သမားနဲ့ တိုက်တာတွေ လုပ်ပါတယ်။ ဗကပကို ဗကပ (ပျက်) နဲ့ တိုက်တယ်။ လက်နက်ချတွေ၊ သစ္စာဖောက်တွေနဲ့ တိုက်တယ်။ အကြောင်းက တစိတ်ကို တအိတ်လုပ်ဖို့ လွယ်လို့၊ အမှန်နဲ့ အမှားရောထွေး လုံးချလို့ ရလို့၊ နာကွက်၊ သာကွက်ကို ပိုသိနိုင်လို့ ဖြစ်တယ်။ တိုင်းရင်းသား အဖွဲ့ အစည်းတွေဆိုလည်း ဒီလိုပဲ အချင်းချင်း တိုက်အောင်လုပ်တာပါပဲ။ ဒီချုပ်ကို ဦးတည်တိုက်ဖို့ လိုတဲ့အခါ ဒီချုပ်ကို ဒီချုပ် (အပျက်) နဲ့ တိုက်တယ်။ ရေရှည်မြုပ်ထားတဲ့ အရေခြုံတွေ၊ သတင်းပေး၊ ထောက်လှမ်းရေးတွေနဲ့ တိုက် တယ်။ အတိုက်အခံကို တိုက်ရာမှာ နာမည်ဖျက်၊ အပုပ်ချတာလုပ်သလို သေးသိမ်၊ ပေါ့ပျက်အောင်၊ အဖိုးမတန်အောင်လည်း လုပ်လေ့ရှိတယ်။

အခုနောက်ပိုင်းမှာ စစ်အုပ်စု ကျင့်သုံးနေ တာက ဒီမိုကရေစီကို ပုံဖျက်တာ၊ ဒီချုပ်ကို ပုံဖျက်တာ၊ ဒေါ်စုကို တန်ဖိုးမဲ့အောင် လုပ်နေတာတွေပါ။ ဗိုလ်ချုပ်အောင်ဆန်းတောင် ဘယ်လောက်ပေါပေါပဲပဲ ဖြစ်သွားသလဲ ကြည့်ပါ။

၂၀၁၀ နောက်ပိုင်း တန်ပြန်တော်လှန်ရေးက ဒီချုပ်နဲ့ သံဃာထုကို အဓိက ပစ်မှတ်ထားတာဖြစ်တယ်။ မကြာသေးခင် နှစ်များ အတွင်းမှာ သံဃာသင်းကွဲအောင်လုပ်ပြီး သံဃာကို သံဃာနဲ့ တိုက်တဲ့ လုပ်ရပ်တွေက ဘာတွေလဲ အထူးပြောဖို့ မလိုတော့ဘူး။ သင်္ကန်း ခြုံထားတဲ့ ထောက်လှမ်းရေးတွေ၊ သတင်းပေးတွေ ဘယ်လောက်များသလဲ စစ်အုပ်စု အသိဆုံး ဖြစ်ပါလိမ့်မယ်။ ၂၀၀၇ သံဃာ့အုံကြွမှု (ရွှေဝါရောင်တော်လှန်ရေး) ကို လက်စားချေတာပါ။ နောက်ထပ် အလားတူအဖြစ်မျိုး မပေါ်ထွက်လာအောင် စနစ်တကျ ဖျက်ဆီးပစ်လိုက်တာလည်း ဖြစ်ပါတယ်။ ဒီချုပ်ကိုတိုက်တဲ့ တိုက်ကွက်မှာတော့ လူထုထောက်ခံမှုမှာ ရောယောင်ဝင်လုံးပြီး အပေါစားဖြစ်အောင်၊ သေးသိမ်အောင် လုပ်ပစ်လိုက်တာပါ။ ဒီချုပ်ပါတီက လူပြိန်းကြိုက်ပါတီ ဖြစ်အောင်၊ ဒီချုပ်ကို ထောက်ခံသူတွေဟာ လူပြိန်းတွေဆိုတာမျိုး ဖြစ်အောင် လုပ်တာပါ။ အပေါစားပါတီ၊ အပေါစားနိုင်ငံရေးကို ဖန်တီးပုံဖော်တာပါပဲ။ အုတ်အရောရော၊ ကျောက်အရောရော အချောင် သမား တချို့ကြောင့်လည်း ပုံဖျက်ဖို့ ပိုလွယ်ပါတယ်။

ဓမ္မန္တရာယ်လို့ ဗဟပကို နာမည်ဖျက်ခဲ့ပေမယ့် လက်တွေ့မှာ သံဃာသတ်တာ၊ ဘုရား ရွှေခွာတာ၊ ဘုရားသိုက်တူးတာ စစ်အုပ်စု ပဲဆိုတာ သမိုင်းသက်သေပါ။ လက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ အဖွဲ့အစည်းတွင်း ပဋိပက္ခကို ပုံကြီးချဲ့ပြီး လူသတ်ကောင်တွေ၊ အရိုင်း အစိုင်းတွေအဖြစ် ပုံဖော်လေ့ရှိတဲ့ စစ်အုပ်စုက သူတို့အုပ်စုတွင်းမှာ အဖွဲ့လိုက်ရှင်းတာတွေ၊ နံပါတ် (၁) နေရာမြဲရေး ပခုံးချင်းယှဉ်လာနိုင်သူ မှန်သမျှ ဖြုတ်ချဖယ်ရှားတာတွေတော့ ဖုံးကြဖိကြပါတယ်။ အဆိုးဆုံးကတော့ လူမျိုးပေါင်းစုံ ပြည်သူတွေကို ညှဉ်းဆဲသတ်ဖြတ်တဲ့လုပ်ရပ်ပဲ။ စစ်အုပ်စုနဲ့ အတိုက်အခံ လက်နက်ကိုင်အဖွဲ့တွေကြားက ကွာခြားချက်က အဲဒါပဲ။ စစ်အုပ်စုက အပြစ်မဲ့ ရဟန်းရှင်လူ ပြည်သူတွေကို ညှဉ်းဆဲသတ်ဖြတ်တဲ့ လူသတ်ကောင်အုပ်စု စစ်စစ်ဆိုတာ ဘယ် သူမှ မငြင်းနိုင်ပါဘူး။

ဒါပေမဲ့ အပြစ်ရှိတာ ဝန်ခံရမယ်ဆိုရင်တောင် အတိုက်အခံကို အပြစ်တဝက်ခံခိုင်းတဲ့ လုပ်ပုံလည်း ရှိတယ်။ ထင်ရှားတာက ပြည်တွင်းစစ် ပြဿနာမှာပါ။ ပြည်တွင်းစစ် ရှည်ကြာနေတာ စစ်အုပ်စုကြောင့်ပဲ။ ဒါပေမဲ့ စစ်တရားခံအဖြစ် လက်နက်ကိုင် အတိုက်အခံတွေနဲ့ အစိုးရဆိုတာတွေကိုပါ အပြစ်တဝက် ခံစေချင်တဲ့ စစ်အုပ်စုက လက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ အစိုးရတွေမှာလည်း အပြစ်ရှိသလိုလို ပုံဖော်ချင်တယ်။ ဒ့ါအပြင် စစ်အုပ်စုရဲ့ အဓိက ဦးတည်ချက်က လူထုကြားမှာ အထင်မှား၊ အမြင်မှားဖြစ်ရေး၊ တွေဝေရေး၊ စိတ်ဓာတ် ပျက်ပြားရေး၊ လူထုအားထားတဲ့ အဖွဲ့အစည်းတွေအပေါ် လူထုရဲ့ ယုံကြည်မှု လျော့ကျရေးတွေပဲ။ ဆိုရှယ်မီဒီယာခေတ်မှာ ဖေ့စ်ဘွက်က စစ်အုပ်စုအတွက် လက်နက်ကောင်းတလက် ဖြစ်လာပါတယ်။ အာဏာရှိ၊ ငွေရှိတဲ့ စစ်အုပ်စုက အင်တာနက်ကို စိတ်ကြိုက် သုံးနိုင်တယ်။

ငွေ နဲ့ အမိန့် နဲ့ ညွှန်ကြားပြီး စိတ်ကြိုက်မွှေနှောက်နိုင်တဲ့ လူအင်အားလည်း သူတို့မှာ ရှိတယ်။ ကိုယ်ကျိုးစီးပွား ကာကွယ်ဖို့ အရေး လက်မနှေးတဲ့ သူတို့ အသိုင်းအဝိုင်း တခုလုံး ရှိတယ်။

မကြာသေးခင်ကပဲ နယူးယောက်တိုင်းမ်စ် သတင်းစာက စစ်အုပ်စုရဲ့ ဖေ့စ်ဘွက်အခြေပြုတဲ့ စိတ်ဓာတ်စစ်ဆင်ရေး၊ ဝါဒဖြန့် ချိရေးကွန်ရက်အကြောင်း ဖော်ထုတ်လာတယ်။ နေပြည်တော် အခြေစိုက်ပြီး လူအင်အားရာချီသုံးထားတဲ့ ၂၄ နာရီပတ်လုံး စိတ်ဓာတ် စစ်ဆင်ရေး၊ ဆိုက်ဘာ စစ်ဆင်ရေး လုပ်တဲ့အကြောင်း၊ ဖေ့စ်ဘွက် စာမျက်နှာမျိုးစုံ ဖန်တီးပြီး၊ နာမည်အတုတွေကို ရာထောင်ချီဖန်တီးပြီး လူမျိုးရေး၊ ဘာသာရေး မီးမွှေးတဲ့အကြောင်း ဖော်ထုတ်ထားတယ်။ ဒါပေမဲ့ သူတို့ သိတာက လူမျိုးရေး ပဋိပက္ခတခုတည်းပါ။ စစ်အုပ်စု လုပ်နေတာက အတိုက်အခံ မှန်သမျှ၊ အတိုက်အခံ အဖွဲ့အစည်းမှန်သမျှကို ဦးတည်ပြီး စနစ်တကျ ထိုးနှက်တာ ဖြစ်တယ်။ ပူးသတ်တာ ဖြစ်တယ်။

လူမှုကွန်ရက်မှာတင် စစ်အုပ်စု လှုပ်ရှားတာမဟုတ်ဘူး။ ပင်မမီဒီယာတွေမှာနဲ့ အဖွဲ့အစည်းတွေထဲမှာလည်း လူမြှုပ်ပြီး ကစားပါတယ်။ နိုင်ငံရေးကို တိုက်ရိုက် ပြောင်ကိုင်တွယ်တာတွေရှိသလို ရုပ်ရှင်၊ သဘင်၊ ဂီတ၊ စာပေ နယ်ပယ်အစုံမှာ လူမွေး၊ ပွဲထုတ်ပြီး လူထုစိတ်ဝင်စားမှု နဲ့ ဩဇာကို ဖန်တီးထူထောင်ပြီးမှ အခြေအနေ၊ အချိန်အခါကြည့်ပြီး ထိုးစစ်ဆင်တာလည်း ရှိ တယ်။ ခြုံပြောရရင်တော့ စစ်အုပ်စုရဲ့ တန်ပြန်တော်လှန်ရေး ယန္တရားက ကျယ်ပြန့်တယ်။ အသွင်သဏ္ဌာန် အမျိုးမျိုးနဲ့ အရေအမျိုးမျိုးခြုံပြီး နေရာတိုင်းမှာ ရှိနေတယ်။ ဆယ်စုနှစ်ပေါင်းများစွာ တည်ဆောက်ထားတဲ့ ယန္တရားနဲ့ ခွေးသွားစိတ်တွေပါပဲ။

တော်လှန်ရေးအောင်မြင်ဖို့ စစ်အုပ်စုရဲ့ တန်ပြန်တော်လှန်ရေးကို မုချတွန်းလှန်ရလိမ့်မယ်။ အဲဒီ လိုလုပ်ရာမှာ လွှတ်တော် ကိုယ်စားလှယ်တွေ၊ အစိုးရအဖွဲ့ဝင်တွေနဲ့ ဒီချုပ်ခေါင်းဆောင်တွေက လူထုနဲ့ ပိုထိတွေ့ဖို့ လိုပါတယ်။ အတိုက်အခံ အင်အားစုတွေ၊ မိတ်ဆွေတွေ၊ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ သွေးစည်းဖို့ လိုပါတယ်။ စစ်အုပ်စုနဲ့ ရင်ကြားစေ့ရင်း ပြည်သူနဲ့ ကင်းကွာ၊ မိတ်ဖက် အင်အားစုတွေနဲ့ ကင်းကွာလာရင် စစ်အုပ်စုရဲ့ တန်ပြန်ထိုးစစ်မှာ ရှုံးမှန်းတောင် မသိလိုက်ဘဲ အရှုံးကြီးရှုံး ကျဆုံးသွားနိုင်ပါတယ်။ ရင်ကြားစေ့ရေးရဲ့ နောက်ကွယ်မှာ စစ်အုပ်စုက ငြိမ်ငြိမ်နေတာ မဟုတ်ဘူး။ ရိုးသားတာ မဟုတ်ဘူး။

ဘယ်သူပဲဖြစ်ဖြစ်၊ ဘယ်အဖွဲ့အစည်းကိုပဲ ဖြစ်ဖြစ် စစ်အုပ်စုကတော့ အပြုတ်တိုက်ရေး၊ စစ်နိုင်ရေး၊လက်နက်ချအညံ့ခံရေး ၊ လက်ကိုင်တုတ် အဖြစ်ပြောင်းလဲရေးပဲ လုပ်ပါလိမ့်မယ်။ (ထွန်းအောင်ဂင်း)




# ပြည်တွင်းစစ်ပြဿနာ တကယ်ဖြေရှင်းနိုင်ဖို့

**ဆေဝိုင်**

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်)

နိုင်ငံရေးလေ့လာဖူးကြသူတိုင်း "စစ်ဟာ နိုင်ငံရေးရဲ့ အဆက်၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းမရတဲ့အခါ စစ်ရေးနည်းနဲ့ ဆက်လက် ဖြေရှင်းကြခြင်းဖြစ်ပါတယ်" ဆိုတဲ့ အချက်ကို တီးမိခေါက်မိရှိကြပါတယ်။ ဒါ့အပြင် "နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းရမယ်"ဆိုတဲ့ စကားကိုလည်း အလေးတင်းပြောဆိုနေကြတာကို ကြိမ်ဖန်များစွာ ဖတ်ရှုကြားသိကြရပြီးလည်း ဖြစ်ပါတယ်။

အဲဒီအခြေခံသဘောတရားနှစ်ခုကို လက်တွေ့ထဲမှာ တင်ပြီးကြည့်လိုက်တဲ့အခါ ဒီကနေ့အထိ မပြီးဆုံးနိုင်ဘဲ ရှည်ကြာလျက် ရှိတဲ့ ပြည်တွင်းစစ်နဲ့ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးဆိုတဲ့ ပြဿနာကို အခုလို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ထိုစဉ်က (၁၉၄၈ ခုနှစ်ဆီက) အာဏာရ ဖဆပလလက်ယာဂိုဏ်းအုပ်စိုးသူများက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ ဖြေရှင်းခြင်းမပြုဘဲ ဗမာပြည်ကွန်မြူနစ်ပါတီကို လက်နက်ကိုင် အကြမ်းဖက် ဖမ်းဆီးဖြိုခွဲရာကနေ ပြည်တွင်းစစ်မီး စတင် တောက်လောင်ခဲ့ရတာပါ။ ဒါဟာ "ဖြစ်ရပ်က - အမှန်ရှာ" ဆိုတဲ့ နည်းနဲ့ ဆန္ဒစွဲကင်းကင်းကြည့်မြင်တဲ့ တွေ့မြင်ရတဲ့ သမိုင်းပကတိ အချက်အလက်လည်း ဖြစ်တယ်။

ဒီလို သမိုင်းရဲ့ပကတိအချက်အလက်မှန်ကို အုပ်စိုးသူလူတန်းစားအဆက်ဆက်က နည်းမျိုးစုံနဲ့ ပုံပျက်ပန်းပျက်ဖြစ်အောင် သရုပ်ဖျက်ခဲ့ကြတယ်၊ သရုပ်ဖျက်နေကြဆဲဖြစ်တယ်။ ရောင်စုံသူပုန်၊ သောင်းကျန်းသူ၊ ပြည်ထောင်စုဖြိုခွဲရေး--- စသဖြင့် ဒီအချက်ကိုပဲ (DSA) အမှတ်စဉ် (၆၀) သင်တန်းဆင်းပွဲ မိန့်ခွန်းမှာ ဗိုလ်မင်းအောင်လှိုင် က အခုလို လိုရာဆွဲပြော သွားပါတယ်။

[ "ယနေ့အထိဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်ပဋိပက္ခများ၏ ဇာစ်မြစ်နှင့် စတင်ခဲ့သည့် အချိန်ကာလအရ ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခများသည် တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်များအကြား စတင်ဖြစ်ပွားခဲ့ခြင်းမဟုတ်ဘဲ သက်ဆိုင်ရာ အစိုးရနှင့် တိုင်းရင်းသားများအကြားဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့်အစိုးရ၏ အချုပ်အခြာ အာဏာကို ကာကွယ်ရန် တာဝန်ရှိသည့် အဖွဲ့အစည်း ပီသစွာ ကာကွယ်ဆောင်ရွက်ခဲ့ရခြင်းသာဖြစ်ကြောင်း"]

သူပြောပုံမှာ ပထမအချက်က အရင်းခံဖြစ်တဲ့ "နိုင်ငံရေးပြဿနာ" ကို ဖုံးကွယ်ထားလိုက်ပြီ "ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခများ" လို့ လုံးထွေးဝေဝါးထားတယ်။ ဒုတိယအချက်က " သက်ဆိုင်ရာအစိုးရနဲ့ တိုင်းရင်းသားများအကြားဖြစ်ပွားခဲ့ခြင်း" ဆိုတဲ့ တစိတ်တပိုင်း အချက်အလက်နဲ့ (ယခင်အုပ်စိုးသူဖြစ်တဲ့ ဖဆပလလက်ယာဂိုဏ်းအုပ်စိုးသူနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီအပါအဝင် တိုင်းရင်းသား အဖွဲ့အစည်းများ) ဘက်ကို အပြစ်ပုံချပြီး၊ ကိုယ်လွတ်ရုန်းထားတယ်။ ဒါ့အပြင် "နိုင်ငံတော်နှင့်အစိုးရ၏ အချုပ်အခြာအာဏာကို ကာကွယ်ရန်

တာဝန်ရှိသည့် အဖွဲ့အစည်း ပီသစွာ ကာကွယ်ဆောင်ရွက်ခဲ့ရခြင်းသာဖြစ်ကြောင်း" လို့ ဆိုကာ တဖက်သတ်လုပ်ကြံပြီး မဂ်လာယူထားတယ်။ စစ်တပ်နဲ့အစိုးရဟာ တခြားစီဖြစ်တယ်၊ စစ်တပ်ဟာ အစိုးရ လက်အောက်ခံမဟုတ်ဘူးလို့ ထပ်ပြောတဲ့ အဓိပ္ပာယ် ထွက်ပါတယ်။

တကယ်က ပြည်တွင်း စစ်စတင်ဖြစ်ပွားချိန်က ဖဆပလအစိုးရနဲ့ ဗိုလ်နေဝင်းတို့ဟာတစည်းတလုံးတည်း အကြံတူ ဉာဏ်တူတွေဖြစ်ပြီး ဖဆပလကွဲပြီးနောက်မှသာ စစ်တပ်ဟာ အစိုးရလက်အောက်ခံမဟုတ်ဘူးလို့ အာဏာသိမ်းမှုနဲ့ ပြောင်ကြေညာခဲ့တာလို့ ဆိုနိုင်ပါတယ်။ဘယ်လောက် ကမောက်ကမနိုင်လိုက်ပါသလဲ။ ဒါဟာ သမိုင်းရဲ့ပကတိဖြစ်ရပ်တွေကို လိုသလိုပေါက်လွှတ်ပဲစား ပြောနေရေးနေတာမျိုးသာ ဖြစ်ပါတယ်။

ဒီအချက်မှာတော့ (ကာချုပ် ဗိုလ်မင်းအောင်လှိုင်နဲ့ ဘူးလက်ဗိုလ်လုဆွေတို့ စစ်အုပ်စုခြံပေါက်၊ ဒေါ်စိန်အေး တကျောင်းတည်းဆင်းတွေဆိုတော့ သူတို့ စဉ်းစား တွေးခေါ်ပုံနဲ့ပြုမူ ပြောဆိုပုံက တလေသံတည်း၊ တညီတညာတည်း ဖြစ်နေတယ်။ ဘူးလက်ဗိုလ်လုဆွေက သူ့ရဲ့ ကဗျာဆိုတာထဲမှာ "စစ်ပွဲကို ဖန်တီးတာ နိုင်ငံရေးသမား" တဲ့)။

အချက်အလက်အရပဲ စပြောပါ့မယ်။

၁။ ထိုစဉ်က အစိုးရ ဖြစ်တဲ့ အာဏာရ ဖဆပလလက်ယာဂိုဏ်းဟာ ၁၉၄၈ ခုနှစ်ကနေ ၁၉၆၂ ခုနှစ်အထိ (၁၄) နှစ်ခန့်သာ အုပ်စိုးခဲ့တာပါ။ အဲဒီအထဲမှာ ၁၉၅၈ ခုနှစ် စက်တင်ဘာလ (၂၈) ရက်ကနေ ၁၉၅၉ ခုနှစ် ဧပြီလ (၄) ရက်နေ့ အထိ ဗိုလ်နေဝင်း စစ်အုပ်စုက အကျပ်ကိုင် အာဏာသိမ်းထားတဲ့ "အိမ်စောင့်အစိုးရ" ကာလကို ထည့်တွက်ပါ။

၂။ ရွေးကောက်ပွဲနည်းနဲ့ "အာဏာရ" လာတဲ့ (ပထစ) အစိုးရကို ဖမ်းဆီးပြီး ထိုစဉ်က တည်ဆဲဥပဒေဖြစ်တဲ့ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ် ပုံအခြေခံဥပဒေကို စစ်ဖိနပ်နဲ့နင်းချေပြီး အာဏာသိမ်းခဲ့တာဘယ်သူတွေလဲ။

၃။ ၁၉၅၈ မှာ ဝတ်စုံပြည့် ဇာတ်တိုက်ခဲ့တဲ့ "ဗိုလ်နေဝင်းစစ်အုပ်စု" ဟာ ၁၉၆၂ မှာ အပြီးအပြတ် အာဏာသိမ်းပိုက်ခဲ့တယ် မဟုတ်ပါလား၊ အဲဒီလို စစ်အုပ်စုအဆက်ဆက်က အာဏာသိမ်းပိုက်ထားမှုကာလဟာ ယနေ့အထိအပဲ မဟုတ်ပါလား။ ဒါဟာ ခြုံငုံ ဖော်ပြချက်ပါ။ ဒီအချက်ထဲမှာ "တော်လှန်ရေးကောင်စီ၊ (မဆလ)၊ (နဝတ- နအဖ)၊ ၂၀၀၈ အခြေခံဥပဒေ" စသဖြင့် စစ်အုပ်စု အဆက်ဆက်က အရေခွံအမျိုးမျိုးနဲ့ ဖုံးကွယ်လှည့်စားအုပ်စိုးခဲ့တဲ့ ကာလတွေပါရှိနေပါတယ်။ အနှစ်သာရ အရကတော့ ၁၉၆၂ ကနေ ယနေ့အထိ စစ်အုပ်စုက တိုင်းပြည်ရဲ့အာဏာကို ဆက်လက်ချုပ်ကိုင်ထားဆဲဖြစ်တယ်ဆိုတဲ့အချက်ပါ။

အထက်ပါ အချက်အလက် ၃ ခုပေါ်ကနေ (၁၉၄၈ ခုနှစ်ကနေ ယနေ့အထိ) ဖြတ်သန်းလာတဲ့ ဖြတ်သန်းနေဆဲဖြစ်တဲ့ သမိုင်းဖြစ်စဉ်ကို ဆန္ဒစွဲကင်းကင်းနဲ့ ကြည့်မယ်ဆိုရင် အောက်ပါ အချက် ၃ ချက်ကို ရိုးရှင်းလွယ်ကူစွာ ကောက်ချက်ချနိုင်မှာ ဖြစ်ပါတယ်။

- ပြည်တွင်းစစ်ကို အကြောင်းပြုပြီး (ဖျံနှစ်ကောင်ပုံပြင်ထဲက ငါးကြင်းဝမ်းပျဉ်းသားကို မြေခွေးစားတဲ့နည်းနဲ့ အာဏာရ လာတဲ့ ) စစ်တပ်ကြီးတခုလုံးကို ခါးပိုက်ဆောင်တပ်သဖွယ်ချုပ်ကိုင်လာနိုင်ကာ နိုင်ငံရေးဇာတ်ခုံပေါ်တက်လာသူ၊
- ပြည်တွင်းစစ်ကို စစ်အုပ်စု အာဏာတည်မြဲရေးအတွက် ထိန်းသိမ်းမွေးမြူရှည်ကြာစေခဲ့သူ၊
- ပြည်တွင်းစစ်နဲ့ ကြွယ်ဝချမ်းသာလာသူဟာ အဆက်ဆက်သော စစ်အုပ်စုပဲဖြစ်တယ်ဆိုတာ အထင်ရှားမြင်တွေ့ရပါလိမ့်မယ်။

ချုပ်လိုက်ရင်-

(ဖဆပလ အစိုးရလက်ထက်) ဒီမိုကရေစီကင်းမဲ့ အကြမ်းဖက်ဖိနှိပ်ဖြို့ခွဲပြီး ပြည်တွင်းစစ်မီးကို မွေးခဲ့တယ်။ (စစ်အုပ်စုနဲ့ စစ်အစိုးရအဆက်ဆက်ဟာ စစ်တပ်ဆိုတဲ့ စစ်ဗျူရိုကရေစီယန္တရားကို အသုံးပြုကာ) ပြည်ထောင်စုမပြိုကွဲရေး အကြောင်းပြလို့ စစ်တပ်က အာဏာ သိမ်းတယ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အကြောင်းပြလို့ ပြည်တွင်းစစ်ကိုတိုးချဲ့တယ်၊ အချုပ်အခြာအာဏာ အကြောင်းပြလို့ အာဏာလက်မလွှတ်တော့ဘူး။

၂၀၀၈ ဟာ(စစ်အုပ်စုရဲ့ အရေးသုံးပါး - အယုတ်တရား) ကို ဌာပနာထားတာပါ။

ဒီအပေါ်ကနေ တဆင့်တိုး ကောက်ချက်ချနိုင်မှာတွေကတော့ ပြည်တွင်းစစ်ဟာ ရှည်ကြာလှတဲ့အပြင် ပိုမိုပြီး ကျယ်ပြန့် လာပါတယ်။ တိုင်းရင်းလူမျိုးစုတိုင်းလိုလိုက စစ်အုပ်စုအုပ်စိုးသူများကို လက်နက်စွဲကိုင်တော်လှန်ခဲ့ကြပါတယ်။ တော်လှန်နေကြဆဲ ဖြစ်ပါတယ်။ ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီး ဖြစ်ပွားလာပြီးတဲ့နောက်မှာတော့ ကျောင်းသားလူငယ်များကနေ ဦးဆောင်ထူထောင်တဲ့ "ကျောင်းသားတပ်မတော်" ဆိုတာပင်ပေါ် ပေါက်လာပါတယ်။ တိုင်းပြည်နဲ့လူထုဟာ ဒေသတွင်းနဲ့ နိုင်ငံတကာ အလယ်မှာ ဆင်းရဲမွဲပြာကျသွားရပြီး၊ စစ်အုပ်စုဝင် စစ်ဗိုလ်ချုပ်ကြီးများနဲ့ မိသားစုများကတော့ ဘယ်ခေတ်ဘယ်ကာလနဲ့မှ မတူအောင် ထားစရာမရှိအောင်၊ ဖုံးကွယ်လို့မရအောင် ချမ်းသာကြွယ်ဝလာတဲ့ အချက်ပါ။ လက်တွေ့မှာတော့ ကာချုပ်ဗိုလ်မင်းအောင်လှိုင်ပြောနေသလို "မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့်အစိုးရ၏ အချုပ် အခြာ အာဏာကို ကာကွယ်ရန် တာဝန်ရှိသည့် အဖွဲ့အစည်း ပီသစွာ ကာကွယ်ဆောင်ရွက်ခဲ့ရခြင်း" ဆိုတဲ့ အချက်ဟာ အရှက်ကင်းမဲ့လှတဲ့ အင်မတန်ပြောင်ကျလွန်းတဲ့ လိမ်ညာပြောဆိုချက်သာဖြစ်တယ်ဆိုတာ အလွန်ရှင်းလင်းမြင်သာစေပါတယ်။ တပ်မတော်ကို တလက်ကိုင် ကြေးစားတပ်အဖြစ် အသွင်ပြောင်းကာ စစ်အုပ်စုအကျိုးစီးပွားကို ကာကွယ်ဖို့ ပြည်တွင်းစစ်တိုက်ခိုင်းနေတာ ဖြစ်တယ်။

စစ်တပ်ကို ခါးပိုက်ဆောင်တပ်သဖွယ် လုပ်ထားနိုင်တဲ့ စစ်အုပ်စုဟာ ၂၀၀၈ အခြေခံဥပဒေကို စိတ်ကြိုက်ရေးဆွဲ အတည်ပြုလာနိုင်ခဲ့ပြီး၊ နိုင်ငံတော်နဲ့ အစိုးရတို့ကို ထင်သလို ခြယ်လှယ်စေစားနိုင်တဲ့ အနေအထားကို "၂၀၀၈ အခြေခံဥပဒေ" မှာ ပါရှိတဲ့ "ပုဒ်ထီးပုဒ်မတွေ" နဲ့ ပိုင်ပိုင်နိုင်နိုင် သိမ်းပိုက်ရယူထားတယ် မဟုတ်ပါလား။

အုပ်စိုးသူဆက်ဆက်ရဲ့ ပြည်တွင်းစစ်ပေါ်လစီဟာ ပြည်သူဆန့်ကျင်ရေး၊ ကွန်မြူနစ်ဆန့်ကျင်ရေး ဖြစ်ပါတယ်။ ပြည်သူ့ဆန္ဒကို ဆန့်ကျင်ချေမှုန်းတဲ့ စစ်ပွဲဖြစ်ပါတယ်။ လူမျိုးပေါင်းစုံပြည်သူများရဲ့ဆန္ဒဟာ ပြည်တွင်းစစ်ပြဿနာကို ဆွေးနွေးအဖြေရှာဖို့ ဖြစ်ပါတယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ အဖြေရှာဖို့ဖြစ်ပါတယ်။ ဒါကို အပြုတ်တိုက်ချေမှုန်းတဲ့နည်း၊ "ငြိမ်းချမ်းရေးအတု"နဲ့ မျှားခေါ် ဖဲ့ထုတ်ပြီး အကျပ်ကိုင် လက်နက်ချတဲ့နည်းနဲ့ အုပ်စိုးသူအဆက်ဆက်က ပြည်တွင်းစစ်ပြဿနာကို ဖြေရှင်းခဲ့ကြတာပါ။ ဒါကြောင့်လည်း "မတရား တဲ့စစ်" ဖြစ်တဲ့ ပြည်တွင်းစစ်ဟာ ရှည်ကြာနေခဲ့ရတာပါ။

အခုလည်း စစ်အုပ်စုက NCA နဲ့ အကျပ်ကိုင်နေပါတယ်။ ဒို့တာဝန်အရေးသုံးပါး၊ ကာချုပ်ရဲ့ ငြိမ်းမူ ၆ ရပ်ဆိုတဲ့ မြှူးတွေ၊ ကျုံးတွေထဲကို ချော့မြှူတဲ့နည်း၊အကျပ်ကိုင် ခြိမ်းခြောက်တဲ့နည်း ၊ စီးပွားရေးစားကွက်ပေးပြီး မျှားယူအသွင်ပြောင်းတဲ့နည်း၊ စစ်ရေးအရ ဝိုင်းပတ် ထားတဲ့နည်း စတဲ့နည်းပေါင်းစုံ လုပ်ဆောင်နေပါတယ်။ " (PNO) အသွင်ပြောင်းပြည်သူ့စစ်ဌာနေအဖွဲ့ နာယက ဦးအောင်ခမ်းထီ နဲ့ အဖွဲ့" ကို "ကာချုပ်ကလေး" ကရော၊ ကန့်လန့်ကာနောက်ကွယ်က "ကာချုပ်ကြီး"ကပါ အရေးအရာပေးပြီး ခေါ်တွေ့ နေတာဟာ "အရက်၊ ဆေးလိပ်မသောက်ဖို့၊ ကွမ်းမစားဖို့၊ ကံကို မယုံကြနဲ့" လို့ မှာကြားဖို့လောက်တင် ဟုတ်ဟန်မတူပါဘူး။ ဒီချုပ်အစိုးရနဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကို စစ်အုပ်စုက သူတို့ အနေနဲ့ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအပေါ် ဘယ်လိုမီးသေတယ်၊ ဘယ်လိုဖဲ့ထုတ်အသွင်ပြောင်းထားသလဲဆိုတာကို "စံပြ" သဘောနဲ့ ကြွားလုံးထုတ်နေတာဖြစ်သလို အခြားတဖက်ကလည်း ဒီလမ်းကို အားလုံးလိုက်ကြရမယ်လို့လည်း နမူနာအဖြစ် ပြသ နေတာလည်း ဖြစ်မယ်လို့ ယူဆရပါတယ်။

၂၀၀၈ ခြေဥ နိုင်ငံရေးအကျပ်အတည်း၊ ၂၁ ပလုံ ငြိမ်းချမ်းရေးအကျပ်အတည်း နှင့်အတူ အနောက်အုပ်စုရဲ့ဖိအားနဲ့ ICC ကပ်သင့်နေတဲ့ ကာချုပ်ကလေးဟာ စစ်အုပ်စုအစဉ်အဆက် ရိုက်သွင်းထားခဲ့တဲ့ ပုပ်သိုးနေတဲ့ အတွေးအခေါ်ဟောင်းတွေကို ဆက်လက်ကိုးကွယ်နေတုန်းပဲ ဖြစ်ပါတယ်။

ကာချုပ်ဗိုလ်မင်းအောင်လှိုင်က (DSA) အမှတ်စဉ် (၆၀) သင်တန်းဆင်းပွဲပြောဆိုချက်ထဲမှာ ဒီချုပ်အစိုးရနဲ့ တိုင်းရင်းသား လက်နက်ကိုင်အင်အားစုတွေကို ဖိအားပေးထားတဲ့ အချက် နှစ်ချက်ကိုလည်း အခုလိုထည့်ပြောသွားပါတယ်။

["ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် Time Frame ရေးဆွဲထားရန် လိုကြောင်း"] ဆိုလိုတာသူတို့ စကားပြောနေတာအကန့်အသတ်ရှိကြောင်း၊ အချိန်မရွေး တိုက်ပွဲတွေ ပြန်ဖြစ်လာနိုင်မှာဖြစ်ကြောင်းပါ။

["နိုင်ငံရေးဆိုင်ရာ ကတိကဝတ်များနှင့်အတူ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းလုပ်ငန်းစဉ်များကိုလည်း တပြိုင်တည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း" ] နိုင်ငံရေးစကားလည်းပြော၊ လက်နက်လည်းချလို့တောင်း ဆိုတာဖြစ်ပါတယ်။

ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး တကယ်ရနိုင်ဖို့ဆိုရင် "စစ်အုပ်စုနဲ့ ၂၀၀၈ အခြေခံဥပဒေ" ကို အကုန်အစင် ဖျက်သိမ်းရေး တို့ကို ပီပီပြင်ပြင် ဆောင်ရွက်နိုင်မှသာ ဖြစ်မြောက်လာနိုင်စရာရှိပါကြောင်း။

# ရိုးသားပါ ငြိမ်းချမ်းရေးနဲ့ မကစားပါနဲ့

ညီဌေးကျော်



နောက်ဆုံးတော့ တပ်ချုပ် မင်းအောင်လှိုင်က NCA လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆွေးနွေးနိုင်ရန်၊ စစ်ဆင်ရေးများ ရပ်ဆိုင်းတဲ့အနေနဲ့ မြောက်ပိုင်း ၈ ဖွဲ့ လှုပ်ရှားရာ စစ်တိုင်း ၅ တိုင်းမှာ ၄ လကျော် (၂၀၁၉ ဧပြီ ၃၀ အထိ) အပစ်အခတ်ရပ်စဲကြောင်း ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။ ဒါဟာ တရုတ်အစိုးရ ကြားဝင်ဆောင်ရွက်မှုကြောင့် ခွန်မင်းဆွေးနွေးပွဲအပြီး ပေါ်ပေါက်လာတဲ့ အရွေ့ တရပ်ဖြစ်ကြောင်း သိသာပါတယ်။

ကြေညာချက်မှာ ယခင်လို (လက်နက်ကိုင်လမ်းစဉ် စွန့်လွှတ်ကြောင်း) ကြေညာဖို့ မတောင်းဆိုတော့ဘူး။။ မြောက်ပိုင်း တိုင်းရင်းသား လက်နက်ကိုင် ၃ ဖွဲ့ (ကိုးကန့်၊ တအာန်း၊ ရခိုင်) ရဲ့ ကြေညာချက်အတိုင်း ( စစ်ရေးနည်းလမ်းမှအပ နိုင်ငံရေးနည်းလမ်းဖြင့်) ဆိုတာကိုပဲသုံးနှုန်းထားတယ်။ ဒါ့အပြင် တပ်ချုပ်မှု ၆ ချက် အစား ၄ ချက်ပဲ ပြောလာတယ်။ ပြဿနာအတက်ဆုံးဖြစ်တဲ့ အရေးသုံးပါး နဲ့ ၂၀၀၈ အတိုင်း ဆိုတဲ့ နံပါတ် ၆ အချက် ထည့်မပြောတော့ဘူး။ (လောလောဆယ်မပြောတာပါ၊ စွန့်လွှတ်လိုက်ပြီလို့ အဓိပ္ပာယ်မရပါဘူး)။

နောက်ထပ် အရေးကြီးတဲ့အချက်က တပြည်လုံးအပစ်ရပ်တာ မဟုတ်ပါဘူး။ စစ်တိုင်း ၅ တိုင်းမှာ အချိန် အကန့်အသတ်နဲ့ ရပ်တာဖြစ်တယ်။ သမ္မတရုံးပြောခွင့်ရ ဦးဇော်ဌေးပြောသလို ရခိုင်မှာ ARSA ကြောင့် အပစ်မရပ်တာ ဆိုတာလည်း သဘာဂမကျပါဘူး။ ရခိုင်မှာက ယခုတလော တိုက်ပွဲဖြစ်ပွားနေတာက AA နဲ့ ဖြစ်နေတာပါ။

ဗိုလ်မင်းအောင်လှိုင် ဖွဲ့စည်းပေးတဲ့ ဒုဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်တဲ့တပ်ကော်မတီက သီးခြားအနေအထားကို ယူထားပြီး၊ ဒေါ်စုဦးဆောင်တဲ့ ငြိမ်းချမ်းရေး ကော်မရှင် PC (အစိုးရ)နဲ့ လက်နက်ကိုင်အဖွဲ့များ ဆွေးနွေးရာမှာ၊ လိုအပ်ပါက တပ်က ပါဝင်မည်လို့ ဆိုထားပါတယ်။ ဘယ်လိုပါဝင်မှာလဲ။ အထက်ကလား အောက်ကလား ဘေးတိုက်လား မရှင်းပါ။ ဒီချုပ်နဲ့ စစ်အုပ်စု လူခွဲကစားနေသော်လည်း ရင်ကြားစေ့ပေါ်လစီအောက်မှာ သူ့နည်းသူ့ဟန်နဲ့ ဆက်သွယ်ရေးလမ်းကြောင်းတွေ ရှိပါလိမ့်မယ်။

၂၀၂၀ ပြည့်နှစ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြီးမြောက်ဖို့လည်း အချိန်ဇယား ချထားတဲ့အကြောင်း ထပ်ပြောသွားတယ်။ (ဒီ ချုပ်ပြောခွင့်ရကလည်း ဒီလိုပဲ ပြောထားတယ်)။ ၂၀၂၀ ဟာ ရွေးကောက်ပွဲနှစ်ဆိုတော့ အချိန် သိပ်မကျန်တော့ပါဘူး။ ငြိမ်းချမ်းရေး ရတာ မရတာထား၊ ယာယီထွက်ပေါက် ရရေးအတွက် ငြိမ်းချမ်းရေးနဲ့ နိုင်ငံရေးကစားကွက် ထွင်ရင်တော့ အန္တရာယ်များလှပါတယ်။

တပ်ချုပ်မင်းအောင်လှိုင် ဆက်ပြောသွားတာက(လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးနှင့် ပြည်ထောင်စု သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး သတ်မှတ်လုပ်ငန်းစဉ်များအတိုင်း) ဆောင်ရွက်သွားမယ် ဆိုတော့ကာ - ပြည်ထောင်စု အပစ်ရပ် သဘောတူစာချုပ် NCA ကို ၂၀၂၀ အပြီးလက်မှတ်ထိုးရေးကို တွန်းလုပ်ပြီး တပ်ပြု ပြင်ပြောင်းလဲရေးနဲ့ ပြည်ထောင်စုကိစ္စကို (၂၀၀၈ ဘောင်ထဲက လို့တော့ ပြောင် မပြောပေမယ့်) နောက်တန်း ပို့လိုက် တဲ့ သဘောပါပဲ။

တကယ်က ဗမာပြည်နိုင်ငံရေးဟာ လမ်းစပျောက် တစ်ဆို့ deadlock နေတာပါ။ နိုင်ငံရေး အကျပ်အတည်း(၂၀၀၈) ၊ စစ်ရေး အကျပ်အတည်း(ငြိမ်းချမ်းရေး) ၊ သံတမန်ရေးအကျပ်အတည်း(ရိုပြဿနာ) ၊ စီးပွားရေး အကျပ်အတည်း (အကျယ်မပြောတော့) ဘာတခု မှ ပြေလည်ရေးလမ်းစမမြင်၊ မုန့်လုံးစက္ကူကပ် ဖြစ်နေတာပါ။ အခုတော့ တရုတ်ကြားဝင်မှုနဲ့ အရွေ့တရပ် ဖြစ်ပေါ်လာပါပြီ။

ဘာအကြောင်း ကြောင့်ပဲ ရွှေ့ရွှေ့ တစ်ဆိုနေတာထက် ရွှေလျားနေတာက ကောင်းပါတယ်။ တရုတ်ပါဝင်မှုက ပြင်ပအကြောင်းအချက်ပါ၊ ကိုယ့်ပြည်တွင်းရေးပြဿနာကို ကိုယ့်ဘာသာ ဖြေရှင်းရမှာပါ။ ထိုင်ဝမ်ပြဿနာ တင်းမာနေတဲ့ ကာလများက (၂၈ ရာစု ကုန်ပိုင်း) တရုတ်ဗိုလ်ချုပ်ကြီးတဦးရဲ့ ထင်ရှားတဲ့ ပြောစကားတရပ် ရှိပါတယ်။ သူပြောသွားတာက (အချုပ်အခြာအာဏာနဲ့ ဖွံ့ဖြိုးတိုးတက်ရေးမှာ တခုကိုရွေးပါဆိုရင် အချုပ်အခြာအာဏာကိုပဲ ရွေးမယ်) တဲ့။ ဗမာပြည် ဗိုလ်ချုပ်ကြီးများကတော့ အချုပ်အခြာကို အပေါင်ခံကာ တိုင်းပြည်ကိုအိမ်တိုင်ချွတ် ရောင်းစားခဲ့ကြပါတယ်။

၂၀၁၈ အသက်ဝင်ဖို့နဲ့ အနောက်အုပ်စု ဒဏ်ခတ်ပိတ်ဆို့မှုက လွတ်ဖို့အတွက် တရုတ်ကို ကြောက်ပြခဲ့ကြပြန်ပါတယ်။ ICC ဘေးသင့်ပြန်တော့ တရုတ်ကြားဝင်မှုအပေါ် စစ်အုပ်စုအာဏာမြဲရေး အထိုင်ပေါ်ကနေ ငြိမ်းချမ်းရေးနဲ့ ကစားကွက်ထွင်ဖို့ ကြံပြန်တယ်။

စစ်ဗိုလ်ချုပ်ကြီးများကို တိုက်တွန်းချင်တာက ရိုးသားပါ၊ စစ်တန်းလျားကိုပြန်ပါ ။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေး ခေတ်ရေစီးကို ရှောင်လွှဲလို့မရဘူး။ ဗမာပြည် လူမျိုးပေါင်းစုံ ပြည်သူတွေရဲ့ နိုင်ငံရေးနိုးကြားမှုကို အထင်မသေးပါနဲ့၊ရေအေးနဲ့ပက်လို့ မရဘူး ဆိုတာပါပဲ။



# ဗမာပြည်မှာစစ်အာဏာရှင်စနစ် တည်ရှိနေသမျှ စစ်မှန်တဲ့ရေရှည်ငြိမ်းချမ်းရေးလုံးဝမရနိုင်ဘူး

စိုးပိုင်

ဒီဇင်ဘာ ၂၁ ရက်နေ့မှာတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးကနေပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေး အတွက် ထုတ်ပြန်ချက် ဆိုတာထွက်လာတယ်။ အဲ့ဒီရက်မှာပဲ အစိုးရ စာနယ်ဇင်းအဖွဲ့ဖြစ်တဲ့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အဖွဲ့ဝင်တွေနဲ့တွေ့ပြီး ဒီကြေညာချက်ကိုထုတ်ပြန်လိုက်တာလည်းဖြစ်တယ်။"အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရဲ့ ကာချုပ်ရုံးထုတ်ပြန်ချက်ကို ကြိုဆိုကြောင်း တပြိုင်နက်ထုတ်ပြန်ပေးခဲ့တယ်။ ကာချုပ်ရုံးကဒီကြေညာချက်ကို အသေအချာပြင်ဆင်ပြီးမှ ထွက်လာတာပဲ။

ဒီဇင်ဘာ ၁၂ ရက်နေ့က ကိုးကန့်အဖွဲ့ ( MNTJP)၊ပလောင်အဖွဲ့ (PSLF)ရခိုင်တပ်မတော် (ULA)၊ တို့က စစ်ရေး ဆောင်ရွက်မှုတွေ အရင် ရပ်တန့်ပြီး နိုင်ငံရေးနည်းလမ်းနဲ့ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်မှာ ဆက်လက်ပါဝင်သွားမယ်ဆိုတဲ့ ကြေညာချက်ကို ထုတ်ပြန်ခဲ့တယ်။ ဒီ ကြေညာချက်ကိုအကြောင်းပြုပြီးကာချုပ်ရုံးကအခုလို တုံ့ပြန်လိုက်တဲ့သဘောပဲ။

မြောက်ပိုင်းအခြေစိုက် လက်နက်ကိုင်သုံးဖွဲ့ရဲ့ ကြေညာချက်က အဓိကအားဖြင့် တရုတ်နိုင်ငံရဲ့တွန်းအားကြောင့်ဖြစ်တယ်။ တရုတ်ပြည်က ဒီလက်နက်ကိုတိုင်းရင်းသားအဖွဲ့တွေကိုသာမက၊ တဖက်က အာဏာရစစ်ဗိုလ်ချုပ်တွေကိုလည်း တွန်းအားပေးနေတာ ဖြစ်တယ်။ အကြောင်းကတော့ တရုတ်က သူ့နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်တဲ့ပတ်ဝန်းကျင်ရှိဖို့လိုအပ်တယ်။ အထူးသဖြင့် သူ့စီးပွားရေးလမ်းကြောင်းနဲ့ ထိတွေ့ဆက်စပ်နေတဲ့ နယ်မြေဒေသတွေမှာ ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကို ပြေလည်စေချင်

တယ်။ ဒါကြောင့် ဗမာပြည်ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အထူးသဖြင့် တရုတ်နယ်စပ်မှာရှိတဲ့ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့တွေနဲ့ ပတ်သက်တဲ့အပိုင်းမှာ ထဲထဲဝင်ဝင် ပါဝင်ပတ်သက်နေတယ်။ ဗမာပြည် ငြိမ်းချမ်းရေးဖြစ်စဉ်ကာလအတွင်း တရုတ်ထိပ်တန်းသံတမန်တွေ ဗမာပြည်ကို ကူးချည်သန်းချည်နဲ့အလုပ်များနေတာ သတင်းတွေထဲမှာတွေ့နေကြရတယ်မဟုတ်လား။

## အကြောင်းရင်းခံအချက်အလက်

ဗမာစစ်တပ် ကာချုပ်ရုံးကြေညာချက်ထုတ်ရတာနဲ့ပတ်သက်လို့ တရုတ်ပြည်ရဲ့တွန်းအားဆိုတဲ့ အကြောင်းအချက်အပြင် အခြားအကြောင်းအချက်တွေလည်းရှိတယ်။ ရခိုင်ဒေသမြောက်ပိုင်းမှာစစ်တပ်က မွတ်စလင်ဘာသာဝင်တွေအပေါ် အစုလိုက် သတ်ဖြတ်မှုတွေလို လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်မှုတွေကြောင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာရဲ့ဖိအားပေးမှုတွေ လျှော့ဖို့ကြံရွယ်ချက်လည်း ပါတယ်။ နောက်တကြောင်းကတော့ NCA စာချုပ် သုံးနှစ်မြောက်နေ့ အခမ်းအနားမှာ ကာချုပ် ဗိုလ်မင်းအောင်လှိုင်ရဲ့ အခမ်းအနား တက်ရောက်တဲ့သူအားလုံးကို ငေါ့စကားနွှားရစော်ကားမော်ကားပြောသွားတဲ့မိန့်ခွန်းစကားကြောင့် NCA လက်မှတ်ရေးထိုးထားပြီးတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းကြီးအချို့က သူတို့ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ပြန်ဆန်းစစ်သုံးသပ်လာကြကာ၊ နောင်မှာကျင်းပမယ့် ငြိမ်းချမ်းရေးဆိုင်ရာ အစည်းအဝေးတွေကို တက်ရောက်နိုင်ဦးမှာမဟုတ်ဘဲ ခေတ္တရပ်ဆိုင်းထားမယ်လို့ တုံ့ပြန်ခဲ့ကြတဲ့အတွက်လည်း ဖြစ်တယ်။

ဒီအကြောင်းအချက်တွေကြောင့် ဗိုလ်မင်းအောင်လှိုင်က၊ ထာဝရငြိမ်းချမ်းရေးကို ပြည်သူတွေရဲ့ လက်ထဲ အပ်နှင်းပါမယ့်ဆိုတဲ့ သန္နိဋ္ဌာန်စကားဆိုတာကို ပြန်လည်ကိုးကားသုံးစွဲပြီး ဒီကြေညာချက်ကို ထုတ်ပြန်လိုက်တာပါ။ တိုးတိုးတိတ်တိတ် ထွက်လာတဲ့ အသံတချို့လည်း ကြားရပါသေးတယ်။ လက်ရှိတာဝန်ထမ်းဆောင်ဆဲ စစ်အရာရှိ အချို့နဲ့ အငြိမ်းစားစစ်တပ်အရာရှိကြီးတွေအကြားမှာလည်း၊ အဲ့ဒီအခမ်းအနားမှာ ကာချုပ်ဆိုသူ ထုတ်ဖော်ပြောဆိုသွားတဲ့ စစ်အုပ်စုရဲ့ သဘောထားကြောင့် ဗမာပြည်ငြိမ်းချမ်းရေး ပိုပြီး အလှမ်းဝေးသွားမှာ စိုးရိမ်ပြီး မကျေနပ်တဲ့ပြောသံဆိုသံအချို့ပါ။ ဒါဟာ ဟုတ်တယ်ဆိုရင်တောင် အရေးပါတဲ့အကြောင်းအချက်တော့ မဖြစ်လောက်ပါဘူး။ ဒီကြေညာချက်ရဲ့အနှစ်သာရက စစ်အုပ်စုရဲ့မရိုးသားမှုနဲ့မောက်မာမှုပဲ။

စစ်တိုင်း ၅ ခုမှာ စစ်ဆင်ရေးနယ်မြေအလိုက် စစ်ရေးဆိုင်ရာလှုပ်ရှားမှုတွေကို ၄ လကျော်ကျော် ရပ်ဆိုင်းပေးမယ် လို့ပြောတယ်။ ဒါပေမဲ့ တိုက်ပွဲတွေ ဆက်တိုက်ဖြစ်နေပြီး၊ ဒေသခံပြည်သူစစ်ပြေးဒုက္ခသည်တွေ ရာနဲ့ချီပြေးလွှားနေရတဲ့ ရခိုင်ဒေသ၊ ချင်းဒေသက စစ်တိုင်းတွေတော့ မပါဘူး။ ဒီဒေသမှာ လက်နက်ကိုင်ပဋိပက္ခဖြစ်နေတာကလည်း အာဆာခေါ် ရိုဟင်ဂျာအဖွဲ့တွေနဲ့ မဟုတ်ဘဲ အခု ကြေညာချက်မှာပါတဲ့ ရခိုင်တပ်မတော်နဲ့ အဓိကဖြစ်နေတာပါ။ နောက်ပြီးသတိထားဖို့က အချိန်အကန့်အသတ်နဲ့ စစ်ဆင်ရေးရပ်ဆိုင်းမယ်လို့ပဲ ပြောတာ။ အပစ်အခတ်ရပ်စဲမယ်လို့ လုံးဝ ပြောတာမဟုတ်ဘူး။ ဒါတောင် ကြိုတင်စည်းကမ်း သတ်မှတ်ချက်တွေနဲ့။

အဲ့ဒါတွေက ကာချုပ်ရဲ့ ငြိမ်းချမ်းရေးမူဝါဒ (၆) ဆိုတဲ့အထဲက အရေးအကြီးဆုံးအချက် (၄) ချက်အပြင်၊ လက်နက်ကိုင် တိုင်းရင်းသားအချင်းချင်း မတိုက်ဖို့နဲ့ ဒေသခံလူထုတွေအပေါ်အနိုင်မကျင့်ဖို့ဆိုပြီး၊ ဆုံးမထားသေးတယ်။ ဒါအပြင် အစိုးရအုပ်ချုပ်ရေးယန္တရား အဆင့်ဆင့်နဲ့လမ်းပန်းဆက်သွယ်မှုတွေ မထိခိုက်စေဖို့၊ ဆိုတာလည်း ပါသေးတယ်။ ဒီကြိုတင်စည်းကမ်းချက်တွေကို မလိုက်နာ ရင် တပ်မတော်က လိုအပ်သလို တားဆီးဆောင်ရွက်မယ်လို့လည်း ခြိမ်းခြောက်ထားသေးတယ်။

အဲ့ဒီကြိုတင်စည်းကမ်းသတ်မှတ်ထားချက်တွေထဲက ကာချုပ်မူ (၄) ချက်ဆိုတာက(က) သဘောတူ စာချုပ်အတိုင်း ကတိတည်ရန် (ခ) ငြိမ်းချမ်းရေးသဘောတူညီချက်များအပေါ်အမြတ်မထုတ်ရန် (ဂ) ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် (ဃ) နိုင်ငံတော်ကထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများကိုလိုက်နာရန်ဆိုတဲ့အချက်တွေပဲ။ စစ်တပ်ကတောင်းဆိုတဲ့ အဲ့ဒီအချက် (၄) ချက်ကို ပြန်လည်သုံးသပ်ကြည့်တဲ့အခါ သူခိုးကလူဟစ်တယ် ဆိုတဲ့ ရှေးလူကြီးသူမတွေ ပြောတဲ့စကားကို ပြန်သတိရမိတယ်။

စစ်တပ် နဲ့ EAO ၁၀ ဖွဲ့တို့ သဘောတူချုပ်ဆိုထားတယ်ဆိုတဲ့ စာချုပ်ကိုပဲကြည့်။ ဒီစာချုပ်မှာပါတဲ့ သဘောတူညီချက်တွေကို ဘယ်သူတွေကအရင်ဆုံးချိုးဖောက်နေတာလဲဆိုတာ UPDJC ဆိုတဲ့အစည်းအဝေးတွေမှာ EAO တွေဘက်က ထွက်လာတဲ့အသံတွေ နားထောင်ရင် သိကြမှာပါ။ ဥပမာ၊ ကေအင်န်ယူတပ်မဟာ ၃၊ ၅ ဒေသတွေမှာ နှစ်ဘက်သဘောတူထားတဲ့ စာချုပ်ပါသဘောထားကို ချိုးဖောက်ပြီး လမ်းဖောက်တာ၊ တပ်စခန်းအသစ်တွေ စွဲနေတာ ဘယ်သူတွေလဲ၊ ဘယ်ဘက်ကလဲ၊ ကေအင်န်အယ်လ်အေ တပ်ဖွဲ့တွေက စစ်ရေးအရတုံ့ပြန်မှ ဗိုလ်မင်းအောင်လှိုင်စစ်တပ်က တစုံတရာကိုယ်ရှိန်သတ်သွားတာမဟုတ်လား။

NCA ထဲမှာပါတဲ့ DDR,SSR ကို အီးအေအိုတွေဘက်က တပ်ဖျက်၊ လက်နက်ချစေတဲ့နည်းနဲ့အကောင်အထည်ဖော်ဖို့ ဘယ်သူက ဖိအားပေးအမြတ်ထုတ်ဖို့ကြိုးပမ်းနေတာလဲ။ ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်စေရုံသာမက ဒေသခံပြည်သူတွေရဲ့ လယ်ယာမြေတွေအဓမ္မသိမ်းခဲ့တာ၊ ရွာတွေမီးရှို့၊ ဒေသခံလူထုရဲ့ လယ်ယာတွေဖျက်ဆီးခဲ့တာဘယ်သူတွေလဲ။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးသမားတွေဟာ ကိုယ့်ထက်အင်အားအဆမတန်သာလွန်တဲ့ ရန်သူကို အဆင်းရဲ အပင်ပန်းခံ၊ အသက်စွန့်ပြီး မိမိတို့ရဲ့ ပြည်သူလူထုတွေ အဖိနှိပ်ခံဘဝတွေက လွတ်မြောက်ဖို့၊ လူမျိုးတိုင်း နိုင်ငံရေး စီးပွားရေး၊ လူမှုရေး၊ တန်းတူရပိုင်ခွင့်ရရှိရေး၊ လူမျိုးတိုင်း ကိုယ်ပိုင်ပြ

ဌာန်း ခွင့်ရရှိရေးဆိုတဲ့ယုံကြည်ချက်နဲ့တိုက်ပွဲဝင်နေကြတဲ့သူတွေသာဖြစ်တယ်။ ဒီလိုရန်သူကို ရင်ဆိုင်ရာမှာ ရပ်တည်လှုပ်ရှားနိုင်ဖို့ မရှိမဖြစ်လိုအပ်တဲ့ ရိက္ခာ၊ လက်နက်ခဲယမ်း၊ ဆေးဝါး၊ အဝတ်အစား အသုံး အဆောင် စတာတွေအတွက် ဝယ်ယူဖြည့်တင်းဖို့ ဒေသခံလူထုဆီက၊ ရိက္ခာ၊တော်လှန်ရေးရန်ပုံငွေနဲ့ အခွန်အကောက်တွေကို အခြေခံလို အပ်သလောက်သာ ကောက်ခံခဲ့ကြရတယ်။

သက်ဆိုင်ရာဒေသခံလူမျိုးစုံပြည်သူတွေကလည်း အနိမ့်ဆုံးအားဖြင့် သူတို့အသက်အိုးအိမ်၊ လယ်ယာမြေတွေကို အချိန်မရွေး ဒုက္ခပေးတဲ့ အစိုးရစစ်တပ်တွေရဲ့ အန္တရာယ်ကို ကာကွယ်ပေးတဲ့ တော်လှန်ရေးအဖွဲ့အစည်းတွေကို ကူညီရတဲ့အတွက် သူတို့အတွက် ဝန်ထုပ်ဝန်ပိုးလို့ သဘောမထားကြပါဘူး။

စစ်အုပ်စုလို ဆွေးစဉ်မျိုးဆက် စည်းစိမ်ချမ်းသာစွာနေထိုင်ဖို့အတွက် လက်နက်အားကိုးနဲ့ ပြည်သူလူထုဆီကနေ အဓမ္မလုယက်နေကြတာမဟုတ်ပါဘူး။

ချုပ်လိုက်ရင်

ဒီကြေညာချက်ဟာ ဗမာပြည်၊ ပြည်သူလူထုတွေလိုချင်တဲ့ ငြိမ်းချမ်းရေးအတွက် စစ်အုပ်စုရဲ့ ရိုးသားတဲ့ ကမ်းလှမ်းချက်မျိုး လုံးဝ (လုံးဝ) မဟုတ်ဘူး။ ဒီကြေညာချက်ဟာ အဓိကအားဖြင့် တရုတ်ပြည်ရဲ့ တွန်းအား၊ နိုင်ငံတကာရဲ့ဖိအား၊ ငြိမ်းချမ်းရေးဖြစ်စဉ်မှာပါတဲ့ အဓိကတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ စစ်တပ်အပေါ် မယုံကြည်မှုတွေ ပိုမိုတိုးမြင့်လာမှုတွေကြောင့် ထုတ်ပြန်လိုက်ရတာဖြစ်တယ်။ ဒါပေမဲ့`အားနည်းလို့ ငြိမ်းချမ်းရေးစကားပြောနေတာမဟုတ်ဘူး ဆိုတဲ့ မောက်မာတဲ့မာနနဲ့ အထက်စည်းယူပြီး ကြိုတင်စည်းကမ်းသတ်မှတ်ချက်တွေ၊ ခြိမ်းခြောက်မှုတွေအပြည့်နဲ့ဖြစ်တယ်။ ဒါကြောင့် သေချာတာကတော့ ပြည်သူတွေ လိုလားတောင့်တနေတဲ့ ပြည်တွင်း ငြိမ်းချမ်းရေးအတွက် ဘာမှမျှော်လင့်စရာမရှိဘူးဆိုတဲ့အချက်ပဲ။

လွတ်လပ်ရေးရပြီးနောက် စစ်တပ်ဟာ အာဏာရလာတဲ့ ဖဆပလဆိုရှယ်လစ်ခေါင်းဆောင်တွေဖန်တီးခဲ့တဲ့ ပြည်တွင်းစစ်နဲ့ အာဏာရပါတီတွင်းနိုင်ငံရေးအကွဲအပြဲမှာ အသုံးချခံဖြစ်ခဲ့တယ်။ နောက်ပိုင်းဒီစစ်တပ်ရဲ့ ထိပ်ပိုင်းစစ်ဗိုလ်ချုပ်တွေဟာ အာဏာနိုင်ငံရေး နယ်ပယ်မှာတစတစ တွင်ကျယ်လာတယ်။ ဝိဓူရသခင်ချစ်မောင်ပြောသလို ဓနရှင်ဒီမိုကရေစီဘောင်က ကျဉ်းလာပြီး စစ်ဘောင်က ကျယ်လာတယ်။ နောက်ဆုံး ၁၉၆၂ ခုနှစ်မှာ ဗိုလ်နေဝင်းစစ်အုပ်စုရဲ့ အပြီးအပိုင် အာဏာသိမ်းခြင်းကိုခံလိုက်ရပြီး ဗမာပြည်ဟာ အနှစ် ၅၀ ကျော်လာတဲ့အထိ စစ်အာဏာရှင်စနစ်အောက်ကို လုံးလုံး ကျရောက်သွားခဲ့ရတာ ဖြစ်တယ်။ တနည်းပြောရင် စစ်အာဏာရှင်စနစ်ဟာ ပြည်တွင်းစစ်ထဲမှာ စတင်သန္ဓေတည်ပြီး ပြည်တွင်းစစ်ထဲမှာသာ ရှင်သန်ကြီးထွားလာရာက အစွယ်တွေ၊ချို (ဂျို)တွေ ထွက်လာတာဖြစ်တယ်။ ပြည်တွင်းစစ်ကို အကြောင်းပြုပြီး၊ စစ်ဗိုလ်ချုပ်တွေဟာ အာဏာနဲ့ ဥစ္စာဓနအရင်းအနှီးတွေ အဆမတန် ပိုင်ဆိုင်လာကြကာ ဓနရှင်စစ်ဗျူရိုက ရက်ကြီးတွေဖြစ်လာကြတယ်။ စစ်အာဏာရှင်စနစ်အမွေဆိုးကို မျိုးဆက်လိုက် ဆက်ခံခဲ့တဲ့စစ်အုပ်စုဟာ သူတို့ရဲ့ အာဏာ၊ ဥစ္စာဓနအရင်းအနှီးတွေနဲ့ တိုက်ရိုက်ဆက်စပ်နေတဲ့ ပြည်တွင်းစစ်ကို ဘယ်တော့မှအဆုံးသတ်မှာမဟုတ်ပါဘူး။

ဒါကြောင့် ပြည်တွင်းစစ်မရှိရင် စစ်အုပ်စုမဖြစ်တည်နိုင်ဘူး၊ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့စစ်အစိုးရတွေလည်း မပေါ်ပေါက်နိုင်ဘူး။ စစ်အာဏာရှင်စနစ်ဆိုတာလည်း မရှင်သန်နိုင်ဘူး။ တနည်းပြောရင် စစ်အာဏာရှင်စနစ် ရှင်သန်နေသ၍ ဗမာပြည်မှာ ပြည်သူလူထုတွေ လိုလားတောင့်တနေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးဆိုတာ လုံးဝမျှော်လင့်နိုင်စရာအကြောင်းမရှိဘူး။

ဒါကြောင့် တိုင်းချစ်ပြည်ချစ် နိုင်ငံရေးအင်အားစုတွေအနေနဲ့ အဖိနှိပ်ခံလူမျိုးစုံပြည်သူလူထုကြီးကိုအခြေခံပြီး စစ်အာဏာရှင်စနစ်အပြီးတိုင်ချုပ်ငြိမ်းအောင် နိုင်ငံရေးဘုံလုပ်ငန်းစဉ်တခုကို ချမှတ်အကောင်အထည်ဖော်ဖို့ ပိုင်းဂန်းကြိုးပမ်းနိုင်ကြမှသာလျှင် ဗမာပြည်မှာ စစ်မှန်တဲ့ငြိမ်းချမ်းရေးကို ရရှိနိုင်မှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရမှ ဒီမိုကရေစီလည်း ရှင်သန်လာပြီး အမျိုးသားစည်းလုံးညီညွတ်မှုလည်း ရရှိလာနိုင်စရာရှိပါတယ်။ အဲ့ဒီလို ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး တွေပြည့်စုံမှလည်း ကျွန်တော်တို့တိုင်းပြည်ဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်ကို တက်လှမ်းနိုင်မှာဖြစ်ပါတယ်။

**စိုးပိုင်**



# စားပွဲဝိုင်းအပေါ်က ငြိမ်းချမ်းရေးပြဿနာ

ေ

ေ

**မောင်သန်းမြွေ့**

ဘူးသီးတောင်ရဲစခန်း ၄ ခု ကို AA က ဝင်တိုက်တာခံရတဲ့အတွက် (ကာလုံအမည်မတပ်တဲ့) တိုးချဲ့ကာလုံအစည်းအဝေး ခေါ်တဲ့အကြောင်း သမ္မတရုံးပြောခွင့်ရ ဦးဇော်ဌေးက သတင်းစာရှင်းလင်းပွဲလုပ်ပြောတယ် (၇ ဇန္နဝါရီ ၂၀၁၉)။ သမ္မတ၊ အတိုင်ပင်ခံ၊ ကာချုပ် အပါအဝင် ကာလုံ ၁၁ ဦးအပြင် တခြား ၆ ဦးတက်တယ်။  နိုင်ငံတကာဆက်ဆံရေး၊ အပစ်ရပ်ကိစ္စ၊ ပြည်တွင်းလုံခြုံရေး၊ AA ၊ နယ်စပ်လုံခြုံရေး စတဲ့ကိစ္စများ ဆွေးနွေးတယ်လို့ဆိုတယ်။

ဒါဟာ သမ္မတဦးဝင်းမြင့်လက်ထက် ပထမဆုံးခေါ်တဲ့ တိုးချဲ့ကာလုံ အစည်းအဝေးပါပဲ။ (၂၁ မတ် ၂၀၁၈) မှာ နုတ်ထွက်သွားတဲ့ သမ္မတဦးထင်ကျော် လက်ထက်ကတည်းက ကာလုံအစည်းအဝေး ခေါ်ဖို့ အမျိုးမျိုးဖိအားပေး ခံခဲ့ရတာပါ။

ပထမအကြိမ် မောင်းတော နယ်ခြားစောင့် ရဲစခန်း ၃ ခု  အတိုက်ခံရ (၂၀၁၆ အောက်တိုဘာ) ၊ ဒုတိယအကြိမ် ကိုဖီအာနန် အစီရင်ခံစာနဲ့ တချိန်တည်းလို ဘူးသီးတောင် မောင်းတော ရဲစခန်း ၄၀ တပြိုင်တည်း အတိုက်ခံရတယ်လို့ဆိုတဲ့ (၂၅ ဩဂုတ် ၂၀၁၇)  ကာလကတည်းကပါ။ တုတ် ဓား ဂျင်ကလိ လက်လုပ်မိုင်းနဲ့ မီးကျိုးမောင်းပျက်လက်နက်ကိုင် ရာချီတဲ့လူအုပ်ကြီးက (ရေလှိုင်းစစ်ဆင်ရေးနဲ့) ရဲစခန်းများကို ဝင်စီးကြတယ်လို့ဆိုတယ်။  စစ်တပ်က (သွေးချောင်းစီး) နှိမ်နင်းလိုက်တဲ့အခါ ကိုယ့်အိမ်ကိုယ့်ရာကို ကိုယ့်ဘာသာ မီးရှို့ပြီး ထွက်ပြေးသွားကြတယ်လို့လည်း ဆိုတယ်။ ဒီလိုနဲ့ ၇ သိန်းနဲ့  ၁ သန်းကြား ရောမ နယ်စပ်ဖြတ်ကျော် ဒုက္ခသည် ရွှေ့ပြောင်းမှုကြီး ဖြစ်ပေါ်လာတယ်။ ပြဿနာဟာ နိုင်ငံတကာပြဿနာအဖြစ် ကုလစင်မြင့်ထက် ရောက်ရှိသွားပါပြီ။

ရဲစခန်းတွေ အတိုက်ခံရလိုက် စစ်တပ်ကလက်တုံ့ပြန်လိုက် အရေးသုံးပါးနဲ့ အမျိုးသားရေးတာဝန်အရ ပြည်ပရန်ကို  ကာကွယ်ဖို့ တပ်မတော်က ကယ်တင်ရှင်လုပ်လိုက် ဆိုတဲ့ အာဘော်ဖန်တီးရေး လုပ်ဇာတ်ကြီးဟာ စစ်ခေါင်းဆောင်တွေ ICC ဘေးသင့်တော့မှ ခေတ္တရပ်နားသွားခဲ့ပါတယ်။

ဒီအရင်ကဆိုရင် (သမ္မတ ဦးထင်ကျော် လက်ထက်) ကြံ့ဖွံ့နဲ့  အပေါင်းပါ  ၁၄ ပါတီရဲ့  ရခိုင်ဒေသ စစ်အုပ်ချုပ်ရေး ကြေညာဖို့နဲ့ ကာလုံခေါ်ဖို့ တောင်းဆိုချက်၊ ဘင်္ဂလီကျူးကျော်မှုကို နှိမ်နင်းဖို့ တပ်မတော်သို့ ပန်ကြားချက်၊ မျိုးချစ်သံဃာနှင့် လူပုဂ္ဂိုလ်အချို့ရဲ့ ဒီချုပ်အစိုးရ နုတ်ထွက်ပေးရေး ဆန္ဒပြမှုများ ဆိုတာတွေနဲ့  တပ်ချုပ်ကလေးရဲ့ အချုပ်အခြာအာဏာကို  အထိပါးမခံ မီးပွင့်သွားမယ်ဆိုတဲ့ မိန့်ခွန်းတွေဟာ ဇာတ်တိုက်ထားသလို ထွက်ပေါ်လာတာပါ။  ဒီကာလတွေမှာပဲ ၉၆၉ ၊ မဘသ ၊ ဒန်ပေါက်သပိတ်၊ ဒေါသထွက်နေတဲ့လူအုပ်ကြီး၊

လက်ပတ်နီ ၊ စွမ်းအားရှင် စတာတွေ ပေါ်ပေါက်ခဲ့တာပါ။ ဦးကိုနီလုပ်ကြံခံရမှု (၂၀၁၇ ဇန္နဝါရီ) အပါအဝင် လက်သည်မပေါ်တဲ့ လူသတ်မှုတွေ ပေါ်ပေါက်ခဲ့တာပါ။

ထိုစဉ်က ကာလုံအစည်းအဝေး ခေါ်ခိုင်းနေတာက ရခိုင်ဒေသကို စစ်အုပ်ချုပ်ရေးအောက် လွှဲခိုင်းပြီး ၂၀၀၈ အောက်က စစ်တပ်အာဏာသိမ်းမှု စမ်းသပ်ကွက် လုပ်ချင်တာပါ။ စစ်တပ်(စစ်အုပ်စု)ရဲ့ ကျဆင်းနေတဲ့ ပုံရိပ်ကို မြှင့်တင်ချင်တာ ၊ မျိုးချစ်သူရဲကောင်း ကယ်တင်ရှင် အဖြစ် လူရာဝင်ချင်တာ ဖြစ်ပါတယ်။ ဦးထင်ကျော်လက်ထက်မှာ ကာလုံအစား ကာလုံတပိုင်း အစည်းအဝေးပဲ ခေါ်ဖြစ်ပါတယ်။ စစ်အုပ်ချုပ်ရေးအစား မာရှယ်လော နဲ့ စစ်ဆင်ရေးနယ်မြေအဖြစ်သာ အကန့်အသတ်နဲ့ ခွင့်ပြုခဲ့ပါတယ်။ ဒေါ်စုနဲ့ မင်းအောင်လှိုင်အကြားကောင်းကောင်း ရင်ကြားမစေ့ရသေးလို့လည်း ဖြစ်နိုင်ပါတယ်။ လွှတ်ပေးလို့လည်း မဖြစ်ဘူးလေ။

ဦးသိန်းစိန်လက်ထက် အုံကြွလာတဲ့ လူထုတိုက်ပွဲတွေကို လမ်းလွှဲဖို့ ကုလား- ဗမာ အဓိကရုဏ်း မီးစမွှေးခဲ့တယ် မဟုတ်လား (၂၀၁၂)။ တရုတ်-ဗမာ အဓိကရုဏ်း မီးမွှေးချင်ပေမယ့် မမွှေးရဲဘူး။ မြစ်ဆုံကိစ္စ ဆိုင်းငံ့တာပဲလုပ်ရဲတယ်။ အနောက်ပိတ်ဆို့မှုက လွတ်ဖို့ တရုတ်ကိုကြောက်ပြတယ်။

ဒါတွေ ပြန်ရေးပြနေတာက ရှေ့တခေါ် မျှော်ကြည့်ဖို့ နောက်တလံပြန်ကြည့် နေရတာပါ။ စစ်အုပ်စုဘာလဲ ဘယ်လဲ သိဖို့ပါ။ ရှေ့ထွက်ဝန် ဦးဇော်ဌေး ဘာဇာတ်ခင်းနေသလဲ ဆန်းစစ်ဖို့ပါ။ ဘူးသီးတောင် ရဲစခန်း ၄ ခု AA က ဝင်တိုက်တာခံရတော့မှ လွမ်းခန်းနဲ့ ဇာတ်ကို စဖွင့်ပါတယ်။

ရှေ့မှာ ပြည်ပရန် ARSA ကာကွယ်နေတုန်း နောက်ကနေ ဇက်ပိုးသိပ်ခံရတယ်၊AA သောင်းကျန်းသူတွေရဲ့ အကြမ်းဖက်လုပ်ရပ်၊ AA ဟာ ARSA နဲ့ မဟာမိတ်ဖွဲ့ထားတယ် ၊ ဘင်္ဂလားဒေ့ရှ်စ်မှာ ခြေကုတ်ယူထားတယ် ၊ မူးယစ်ကုန်ကူးတယ် ၊ ဒေသခံ ရခိုင်တိုင်းရင်းသားတွေ ဒုက္ခရောက်တယ်၊ မထောက်ခံကြနဲ့ -- ဆိုတာပါပဲ။ (ဒါတွေက ဇာတ်နာပြနေတဲ့ ဗလာစကားတွေပါ) စစ်တပ်က စစ်ဆင်ရေးတွေရပ်မယ်လို့ ပြောတဲ့ စစ်တိုင်းတွေထဲမှာ အနောက်ပိုင်းတိုင်းမပါဘူး။ အာဆာရှိနေတာကြောင့်လို့ အကြောင်းပြတယ်။ ဒါပေမဲ့ အာဆာနဲ့တိုက်တာ မတွေ့ရဘဲ အေအေကိုသာ ဖိတိုက်နေတာ တွေ့ရတယ်။

(အဓိကပြောချင်တဲ့ သတင်းစကားက) AA ကို တိုက်ရန် တပ်အင်အား တိုးမြှင့်သုံးစွဲရန်နှင့် လိုအပ်ပါက ရဟတ်ယာဥ်သုံးစွဲရန် သမ္မတရုံးမှ ညွှန်ကြားထားတယ် ဆိုတာပါပဲ။ (ရဟတ်ယာဉ်ကို သမ္မတ မညွှန်ကြားလည်း သူတို့ အသုံးပြုခဲ့ကြတာပါပဲ။ မသုံးပါဘူးလို့ သူတို့လိမ်ညာတာကို လူထုက ကျည်ကတ်ကျည်ခွံတွေ ဓာတ်ပုံရိုက်ပြီး ဖွင့်ချခဲ့တယ်မဟုတ်လား။)

တကယ်က တပ်ချုပ်ကိုယ်တိုင် ထွက်ပြောတဲ့ ၄လကျော်အပစ်ရပ်တဲ့ အထဲမှာ ရခိုင်ဒေသပါထည့်မှ ပြည့်စုံမှာပါ။ ချန်ထားခဲ့တာကိုက မရိုးသားပါဘူး။ အမြှောက်နဲ့ထုပြီး ငြိမ်းချမ်းရေးစကား ပြောလို့မရကြောင်း လိုင်ဇာအရာရှိသင်တန်းကျောင်း အမြှောက်နဲ့ ထုခဲ့တုန်းက မြင်တွေ့ခဲ့ပြီးပါပြီ။ မီးစတဖက် ရေမှုတ်တဖက် နှစ်ခွပေါ်လစီဟာ စစ်မှန်တဲ့ငြိမ်းချမ်းရေးကို မဆောင်ကြဉ်းနိုင်ပါဘူး။

ရဲစခန်း ၄ ခု အတိုက်ခံရလို့ သေကြေဒဏ်ရာရနဲ့ သုံ့ပန်းစာရင်း ၊ ဆုံးရှုံး လက်နက်ခဲယမ်းစာရင်းတို့ကို ကြည့်ရင် ညံ့လို့ခံရတာ ဖြစ်ကြောင်း သိသာပါတယ်။ တိုက်ပွဲက ၂ နာရီခွဲကြာတယ် ဆိုတော့ စစ်ကူက ဘာလို့မလာတာလဲ။ (အချိန်မီ မရောက်တာလို့ ဆင်ခြေတက်ပါတယ်။) ထုံးစံအတိုင်း အဝေးကနေ လက်နက်ကြီးနဲ့ပစ် ရဟတ်ယာဉ်ပေါ်မှ စက်သေနတ်နဲ့ပစ်၊ မကောင်းသူထိပ် ကောင်းသူထိပ် ပေါ့။

ရဲ (စစ်တပ်) စွမ်းရည် ညံ့တဲ့ ကိစ္စမှာ ကိုးကန့် နဲ့တိုက်တုံးကလည်း ပြောသူများပါတယ်။ ဒါကို အမြတ်ထုတ်ပြီး တိုက်စွမ်းရည်မြှင့်ဖို့ ဘတ်ဂျက်တိုးသုံးဖို့ ရေလာမြောင်းပေး လုပ်သူတွေရှိပါတယ်။

ဒီတလောကိစ္စမှာ အငိုက်မိတာမဟုတ်ဘဲ တမင်ထိုးကျွေးထားသလား ထင်ရလောက်အောင် ဇာတ်နာပြနေတာ တွေ့ရပါတယ်။

ဒုရဲမှူးမိုးရန်နိုင်လို ရဲမျိုးက အနည်းစုပါ။ဗမာပြည် ရဲယန္တရားတခုလုံးက တပ်ချုပ်အောက်မှာပါ။ လုံခြုံရေးတာဝန်ထက် လူထုပေါ် အနိုင်ကျင့်ဆက်ကြေးကောက်နေတဲ့ ဖိနှိပ်ရေးယန္တရားပါ။ ရဲချုပ်ဆိုသူကလည်း အရေးယူခံရမှာစိုးလို့ နောက်ကျောဓားနဲ့ အထိုးခံရတယ်လို့ အော်တယ်။ (ဗကပနဲ့တိုက်ပြီး သူရဘွဲ့ရခဲ့တယ်ဆိုတဲ့ ဗိုလ်မှူးချုပ်တယောက်ကတော့ သူများကို ရှေ့ကနေ ဓားနဲ့သွားထိုးလို့ ICC တင်ခံရမယ့်စာရင်းပေါက်တဲ့ထဲ ပါသွားခဲ့ပြီးဖြစ်တယ်။ စကားချပ်)။

ဗမာပြည်လူ့အဖွဲ့အစည်းရဲ့ အဓိကပဋိပက္ခက လူမျိုးပေါင်းစုံအဖိနှိပ်ခံ ပြည်သူများကတဖက် - စစ်ဗျူရိုကရက်နေရှင်လူတန်းစားက တဖက် ဖြစ်ပွားနေတဲ့ ပဋိပက္ခဖြစ်တယ်။ အဓိကဖြေရှင်းရမယ့် ပြဿနာက နိုင်ငံရေးပြဿနာဖြစ်တယ်။ ဗမာပြည်နိုင်ငံရေးဟာ ဗမာပြည်စီးပွားရေး ပြဿနာ အရပ်ရပ်ရဲ့ စုစည်းဖော်ပြချက်လည်း ဖြစ်တယ်။ ဒါဟာ ဗမာပြည်သမိုင်းရဲ့ ထူးခြားချက်လည်းဖြစ်တယ်။

ပြည်တွင်းစစ် စစ်အာဏာရှင်စနစ် နဲ့ စီးပွားရေးမဖွံ့ဖြိုးမှု တဆက်တစပ်တည်း ဖြစ်ပါတယ်။

ဒီထူးခြားချက်ကို နားမလည်ရင် ဗမာပြည် ပြည်တွင်းရေးပြဿနာကို နားလည်နိုင်မှာ မဟုတ်ပါဘူး။ ICC ဖိအားပဲဖြစ်ဖြစ် BRI တွန်းအားပဲဖြစ်ဖြစ် သမိုင်းနဲ့ချီ ရှန်းကန်ကာ နိုင်ငံရေးနိုးကြားလာနေတဲ့ လူမျိုးပေါင်းစုံ အဖိနှိပ်ခံပြည်သူများရဲ့ အရင်းခံအကျိုးစီးပွားနဲ့ လို

လားချက်ဖြစ်တဲ့ (၂၀၀၈ ဖျက်သိမ်းရေး စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေး) ကို မထိခိုက်ဖို့လိုပါတယ်။ ပြည်ပဖိအားတွန်းအားတွေဟာ တိုင်းပြည်နဲ့ပြည်သူကို ထိခိုက်လာရင် ဗမာပြည်ပြည်တွင်းရေးကို စွက်ဖက်ရာကျပါတယ်။ အစိုးရချင်းဆက်ဆံရေး G2G ၊ စီးပွားရေးသမားချင်းဆက်ဆံရေး B2B နဲ့တင် မလုံလောက်တော့ပါဘူး၊ ပြည်သူချင်းဆက်ဆံရေး P2P ကို တိုးမြှင့်ဖို့လိုပါတယ်။

(သန့်ရှင်းတဲ့ရေ လတ်ဆတ်တဲ့လေ စိမ်းလန်းတဲ့မြေ ကို ရွှေထုပ်နဲ့မလဲနိုင်ပါဘူး) ဒီစကားဟာ တရုတ်သမ္မတ ရှီကျင့်ဖိန် ကာဇစ်စတန်မှာ ပြောခဲ့တဲ့ ထင်ရှားတဲ့စကားပါ။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပဲရစ်သဘောတူညီချက်မှ အမေရိကန်နုတ်ထွက်သွားပေမယ့် တရုတ်က ဆက်လက်ရပ်ခံထားပါတယ်။ ဒီအဆိုကို သဘောတူပါတယ်။ စစ်ခရိုနီစီးပွားရေး က ဗမာပြည် အမျိုးသားစီးပွားရေးကို ဖွံ့ဖြိုးအောင် မစွမ်းဆောင်နိုင်ဘူး။ သယံဇာတကျိန်စာသာ သင့်စေပါတယ်။

လက်ရှိ ဗမာပြည်အခြေအနေက စစ်မီးတောက်တွေ ယမ်းခိုးယမ်းငွေ့တွေ လွင့်ပြယ်သွားစေဖို့ ပြည်တွင်းစစ်ပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းရမှာပါ။ သက်ဆိုင်သူအားလုံး စားပွဲဝိုင်းပေါ် တက်ရောက်ရမှာပါ။ ဘယ်သူ့ကိုမှ ဘာအကြောင်းနဲ့မှ ချန်ထားလို့မရပါဘူး။ နိုင်ငံရေးနိုးကြားနေတဲ့ ပြည်သူလူထုကြီးက ပြည်တွင်းငြိမ်းချမ်းရေးအလံကို မြင့်မြင့်မားမား လွှင့်ထူပြီး စောင့်ကြည့်နေပါတယ်။ ရှေ့ခရီးမှာ လေပြေလေညှင်းတွေပဲ ကြုံရမယ်လို့ မမျှော်လင့်နဲ့၊ မုန်တိုင်းကထန်ဦးမှာပါ။

အဖိနှိပ်ခံပြည်သူများ စည်းစည်းလုံးလုံး နိုးနိုးကြားကြားရှိကြလော့။

မောင်သန်းမြရွှေ (၉ ဇန္နဝါရီ ၂၀၁၉)

---



# ရဲဘော်မော်စီတုန်းရဲ့ ၁၂၅ နှစ်မြောက် မွေးနေ့ကို အထိမ်းအမှတ်ပြုခြင်း

## အေးမြမွန်သိန်း

ဒီနှစ် ၂၀၁၈ ဒီဇင်ဘာ ၂၆ ရက်နေ့ဟာ ရဲဘော်မော်စီတုန်းရဲ့ ၁၂၅ နှစ်မြောက်မွေးနေ့ မင်္ဂလာ အခါသမယဖြစ်တယ်။ ရဲဘော်မော်စီတုန်းဟာ ကြီးမြတ်တဲ့ မာ့က်စ်ဝါဒသမားကြီးဖြစ်သလို ကြီးမြတ်တဲ့ ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေးသမား၊သေနင်္ဗျူဟာသမားနဲ့ သဘော တရားဆရာကြီးလည်းဖြစ်တယ်။ သူဟာ တရုတ်ပြည်သူတွေရဲ့ ကြီးမြတ်တဲ့ခေါင်းဆောင်ကြီးနဲ့ ဆရာကြီးဖြစ်သလို ကမ္ဘာ့နိုင်ငံအသီးသီး ရှိအဖိနှိပ်ခံပြည်သူများရဲ့ ကြီးမြတ်တဲ့ ခေါင်းဆောင်နဲ့ ဆရာကြီးလည်းဖြစ်ကာ ကမ္ဘာ့အဖိနှိပ်ခံ ပြည်သူများရဲ့ နှလုံးသားမှာ ထာဝစဉ် တည်ရှိနေပါလိမ့်မယ်။

ယင်အန်းစိတ်ဓာတ် လေ့လာသုတေသနပြုရေး အသင်းအဖွဲ့က ဦးစီးကျင်းပတဲ့ ရဲဘော်မော်စီတုန်း အနှစ် ၁၂၀ မြောက် မွေးနေ့ကို အထိမ်းအမှတ်ပြုဟောပြောပွဲမှာ ရဲဘော်လီထယ်ရင်ရဲ့ ဟောပြောချက်ကို တရုတ်ပြည် ကွန်မြူနစ်ပါတီ ဗဟိုပါတီကျောင်းရဲ့ (Study Time) စာစောင်မှာ ဖော်ပြခဲ့တယ်။ အဲဒီဟောပြောချက်ကို ကြီးမြတ်တဲ့ ခေါင်းဆောင်ကြီး ရဲဘော်မော်စီတုန်းရဲ ၁၂၅ နှစ်မြောက် မွေးနေ့ကို အထိမ်းအမှတ်ပြု ထုတ်နုတ် ဘာသာပြန်ပါတယ်။

၁။ မော်စီတုန်းဟာ တရုတ်ပြည်သူများကို ခေါင်းဆောင်ပြီး တိုင်းပြည်ရဲ့ ကံကြမ္မာနဲ့ အသွင်အပြင်ကို အကုန်အစင် ပြောင်းလဲပစ်လိုက်တဲ့ ကြီးမြတ်တဲ့ ပုဂ္ဂိုလ်တဦးဖြစ်တယ်။ ၁၉၄၉ ဘိန်းစစ်ပွဲပြီးတဲ့နောက် တရုတ်ပြည်ဟာ ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း လူ့အဖွဲ့အစည်းအဖြစ် ပြောင်းလဲသွားတယ်။ အမိနိုင်ငံကို ကျွန်မဖြစ်အောင်နဲ့ တည်တံ့စေလိုသူ ပြည်သူလူထုတရပ်လုံးဟာ နည်းနာရှာဖွေ ဆောင်ရွက်ခဲ့ကြတယ်။ ခုခံဆန့်ကျင် တိုက်ပွဲဝင်ခဲ့ကြတယ်။ ပဒေသရာဇ် သက်ဦးဆံပိုင်စနစ်နဲ့ နယ်ချဲ့အင်အားစုတွေကို ပြင်းထန်စွာ ထိုးနက်တိုက်ခိုက်ကြတယ်။ အောက်တိုဘာ တော်လှန်ရေးရဲ့ အမြောက်သံက တရုတ်ပြည်ကို မာ့က်စ်လီနင်ဝါဒ ပေးပို့လိုက်တယ်။ မာ့က်စ်လီနင်ဝါဒနဲ့ တရုတ်အလုပ်သမား လှုပ်ရှားမှုတို့ အပြန်အလှန်ပေါင်းစပ်မိပြီး တရုတ်ပြည်ကွန်မြူနစ်ပါတီ ပေါ်ပေါက်လာတယ်။ ဒါဟာ တရုတ်ပြည်မှာ မကြုံဖူးသေးတဲ့ ဖြစ်ရပ်ကြီးဖြစ်တယ်။

ရဲဘော်မော်စီတုန်းဟာ တရုတ်ကွန်မြူနစ်များကို ကိုယ်စားပြုပြီး မာ့က်စ်လီနင်ဝါဒရဲ့ ရှေ့ဆောင်လမ်းပြမှုအောက်မှာ ပါတီတည်ဆောက်ရေးနဲ့ တော်လှန်ရေး ကနဦးကာလ အတွေ့အကြုံများကို နိဂုံးချုပ်မှု အခြေခံအုတ်မြစ်ပေါ်မှာ ကျယ်ပြောလှတဲ့ ပြည်သူလူထုကို စည်းရုံး ရှေ့ဆောင်ကာ ဆင်းရဲပင်ပန်းခံကာ စူးစမ်းလေ့လာခဲ့လို့ တရုတ်ပြည်တော်လှန်ရေးရဲ့ မှန်ကန်တဲ့လမ်းကြောင်းကို တွေ့ရှိခဲ့တယ်။ မော်စီတုန်းအတွေးအခေါ်ကို ထူထောင်နိုင်ခဲ့တယ်။ "တောင်ကြီး ၃ လုံးရဲ့ ဖိနှိပ်မှုကို တွန်းလှန်ပစ်လိုက်ပြီး၊ တရုတ်ပြည်သစ်ကို ထူထောင်လိုက်ပါတယ်။ ဒီလိုနဲ့ ပဒေသရာဇ် သက်ဦးဆံပိုင်စနစ်ရဲ့ စိုးမိုးခြယ်လှယ်မှုဟာ အကုန်အစင် ချုပ်ငြိမ်းသွားသလို နှစ်ပေါင်း တရာကျော်ကြာ တရုတ်ပြည်သူတွေ၊ ဖိနှိပ်ကျွန်ပြု ကျူးကျော်အစော်ကားခံရတဲ့ သမိုင်းဟာ လုံးဝ အဆုံးသတ်သွားခဲ့တယ်။ တရုတ်ပြည်သစ် ထူထောင်ပြီးနောက် အမျိုးသားစီးပွားရေးဟာ အရှိန်အဟုန်ကောင်းကောင်းနဲ့ ပြန်လည်ရှင်သန်လာတယ်။ ဆိုရှယ်လစ် ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ကာ ဆိုရှယ်လစ်စနစ် အခြေခံအုတ်မြစ်ကို ထူထောင်လိုက်တယ်။ ဒီလိုနဲ့ တရုတ်ပြည်သမိုင်းမှာ အနက်ရှိုင်းဆုံး လူမှုပြုပြင်ပြောင်းလဲရေးကို အောင်မြင်စွာ အကောင်အထည် ဖော်လိုက်ပြီး မျက်မှောက်တရုတ်ပြည် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရှေးဦးလိုအပ်ချက်ဖြစ်တဲ့ နိုင်ငံရေးနဲ့ စနစ်ဆိုင်ရာ အခြေခံအုတ်မြစ်တို့ကို ချမှတ်လိုက်ပါတယ်။ တဆက်တည်း ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးမှာ အခက်အခဲနဲ့ ဆင်းရဲပင်ပန်းမှု၊ သဘောတရားရေးအရ အကွေ့အကောက်တို့ကို ရင်ဆိုင်ရင်း လက်တွေ့အတွင်း စူးစမ်းလေ့လာမှုများကို ဆောင်ရွက်ခဲ့ရတယ်။ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့်နည်းပညာ၊ နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံခြားရေးနဲ့ ပါတီတည်ဆောက်ရေး စတဲ့ ဘက်အသီးသီးမှာ ရောမ အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။ ဒ့ါအပြင် သမိုင်းသစ်ကာလ အတွက် တရုတ်ပြည်ထူးခြားချက်ပါရှိတဲ့ ဆိုရှယ်လစ်စနစ် စတင်ထူထောင်ရေးအတွက် တန်ဖိုးရှိတဲ့ အတွေ့အကြုံ၊ သဘောတရားရေးအရ ပြင်ဆင်မှုနဲ့ ရုပ်ဝတ္ထု အခြေခံအုတ်မြစ်ကို ဖြည့်ဆည်းပေးခဲ့ပါတယ်။

အထူးသဖြင့် ထောက်ပြလိုတာကတော့ ယင်အန်းကာလ တော်လှန်ရေးတိုက်ပွဲလက်တွေ့အတွင်းမှာ ရဲဘော်မော်စီတုန်းကို အမြုတေ အဖြစ်ထားတဲ့ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ ပထမမျိုးဆက် ခေါင်းဆောင်အစုဟာ တစတစနဲ့ ဖြစ်တည်လာခဲ့ခြင်းပါပဲ။ ဒါဟာ တရုတ်ပြည် ကွန်မြူနစ်ပါတီ ရင့်ကျက်လာမှုဆီသို့ တက်လှမ်းသွားတဲ့ အမှတ်လက္ခဏာလည်း ဖြစ်တယ်။ ဒီခေါင်းဆောင်အစုဟာ တရုတ်ပြည်တော်လှန်ရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းရပ်များရဲ့ ကြံ့ခိုင်တဲ့ ခေါင်းဆောင်အမြုတေ ဖြစ်တယ်။ တရုတ်ပြည်သူတွေ ရရှိခဲ့တဲ့ အောင်မြင်မှုအားလုံးရဲ့ အရေးကြီးလှတဲ့ အာမခံချက်လည်း ဖြစ်တယ်။ တရုတ်ကွန်မြူနစ်ပါတီက တရုတ်ပြည်သူလူထုကို ခေါင်းဆောင်ပြီး ဘယ်လိုအန္တရာယ်နဲ့ စမ်းသပ်မှုကိုမဆို ခံနိုင်ရည်ရှိစေတဲ့၊ အခက်အခဲနဲ့ ဆင်းရဲနွမ်းပါးမှုအားလုံးကို ရင်ဆိုင်ကျော်နင်းနိုင်စေတဲ့ ကျောရိုးမဏ္ဍိုင်လည်းဖြစ်တယ်။ ဒါဟာ ကွင်းဆက်အကျဆုံး ပြဿနာဖြစ်တယ်။ နိုင်ငံတော်ရဲ့ကံကြမ္မာ၊ ပါတီရဲ့ကံကြမ္မာ၊ ပြည်သူလူထုရဲ့ကံကြမ္မာအတွက် ဒီလိုခေါင်းဆောင် အစုတခုလိုအပ်ပါတယ်လို့ ရဲဘော်တိန့်ရှောင်ဖင်က အတိအလင်း ထောက်ပြခဲ့ပါတယ်။

တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ နိုင်ငံရေးစနစ်ဟာ ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုစနစ် ဖြစ်တယ်။ ခေါင်းဆောင်မှုအစုဟာ အဲဒီစနစ်ရဲ့ အမြုတေ ဖြစ်တယ်။ ကာလတိုင်းမှာ ဒီလို ခေါင်းဆောင်မှုအစု ရှိဖို့လိုအပ်ပါတယ်။ ဒါဟာ ကွန်မြူနစ်ပါတီရဲ့ သာလွန်ချက်ဖြစ်တယ်။ ဒါဟာ ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးပါတီတရပ်အဖို့ မလွဲမသွေ ရှိရမယ့်အချက်ဖြစ်တယ်။ ဒီခေါင်းဆောင်မှုအစုဆိုတာ တရုတ်ပြည် ကွန်မြူနစ်ပါတီက တီထွင်ဖန်တီးခဲ့တာဖြစ်တယ်။ နိုင်ငံရေးစနစ်နဲ့ ပတ်သက်လို့ ကောင်းမှုပြုချက်တခုလည်း ဖြစ်တယ်။ ဒါကို တရုတ်ကွန်မြူနစ်များ မျိုးဆက် တခုပြီးတခု ဆက်ခံလာခဲ့တာဖြစ်တယ်။

တရုတ်တော်လှန်ရေးနဲ့ တည်ဆောက်ရေး လုပ်ငန်းရပ်တွေ အောင်ပွဲခံခြင်းနဲ့ အောင်မြင်ခြင်းဟာ တရုတ်ပြည်သူများ ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုအောက်မှာ အဆင်းရဲအပင်ပန်းခံ စူးစမ်းလေ့လာမှု၊ ရဲရဲဝံ့ဝံ့ ကြိုးပမ်းအားထုတ်မှုရဲ့ ရလဒ်ဖြစ်တယ်။ မရေတွက်နိုင်လောက်အောင် များပြားလှတဲ့ ကွန်မြူနစ်တွေ၊ ကျဆုံးသွားခဲ့ပြီဖြစ်တဲ့ တော်လှန်ရေး သူရဲကောင်းအာဇာနည်များရဲ့ ရဲရဲတောက် သွေးများ၊ အသက်များနဲ့ လဲလှယ်ရယူခဲ့ရတာဖြစ်တယ်။ ရဲဘော်မော်စီတုန်းရဲ့ မှန်ကန်တဲ့ ခေါင်းဆောင်မှုနဲ့ ကောင်းမှုပြုချက်လည်း ဖြစ်တယ်။

နိုင်ငံတော် တည်ဆောက်ပြီးနောက် ပါတီရဲ့ သမိုင်းပြဿနာများနဲ့ ပတ်သက်လို့ ဆုံးဖြတ်ချက်-မှာ ဖော်ပြခဲ့သလိုပါပဲ။ ကျွန်တော်တို့ဟာ အကျိုး ဆောင်မှုအားလုံးကို တော်လှန်ရေးရဲ့ ခေါင်းဆောင်မှုအပေါ် ပုံချလို့မသင့်ပါဘူး။ ဒါပေမဲ့ ခေါင်းဆောင်များရဲ့ အရေးကြီးတဲ့ အခန်းကဏ္ဍကို လျှော့တွက်တာမျိုးလည်း မလုပ်သင့်ပါဘူး။ ပါတီရဲ့ ထူးချွန်တဲ့ ခေါင်းဆောင်မှု အများအပြားအတွင်း ရဲဘော်မော်စီတုန်းဟာ ထိပ်ဆုံးကဖြစ်ပါတယ်။ သူဟာ တရုတ်ပြည်ကွန်မြူနစ်ပါတီနဲ့ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် ထူထောင်ရေးနဲ့ ဖြစ်ထွန်း

တိုးတက်ရေးအတွက်၊ တရုတ်အမျိုးသား ပြည်သူများ လွတ်မြောက်ရေးအရေးကိစ္စ အောင်ပွဲခံရေးအတွက်၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံတော် ထူထောင်ရေးနဲ့ တရုတ်ပြည်ဆိုရှယ်လစ်စနစ် အရေးတော်ပုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လိုမှချေဖျက်လို့မရနိုင်တဲ့စွမ်းဆောင်ချက်များ စိုက်ထူခဲ့ပါတယ်။

ရဲဘော်မော်စီတုန်းဟာ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ အရေးပါတဲ့ စတင်ထူထောင်ခဲ့သူနဲ့ ထူးချွန်တဲ့ ခေါင်းဆောင်ဖြစ်တယ်။ ပစ္စည်းမဲ့ လူတန်းစားအရေးအတွက် အလွန်နည်းပါးပေမယ့် တိုက်ပွဲစွမ်းအား အလွန်းအားကောင်းပြီး လယ်သမားနဲ့ အခြား ဓနရှင်ပေါက်စ လူတန်းစား လူဦးရေများပြားတဲ့ နိုင်ငံမှာ ကျယ်ပြောလှတဲ့ လူထုလက္ခဏာဆောင်တဲ့ မာ့က်စ်ဂါဒရဲ့ ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးပါတီ တရပ် ထူထောင်ရေးဟာ အလွန်ကြီးလေး ခက်ခဲတဲ့တာဝန်ဖြစ်တယ်။ ရဲဘော်မော်စီတုန်းကိုယ်စားပြုတဲ့ တရုတ်ကွန်မြူနစ်တွေဟာ ဒီပြဿနာကို အောင်မြင်စွာ ဖြေရှင်းခဲ့တယ်။ ရဲဘော်မော်စီတုန်းဟာ တရုတ်ကွန်မြူနစ်ပါတီရဲ့ ပထအအကြိမ် ကွန်ဂရက်က ကိုယ်စားလှယ် ဖြစ်ပြီး ပါတီရဲ့ အမြဲတေခေါင်းဆောင် အဆင့်နေရာမှာ အနှစ် ၄၈ ကြာ ရပ်တည်ခဲ့သူဖြစ်တယ်။ သူက ပါတီ တည်ဆောက်ရေးမှာ အတွေးအခေါ် တည်ဆောက်ရေးကို ထိပ်ဆုံးမှာ ထားလိုက်တယ်။ ပါတီရဲ့လက္ခဏာ၊ ရည်မှန်းချက်၊ လမ်းညွှန်အတွေးအခေါ်၊ စည်းရုံးရေးမူ၊ လုပ် ဟန်၊ စည်းမျဉ်းဥပဒေနဲ့ ခေါင်းဆောင်မှုအဆင့်နေရာစတဲ့ အရေးကြီးပြဿနာများကို နက်နက်နဲနဲ ရှင်းပြခဲ့တယ်။ ပါတီ တည်ဆောက်ရေး ရဲ့ အရေးကြီးလှုပ်ရှားမှု တစီတတန်းကြီးမှာ စည်းရုံးခေါင်းဆောင်မှုကို အားဖြည့်ပေးခဲ့တယ်။ ပါတီထူထောင်ရေးနဲ့ ဖွံ့ဖြိုး တိုးတက်ရေးအ တွက် တရုတ်ပြည်တော်လှန်ရေး နဲ့ တည်ဆောက်ရေး လုပ်ငန်းရပ်များအတွင်းမှာ ပါတီရဲ့ အမြဲတေခေါင်းဆောင်မှု အခန်းကဏ္ဍကို ဖြစ် ထွန်းစေခဲ့ပြီး သူဟာ ထူးချွန်တဲ့ ကောင်းမှုများကို ပြုခဲ့တယ်။

ရဲဘော်မော်စီတုန်းဟာ ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စတင်ထူထောင်ရေးနဲ့ ဖြစ်ထွန်းတိုးတက်ရေးအတွက် ချေဖျက်မရနိုင်တဲ့ စွမ်းဆောင်ချက်များကို ထူထောင်ခဲ့ပါတယ်။ သူဟာ သေနတ်ပြောင်းဝက နိုင်ငံရေးအာဏာထွက်တယ် ဆိုတဲ့ အတွေးအခေါ်ကို အစောဆုံး တင်ပြခဲ့သူ ဖြစ်တယ်။ သူခေါင်းဆောင်တဲ့ ဆောင်းဦးကောက်ရိတ်ချိန် ပုန်ကန်မှုတပ်ဖွဲ့ဟာ ကျင်ကန်းတောင်ပေါ်သို့ တက်သွားပြီး ကျေးလက်မှ မြို့ကိုဝိုင်းဆိုတဲ့ တော်လှန်ရေးလမ်းကြောင်းရဲ့ ပထမခြေလှမ်းကို စူးစမ်းလေ့လာခဲ့တယ်။ သူဟာ နိုင်ငံရေးနဲ့ စစ်ရေး အနုပဋိလောမကျစွာ ဆက်စပ်မှုကို နက်နက်နဲနဲ ရှင်းပြပြီး ပါတီက တပ်မတော်ကို အကြွင်းမဲ့ခေါင်းဆောင်ရေး အရင်းခံမူများကို ရှင်းလင်းပြတ်သားစွာ တင်ပြခဲ့တယ်။ တဆက်တည်း ပြည်သူ့တပ်မတော်၊ ပြည်သူ့စစ်ပွဲရဲ့ အရေးကြီးအတွေးအခေါ်နဲ့ ပျော့ပျောင်းဖျတ်လတ်တဲ့ သေနင်္ဂဗျူဟာနဲ့ စစ်နည်းပရိယာယ် တစီတတန်းကြီးကိုလည်း တင်ပြခဲ့တယ်။ သူဟာ လယ်သမားတွေကို အဓိကထား ဖွဲ့စည်းထားတဲ့ တော်လှန်ရေးတပ်မတော်ကို ပါတီရဲ့ ညွှန်ကြားမှုကို နာခံတဲ့ ပြည်သူ့အကျိုးကို ထမ်းရွက်တဲ့၊ ရဲဝံ့စွာ အတိုက်အခိုက်တော်တဲ့ အမျိုးအစားသစ် ပြည်သူ့တပ်မတော်ဖြစ်လာအောင် တည်ဆောက်ခဲ့တယ်။ အသက်ထက်ဆုံး ကိုယ်အားဉာဏ်အားသုံးပြီး ဒီတပ်မတော်ကိုခေါင်းဆောင်ညွှန်ကြားကာ ပါတီနဲ့ ပြည်သူကပေးအပ်လာတဲ့ တာဝန်အရပ်ရပ်ကို အောင်မြင်ပြီးမြောက်အောင် ထမ်းရွက်ခဲ့တယ်။

ရဲဘော်မော်စီတုန်းဟာ တရုတ်ပြည်သစ်ကို စတင်တည်ထောင်ရာမှာ အရေးပါသူတယောက်နဲ့ တရုတ်ပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ အုတ်မြစ်ချသူဖြစ်တယ်။ သူဟာ တရုတ်ပြည်သစ်ထူထောင်ရေး၊ အသစ်ပေါ်ထွန်းလာတဲ့ နိုင်ငံရေးအာဏာသစ် ခိုင်မာရေး၊ အမိနိုင်ငံ တပေါင်းတစည်းတည်းရှိရေး အကောင်အထည်ဖော်ဆောင်ရေးတို့အတွက်၊ နိုင်ငံတော် အချုပ်အခြာအာဏာနဲ့ နယ်မြေပြီးပြည့်စုံမှုကို ပြတ်ပြတ်သားသား ကာကွယ်ကာ ဆိုရှယ်လစ်စနစ်ရဲ့ အခြေခံစနစ်များကို ချမှတ်ပြီး စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနဲ့ နိုင်ငံတော် ကာကွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းဆော်ပေးတယ်။ ပြည်သူလူထုရဲ့ နေထိုင်စားသောက်မှုဘဝကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ပေးပြီး တရုတ်ပြည်ရဲ့ နိုင်ငံတကာအဆင့်နေရာ စတဲ့ ဘက်တွေကို မြှင့်တင်ပေးကာ အားလုံး ဂုဏ်ရောင်ပြောင်တဲ့ မော်ကွန်းထိုးလောက်တဲ့ ကောင်းမှုတွေကို ပြုခဲ့တယ်။

မော်စီတုန်းရဲ့ တသက်တာဟာ ပြည်သူလူထုရဲ့ အရင်းခံအကျိုးစီးပွားကို အကောင်အထည် ဖော်ဆောင်ရေးအတွက် ရဲရဲရင့်ရင့် တိုက်ပွဲဝင်ခဲ့ပြီး ဦးဆွေးဆံမြည့် စွဲစွဲမြဲမြဲ အပင်းပန်းခံ ကြိုးစားဆောင်ရွက်တဲ့ တသက်တာဖြစ်တယ်။ သူဟာ တလျှောက်လုံး ပြည်သူလူထုဟာ တကယ့်သူရဲကောင်းဖြစ်ပြီး လူ့အဖွဲ့အစည်း တိုးတက်ရေးကို တွန်းဆော်ပေးတဲ့ အရင်းခံအင်အားအဖြစ် တလျှောက်လုံး ရှုမြင်ခဲ့တယ်။ သူဟာ အများပြည်သူအတွက် အကျိုးဆောင်ရွက်ပေးတဲ့ လုပ်ငန်းတာဝန်များ ဖော်ဆောင်ရေးကို ရှေ့ဆောင်ပေးပြီး သူဟာ ပါတီဝင် ကေဒါများကို ကိုယ်ပိုင်နိုးကြားမှုဖြင့် အများပြည်သူ အကျိုးဆောင်ရွက်သူများ ဖြစ်လာရေးကို တောင်းဆိုပါတယ်။ ဒါဟာ ကွန်မြူနစ်ပါတီနဲ့ တခြားနိုင်ငံရေးပါတီတို့ရဲ့ အရင်းခံကွဲပြားချက်ဖြစ်သလို ကွန်မြူနစ်ပါတီ အောင်ပွဲခံခြင်းရဲ့ အရင်းခံအကြောင်းရင်းလည်း ဖြစ်တယ်။ ရဲဘော်မော်စီတုန်းဟာ လူထုအမြင်နဲ့ လူထုလမ်းစဉ်ကို သုံးသပ်ဝေဖန်ဆွေးနွေးမှုမှာ အများဆုံး၊ အနက်ရှိုင်းဆုံးရှိလှပြီး၊ အကောင်အထည် ဖော်ဆောင်ရာမှာလည်း အလွန်ဂရုတစိုက် ရှိလှပါတယ်။ " ပြည်သူလူထုအကျိုးကို စိတ်ရောကိုယ်ပါ ထမ်းဆောင်ကြ၊ ပြည်သူလူထု နဲ့ တမိနစ်ကလေးတောင်မှ မကင်းကွာရ။ အရာရာ ပြည်သူလူထုအကျိုးမှ အစချီရေး၊ ဒီလိုဆိုလို့ လူတဦးတယောက် ဒါမှမဟုတ် အုပ်စု တစုအကျိုးစီးပွားမှ အစချီရေး မဟုတ်ပါဘူး။ ပြည်သူလူထုကို တာဝန်ခံရေးနဲ့ ပါတီရဲ့ခေါင်းဆောင်ဌာနကို တာဝန်ခံရေး တညီတညွတ်တည်းရှိမှု။ ဒါတွေဟာ ကျွန်တော်တို့ရဲ့ အစချီချက်များဖြစ်တယ်" လို့ သူက ရှင်းလင်း ပြတ်သားစွာ ညွှန်ပြခဲ့ပါတယ်။ လူထုလမ်းစဉ်ဟာ ပါတီရဲ့ အရင်းခံကျတဲ့ အလုပ်လမ်းစဉ်ဖြစ်တယ်လို့ သူက အလေးထားဖွင့်ဆိုခဲ့တယ်။ စုံစမ်းလေ့ လာမှုမရှိရင် စကားပြော ဆိုခွင့်မရှိဘူး လို့

စုံးစမ်းလေ့လာရေးနဲ့ ပတ်သက်လို့ သူက အဆိုပြုလိုက်တယ်။ တော်လှန်ရေးနဲ့ တည်ဆောက်ရေးအတွင်းက အရေးကြီးတဲ့ ပြဿနာတွေကို ဖြေရှင်းရေး၊ မှန်ကန်တိကျတဲ့ လမ်းညွှန်ပေါ်လစီ ရေးဆွဲရေးအတွက် စူးစမ်းလေ့လာရေးနဲ့ ပတ်သက်လို့ ကျော်ကြားတဲ့ အစီရင်ခံစာတွေ အများကြီးလည်း ရေးထားခဲ့ပါတယ်။ သူဟာ ပြည်သူလူထုနဲ့ နှလုံးသားချင်း ဆက်ထားပြီး ခေါင်းဆောင်ကေဒါတွေကို ပြည်သူလူထုရဲ့ကုန်ထုတ်လုပ်ရေး၊ လူထုရဲ့အကျိုးစီးပွား၊ လူထုရဲ့ အတွေ့အကြုံ၊ လူထုရဲ့စိတ်ဓာတ်၊ လူထုရဲ့ နေထိုင်မှုဘဝစတဲ့ ပြဿနာတွေကို အချိန်ပြည့် ဂရုစိုက်ကြဖို့ တောင်းဆိုခဲ့တယ်။ တရုတ်ပြည် ကွန်မြူနစ်ပါတီဟာ ပြည်သူ့ဒီမိုကရေစီကိုသာ မှီခိုအားထားမယ်ဆိုရင် တရုတ်အမျိုးသားတွေရဲ့ ကြီးမြတ်တဲ့ ပြန်လည်ဖွံ့ဖြိုးတိုး တက်လာရေးကို အကောင်အထည်ဖော်နိုင်လိမ့်မယ်လို့ သူယုံကြည်ပါတယ်။

ရဲဘော်မော်စီတုန်းဟာ သူ့တသက်တာလုံး ပြည်သူလူထု အကျိုးစီးပွားအတွက်သာ ပြောဆိုလုပ်ကိုင်ခဲ့လို့ ကျယ်ပြောလှတဲ့ ပြည်သူလူထုရဲ့ ထောက်ခံကြည်ညိုမှု၊ ကြည်ညိုလေးစားမှုနဲ့ ကွန်မြူနစ်ပါတီနဲ့ ပတ်သက်လို့ ယုံကြည်မှု၊ ထောက်ခံမှုတွေ ရရှိခဲ့တာဖြစ်တယ်။ ရဲဘော်မော်စီတုန်းရဲ့တသက်တာဟာ တရုတ်ပြည်သူများအတွက် မလျှော့သော ဖွဲ့သတ္တိနဲ့ လုံးပန်းအားထုတ်ခဲ့တဲ့ ဂုဏ်ရောင်ပြောင်တဲ့ တသက်တာ ဖြစ်တယ်။ ကြီးမြတ်တဲ့ တော်လှန်ရေးခေါင်းဆောင်တယောက်ရဲ့ အမြော်အမြင်ကြီးလှတဲ့ နိုင်ငံရေးအရ အမြင်ကျယ်မှု၊ မယိမ်းမယိုင် ခိုင်မာပြတ်သားတဲ့ တော်လှန်ရေးယုံကြည်မှု၊ တော်လှန်ရေး အနုပညာကို တဖက်ကမ်းခတ် ကျွမ်းကျင်ပိုင်နိုင်မှုနဲ့ ထူးချွန်တဲ့ ခေါင်းဆောင်မှု စွမ်းရည်တို့ကို ထုတ်ဖော်ပြသခဲ့တယ်။ သူ့ရဲ့ ဉာဏ်ပညာ ဗဟုသုတ၊ အတွေးအခေါ်နဲ့ စိတ်ဓာတ်တို့ကို သူ့ရဲ့ကျမ်းပေါင်း များစွာအတွင်း စုစည်းဖော်ပြခဲ့တယ်။ ပါတီခေါင်းဆောင်တဲ့ တော်လှန်ရေးနဲ့ တည်ဆောက်ရေး လက်တွေ့များအတွင်းမှာ လည်းပေါ်လွင်လှပါတယ်။ သူဟာ ပြဿနာများကို နိုင်ငံရေးအရ၊ သေနင်္ဗျူဟာအရ စဉ်းစားတွေးခေါ် ဖြေရှင်းတတ်ပါတယ်။ သူက ဘယ်သူဟာ ကျွန်တော်တို့ရဲ့ရန်သူ၊ ဘယ်သူဟာ ကျွန်တော်တို့ရဲ့ မိတ်ဆွေဆိုတာ တော်လှန်ရေးရဲ့ အရေးကြီးဆုံးပြဿနာ ဖြစ်တယ်လို့ ညွှန်ပြခဲ့တယ်။

မှန်ကန်တိကျတဲ့ နည်းနာ၊ ပေါ်လစီနည်းပရိယာယ်တို့ကို အသုံးချပြီး တကယ့်စစ်မှန်တဲ့ မိတ်ဆွေများနဲ့ စည်းလုံးညီညွတ်ကာ တကယ့် ရန်သူကို တိုက်ခိုက်အနိုင်ယူတတ်ရမယ်။ မိမိမှာ မိတ်ဆွေများနိုင်သမျှ များအောင်လုပ်ပြီး ရန်သူကို မိတ်ဆွေ နည်းနိုင်သမျှ နည်းအောင် လုပ်တတ်ဖို့ လိုအပ်ပါတယ်။ သူဟာ လက်တွေ့မှ အစချီတတ်ပြီး တကယ့်ဖြစ်ရပ်မှ အမှန်တရားကို ရှာဖွေကာ တရားဥပဒေသတွေကို စူးစမ်းလေ့ပြီး ပြဿနာအမျိုးမျိုးကို သိမြင်နားလည် ဖြေရှင်းတတ်ပါတယ်။ သူဟာ တော်လှန်ရေး အကျပ်ဆိုက် အခက်ကြုံနေရခိုက်၊ နိုင်ငံတော်တည်ဆောက်ရေး အခက်အခဲနဲ့ ရင်ဆိုင်နေရတဲ့ကာလမျိုးမှာတောင် သူဟာ အောင်ပွဲလမ်းကြောင်းနဲ့ အနာဂတ်ကို မြင်နိုင်စွမ်းသူဖြစ်တယ်။ အောင်ပွဲတွေနဲ့ အောင်မြင်မှုတွေ ရရှိနေတဲ့အခိုက်မှာလည်း တပါတီလုံးကို စိတ်ထားနှိမ့်ချပြီး ဆင်ဆင်ခြင်ခြင် ရှိကြဖို့၊ မာနထောင်လွှားတာတွေ မပြုမိကြဖို့နဲ့ အဆင်းရဲအပင်ပန်းခံ ကြိုးပမ်းတိုက်ခိုက်သွားကြတဲ့ လုပ်ဟန်ကိုပဲ စွဲစွဲမြဲမြဲထိန်းသိမ်းသွားကြဖို့ကိုသာ သတိပေးခဲ့ပါတယ်။

သူရဲ့ နယ်ချဲ့သမားနဲ့ ဖောက်ပြန်ရေးသမား အားလုံးဟာ စက္ကူကျားဖြစ်တယ်ဆိုတဲ့ ကျော်ကြားလှတဲ့ အကဲဖြတ်ချက်ဟာ တရုတ်ပြည်သူလူထုကို အကြီး အကျယ်အားတက်စေပြီ ယုံကြည်ချက်ကိုဖြစ်ပေါ်စေပါတယ်။ တရုတ်ပြည် မျက်မှောက်ခေတ် တိုက်ပွဲဇာတ်ခုံပေါ်မှာ သူဟာ မရေတွက်နိုင်လောက်အောင် များပြားလှတဲ့ အောင်မြင်မှုတွေရအောင် တိုက်ပွဲတွေကို ညွှန်ကြားခဲ့တယ်။ သူဟာ လက်နက်အင်အား တပ်ဆင်မှုညံ့ဖျင်းပေမယ့် မိမိထက်လက်နက်အင်အား တပ်ဆင်မှုသာလွန် ကောင်းမွန်သူရော အရေးသာမှုရှိနေတဲ့ ရန်သူကို အနိုင်တိုက်ခဲ့လို့ စစ်ရေးသမိုင်းမှာ ပြည်တွင်းပြည်ပ ထိတ်လန့်အံ့ဩခဲ့ရတယ်။ တရုတ်ပြည်သစ် ထူထောင်ပြီးနောက်မှာလည်း သူဟာ ဆိုရှယ်လစ်တော်လှန်ရေးနဲ့ ဆိုရှယ်လစ်တည်ဆောက်ရေး ဇာတ်ခုံပေါ်မှာ ထက်မြက်ပြောင်မြောက်လှတဲ့ ဖြစ်ရပ်အမြောက်အမြားကို ရှေ့ဆောင်ညွှန်ပြခဲ့ပါတယ်။

ပါတီရဲ့သမိုင်းမှာ ပထမအကြိမ်ကွန်ဂရက်ကျင်းပခဲ့ရာမှစလို့ မြေယာတော်လှန်ရေး၊ မိုင်ပေါင်းထောင်ချီရှိတဲ့ ခရီးရှည်ချီတက်ပွဲ၊ ၈ နှစ်တာ ခုခံရေးစစ်ပွဲ၊ ရှန်းဆီးမြောက်ပိုင်းမှာ လှည့်လည်စစ်ဆင်ခြင်း၊ တိုက်ပွဲစဉ်ကြီး ၃ ရပ်မှ တရုတ်ပြည်သစ် ထူထောင်တဲ့အထိ၊ အဲဒီနောက် အမေရိကန်နယ်ချဲ့ ခုခံဆန့်ကျင်ရေးနဲ့ ကိုးရီးယားကူညီရေးစစ်ပွဲ၊ ၃ နှစ်တာ အမျိုးသားစီးပွား ပြန်လည် နိုးထရှင်သန်လာရေး၊ ဖြစ်ထွန်းလာရေး ၁ မျိုးနဲ့ ၃ မျိုး ပြုပြင်ပြောင်းလဲရေး (ဆိုရှယ်လစ် စက်မှုလုပ်ငန်း ဖြစ်ထွန်းရေး-လယ်ယာလုပ်ငန်း-လက်မှုလုပ်ငန်း- အရင်းရှင်စနစ်ရဲ့ ကူးသန်းရောင်းဝယ်ရေးတို့ကို ပြုပြင်ပြောင်းလဲရေး၊ ၁၉၅၃ တရုတ်ပြည် ကွန်မြူနစ်ပါတီရဲ့ အထွေထွေလုပ်ငန်းစဉ် အချုပ်)၊ ပထမအကြိမ် ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းဥပဒေ၊ အဋ္ဌမအကြိမ် ကွန်ဂရက်ရဲ့လမ်းစဉ်၊ အတိုင်းအတာ ကြီးမားလှတဲ့ စီးပွားရေးလုပ်ငန်းများ ထူထောင်ရေး၊ ဗုံး ၂ မျိုးနဲ့ လူလုပ်ဂြိုဟ်တုတခု၊ တရုတ်အမေရိကန်ဆက်ဆံရေး ထူထောင်ခြင်း၊ ကုလသမဂ္ဂမှာ တရုတ်နိုင်ငံရဲ့ အဆင့်နေရာ ပြန်လည် ရရှိလာခြင်း စတဲ့ ဖြစ်ရပ်များအားလုံးမှာ ရဲဘော်မော်စီတုန်းရဲ့ အမည်ကို အမြဲနှလုံး သွင်းထားရမှာဖြစ်ပြီး သူ့ရဲ့ ထက်မြက်တဲ့ ဉာဏ်ပညာနဲ့ ထက်မြက်တဲ့လုပ်ရည်ကိုင်ရည်များဟာ ပေါ်လွင်လှပါတယ်။

တကယ်တော့ ရဲဘော်မော်စီတုန်းဟာ- မဟာယဉ်ကျေးမှုတော်လှန်ရေးမှာ ဆိုးဝါးပြင်းထန်တဲ့ အမှားကို ကျူးလွန်ခဲ့တာပါ။ ဒါပေမဲ့ သူ့ တသက်တာအရ ကြည့်ရင် သူရဲ့အောင်မြင်မှုတွေဟာ ဘယ်လိုမှချေဖျက်မရပါဘူး။ "နိုင်ငံတော် ထူထောင်ပြီးနောက် ပါတီရဲ့သမိုင်းဆိုင်ရာပြဿနာများနဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက်" စာတမ်းမှာ "ရဲဘော်မော်စီတုန်းသာ မရှိခဲ့ရင် အကြိမ်ပေါင်းများစွာ အကျပ်အတည်းအတွင်း ကျရောက်ခဲ့တဲ့ တရုတ်ပြည်တော်လှန်ရေးကို ကယ်တင်နိုင်မှာ မဟုတ်ပါဘူး။ သူခေါင်းဆောင်တဲ့ ဗဟိုကော်မတီအဖွဲ့သာ မရှိခဲ့ရင်

တပါတီလုံး၊ တနိုင်ငံလုံးက အမျိုးသားအသီးသီးပြည်သူလူထုနဲ့ ပြည်သူ့တပ်မတော်ကို တိကျမှန်ကန် ပြတ်သားတဲ့ နိုင်ငံရေး ဦးတည်ချက်ကို ရှင်းလင်းစွာ ညွှန်ပြနိုင်မှာ မဟုတ်ပါဘူး။ တရုတ်ပြည်ကွန်မြူနစ်ပါတီနဲ့ ပြည်သူလူထုဟာ အမှောင်ထဲမှာ ပိုမို အချိန်ကြာမြင့်စွာ စမ်းတဝါးဝါးနဲ့ ဖြတ်သန်းနေရ နိုင်ပါသေးတယ်" လို့ညွှန်ပြထားခဲ့တယ်။

ချုပ်လိုက်ရင် တရုတ်ပြည်မှာ မော်စီတုန်း ပေါ် ပေါက်လာခြင်းဟာ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ ဂုဏ်ရောင်ပြောင်မှု ဖြစ်စေတယ်၊ တရုတ်ပြည် ဂုဏ်ရှိဖို့ ဖြစ်စေတယ်။ တရုတ်အမျိုးသားများအတွက် ဂုဏ်ယူဖွယ်ရာဖြစ်စေပါတယ်။

၂။ မော်စီတုန်းအတွေးအခေါ် ဟာ ပြည်သူလူထု လွတ်မြောက်ရေး၊ တရုတ်ပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ပေးတဲ့ အဖိုးအနဂ္ဃထိုက်တန်တဲ့ သဘောတရား ရတနာဖြစ်တယ်။

ရဲဘော်မော်စီတုန်းဟာ ကြီးမြတ်တဲ့ မာ့က်စ်ဝါဒသဘောတရား သမားဖြစ်သလို အဘိဓမ္မာသမားလည်းဖြစ်တယ်။ သူဟာ မိမိကိုယ်မိမိ သဘောတရားအရ ယုံကြည်မှု၊ ယဉ်ကျေးမှုအရ ယုံကြည်မှု၊ အမျိုးသားအရ ယုံကြည်မှုများ ရှိတယ်။

ရဲဘော်မော်စီတုန်းရဲ့နာမည် တပ်ထားတဲ့ မော်စီတုန်းအတွေးအခေါ် ဟာ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ စုပေါင်းဉာဏ်ပညာရဲ့ အဆီအနှစ်များ ဖြစ်တယ်။ တရုတ်ပြည် ကွန်မြူနစ်ပါတီရဲ့ ထူးချွန်တဲ့ ခေါင်းဆောင်အမြောက်အမြားဟာ ၎င်းအတွေးအခေါ် ဖြစ်တည်လာရေးနဲ့ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အရေးကြီးတဲ့ကောင်းမှုများ ဆောင်ရွက်ခဲ့ကြတယ်။ ရဲဘော်မော်စီတုန်းကတော့ ၎င်းအတွေးအခေါ်ကို အဓိကအားဖြင့် ထူထောင်ခဲ့သူဖြစ် တယ်။

မော်စီတုန်းအတွေးအခေါ် ဟာ အတွင်းသဘော ကြွယ်ဝနက်ဝှမ်းပြီး အချက်ကျကျ လေးလေးနက်နက် ရှိလှတဲ့ သိပ္ပံနည်းကျ စနစ်ဖြစ် တယ်။ ၎င်းတို့အနက် တရုတ်ပြည်တော်လှန်ရေးရဲ့ လက္ခဏာ၊ ပစ်မှတ်၊ တွန်းအားတို့နဲ့ ပတ်သက်တဲ့သဘောတရား၊ ကျေးလက်က မြို့ဝိုင်း လက်နက်ကိုင်တိုက်ပွဲဖြင့် နိုင်ငံရေးအာဏာသိမ်းရေး တော်လှန်ရေးလမ်းကြောင်းနဲ့ ပတ်သက်တဲ့ သဘောတရား၊ ပါတီတည်ဆောက်ရေး၊ လက်နက်ကိုင်တိုက်ပွဲ၊ ညီညွတ်ရေးတပ်ပေါင်းစုတို့ဟာ တရုတ်ပြည်တော်လှန်ရေး အောင်ပွဲရရှိရေးနဲ့ ပတ်သက်တဲ့ "ပြဒါးရှင် ၃ လုံး" ဖြစ်တယ်ဆိုတဲ့ သဘောတရား၊ ဒီမိုကရေစီသစ် တော်လှန်ရေးနဲ့ ပတ်သက်တဲ့သဘောတရား၊ ပြည်သူ့ဒီမိုကရေစီ နိုင်ငံရေးအာဏာ ခိုင်မာရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့နဲ့ ပတ်သက်တဲ့ သဘောတရား၊ ဆိုရှယ်လစ်တော်လှန်ရေးနဲ့ ပတ်သက်တဲ့ သဘောတရား၊ ပြည်သူတွင်း ပဋိပက္ခကို မှန်ကန်စွာ ဖြေရှင်းရေးနဲ့ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးအတွင်း အရေးကြီးတဲ့ ဆက်စပ်မှုများကို ဖြေရှင်းရေးနဲ့ ပတ်သက်တဲ့ သဘောတရား၊ ကွန်မြူနစ်ပါတီခေါင်းဆောင်တဲ့ ပါတီစုံပူးပေါင်းဆောင်ရွက်ရေးနဲ့ ပတ်သက်တဲ့ သဘောတရား၊ စာပေအနုပညာဟာ "ဘာကြောင့် လူတွေ" ကို အကျိုးဆောင်ရမှာလဲ နဲ့ ပန်းပေါင်းတရာ ပွင့်လန်းနိုင်ပါစေ၊ ပညာဂိုဏ်းတရာ ပြိုင်ဆိုင်နိုင်ပါစေ ဆိုတာနဲ့ ပတ်သက်တဲ့ သဘောတရား၊ တော်လှန်ရေး လုပ်ငန်းရပ်များကို ဆက်ခံမယ့် မျိုးဆက်များ မွေးမြူရေး "ငြိမ်းချမ်းစွာ တစတစ ကူးပြောင်းရေး" ကို တားဆီးကာကွယ်ရေးနဲ့ ပတ်သက်တဲ့သဘောတရား၊ တပ်ကိုပါတီက အကြွင်းမဲ့ခေါင်းဆောင်ရေးကို စွဲစွဲမြဲမြဲကျင့်သုံးပြီး အမျိုးအစားသစ် ပြည်သူ့တပ်မတော် တည်ဆောက်ရေးနဲ့ ပတ်သက်တဲ့သဘောတရား၊ လွတ်လပ် အမှီအခိုကင်းပြီး ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေထိုင်ရေး နိုင်ငံခြားဆက်ဆံရေးနဲ့ ပတ်သက်တဲ့သဘောတရား၊ ပေါ် လစီနဲ့ နည်းပရိယာယ်ဟာ ပါတီရဲ့ အသက်ဖြစ်ပြီး သေနင်္ဂျုဟာအရ ရန်သူကို အထင်သေးနိုင်ပေမယ့် နည်းပရိယာယ်အရ ရန်သူကို အလေးထားရမယ် - "တိုက်ရဲရမယ်" အောင်ပွဲခံယူရမယ် ဆိုတာနဲ့ ပတ်သက်တဲ့သဘောတရား၊ တက်ကြွဖွယ် အကြောင်းရပ် အားလုံးကို ဖော်ထုတ်ပြီး တပြည်လုံး အမျိုးသားအသီးသီး ပြည်သူများနဲ့ စည်းလုံးညီညွတ်ကာ ဆိုရှယ်လစ်နိုင်ငံတော် တည်ဆောက်ရေးနဲ့ ပတ်သက်တဲ့ သဘောတရား၊ မှန်ကန်တဲ့အတွေးအခေါ် ဘယ်ကလာသလဲနဲ့ပတ်သက်တဲ့သဘောတရား စသဖြင့် မော်ရဲ့အတွေးအခေါ် အားလုံးဟာ မာ့က်စ်လီနင်ဝါဒကို ကြွယ်ဝ ဖွံ့ဖြိုး တိုးတက် စေခဲ့တာဖြစ်တယ်။

တကယ့်ဖြစ်ရပ်မှ အမှန်တရားရှာခြင်း၊ လူထုလမ်းစဉ်၊ လွတ်လပ်အမှီခိုကင်းခြင်းတို့ဟာ မော်စီတုန်းအတွေးအခေါ် တရပ်လုံး၊ အတွင်း သဘောအားလုံးရဲ့ ရပ်တည်ချက်၊ နည်းနာနဲ့ အမြင်တို့ဖြစ်ပါတယ်။ မော်စီတုန်းအတွေးအခေါ် ရဲ့ ဝိညာဉ်လည်း ဖြစ်ပါတယ်။ ကမ္ဘာပေါ် မှာ တန်ဖိုးအရှိဆုံးက ဘာလဲ။ မိမိရဲ့ သဘောတရား၊ မိမိရဲ့ အတွေ့အကြုံဟာ တန်ဖိုးအရှိဆုံးပါပဲ။ မော်စီတုန်း အတွေးအခေါ် ဟာ တရုတ်ပြည်တော်လှန်ရေးနဲ့ တည်ဆောက်ရေး လက်တွေ့ အတွေ့အကြုံများကို သိပ္ပံနည်းကျ နိဂုံးချုပ်ထားခြင်းဖြစ်တယ်။ မာ့က်စ်ဝါဒကို တရုတ်ပြည်လက်တွေ့-ခေတ်ရဲ့ ကြွန်အင်လက္ခဏာများနဲ့ အပြန်အလှန်ပေါင်းစပ်မှုရဲ့ အထွက်ပစ္စည်းဖြစ်တယ်။ တရုတ်အမျိုးသားများရဲ့ ကောင်းမွန်တဲ့ယဉ်ကျေးမှုကို ဆက်ခံထားခြင်းနဲ့ ဖြစ်ထွန်းတိုးတက်လာခြင်း ဖြစ်တယ်။ တရုတ်ပြည်သူများရဲ့ အနာဂတ်ကံကြမ္မာနဲ့ ပတ်သက်တဲ့ မိမိတို့ရဲ့ သဘောတရားဖြစ်တယ်။

မော်စီတုန်းအတွေးအခေါ် ဟာ တရုတ်ကွန်မြူနစ်ပါတီရဲ့ အသက်ဝိညာဉ်ဖြစ်တယ်။ တရုတ်ပြည်သူများရဲ့ လွတ်မြောက်ရေးကို အကောင် အထည်ဖော်ပေးတယ်။ တရုတ်ပြည်ဖွံ့ဖြိုးတိုးတက်ရေးရဲ့ စိတ်ဓာတ်ခွန်အားလည်းဖြစ်တယ်။ ၎င်းမှာ ကမ္ဘာ့အမြင်နဲ့ နည်းနာ နိသယ ဆိုင်ရာ သဘောတရားများ ပါဝင်တယ်။ တရုတ်ပြည်လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးတရားတွေနဲ့ တရုတ်ပြည်ကွန်မြူနစ်ပါတီ တည်

ဆောက်ရေး တရားတွေကို ဖော်ထုတ်တင်ပြထားတယ်။ တရုတ်အမျိုးသားများရဲ့ ကြီးမြတ်တဲ့ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာရေး ဦးတည်ချက်ကို ရှင်းလင်းပြတ်သားစွာညွှန်ပြပေးတယ်။ ၎င်းဟာ ကျယ်ပြောလှတဲ့ ပြည်သူလူထုရဲ့ အရင်းခံအကျိုးစီးပွားကို ကိုယ်စားပြုတယ်။

ဒီ အကျိုးစီးပွားကို အကောင်အထည်ဖော်ရေးအတွက် အတွေးအခေါ်လက်နက် ဖြည့်ဆည်းပေးတယ်။ ၎င်းဟာ ယဉ်ကျေးမှု အခြေခံအုတ်မြစ် ကြွယ်ဝသလို ခိုင်ခံ့တဲ့ သဘောတရား အခြေခံအုတ်မြစ်၊ ခိုင်မြဲတဲ့ လက်တွေ့ဆိုင်ရာ အခြေခံအုတ်မြစ်များ ပါရှိတယ်။ တရုတ် အမျိုးသားများရဲ့ ကောင်းမွန်တဲ့အစဉ်အလာ ယဉ်ကျေးမှုများဟာ မော်စီတုန်းအတွေးအခေါ်ရဲ့ ယဉ်ကျေးမှု အခြေခံအုတ်မြစ် ဖြစ်သလို မာ့က်စ်လီနင်ဝါဒဟာ မော်စီတုန်းအတွေးအခေါ်ရဲ့ သဘောတရား အခြေခံအုတ်မြစ် ဖြစ်တယ်။ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုအောက်မှာ တရုတ်အမျိုးသားများ ဆင်နွှဲခဲ့တဲ့ တော်လှန်ရေးနဲ့ တည်ဆောက်ရေး လက်တွေ့တွေဟာ မော်စီတုန်း အတွေးအခေါ်ရဲ့ လက်တွေ့ အခြေခံအုတ်မြစ် ဖြစ်တယ်။

အထက်ပါ ဖော်ပြချက်များအရ ကျွန်တော်တို့ ဗမာပြည်လို ဖွံ့ဖြိုးမှု နောက်ကျလှတဲ့ နိုင်ငံများက ကွန်မြူနစ်ပါတီများဟာ မာ့က်စ်လီနင်ဝါဒနဲ့ အတူ မော်စီတုန်းအတွေးအခေါ်ကို သဘောတရား လမ်းညွှန်အဖြစ် အသေအချာ ပြဋ္ဌာန်းထားတာဖြစ်တယ်။

မျက်မှောက်ကာလ နိုင်ငံတကာအခြေအနေမှာ အလွန်ရှုပ်ထွေးလှသလို သောကရောက်မှုနဲ့ ဆင်းရဲပြီ ငြင်မှုတွေကလည်း နည်းနည်းလေးမျှ လျော့နည်းသွား တာမရှိပါဘူး၊ ဒီလို ကမ္ဘာ့အခြေအနေအောက်မှာ ဗမာပြည်ကွန်မြူနစ်ပါတီဟာ မာ့က်စ်လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်အလံကို ဆက်လက်လွှင့်ထူထားရုံမှ တပါး တခြားမရှိပါ။

ပါတီဝင်များ၊ ကေဒါများ၊ ရဲဘော်များဟာ မိမိရောက်နေတဲ့ အခြေအနေနဲ့ မှန်ကန်စွာ ပေါင်းစပ်ကာ မာ့က်စ်လီနင်ဂါဒ၊ မော်စီတုန်း အတွေးအခေါ်လေ့လာရေးကို တိုးမြှင့်သွားကြရပါလိမ့်မယ်။


မာ့က်စ်လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် အဓွန့်ရှည်ပါစေ။

အေးမြမွန်သိန်း ၂၀၁၉၊ ဇန်နဝါရီ ၈။

---

# ခမောက်တွေကို လျစ်လျူရှုလိုက်ပြီလား

**ညီစိန်ဝင်း**



အစိုးရရဲ့ မြေယာပေါ်လစီဟာ လယ်သမားတွေအပေါ် ဖိနှိပ်ပြီး စစ်အုပ်စု၊ စစ်ဗိုလ်ချုပ်များ၊ စစ်တပ်၊ ရဲတပ်၊ စစ်ခရိုနီနဲ့ ငွေရှင်ကြေးရှင် လုပ်ငန်းရှင်တွေဘက်က ရပ်တဲ့ပေါ်လစီလားလို့ မေးခွန်းထုတ်ရပါတော့မယ်။

မြေသိမ်းတဲ့အမှုတွေ၊ အိမ်ခြံမြေသိမ်းတဲ့အမှုတွေ ပြဿနာပေါင်းစုံ ပြေလည်အောင် မဖြေရှင်းနိုင်သေးတဲ့အချိန်မှာ မြေလွတ်၊ ပလပ်မြေ၊ မြေရိုင်း ဥပဒေဆိုတာ ပေါ်လာတယ်။ မြေလွတ်၊ ပလပ်မြေ၊ မြေရိုင်းဥပဒေကို ပြည်နယ်တွေမှာရှိတဲ့ တောင်ပေါ်နေ တိုင်းရင်းသား တောင်

သူ လယ်သမားတွေ ဆန္ဒပြ ကန့်ကွက်နေကြတဲ့အချိန်မှာ မြေသိမ်းဥပဒေဆိုပြီး တခါ ထပ်ပေါ်လာပြန်တယ်။ အခု အမျိုးသားညီလာခံမှာ ဒီဥပဒေကြမ်းကို အတည်ပြုဖို့ ဆွေးနွေးကြတော့မယ်တဲ့။ ဒီဥပဒေကြမ်းရော မြေလွတ်၊ ပလပ်မြေ၊ မြေရိုင်း ဥပဒေတို့ပါ တောင်သူလယ်သမားတွေနစ်နာစေပြီး စစ်အုပ်စု၊ စစ်ပိုလ်ချုပ်များ၊ စစ်တပ်၊ ရဲတပ်၊ စစ်ခရိုနီနဲ့ ငွေရှင်ကြေးရှင်လုပ်ငန်းရှင်တို့ပဲ အကျိုးပြုနေတာ လေ့လာတွေ့ရှိရပါတယ်။

ဒီဥပဒေတွေအရ မြေလွတ်၊ ပလပ်မြေ၊ မြေရိုင်းမှန်သမျှ နိုင်ငံတော်ပိုင်လို့ သတ်မှတ်တယ်။ ဓားမဦးချ မြေပိုင်စနစ်ကို ဖျက်သိမ်းလိုက်တယ်။ ဟိုတုန်းက လယ်သမားဟာ ၃ နှစ်ဆက်တိုက် ခုတ်ထွင်၊ ထွန်ယက်လုပ်ကိုင်လာခဲ့ရင် မြေပိုင်တယ်။ အခုဥပဒေအရ လယ်သမားက အနှစ် ၃၀ ထွန်ယက်လုပ်ကိုင်လာခဲ့လည်း ဦးပိုင်မပေါက်ရင် လယ်သမားမပိုင်ဘူး။ စာပေယဉ်ကျေးမှုရေချိန်နိမ့်တဲ့ တောင်သူ လယ်သမားတွေရဲ့ အားနည်းချက်ကို အခွင့်ကောင်းယူပြီး မင်းပေါက်စိုးပေါက် ရုံးတွေကန္နားတွေ ပေါက်ရောက်တဲ့ ငွေရှင်ကြေးရှင်တွေကို အခွင့်အရေးပေးလိုက်တာပဲ။ ရုံးတွေ ကန္နားတွေဆီကို ငွေကုန်ကြေးကျခံကာ လာပြီး နောက်တဆင့် ငွေကုန်ကြေးကျခံကာ ဦးပိုင်အမည်စာရင်းပေါက်အောင် မလုပ်နိုင်တဲ့ တောင်သူလယ်သမားတွေ သေပေရော့ပဲ။ ငွေရှင်ကြေးရှင်တွေကတော့ ငွေကြေးကို လက်နက်သဖွယ် အသုံးပြုကာ ရုံးတွေကန္နားတွေကို နည်းအမျိုးမျိုးနဲ့ ချဉ်းကပ်ပြီး ရသမျှ မြေယာအခွင့်အရေးတွေ သိမ်းကျုံးယူမှာကလည်း သေချာနေတယ်။

အရင်ကတည်းက မြေယာတွေကို မတရားသိမ်းယူခဲ့တာတွေ ဇာ သိန်းနဲ့သန်းနဲ့ချီပြီး ရှိနေခဲ့တာပါ။ ဥပမာတခုလောက် ပြောပါဦးမယ်။ ပဲခူးရိုးမဘက်မှာ သစ်ခင်သန်းထွန်းတို့ မရောက်မီအချိန်ကတည်းက တောင်သူလယ်သမားတွေ ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်စား သောက်လာခဲ့တဲ့ မြေတွေ ရှိပါတယ်။ ပဲခူးရိုးမဘက်မှာ အမြန်လမ်းဖောက်တော့ တောင်သူလယ်သမားတွေ ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်စားသောက်လာခဲ့တဲ့ လမ်းဘေးဝဲယာ မြေကွက်တွေကို ဗိုလ်ချုပ်တွေ ခွဲဝေယူခဲ့ကြပါတယ်။ ဒီတော့ လယ်သမားတွေနဲ့ ပြဿနာတက်ပါတယ်။ နေပြည်တော်မှာလည်း အုပ်ချုပ်ရေးအကြီးအကဲတွေ စစ်တပ်အကြီးအကဲတွေကလည်း တောင်သူလယ်သမားတွေရဲ့ မြေတွေကို ဒီလိုပဲ မတန်တဆလျော်ကြေးနဲ့သိမ်းယူ၊ အဓမ္မသိမ်းယူတာတွေလုပ်ခဲ့တာပဲ။ တိုင်းရင်းသားတွေရဲ့ တောင်တန်းဒေသတွေအပါ ဗမာပြည်အနှံ့အပြားမှာ ခရိုနီတွေ အဓမ္မနည်းနဲ့ သိမ်းယူခဲ့တဲ့ မြေတွေကလည်း ဇာ ထောင်သောင်းမက ရှိနေခဲ့တာ အားလုံးအသိပါ။

အခု လယ်သမားတွေ မပိုင်ဘူးလို့ သူတို့ပြောနေတဲ့ မြေယာအများစုဟာ ၁၉၇၅ ခုနှစ် ကတည်းက လုပ်ကိုင်စားသောက်လာခဲ့ကြ တဲ့မြေတွေပါ။ လယ်သမားဘက်က ပြောရင် ထွန်ယက်လုပ်ကိုင်စားသောက်လာတာ အနှစ်(၂၀) ကျော်ပြီပေါ့။ အဲဒါတွေ အကုန်လုံး လယ်သမားမပိုင်ဘူးပြောနေတာပါ။ ဒီမြေတွေ စုစုပေါင်းဟာ ဇာ သိန်းသန်းချီပြီး ရှိနေပါတယ်။

ယခု ၂၀၁၇ မြေသိမ်းဥပဒေကြမ်းဆိုတာ ၁၈၉၄ ခုနှစ် ကိုလိုနီခေတ် မြေသိမ်းဥပဒေထက်တောင် လယ်သမားတွေကို ထိခိုက်နစ်နာစေတဲ့ ဥပဒေဖြစ်နေပါတယ်။ ကိုလိုနီခေတ် ၁၈၉၄ ခုနှစ် မြေသိမ်းဥပဒေထက်ပိုပြီး လယ်သမားတွေဘက်က ရပ်ခံတဲ့ ဥပဒေပြုရမယ့်အစား ၁၈၉၄ မြေသိမ်းဥပဒေထက် ပိုဆိုးတဲ့ ဥပဒေကြမ်းကို အတည်ပြုဖို့ လွှတ်တော်မှာ ဆွေးနွေးကြပါတော့မယ်။

ဒီမြေယာဥပဒေဥပဒေကြမ်းတွေဟာ အုပ်ချုပ်သူအမြင်ဘက်ကနေ ရေးဆွဲထားတဲ့ ဥပဒေတွေ ဖြစ်ပါတယ်။ စစ်ဗျူရိုကရက် အရာရှိဟောင်း ဥပဒေပညာရှင်တွေက မွမ်းမံပြင်ဆင် အရောင်တင်ပေးနေတဲ့ ဥပဒေကြမ်းပါ။ (အလားတူ မြေသိမ်းဥပဒေကြမ်းတခုကို ပြည်ထဲရေးဌာနက သီးခြား ပြုစုရေးဆွဲနေသေးတယ်လို့လည်း ကြားသိနေရပါတယ်။)လယ်သမားတွေထဲ သွားရောက်လေ့လာတာ၊ လယ်သမားတွေရဲ့ ဆန္ဒ၊ လယ်သမားတွေရဲ့ နစ်နာချက်၊ လယ်သမားတွေဘက်က တင်ပြချက် စုံစမ်းလေ့လာပြီး ရေးဆွဲတဲ့ ဥပဒေကြမ်းမဟုတ်ပါဘူး။ မြေသိမ်းမှုတွေမှာ အာဏာပိုင်ဟာလည်း ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ထွေအုပ်ဦးစီးဌာနတို့ ဖြစ်နေပါတယ်။ မြေယာတွေဟာ တပ်မတော် ထိန်းချုပ်မှုအောက် ရောက်သွားတဲ့ သဘောပါပဲ။ နာမည်ဆိုးနဲ့ကျော်ကြားနေတဲ့ ထွေအုပ်ဦးစီးဌာနနဲ့ ပြည်ထဲရေးဌာနတို့ရဲ့ အာဏာနဲ့ ဖိနှိပ်မှုအောက်မှာ လယ်သမားတွေ ကျောကော့အောင် ခံပေရော့ပဲ။

ဒီဥပဒေကြမ်းမှာ မြေသိမ်းခံရတဲ့ တောင်သူလယ်သမားတွေအတွက် လျော်ကြေးငွေပေးရေးနဲ့ပတ်သက်လို့လည်း ရှင်းရှင်းလင်းလင်း သတ်သတ်မှတ်မှတ် ဖော်ပြထားတာ မရှိပါ။ ၁၈၉၄ ကိုလိုနီခေတ် မြေသိမ်းဥပဒေ အသက်ဝင်နေဆဲ ကာလကတောင် ဥပဒေ ဘေးချိတ်ပြီး ထင်သလို လုပ်လာခဲ့ကြတာ အခုဆို ပိုဆိုးပြီပေါ့။ ဒီ ၂၀၁၇ မြေယာဥပဒေကြမ်းဟာ လယ်သမားတွေဘက်က နစ်နာချက်ရှိမှာတွေကို အလေးမထားပေမယ့် ငွေရှင်ကြေးရှင်တွေ ဘက်ကိုတော့ စေ့စပ်စပ်စပ် အခွင့်အရေးပေး ရေးဆွဲထားတာ တွေ့ရပါတယ်။ မြေသိမ်းကိစ္စ အငြင်းပွားမှုတွေ တရားရုံးသို့ရောက်လာပြီး တရားရုံးက မြေမသိမ်းသင့်ဘူးလို့ ဆုံးဖြတ်ရင်တောင်မှ မြေသိမ်းသူဘက်က သမ္မတထံအထိ တင်ပြလျှောက်ထားပြီး အယူခံခွင့်ပေးထားပါတယ်။ မြေသိမ်းမှုတွေမှာ ထွေအုပ်တွေ ဘယ်သူဘက်က ရပ်မယ်၊ ပြည်ထဲရေး ဘယ်သူဘက်က ရပ်မယ်ဆိုတာ ဗေဒင်မေးနေစရာ မလိုပါဘူး။ ပြည်ထဲရေးဌာနရဲ့ အုပ်ချုပ်မှုအောက်မှာ မြေသိမ်းခံ လယ်သမားတွေ ထောင်ချခံနေရတာ အခုထိ ရှိနေဆဲပါ။ လယ်သမားတွေက မြေသိမ်းအမှုတွေမှာ ခံဘက်ကချည်း ဖြစ်နေဦးမှာပါ။ ငွေများ တရားနိုင်တဲ့ ခေတ်ကြီးထဲမှာ တောင်သူလယ်သမားတွေ တရားရှုံး မြေရှုံး ဖြစ်ကြရဦးမှာပါပဲ။သည့်အထဲက မြေသိမ်းသူအတွက် သူ တရားရှုံးရင်တောင် သမ္မတထံ အယူခံခွင့်ပေးထားသေးတယ်ဆိုတော့ တောင်သူလယ်သမားတွေမှာ မျက်ရည်နဲ့ မျက်ခွက်သာ အဖော်ပြုဖို့ ရှိတော့မှာပါ။

လယ်လုပ်သူ လယ်ပိုင်ရေး၊ လက်ငုတ်လယ် လက်မလွတ်ရေး၊ မူလလက်ငုတ်နဲ့ လက်ရှိလုပ်ကိုင်သူ အငြင်းပွားရင် - နှစ်ဖက် လယ်သမားချင်း အပြန်အလှန် ထောက်ထားကာ စေ့စပ်ဖြေရှင်းရေး၊ ဆိုတာတွေကို မြေယာပြုပြင်ပြောင်းလဲရေး (မြေယာတော်လှန်ရေး) ပေါ်လစီတရပ် (ဥပဒေတရပ်) အဖြစ် ပီပီပြင်ပြင် ချမှတ်ဖို့ဆိုတာ ခရီးဝေးနေတုန်းပါ၊ အကောင်အထည် ဖော်မယ့်ကေဒါအပါအဝင် ကျေးလက် အုပ်ချုပ်ရေးယန္တရား ခိုင်မာတောင့်တင်းရေး နဲ့ ပေါ်လစီအာမခံရေးတို့ကို စနစ်တကျ မပျိုးထောင် မတည်ဆောက်ဘဲ မြေယာ ပြုပြင်ပြောင်းလဲရေးလုပ်လို့မရသလို လယ်သမားတွေရဲ့ မြေယာပြဿနာကိုလည်း မှန်ကန်အောင် ဖြေရှင်းပေးနိုင်မှာ မဟုတ်ပါဘူး။

- ခေတ်အဆက်ဆက် မတရားသိမ်းခဲ့တဲ့ မြေယာများအပြင် နောက်သိမ်းမယ့် မြေယာများအတွက်ပါ တရားဝင်အောင် လမ်းခင်းပေးထားတဲ့ မြေယာဥပဒေသာ ဖြစ်ပါတယ်။ မဆလခေတ် စစ်ဗျူရိုကရက် နိုင်ငံတော်မြေရှင်စနစ်မှ ၂၀၀၈ အောက် စစ်ဗျူရိုကရက် ပုဂ္ဂလိကမြေရှင်ကြီးစနစ်သို့ ပြောင်းလဲရာမှာ တရားဝင်ဖြစ်အောင် ဖောက်ပြန်တဲ့ မြေယာဥပဒေများနဲ့ ကျောထောက်နောက်ခံ ပြုခြင်းသာ ဖြစ်ပါတယ်။

ဒီ ၂၀၁၇ ဥပဒေကြမ်းကို လွှတ်တော်မှာ ဆွေးနွေးရင် လွှတ်တော်ကို မေးရမှာက ခင်ဗျားတို့ ခမောက်တွေမဲပေးလို့ လွှတ်တော်မှာ အခုလို တက်ခွင့်ရလာကြတာမဟုတ်လား။

ကျေးရူးရှင်ခမောက်တွေကို မေ့ပြီလား-လျစ်လျူရှုလိုက်ပြီလား-ဆိုတာပါပဲ။ တပြည်လုံးက တောင်သူလယ်သမားတွေအနေနဲ့ကတော့ ဒီဥပဒေကြမ်းတွေကို လွှတ်တော်က အတည်မပြုသေးမီ ဆန့်ကျင်ကန့်ကွက် တောင်းဆို တိုက်ပွဲဝင်သွားကြဖို့ လိုပါတယ်။ အကယ်၍ လွှတ်တော်က ဒီဥပဒေကြမ်းတွေကို အတည်ပြုလိုက်မယ်ဆိုရင်တော့ တိုက်ပွဲကို အရှိန်အဟုန်မြှင့်ပြီး တဆင့်တိုး ဆန့်ကျင်ကန့်ကွက်ဖို့နည်းလမ်းမှတပါး တခြားမရှိတော့ပါ။



# ဗင်နီဇွဲလားလူထုနဲ့ ဗင်နီဇွဲလားအာဏာလွန်ပွဲ

**မြစမ်းအေး**

မနှစ်က (မေ ၂၀၁၈) ကျင်းပတဲ့ ဗင်နီဇွဲလား သမ္မတရွေးကောက်ပွဲမှာ ပြန်လည်အနိုင်ရလာပြီး (ဇန္နဝါရီ ၁၀၊ ၂၀၁၉)မှာ ကျမ်း သစ္စာကျိန်ဆိုတဲ့ လက်ဝဲယိမ်းသမ္မတ မက်ဒူရို Nicolas Maduro ကို၊ လက်ယာ ယိမ်းအတိုက်အခံ ခေါင်းဆောင်လည်းဖြစ် အမျိုးသား လွှတ်တော် ဥက္ကဋ္ဌလည်းဖြစ်တဲ့ ဂီဒို Juan Guaido က အသိအမှတ်မပြုဘဲ၊ ကိုယ့်ကိုယ်ကိုယ် သမ္မတအဖြစ် ကြေညာတယ် ( ဇန္နဝါရီ ၂၃၊ ၂၀၁၉)။

အဲဒီနေ့မှာပဲ အမေရိကန်သမ္မတ ထရမ့်က အတိုက်အခံခေါင်းဆောင် ဂီဒိုကို ကြားဖြတ် သမ္မတအဖြစ် အသိအမှတ်ပြုကြောင်း ကြေညာတယ်။ တပြိုင်တည်းမှာပဲ အမေရိကန် တောင်ပိုင်းစစ်နယ် စစ်ဦးစီးချုပ်ဖော်လာ Craig Faller က အမေရိကန် စစ်ဘက်အနေနှင့် လိုအပ်ရင် အမေရိကန် လူပုဂ္ဂိုလ်နှင့်သံတမန်များကို ကာကွယ်ရန်အသင့်လို့ ကြေညာတယ်။ ဗင်နီဇွဲလားနဲ့ အမေရိကန် အပြန်အလှန် သံတမန်များ နှင်ထုတ်ကြတယ်။

ဒီအရင် နှစ်များစွာကတည်းက အမေရိကန်က ဗင်နီဇွဲလား လူပုဂ္ဂိုလ်နဲ့ အဖွဲ့အစည်း ၂၃ ခုတို့အပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ လုပ်ထားခဲ့ပြီး ဖြစ်တယ်။ ဒီလိုနဲ့ ဗင်နီဇွဲလား နိုင်ငံရေးအကျပ်အတည်း တမုဟုတ်ချင်း ကြီးထွားလာတယ်။

နှစ်ဖက် လူထုထောက်ခံပွဲ အင်အားပြပွဲတွေ အပြိုင်အဆိုင်လုပ်ကြတယ်။ အမေရိကန်ထံမှ လူသားချင်း စာနာမှုအကူ ပေးပို့တယ် ဆိုတဲ့ အဖွဲ့များကို အတိုက်အခံက ဖိတ်ခေါ် ပေမယ့် အစိုးရက ကိုလံဘီယာနယ်စပ်မှာ ပိတ်ဆို့ ထားတယ်။ အမေရိကန်က လူသားချင်းစာနာမှုအကူ ပေးဖို့ အကြောင်းပြနေသော်လည်း ၊ တဖက်က ဗင်နီဇွဲလား နိုင်ငံတော်ပိုင် ရေနံကုမ္ပဏီ PDVSA ရဲ့ ရပိုင်ခွင့် Assets အမေရိကန်ဒေါ်လာ ၇ ဘီလီယံကို ခဲထားတယ်။ အင်္ဂလန်ဘဏ် Bank of England က ဗင်နီဇွဲလား ရဲ့ စပေါ်ငွေ ဒေါ်လာ ၁.၂ ဘီလီယံ ကို ပြန်ထုတ်ခွင့်မပေးဘူး။

- မက်ဒူရို က အတိုက်အခံနဲ့ ဆွေးနွေးဖို့ ကမ်းလှမ်းတာကို မက်ဆီကို၊ ဥရုဂွေး၊ ပုတ်ရဟန်းမင်းကြီး နဲ့ ကုလသမဂ္ဂက ထောက်ခံသော်လည်း ဂီဒို က ပယ်ချထားတယ်။ တရုတ်၊ ရုရှား၊ ကျူးဘား၊ မက်စီကို၊ တူရကီ၊ အီရန် တို့က မက်ဒူရိုဘက်က အခိုင်အမာ ရပ်တည်နေတယ်။

ထိပ်တန်း ဗိုလ်ချုပ်ကြီးတဦးနဲ့ အစိတ်အပိုင်းတချို့ ဘက်ပြောင်းမှု ရှိသော်လည်း စစ်တပ်က မက် ဒူရိုအစိုးရကို ထောက်ခံနေတယ်။ စပိန်၊ အီတလီ၊ ပေါ်တူဂီ၊ ဆွီဒင်၊ ဂျာမနီ၊ ပြင်သစ်၊ နယ်သာလန်၊ ဗြိတိန် နဲ့ ဥရုဂွေး၊ ကော့စတာရီကာ၊ အီကွေဒေါ တို့ပါဝင်တဲ့ (မက္ကစီကို၊ ဘိုလီဗီးယား - မပါ) ဥရောပနဲ့ လက်တင်အမေရိက ၁၃ နိုင်ငံစုဖွဲ့ထားတဲ့ International Contact Group က သမ္မတရွေးကောက်ပွဲ ပြန်လုပ်ဖို့နဲ့ စေ့စပ်ညှိနှိုင်းဖို့ ထုတ်ပြန်တယ်။ သမ္မတမက်ဒူရိုက ရွေးကောက်ပွဲပြန်လုပ်ဖို့ကို ပယ်ချသော်လည်း စေ့စပ်ညှိနှိုင်းဖို့ကို လိုလားကြောင်း တုံ့ပြန်တယ်။

ကြွယ်ဝတဲ့ ရေနံသိုက်ကြောင့် အမေရိကန်က ဆိုရှယ်လစ်သမ္မတ မက်ဒူရိုကို ဖယ်ရှားကာ လက်ယာယိမ်းအတိုက်အခံ ဂီဒိုကို အားပေးအားမြှောက် ပြုတာဖြစ်ကြောင်း ဝေဖန်နေကြသော်လည်း၊ ဒါဟာ မြင်သာ တဲ့အချက် ဖြစ်ပြီး ဒီအချက်တခုတည်းကြောင့် မဟုတ်ဘူးလို့လည်း ဆိုတယ်။ အမေရိကန်ရဲ့ နောက်ဖေးခြံ အဖြစ် သတ်မှတ်ထားတဲ့ လက်တင်အမေရိကကို (ကိုလိုနီပြုထားတဲ့) မွန်ရိုးဝါဒ Monroe Doctrine (1823) ကို ပြန် အသက်သွင်းချင်တာ လို့လည်း ဆိုတယ်။

ကုလလုံခြုံရေးကောင်စီ UNSC မှာ အမေရိကန်နဲ့အနောက်အုပ်စုက အဆိုပြုချက်မူကြမ်း တင်သွင်းဖို့ ပြင်ဆင်နေတယ်။ လူသားချင်းဆိုင်ရာ ထောက်ပံ့ ကူညီရေးအဖွဲ့ ဝင်ခွင့်ပြုဖို့နဲ့ သမ္မတရွေးကောက်ပွဲ ပြန်လုပ်ဖို တို့ ပါဝင်တယ်။ လူသားချင်းဆိုင်ရာ ထောက်ပံ့ကူညီမှု ဆိုတာ ဗင်နီဇွဲလား ပြည်တွင်းဖိနှိပ်မှုတွေ ပြင်းထန်ကာ မတည် မငြိမ်ဖြစ်နေကြောင်း အာဘော်ဖန်တီးပြီး၊ စစ်ရေးအရ စွက်ဖက်ဖို့ အမေရိကန်က ပြင်ဆင်တဲ့ ကျူးကျော်ရေး ခြေလှမ်းအဖြစ် သမ္မတ မက်ဒူရိုက ပယ်ချထားတယ်။

ရုရှားက တန်ပြန် အဆိုတင်သွင်းဖို့ ရှိပြီး တရားဝင်အစိုးရ တရပ်ကို စစ်အင်အားသုံးပြီး ဖယ်ရှားရင် အကြီးအကျယ် မှားမယ်လို့ သတိပေးတယ်။ နှစ်ဖက် တွေ့ဆုံဆွေးနွေး အဖြေရှာဖို့ တိုက်တွန်းတယ်။ တရုတ်က ပြည်ပစွက်ဖက်မှု အထူးသဖြင့် စစ်ရေးစွက်ဖက်မှုကို ဆန့်ကျင်ကြောင်း၊ ဗင်နီဇွဲလား ပြည်တွင်းရေး ပြဿနာကို ဗင်နီဇွဲလား ပြည်သူများသာ ဆုံးဖြတ်ရမှာဖြစ်ကြောင်း၊ သက်ဆိုင်ရာပါတီများက လူထုရဲ့ရွေးချယ်မှုကို လေးစားဖို့နဲ့ ငြိမ်းချမ်းစွာ ဆွေးနွေးအဖြေရှာဖို့ တိုက်တွန်းကြောင်း ပြောတယ်။

၂၁ရာစု နည်းပညာတော်လှန်ရေးနဲ့ ကမ္ဘာ့မှုခေတ်မှာ မွန်ရိုးဝါဒဆိုတာ ခေတ်မမီတော့ပါဘူး။ (ဆူပါဝါ အကျ) အမေရိကန်ဟာ စစ်တပ်အာဏာသိမ်းမှု လုပ်ကြံသတ်ဖြတ်မှု လူ့အခွင့်အရေးဖန်းပြပြီး စ စ်ရေးအရ စွက်ဖက်မှုဆိုတာတွေနဲ့ မင်းပြောင်းမင်းလွှဲ Regime Change နယ်ချဲ့လက်သစ် ပေါ်လစီကို မစွန့် လွှတ်သေးပါဘူး။

ဗင်နီဇွဲလားစီးပွားရေး ပြိုပျက်မှု ဆိုတာဟာလည်း (ဘယ်အစိုးရပဲတက်တက်) အခြေခံလူတန်းစားတွေရဲ့ ဘဝလွတ်မြောက်ရေးနဲ့ ထုတ်လုပ်ရေးစွမ်းအားစု ဖွံ့ဖြိုးတိုးတက်အောင် မလုပ်နိုင်ရင် ဘယ်လိုစီးပွားရေး ပြုပြင် ပြောင်းလဲမှုမှ အောင်မြင်မှာမဟုတ်ပါဘူး။ အကျင့်ပျက် ခြစားနေတဲ့ ခရိုနီအရင်းရှင်စနစ်ကို အမြစ်ပြတ်အောင် မတိုက်နိုင်ရင် တိုင်းပြည်မှာ ဆင်းရဲချမ်းသာ ကွာဟမှု ဆက် ကြီးထွားနေဦးမှာ ဖြစ်ပါတယ်။ ဘတ်ဂျက် ဝင်ငွေရဲ့ ၉၆%ဟာ ရေနံရောင်းရငွေပေါ် အခြေပြုထားရတဲ့ သယံဇာတကျိန်စာ သင့်နေတဲ့ တချောင်းထောက် စီးပွားရေးဟာ၂၀၀၈ စီးပွားရေးကပ်နောက်ပိုင်း ရေနံကို အကန့်အသတ်မဲ့ တိုးထုတ်သော်လည်း ရေနံဈေးကျ ငွေဈေးကျ စီးပွားရေးကျ နိုင်ငံရေး မတည်ငြိမ်ဖြစ်ကာ ပြဿနာပေါင်းစုံ ဖြစ်ပေါ်လာပါတော့တယ်။

ဗင်နီဇွဲလားဟာ ပြည်ပစွက်ဖက်မှုနှင့်အတူ တည်ငြိမ်မှုပျက်ပြားကာ လစ်ဗျားနဲ့ ဆီးရီးယားလို အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ ကိုယ်စားပြုစစ်ရေး Proxy War စွက်ဖက်မှုအောက်မှာ ပြည်တွင်းစစ်နဲ့အတူ ကျဆုံးနိုင်ငံ Failed State ဖြစ်မယ့် အန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။

ကိုယ့်ကိုယ်ကိုယ် သမ္မတအဖြစ် ကြေညာတဲ့ ဂီဒို Guaido ကြားဖြတ်အစိုးရက (သူတို့ဟာ ဗင်နီဇွဲလား ခရိုနီမနေရှင်လူတန်းစားကို ကိုယ်စားပြုတယ်) အမေရိကန်ကို စစ်ရေးစွက်ဖက်ဖို့ ဖိတ်ခေါ်မှုဟာ တိုင်းပြည်ကို သစ္စာဖောက်ရာရောက်တဲ့ ရှုးသွပ်တဲ့လုပ်ရပ် ဖြစ်တယ်လို့ မက်ဒူရိုအစိုးရက ပြင်းပြင်းထန်ထန် အပြစ်တင်တယ်။ မိမိပါလီမန်ကနေ နိုင်ငံခြား စစ်ရေးစွက်ဖက်ဖို့ တောင်းဆိုတဲ့ ဖောက်ပြန်တဲ့လုပ်

ရပ်မျိုး ကမ္ဘာမှာ မရှိဘူး လို့လည်းဆိုတယ်။ ဝါရှင်တန်အနေနဲ့ ဗင်နီဇွဲလားပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ဖို့နဲ့ စီးပွားရေးပိတ်ဆို့မှုကို ရပ်စဲဖို့ တောင်းဆိုတယ်။ ထရမ့်အစိုးရက ဗင်နီဇွဲလားရဲ့ ဘဏ်စာရင်းတွေကို ရပ်စဲထားပြီး ရေနံရောင်း ရငွေတွေကို ပိတ်ဆို့ထားတယ်။ အမေရိကန်ရဲ့ ပိတ်ဆို့မှုဟာ ဗင်နီဇွဲလား စီးပွားရေးကို ပိုမိုဆိုးဝါးစေပြီး ဗင်နီဇွဲလား ပြည်သူတွေအတွက် အကျိုးမဲ့စေပါတယ်။

ဗင်နီဇွဲလားလူထုက ဘယ်ပြင်ပ စွက်ဖက်မှုကိုမှ မလိုလားပါဘူး။နိုင်ငံတကာ ပြည်သူများလိုပဲ ပြည်တွင်းစစ်ကို ဆန့်ကျင်ပါတယ်။ ငြိမ်းချမ်း တည်ငြိမ် ဖွံ့ဖြိုး တိုးတက် လိုကြပါတယ်။

ယခုထိတော့ "ထန်းပလပ်ပြား မြင်းလုပ်စီးနေရသလို" နင်သာနင် ခရီးမတွင်လှသေးပါဘူး။ ၂၀၁၈ ရွေးကောက်ပွဲ ရလဒ်အပေါ် ၂ ဖက် အမြင်မတူကြဘူး။ တဖက်ဖက်ကို အာဏာလွှဲ ဖယ်ရှား တိုင်းပြည်က ထွက်ခွာသွားခိုင်းဖို့ ဆိုတာ မဖြစ်နိုင်ဘူး။ စေ့စပ်ဆွေးနွေးရပါလိမ့်မယ်။

လူထုက ပွဲကြည့်ပရိသတ် သက်သက်မဟုတ်တော့ပါဘူး။ နောက်ဆုံးမှာတော့ ဗင်နီဇွဲလားအရေးကို ဗင်နီဇွဲလားပြည်သူတွေကပဲ အဆုံးအဖြတ်ပေးမှာ ဖြစ်ပါတယ်။ ။

မြစမ်းအေး
(၁၂ ဖေဖော်ဝါရီ ၂၀၁၉)

## ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီများရဲ့

### ၁၉ ကြိမ်မြောက် နိုင်ငံတကာ အစည်းအဝေး ရလဒ်နဲ့ သဘောတူညီချက်များ

**ခင်အေးကြည်မြ**



ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီများရဲ့ ၁၉ ကြိမ်မြောက် နိုင်ငံတကာ အစည်းအဝေးကို ရုရှားဖက်ဒရေးရှင်းကွန်မြူနစ်ပါတီက တာဝန်ယူပြီး စိန့်ပီတာစဘတ်မြို့မှာ ၂၀၁၇ နိုဝင်ဘာ ၂ ရက်နေ့နဲ့ ၃ ရက်နေ့မှာ ၂ ရက်ဆက်တိုက် ကျင်းပခဲ့တယ်။ အစည်းအဝေးသို့ နိုင်ငံ ၇၈ နိုင်ငံမှ ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီ ၁၀၃ ပါတီမှ ကိုယ်စားလှယ် ၃၄၂ ယောက် တက်ရောက်ပါတယ်။ အစည်းအဝေးရဲ့အဓိက ခေါင်းစီးကတော့"ကြီးမြတ်တဲ့ အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေး-ကွန်မြူနစ်လှုပ်ရှားမှုရဲ့ ရည်မှန်းချက်ဖြစ်တဲ့ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲ ပြန်လည်ဆန်းသစ်လာပြီး ငြိမ်းချမ်းရေးနဲ့ ဆိုရှယ်လစ်ရေးတိုက်ပွဲ အောင်ပန်းဆွတ်ခူးရေး" ဆိုတာဖြစ်တယ်။

တက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေဟာ ခေါင်းစီးကို ဗဟိုပြုကာ မိမိတို့ရဲ့ ရပ်တည်ချက်ကို ရှင်းပြတယ်။ သမိုင်းကို နီဂုံးချုပ် လက်တွေ့ အခြေအနေကို ခွဲခြမ်းစိတ်ဖြာကြတယ်။ အစည်းအဝေးမှာ "စည်းလုံးညီညွတ်ရေး ကြေညာချက်" ၆ ခုကို လက် မှတ်ရေးထိုး ကြတဲ့အပြင် ရုရှားဖက်ဒရေးရှင်းပါတီက ထုတ်ပြန်တဲ့ "ပန်ကြားလွှာ"ကိုလည်း လက်မှတ် ရေးထိုးခဲ့ကြတယ်။

**၁။ အစည်းအဝေးကာလရဲ့ နောက်ခံ**

(၁) ၂၀၁၇ ဇန်နဝါရီလက စတင်ပြီး ကမ္ဘာ့လက်ဝဲဂိုဏ်းအဖွဲ့ အစည်းအသီးသီးဟာ အောက်တိုဘာတော်လှန်ရေး အောင်ပွဲ အနှစ် ၁၀၀ ပြည့် အထိမ်းအမှတ်လှုပ်ရှားမှု တစီတတန်းကြီးကို လုပ်ဆောင်ခဲ့ကြတယ်။ အာရှတိုက်မှာ တရုတ်ပြည်ကွန်မြူနစ်ပါတီက"အောက်တိုဘာ တော်လှန်ရေးနဲ့ တရုတ်ပြည်ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ်"ဆိုတဲ့ သဘောတရားလေ့လာဆွေးနွေးပွဲ ခေါ်ဆိုကျင်းပတယ်။

ဥရောပတိုက်မှာ ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီ ၃၀ ကျော်က ဘရပ်ဆဲမှာလည်းကောင်း၊ ယခင်ဆိုဗီယက်နဲ့ အရှေ့ဥရောပ ဒေသမှာ ကမ္ဘာ့ဒေသအသီးသီးမှ ကွန်မြူနစ်ပါတီ ၄၀ နီးပါးဟာ ရုရှားကွန်မြူနစ်ဝါဒ အလုပ်သမားပါတီရဲ့ အဋ္ဌမအကြိမ်မြောက် ညီလာခံကို အခွင့်ကောင်းယူ၍လည်းကောင်း၊ အမေရိကတိုက်မှာ ကျူးဘားကွန်မြူနစ်ပါတီကလည်းကောင်း အောက်တိုဘာတော်လှန်ရေးအောင်ပွဲ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပခဲ့တယ်။ ဒီ ၁၉ ကြိမ်မြောက် နိုင်ငံတကာ အစည်းအဝေးကို အောက်တိုဘာတော်လှန်ရေးရဲ့ ဇာတိမြေကို ရွေးချယ်ကျင်းပခဲ့ခြင်းဟာလည်း အောက်တိုဘာတော်လှန်ရေးအောင်ပွဲ နှစ် ၁၀၀ ပြည့်ကို အထိမ်းအမှတ်ပြုခြင်းဖြစ်တယ်။

(၂) နယ်ချဲ့စနစ်ရဲ့ ပြည်တွင်းပြည်ပပေါ်လစီဟာ အဆက်မပြတ် ပိုမိုပြင်းထန်တင်းမာလာနေတယ်။ ကမ္ဘာငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ ဆိုးဝါးပြင်းထန်တဲ့ စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့နေရတယ်။ ဒေါ်နယ်ထရမ့်သမ္မတဖြစ်လာပြီးနောက် အမေရိကန်ဟာ တိုင်းတပါး ရွှေ့ပြောင်းနေထိုင်သူတွေအပေါ် ပိုမိုဆိုးဝါး ရက်စက်လာတယ်။ အဆက်ဖြတ်ဖို့ တံတိုင်းတွေဆောက်ခြံခတ်လာတယ်။ ဥရောပ ကလည်း တိုင်းတပါးရွှေ့ပြောင်း နေထိုင်လိုသူ ဒုက္ခသည်တွေ ဝင်ရောက်လာမှုကို ဆန့်ကျင်ရေး ပေါ်လစီအမျိုးမျိုး ကျင့်သုံးနေတယ်။

နိုင်ငံခြားရေးပေါ်လစီအရ ဥရောပနဲ့အမေရိကန်နယ်ချဲ့သမားတို့ဟာ အရှေ့အလယ်ပိုင်းနဲ့ အာဖရိကမြောက်ပိုင်းနိုင်ငံတွေမှာ စစ်ပွဲတွေ အဆက်မပြတ်ဖန်တီးနေတယ်။ အရှေ့အာရှ၊ တောင်အာရှတို့ကိုလည်း ဒုက္ခပေး မွှေနှောက် နေတယ်။ ယခင်ဆိုဗီယက်နဲ့ အရှေ့ဥရောပဒေသ၊ လက်တင်အမေရိကဒေသတွေမှာ စစ်ရေးအရ တိုးပြီး စီမံနေရာချကာ စီးပွားရေး ပိတ်ဆို့မှုတွေ လုပ်နေတယ်။ ဒါတွေဟာ ဒေသအခြေအနေ တင်းမာမှုနဲ့ အငြင်းပွားမှုတွေ အဆက်မပြတ် ဖြစ်ပေါ်စေတယ်။ တချိန်တည်းမှာ နယ်ချဲ့သမားက စွက်ဖက်နေတဲ့ အလျောက် နိုင်ငံတကာမှာ အပူကွက်ပြဿနာ၊ ဥပမာ-ပါလက်စတိုင်းပြဿနာ၊ ဆိုက်ပရပ်ပြဿနာ၊ ကာတလိုးနီယားပြဿနာ၊ မြောက်ကိုးရီးယား နျူးကလီးယားပြဿနာ စတာတွေဟာ တလျောက်လုံး ဖြေရှင်းမရအောင် ဖြစ်ခဲ့ရတယ်။ နယ်ချဲ့စနစ်ရဲ့ ကျူးကျော်မှု လက္ခဏာ ဖွင့်ချရေး၊ နယ်ချဲ့စနစ်ဆန့်ကျင်ရေး ပြန်လည်ဆန်းသစ်လာရေး၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတိုက်ပွဲ အောင်ပွဲရရှိရေးဟာ ဒီနေ့ကမ္ဘာ့ ကွန်မြူနစ်တွေရဲ့ အလေးတကြီး တာဝန်ဖြစ်တယ်။

(၃) ကမ္ဘာ့နေရာအသီးသီးမှာ လှုံ့ဆော်နေတဲ့ အရင်းရှင်စနစ် ဆန့်ကျင်ရေးဆန္ဒပြပွဲတွေ၊ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲတွေ၊ ပတ်ဝန်းကျင်ထိန်း သိမ်းကာကွယ်ရေး လှုပ်ရှားမှုတွေအပေါ် ကျယ်ကျယ်ပြန့်ပြန့် အာရုံစိုက်မှုရှိလာတယ်။ ၂၀၁၇ ခုနှစ်နောက်ပိုင်းမှာ အရင်းရှင် လူတန်းစားဟာ စီးပွားရေးအကျပ်အတည်းရဲ့ အကျိုးဆက်တွေ ပခုံးပြောင်းရေး လုပ်ဆောင်ချက်ဟာ တနေ့တခြား ထင်ရှားလာတယ်၊ နိုင်ငံအသီးသီးမှ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို တန်ဖိုးထားသူတွေနဲ့ လက်ဝါးကြီးအုပ်သွေးစုပ်မှုကို ရက်စက်စွာ ခံနေရတဲ့ အလုပ်သမားတွေဟာ လူမှုရေးလှုပ်ရှားမှုနဲ့ အလုပ်သမားလှုပ်ရှားမှုကို ပုံစံအမျိုး မျိုးနဲ့ လုပ်လာကြတယ်။ အာရှတိုက်မှာ ၂၀၁၇ မေလက တူရကီနိုင်ငံ၊ အီစတန်ဘူနဲ့ အန်ကာရာစတဲ့မြို့တို့မှာ သောင်းပေါင်းများစွာသော အလုပ်သမားတွေဟာ လှည့်လည် အင်အားပြခဲ့ကြတယ်၊

သွေးစုပ်မှုဆန့်ကျင်ရေး၊ အာဏာရှင်စနစ်ဆန့်ကျင်ရေး ၊ စစ်လိုလားသူနဲ့ ဘာသာရေးအယူဝါဒတွေကို တင်းကျပ်စွာ လိုက်နာမှု fundamentalism ကို ဆန့်ကျင်တဲ့ လှုပ်ရှားမှုတွေ ဖြစ်ပေါ်ခဲ့တယ်။ ၂၀၁၇ ဧပြီလမှ စတင်ပြီး အမေရိကတိုက် အာဂျင်တီးနားမှာ ဆယ်

ပေါင်းများစွာရှိတဲ့ အလုပ်သမားအစည်းအရုံးတွေနဲ့ အခြေခံလူတန်းစား အဖွဲ့အစည်းတွေက အထွေထွေသပိတ်ကို လှုံ့ဆော်ပြီး သမ္မတ မက်ခရီရဲ့ လစ်ဘရယ်ဝါဒသစ်ပေါ်လစီတွေ ဆန့်ကျင်ရေး၊ နိုင်ငံတော် အသုံးစရိတ် လျှော့ချရေး၊ အလုပ်သမားလူတန်းစားရဲ့ လုပ်ခ တိုးမြှင့်ပေးရေး တောင်းဆိုချက်များနဲ့ သပိတ်မှောက် ဆန္ဒပြမှုတွေဟာ အရှိန်အဟုန် ပြင်းထန်လှလို့ အာဂျင်တီးနားအခြေအတခုလုံး ရပ်တန့်သွားခဲ့တယ်။ ဒါတွေအပြင် ဥရောပမှာ ဂရိ၊ ဘယ်လ်ဂျီယန်၊ ပြင်သစ်နဲ့ အာဖရိကတိုက်၊ အီဂျစ်၊ ဆူဒန်စတဲ့ ဒေသတွေမှာ အလုပ်သမားလှုပ်ရှားမှုတွေ၊ ခုခံဆန့်ကျင်မှုလှုပ်ရှားမှုတွေ ပေါ်ပေါက်ခဲ့တယ်။ ကျယ်ပြောလှတဲ့ လူမှုရေး လှုပ်ရှားမှုတွေနဲ့ အလုပ်သမားလှုပ်ရှားမှုတွေ အပေါ် တက်ကြွတဲ့ ထောက်ခံမှုနဲ့ မှန်ကန်တဲ့ ရှေ့ဆောင်မှုပေးရေးတို့ဟာ မျက် မှောက် ကမ္ဘာ့ကွန်မြူနစ်တွေရဲ့ သမိုင်းပေးတာဝန်ဖြစ်တယ်။

(၄) ကွန်မြူနစ်ဝါဒဆန့်ကျင်ရေး၊ ဆိုရှယ်လစ်စနစ်ဆန့်ကျင်ရေးဖြစ်ရပ်တွေ အဆက်မပြတ် ပေါ်ထွက်နေတယ်။ ဒါဟာ ဆိုရှယ်လစ်စနစ် အင်အားစုတွေကို စိန်ခေါ်နေခြင်းဖြစ်တယ်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာမှာ ဆူဒန်ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်အဖွဲ့ဝင် အများအပြား အစိုးရက အသုတ်လိုက် ဖမ်းသွားခြင်းခံခဲ့ရတယ်။ ၂၀၁၇ ခုနှစ်မှာ ရူမေးနီးယား တရားရုံးတော်က ကွန်မြူနစ်ဝါဒကို မကောင်းဆိုးဝါး မိစ္ဆာအဖြစ် ဖက်ဆစ်ဝါဒနဲ့ တတန်းတည်းထားကာ ကြေညာခဲ့တဲ့အပြင် "ကွန်မြူနစ်ဝါဒ" ခံယူထားတဲ့ နိုင်ငံရေးပါတီတွေက ချေပပြောဆိုမှုတွေကို အကြိမ်ကြိမ် ပယ်ချခဲ့တယ်။ ပိုလန် ကွန်မြူနစ်ပါတီဝင်တွေက ကွန်မြူနစ်ဝါဒဆိုင်ရာ ပြောဆိုရေးသားချက်တွေကို ဝါဒဖြန့်လို့ ၂၀၁၇ စက်တင်ဘာလက ဖမ်းဆီးခြင်း ခံကြရတယ်။ ၂၀၁၆ ခုနှစ်မှာ ယူကရိန်း ကွန်မြူနစ်ပါတီဌာနချုပ်ဟာ ချေမှုန်းခံလိုက်ရပြီး ပါတီဝင်တွေ ရဲ့ လွတ်တော်တက်ရောက်ခွင့်ကို တားမြစ်ပိတ်ပင်ခဲ့တယ်။ ရုရှားအာဏာပိုင်တွေက ၅-၉ (ဖက်ဆစ်စနစ်ဆန့်ကျင်ရေးအောင်ပွဲ ၇၂ နှစ် အထိမ်းအမှတ်) ဆန္ဒပြပွဲ ပါဝင်ခဲ့တဲ့ ရုရှား ကွန်မြူနစ်ဝါဒ အလုပ်သမားပါတီမှ ပါတီဝင်တွေကို ယာယီ ထိန်းသိမ်းခဲ့တယ်။ အီရန်က မာ့က်စ်ဝါဒကို မိစ္ဆာဒိဋ္ဌိအဖြစ် ရှုမြင်ပြီး ကွန်မြူနစ်ဝါဒနဲ့ လက်ဝဲဂိုဏ်း အဖွဲ့အစည်းတခုလုံးကို နိုင်ငံရေးအရ ချေမှုန်းရေး စီမံဆောင်ရွက်သွားမယ်လို့ဆိုတယ်။ အရင်းရှင်စနစ်ရဲ့ အရှုံးအမူး တုန့်ပြန်တိုက်ခိုက်မှုတွေကို ရင်ဆိုင်ရေး ကွန်မြူနစ်တွေဟာ အင်အားကို စုစည်း၊ အတူတကွ ပြောဆို ပူးပေါင်းလုပ်ဆောင်သွားသင့်တယ်။

## ၂။ အစည်းအဝေးရဲ့ သဘောတရား ရပ်ခံချက်

ဆိုရှယ် လစ်ဝါဒကို ဗဟိုပြုပြီး အောက်တိုဘာဆိုရှယ်လစ်တော်လှန်ရေးရဲ့ သမိုင်းအဓိပ္ပာယ်မှ အစချီကာ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှု ရဲ့ သေနင်္ဂဗျူဟာ နည်းပရိယာယ်စတာတွေတွေကို ဆွေးနွေးခဲ့ကြတယ်။

(၁) အောက်တိုဘာတော်လှန်ရေးဟာ ခေတ်သစ်ကို ဖွင့်လှစ်လိုက်တာလို့ အစည်းအဝေးက မှတ်ယူတယ်။ ပန်ကြားလွှာက အောက်တိုဘာတော်လှန်ရေးဟာ လူသားသမိုင်းကို အရင်းရှင်စနစ်မှ ဆိုရှယ်လစ်စနစ်-ကွန်မြူနစ်စနစ်သို့ ကူးပြောင်းတဲ့ ခေတ်သစ်ကို ဖွင့်လှစ်လိုက်တာဖြစ်တယ်၊ လူလူချင်း သွေးစုပ်မှုကင်းတဲ့ တရားမျှတတဲ့ လူ့အဖွဲ့အစည်း ထူထောင်ရေးအတွက် ကျယ်ဝန်းပြီး ခိုင်မာတဲ့ တိုးတက်တဲ့ အခြေခံအုတ်မြစ်ကို ချပေးလိုက်ပြီး၊ ၂၀ ရာစုရဲ့ ပြင်းထန်တဲ့ စိန်ခေါ်မှုကို တုံ့ပြန်ခဲ့တယ်လို့ ညွှန်ပြခဲ့တယ်။ ရုရှားဖက်ဒရေးရှင်း ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ဇူကာ နော့ဗ် အဖွင့်စကားပြောကြားရာမှာ အောက်တိုဘာတော်လှန်ရေးဟာ အလုပ်သမားတွေ အာဏာဆုပ်ကိုင်ထားတဲ့ နိုင်ငံတော်တရပ်ကို ထူထောင်လိုက်ရုံမက ယခင်ဘယ်တုန်းကမှ မရှိခဲ့ဖူးတဲ့ လူ့အဖွဲ့အစည်း ပြုပြင်ပြောင်းလဲရေးရဲ့ ပထမဆုံးခြေလှမ်းတလှမ်း-လှမ်းလိုက်တာဖြစ်တယ်၊ အလုပ်၊ စည်းလုံး ညီညွတ်မှု၊ တန်းတူရေး၊ ညီနောင်စိတ်ဓာတ်နဲ့ စုပေါင်းစနစ်ကျင့်သုံးရေးဝါဒ(collectivism) ဆိုင်ရာမှုတွေကို ချမှတ်ပေးခဲ့လို့ တကမ္ဘာလုံးက ပြည်သူလူထုရဲ့ ကမ္ဘာ့အမြင်ကို ရိုက်ခတ်ခဲ့ရုံမက ကမ္ဘာကြီးကိုလည်း အကြီးအကျယ် ပြောင်းလဲသွားစေခဲ့တဲ့အပြင် ခေတ်သစ်ကို ကြိုဆိုခဲ့ကြတယ်။ တရုတ်ပြည် နိုင်ငံခြား ဆက်သွယ်ရေးဌာန ဒုဝန်ကြီး ကိုယ့်ကျိုးက မိန့်ခွန်းပြောကြားရာမှာ အောက်တိုဘာတော်လှန်ရေးက ဒီခေတ်ကာလကို ပိုင်းခြားပစ်လိုက်တဲ့ ဖြစ်ရပ်ဟာ လူသားသမိုင်း ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ကို အကုန်အစင် ပြောင်းလဲပစ်လိုက်ပြီး ဆိုရှယ်လစ်စနစ်ကို စိတ်ကူးစံမှ လက်တွေ့သို့ လည်းကောင်း၊ သဘောတရား မှ လက်တွေ့အကောင်အထည် ဖော်ဆောင်ရေးသို့ လည်းကောင်း ကြီးမြတ်တဲ့ ခုန်ပျံတိုးတက်မှုကို အကောင်အထည်

ဖော်ဆောင်ခဲ့တယ်လို့ အလေးထား ပြောကြားခဲ့တယ်။ အောက်တိုဘာတော်လှန်ရေးက တရုတ်ပြည်အတွက် မာ့က်စ်လီနင်ဝါဒကို ဆောင်ကြဉ်းပေးလာပြီး ရဲဘော်မော်စီတုန်းကိုယ်စားပြုတဲ့ တိုးတက်သူတွေဟာ အောက်တိုဘာတော်လှန်ရေးအောင်မြင်မှု အတွေ့အကြုံထဲမှ သိပ္ပံနည်းကျ နည်းနာကို တရုတ်အမျိုးသားတို့ရဲ့ လွတ်လပ်ရေးနဲ့ ပြန်လည် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည် ဖော်ဆောင်ရေးကို ရှာဖွေတွေ့ရှိလိုက်တယ်။ သူတို့ဟာ မာ့က်စ်လီနင်ဝါဒကို တရုတ်အလုပ်သမားလူတန်းစား လှုပ်ရှားမှုနဲ့ ပေါင်းစပ်လိုက်ပြီး တရုတ်ပြည် ကွန်မြူနစ်ပါတီကို စတင်ထူထောင်လိုက်ပြီးနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်ကို ထူထောင်ခဲ့တယ်လို့ ရှင်းလင်းဖွင့်ဆိုပြခဲ့တယ်။

အိုက်ယာလန် အလုပ်သမားပါတီ၊ ဆိုက်ပရပ် လုပ်သားပြည်သူ့ တိုးတက်ရေးပါတီ၊ ပေါ်တူဂီကွန်မြူနစ်ပါတီ၊ ဩစတီးယား အလုပ်သမားပါတီ၊ ကနေဒါကွန်မြူနစ်ပါတီ၊ ဂရိကွန်မြူနစ်ပါတီ၊ ဖိလစ်ပိုင်ကွန်မြူနစ်ပါတီ( PKP-၁၉၃၀ )စတဲ့ များပြားလှတဲ့ ဆိုရှယ်လစ် နိုင်ငံမဟုတ်တဲ့ နိုင်ငံတွေမှ ကွန်မြူနစ်ပါတီတွေဟာလည်း အောက်တိုဘာတော်လှန်ရေးဟာ ၂၀ ရာစုရဲ့ အရေးကြီးဆုံး သမိုင်းဖြစ်ရပ ဖြစ်တယ်၊ ကမ္ဘာ့တော်လှန်ရေး ဖြစ်စဉ်ရဲ့ ဓာတ်ကူ(catalyst)ပစ္စည်းဖြစ်တယ်၊ ကမ္ဘာ့နိုင်ငံအသီးသီးက အရင်းရှင်စနစ် နိုင်ငံတော်ယန္တရားကို ချေမှုန်းပစ်ရေး၊ ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ်နိုင်ငံတော် ထူထောင်ရေး၊ ကုန်ထုတ်အရင်းအနှီး ပုဂ္ဂလိကပိုင်စနစ် ဖျက်သိမ်းပစ်ရေး၊ လူသားတွေ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး လွတ်မြောက်ရေးအတွက် အတွေ့အကြုံနဲ့ အင်အားကို ဖြည့်ဆည်းပေးလိုက်ခြင်း ဖြစ်တယ် ဆိုတာကို အလေးထားပြောဆိုကြတယ်။

(၂) အစည်းအဝေးတက်ရောက်လာတဲ့ နိုင်ငံရေးပါတီတွေက ဆိုရှယ်လစ်စနစ်ကို ကမ္ဘာကြီးရဲ့ တန်းတူရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်စဉ်အတွင်းက သမိုင်းလက္ခဏာဆောင်တဲ့ စွမ်းဆောင်အောင်မြင်ချက်များအဖြစ် လုံး၀ အသိအမှတ် ပြုကြတယ်။ ရုရှားဖက်ဒရေး ရှင်းကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ဇူကာနော့ဗ်က ဆိုဗီယက်ပြည်ထောင်စုဟာ ကမ္ဘာပေါ်က ပထမဦးဆုံးသော အလုပ်သမား လယ်သမား သမ္မတနိုင်ငံတနိုင်ငံအနေနဲ့ အလွန်တိုတောင်းလှတဲ့ အချိန်ကာလကို အသုံးချပြီး စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ သိပ္ပံနဲ့နည်းပညာစတဲ့ နယ်ပယ်တွေမှာ ယခင်ဘယ်တုန်းကမှ မရှိခဲ့ဘူးတဲ့အောင်မြင်ချက်တွေ ရရှိခဲ့တယ်၊ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှု ဖြစ်ထွန်းတိုးတက်ရေးကို အမြင့်မားဆုံးအထိ တွန်းဆော်ပေးခဲ့ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးရဲ့ အရေးပါတဲ့ အာမခံချက် ဖြစ်လာတယ်၊ ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲနဲ့ ကိုလိုနီ ကိုလိုနီတပိုင်း နိုင်ငံတွေရဲ့ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုအတွင်း အဆုံးအဖြတ် အခန်းက ပါဝင်ခဲ့တယ်လို့ အလေးထားတင်ပြတယ်။ လာအိုပြည်သူ့ တော်လှန်ရေးပါတီက အောက်တိုဘာ တော်လှန်ရေးရဲ့ ဂယက်ရိုက်မှု အောက်မှာ ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားက အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲတွေ အောင်ပွဲရရှိခဲ့တာဖြစ်ပြီး၊ ဆိုရှယ်လစ်စနစ်ကို ချီတက်ခဲ့ကြတာဖြစ်တယ်၊ အာရှ၊ ဥရောပ၊ လက်တင်အမေရိကတို့မှာ အင်အားတောင့်တင်းတဲ့ ဆိုရှယ်လစ်ဂိုဏ်း ဖြစ်တည်ခဲ့တာ ဖြစ်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းကာကွယ်ရေးရဲ့ အရေးပါတဲ့ အကြောင်းရပ်တခု ဖြစ်လာခဲ့တယ်လို့ ယူဆတယ်။

ပါကစ္စတန်ကွန်မြူနစ်ပါတီက အောက်တိုဘာတော်လှန်ရေး အောင်ပွဲခံပြီးနောက် ဆိုဗီယက် ပြည်ထောင်စုသမ္မတ နိုင်ငံတော် ရုရှားဟာ တကမ္ဘာလုံးမှ အဖိနှိပ်ခံလူတန်းစားတွေကို ကျွန်ပြုခံရမှု၊ တရားမမျှတမှု၊ နိုင်ငံရေးနဲ့စီးပွားရေးတန်းတူမှုမရှိခြင်း စတဲ့ တုပ်နှောင်ထားတဲ့ အနှောင်အဖွဲ့တွေကို ချိုးဖျက်ပစ်နိုင်တဲ့ ထွန်းပြောင်တဲ့ လမ်းကြောင်းကို ပြသလိုက်တာဖြစ်တယ်၊ နယ်ချဲ့သမားရဲ့ စိုးမိုးအုပ်ချုပ်မှုခံနေရတဲ့ ကိုလိုနီဒေသက ပြည်သူတွေ လွတ်လပ်ရေးတိုက်ပွဲ အောင်ပွဲရရှိရေးအတွက် ကျင့်ဝတ်တရားအရနဲ့ စီးပွားရေးအရ အထောက်အကူတွေ ပံ့ပိုးကူညီပေးခဲ့လို့ အာရှ၊ အာဖရိကနဲ့ လက်တင်အမေရိကရဲ့ နိုင်ငံပေါင်း ၁၁၁ နိုင်ငံဟာ နယ်ချဲ့သမားရဲ့ စိုးမိုးအုပ်ချုပ်မှုအောက်က လွတ်မြောက်အောင် ရုန်းထွက်ခဲ့ကြလို့ လွတ်လပ်ရေး ရရှိစေခဲ့တာကို အထူးအလေးထား တင်ပြခဲ့တယ်။ ဗီယက်နမ် ကွန်မြူနစ်ပါတီ၊ ရုရှားကွန်မြူနစ်ဝါဒ အလုပ်သမားပါတီ၊ ဒိန်းမတ် ကွန်မြူနစ်ပါတီ၊ ဖိလစ်ပိုင် ကွန်မြူနစ်ပါတီ ( PKP - ၁၉၃၀)စတဲ့ ပါတီအသီးသီးဟာ ၂၀ ရာစု အတွင်း ဆိုရှယ်လစ်နိုင်ငံတွေဟာ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူ့ဒီမိုကရေစီ၊ လူမှုသက်သာချောင်ချိရေးစတဲ့ ဘက်တွေမှာ ရရှိခဲ့တဲ့ အောင်မြင်ချက်တွေဟာ ဆိုရှယ်လစ်စနစ်ရဲ့ သာလွန်ချက်တွေကို အပြည့်အဝ ဖော်ပြနိုင်ခဲ့ရုံမက တခြားနိုင်ငံတွေမှ အရင်းရှင်တွေကိုလည်း ပိုမိုကျယ်ပြန့်တဲ့ လူမှုအာမခံစနစ်တွေ ဖော်ထုတ်လာဖို့ အတင်းအကျပ် လုပ်ခိုင်းသလိုဖြစ်ခဲ့တယ်၊ ၂၀ ရာစု ဆိုရှယ်လစ်နိုင်ငံတွေဟာ ဖက်စစ်ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေး၊ ကိုလိုနီဝါဒနဲ့ ကိုလိုနီဝါဒလက်သစ် ဆန့်ကျင်ရေးတိုက်ပွဲ အတွင်း မှ အခန်းကဏ္ဍဟာလည်း ထိုနည်းတူ အစားထိုးလို့ မဖြစ်နိုင်ပါဘူးလို့ ယူဆကြတယ်။

(၃) ဆိုဗီယက်နဲ့ အရှေ့ဥရောပ အပြောင်းအလဲဖြစ်သွားမှုမှာ တကယ့်အဓိက အကြောင်းရင်းဟာ ကွန်မြူနစ်ပါတီတွေ ကိုယ်တိုင် ပြဿနာ ပေါ်ခဲ့ခြင်းဖြစ်တယ်။ ဇူကာနော့ဗ်ရဲ့ နိဂုံးချုပ်ချက်ကတော့ တကယ့်ဖြစ်ရပ်အရ ၂၀ ရာစု ၈၀ ခုနှစ်တွေမှာ ဆိုဗီယက်ပြည်ထောင်စုရဲ့ အခွင့်အာဏာတွေဟာ သစ္စာဖောက်နဲ့ တံစိုးလက်ဆောင် လက်ခံထားသူ လာဘ်စားသူတို့က ခိုးယူသွားခဲ့ပါပြီလို့ ဆိုပါတယ်။

ရုရှားကွန်မြူနစ်ဝါဒ အလုပ်သမားပါတီ ပထမ အတွင်းရေးမှူး (Yuri Chukriikin) က - ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားချိန်မှာ နိုင်ငံရေးအာဏာဟာ ဆိုဗီယက် နိုင်ငံရေးအာဏာ မဟုတ်တော့ဘူး၊ ပါတီဟာလည်း ကွန်မြူနစ်ပါတီ မဟုတ်တော့ဘူး၊ ဆိုဗီယက် ကွန်မြူနစ်ပါတီ ၂၂ ကြိမ်မြောက် ကွန်ဂရက်မှာ အတည်ပြုလိုက်တဲ့ အထွေထွေလုပ်ငန်းစဉ်ဟာ ပစ္စည်းမဲ့လူတန်းစားအာဏာရှင်စနစ်မှာ ရှိရမယ့် လုပ်ငန်းစဉ်ဆိုင်ရာ စည်းမျဉ်းဥပဒေတို့ကို ဖျက်သိမ်းပစ်ခဲ့တယ်၊ ၂၈ ကြိမ်မြောက်ကွန်ဂရက်မှာတော့ ဈေးကွက်ဦးတည်ပြောင်းလဲရေး အရင်းရှင်စနစ်လုပ်ငန်းစဉ် ကျင့်သုံးလာပြီး ဆိုဗီယက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဟာ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး စီမံကိန်းကိုတောင် ပြောင်ပြောင်တင်းတင်း ရေးဆွဲချမှတ်လာပါတယ်လို့ သူ့ထင်မြင်ချက်ကို တင်ပြပါတယ်။ ဗီယက်နမ် ကွန်မြူနစ်ပါတီ နိုင်ငံခြား ဆက်ဆံရေးဌာန ဒုတိယဝန်ကြီး-ချင်တဲ့လီက ဆိုဗီယက်နဲ့ အရှေ့ဥရောပနိုင်ငံတွေ ပြိုလဲသွားမှုဟာ ရှောင်လွှဲမရနိုင်ပါဘူး၊ အဓိက အကြောင်းရင်းကတော့ ဆိုဗီယက် ကွန်မြူနစ်ပါတီ ခေါင်းဆောင်အဆင့်ဟာ မာ့က်စ်ဝါဒကို ကျောခိုင်းတဲ့ "လက်ဝဲ" လက်ယာ တိမ်းစောင်းတဲ့ ဆန္ဒစွဲအမြင် အမှားများ ကျူးလွန်ခြင်း ဖြစ်တယ်၊ လီနင်သတိပေးခဲ့ဖူးတဲ့ ပြန်ပြင်ရေးဝါဒ၊ ကွန်မြူနစ်ဝါဒရဲ့ မာနထောင်လွှားမှု၊ "လက်ဝဲ" ဂိုဏ်း သူငယ်နာ၊ အရချောင်ဝါဒတို့ ပေါ်ထွက်ခြင်းနဲ့ သစ္စာဖောက်ခြင်းတို့ပါပဲ။ "လက်ဝဲ" တိမ်းစောင်းမှုက ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးကို အတားအဆီး ဖြစ်စေပြီး လက်ယာတိမ်းစောင်းမှုက ဆိုရှယ်လစ်စနစ်ကို ဇီဝိန်ချုပ်သွားစေခြင်းပါပဲလို့ ထောက်ပြခဲ့ပါတယ်။

ဖိလစ်ပိုင်ကွန်မြူနစ်ပါတီ (PKP - ၁၉၃၀) ၂၀ ရာစု ၈၀ ခုနှစ် နှောင်းပိုင်း ဆိုဗီယက်ပြည်ထောင်စု ဆိုရှယ်လစ်စနစ် ပြိုပျက်သွားခြင်းရဲ့ အဓိက အကြောင်းရင်းကတော့ နယ်ချဲ့သမားရဲ့ အထူးကိုယ်စားလှယ်ရဲ့ တွန်းဆော်မှုကြောင့်ဖြစ်တယ်၊ သူတို့ဟာ ပါတီနဲ့ နိုင်ငံတော်ရဲ့ အမြင့်ဆုံးခေါင်းဆောင် အဆင့်မှာ ဝင်ရောက်နေပြီး "ပြုပြင်ပြောင်းလဲရေး" နဲ့ "လူသားရဲ့ အကျိုးတူတန်ဖိုးတရား (common human value) အမြင်" စတဲ့ ယေဘုယျ အမြင် အယူအဆတွေအရ ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ်နဲ့ ဆိုရှယ်လစ်စနစ်ကို မဟုတ်တန်းတရားစွပ်စွဲကြတယ်။ ဒါတွေက အရင်းရှင်စနစ်က ဆိုဗီယက်ဆိုရှယ်လစ်စနစ်ကို ပြိုကျပျက်စီးစေတဲ့ သစ္စာဖောက်မှုနောက် ထက်ကြပ်မကွာ လိုက်မှုကို ဖြစ်ပေါ်စေပြီး ၎င်းနိုင်ငံက ပြည်သူလူထုကို သမိုင်းလက္ခဏာ ဆောင်တဲ့ ပြစ်မှုကို ကျူးလွန်စေရုံမက လူသားထုတရပ်လုံးအား သမိုင်းလက္ခဏာဆောင်တဲ့ ပြစ်မှုကို ကျူးလွန်စေခဲ့တာပါပဲ။

(၄) မျက်မှောက် ဖြစ်ရပ်တွေအရ အရင်းရှင်စနစ်ဟာ လူသားတွေရဲ့ အနာဂတ် မဟုတ်ဘဲ ဆိုရှယ်လစ်စနစ်သာ လူသားတွေရဲ့ အနာဂတ်ဖြစ်တယ် လို့ အစည်းအဝေးက ညွှန်ပြလိုက်တယ်။ ဇူကာနော့ဗ်က အစည်းအဝေး အဖွင့်မိန့်ခွန်းစကားပြောရာမှာ မျက်မှောက်ကာလမှာ အရင်းအနှီးက အလုပ်သမားတွေကို ရိုက်ခတ်မှုဟာ ကြာလေ ကြီးမားလေဖြစ်တယ်၊ ငွေကြေးအကျပ်အတည်းဟာ အဆက်မပြတ် နက်ရှိုင်းလာနေတယ်၊ လူ့အဖွဲ့အစည်းအတွင်း အလွှာကွဲပြားမှုတွေနဲ့ ဆင်းရဲချမ်းသာ ကွဲပြားမှုအတိုင်းအတာဟာ တနေ့တခြား ထင်ရှားလာလေဖြစ်တယ်၊ "အလယ်အလတ်လူတန်းစား" ဟာလည်း တဟုန်ထိုး ဆုတ်ယုတ်ကျဆင်းလာနေတယ်၊ ကြွယ်ဝချမ်းသာသူတို့သာ လူတွေအံ့သြရလောက်အောင် ဥစ္စာနေတွေ တိုးပွားနေကြတယ်။ (Oxfam International)ရဲ့ ကိန်းဂဏန်းတွေအရ တကမ္ဘာလုံးရဲ့ ၁ ရာခိုင်နှုန်းသာရှိတဲ့ လူတွေဟာ တကမ္ဘာလုံးရဲ့ ၉၉ ရာခိုင်နှုန်းရှိတဲ့ ဥစ္စာနေကို သုံးစွဲနေတယ်၊ ၂၀၀၀ ခုနှစ်နောက်ပိုင်းမှာ ဘီလီယံနာ သူဌေးသူကြွယ်တွေရဲ့ ဥစ္စာနေ တိုးပွားမှုဟာ ၆ ဆအထိ တက်သွားခဲ့တယ်လို့ ဆိုပါတယ်။ ကုလသမဂ္ဂရဲ့ စာရင်းဇယားတွေအရ ၂၀၁၆ ခုနှစ်မှာ ဆာလောင်မွတ်သိပ် ငတ်ပြတ်နေသူ လူဦးရေဟာ ၃၈ သန်းအထိ တိုးပွားလာတယ်လို့ဆိုတယ်။ ရုရှားနိုင်ငံမှာ ရုရှားနိုင်ငံသား ၁၀ ရာခိုင်နှုန်းဟာ ဆာလောင်မွတ်သိပ် အငတ်ဘေးနဲ့ ကြုံနေရတယ်။ သူတို့ဟာ အလုပ်လက်မဲ့ အနေအထားမှာ ကျရောက်နေပြီး လူ့အဖွဲ့အစည်းရဲ့ ဥစ္စာနေအားလုံးနီးနီးဟာ ဘဏ္ဍာဘုရင်ကြီး (ဘဏ္ဍာ လက်ဝါးကြီး အုပ်သမား) တွေ ဒါမှမဟုတ် နိုင်ငံတော်လက်ထဲ ရောက်ကုန်တယ်။

အမေရိကန် ကွန်မြူနစ်ပါတီက ပြောဆိုရာမှာ အရင်းရှင်စနစ်ဟာ အကျပ်အတည်းကို ဖြေရှင်းရာမှာ တလျှောက်လုံး သုံးခဲ့တဲ့ နည်းနာကတော့ ၉၆ ပါးရောဂါပျောက်ဆေးလိုဖြစ်ပြီး အရင်းအနှီးထိန်းချုပ်မှုကို လျှော့ချပစ်လိုက်တယ်၊ ပတ်ဝန်းကျင် ဖျက်ဆီးရေးနဲ့ နယ်ချဲ့စနစ်ရဲ့ ကျူးကျော်ရေးစတဲ့"အနန္တတန်ခိုးရှင်စီမံကိန်း"တွေကို ကျင့်သုံးပါတယ်။ အမေရိကန်မှာအစွန်းရောက်လက်ယာအင်အားစုတွေ

ရဲ့အန္တရာယ်ကို လျှော့တွက်လို့ မဖြစ်နိုင်သလို ဖက်ဆစ်ဝါဒ၊ လူမျိုးစွဲဝါဒ (Racialism)၊ အမျိုးသားရှော်ဗင်ဝါဒ၊ သီအိုကရေစီ (Theocracy) စတာတွေ နိုင်ငံရေးဇာတ်ခုံပေါ် ပေါ်ထွက်လာနေတယ်။ အလုပ်သမားလူတန်းစားဟာ တဆင့်တက် ဖြိုခွဲသိမ်းသွင်းခံရပြီး ပြိုကွဲသွားခဲ့ တယ်။ ဒေါ်နယ်ထရမ့် သမ္မတအဖြစ် အရွေးခံလိုက်ရပြီးနောက် အလွန်အကျွံ အာဏာရှင်စနစ် ကျင့်သုံးရေးဝါဒ (Totalitarianism) အား ကောင်းလာတယ်၊ အမေရိကန်အစိုးရဟာ ကျူးဘား၊ ဗင်နီဇွဲလား၊ အီရန်နဲ့ မြောက်ကိုရီးယား စတဲ့ နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာကို အ ဆက်မပြတ် ထိုးနှက်တိုက်ခိုက်နေတယ်။ ဒုက္ခသည်တွေနဲ့ ရွှေ့ပြောင်းနေထိုင်သူတွေကို အပြင်းအထန် ထိန်းသိမ်း ချုပ်ချယ်နေတယ်။ အရင်းရှင်စနစ်ကနေ ကြည့်ရင် အနာဂတ် ချီတက်ရာ လမ်းကြောင်းကို ရှာမတွေ့နိုင်ပါဘူး၊ ၎င်းဟာ လူသားတွေရဲ့ အနာဂတ် ဆက်လက် ဖွံ့ဖြိုးတိုးတက်နိုင်ရေး စီမံကိန်းကို အထောက်အကူမပြုနိုင်ပါဘူး။ အဆောက်အအုံ လက္ခဏာဆောင်တဲ့ အကျပ်အတည်းအတွင်း အရင်း ရှင်စနစ် နက်နက်ရှိုင်းရှိုင်းကျရောက်နေတယ်၊ နယ်ချဲ့သမားရဲ့ အကြမ်းဖက်မှု အန္တရာယ်နဲ့ ရန်လိုစွာ ထိုးနှက်တိုက်ခိုက်မှုနဲ့လည်း ရင်ဆိုင် နေရ ကြုံတွေ့ နေရတယ်၊ ကျွန်တော်တို့ကတော့ ဆိုရှယ်လစ်စနစ်ဟာ လက်ငင်းရော အနာဂတ်အတွက်ပါ တောင်းဆိုချက်ဖြစ်တယ် လို့ အခိုင်အမာ ယုံကြည်တယ်ဆိုတာကို "ပန်ကြားလွှာ"က ညွှန်ပြလိုက်တယ်။

(၅) ပါတီအဖွဲ့အစည်းသီးသီးဟာ မျက်မှောက် နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုရဲ့ ကွင်းဆက်မှာ မှန်ကန်တဲ့ သေနင်္ဂဗျူဟာနဲ့ နည်းပရိယာယ် ရေးဆွဲချမှတ်သွားရေးဖြစ်တယ်။ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုရဲ့ ဦးတည်ချက်နဲ့ အလေးထားချက်၊ ထိရောက်မှုရှိတဲ့ သေနင်္ဂဗျူဟာ နဲ့ နည်းပရိယာယ် တို့ကို ဘယ်လိုဆုပ်ကိုင်မလဲ ဆိုတာနဲ့ ပတ်သက်လို့ ဖူကာနော့ဗ်က အဖွင့်မိန့်ခွန်းမှာ ကျွန်တော်တို့ မျက် မှောက်အရေးကြီးတဲ့တာဝန်ကတော့ အရင်းရှင်စနစ်ဟာ အကြမ်းဖက်ဝါဒ၊ စစ်ပွဲ၊ စီးပွားရေး အကျပ်အတည်း၊ ပတ်ဝန်းကျင် ဆိုးဝါးလာမှု၊ လူ့ကရုဏာဝါဒရဲ့ သဘာဝဘေးဒုက္ခစတာတွေရဲ့ အရင်းအမြစ်ဖြစ်တယ်ဆိုတာကို အဆက်မပြတ် ဖွင့်ချသွားရေးဖြစ်တယ်၊ အရင်းရှင် စ နစ်ကို ဆန့်ကျင်တဲ့ ခုခံတိုက်ခိုက်တဲ့ အင်အားစုတွေ တိုးချဲ့သွားရေးဖြစ် တယ်၊ နယ်ချဲ့သမားရဲ့ ဖိနှိပ်မှုအောက်ကို ကျရောက်နေတဲ့ နိုင်ငံ နဲ့ ပြည်သူလူထုကို စည်းလုံးညီညွတ်စွာ တက်ညီလက်ညီ ထောက်ခံသွားရေးဖြစ်တယ် လို့ အလေးထား ပြောဆိုခဲ့တယ်။

အိုက်ယာလန်အလုပ်သမားပါတီက ဆိုရှယ်လစ် တော်လှန်ရေးရဲ့ တာဝန်ဟာ ခက်ခဲကြီးမားလှပြီး ရှုပ်ထွေးပါတယ်၊ ဆိုရှယ်လစ် စနစ် သေနင်္ဂဗျူဟာ အချက်အချာပြဿနာနဲ့ ဆီလျော်စွာရှိရေးဟာ လူ့အဖွဲ့အစည်း တော်လှန်ပြောင်းလဲရေးအတွက် အခြေအနေတွေ ဖန်တီးရေးဖြစ် တယ်၊ ဒီလို အခြေအနေတွေ ရောက်ရှိလာရေးအတွက် ရှေ့တန်းရောက် တပ်ဦးပါတီထူထောင်ဖို့ လိုအပ်ရုံမက အလုပ်သ မားလူတန်းစားနဲ့ ကျယ်ပြောလှတဲ့ ပြည်သူလူထုအကြား တက်တက်ကြွကြွ တိုးဝင် စည်းရုံးလှုံ့ဆော်သွားရပါမယ်၊ အလုပ်သမား လူတန်း စား ရဲ့ ခေါင်းဆောင်မှု အခန်းကဏ္ဍဆိုတာဟာ အသိရှိရှိ စီမံကိန်းချ လှုပ်ရှားဆောင်ရွက်ခြင်းအားဖြင့်သာ ရရှိနိုင်တယ်လို့ ထင်မြင်ယူဆ တယ်။ ဩစတြေးလျားကွန်မြူနစ်ပါတီက မျက်မှောက်နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုရဲ့ အရေးကြီးတဲ့ လုပ်ငန်းတာဝန်တခုကတော့ အ တိုင်းအတာကြီးမားတဲ့ ငြိမ်းချမ်းရေးလှုပ်ရှားမှုတရပ် ဒါမှမဟုတ် ပိုမိုတိတိကျကျ ပြောရမယ်ဆိုရင်"စစ်ဆန့်ကျင်ရေး"လှုပ်ရှားမှုတရပ် စည်း ရုံးလှုံ့ဆော်သွားရေးဖြစ်တယ်၊ ဒါကို ဆိုရှယ်လစ်စနစ်တခုလုံး သေနင်္ဂဗျူဟာရဲ့အစိတ်အပိုင်းတရပ်အနေနဲ့ လုပ်ဆောင်သွားရမယ်လို့ ယူ ဆတယ်။ ဘရာဇီးကွန်မြူနစ်ပါတီကတော့ နိုင်ငံတကာကွန် မြူနစ်လှုပ်ရှားမှုဟာ အရင်းရှင်စနစ် နဲ့ နယ်ချဲ့စနစ်တို့နဲ့ တိုက်ပွဲဆင်နွှဲရန် လို အပ်ရုံသာမက ကျွန်တော်တို့ကတုတ်ကျင်းထဲမှာ ရှိနေသေးတဲ့ အပေါ်ယံ ပြုပြင်ပြောင်းလဲရေး စိတ်ကူးယဉ်မှုတွေနဲ့ ရင်ဆိုင်ဖို့ လိုသေးတာ ကို အလေးထားတင်ပြတယ်။ ဒိန်းမတ်ကွန်မြူနစ်ပါတီက မျက်မှောက်ကာလမှာ ကွန်မြူနစ်ဆန့်ကျင်ရေးတွေနဲ့ တိုက်ပွဲဆင်ရေးဟာ ပိုမို အရေးတကြီးလိုအပ်လာနေတယ်လို့ အလေးထားပြောပါတယ်။ ဆိုက်ပရပ် လုပ်သားပြည်သူ တိုးတက်ရေးပါတီက နိုင်ငံတကာ ကွန်မြူနစ် နဲ့ အလုပ်သမားလှုပ်ရှားမှုတို့ဟာ လစ်ဘရယ်ဝါဒသစ်နဲ့ အရင်းရှင်စနစ်ရဲ့ ပိတ်ဆို့မှုအောက်မှာ အခက်အခဲတွေ ဝိုင်းဝိုင်းလည်နေပြီး ပြန် လည် ထိုးနှက်တိုက်ခိုက်နေမယ့်အစား အခုရှိနေတဲ့ ပြဿနာရော နောင်ဖြစ်ပေါ်လာမယ့် ပြဿနာတွေကိုပါ ဖြေရှင်းရေး စီမံကိန်းနဲ့အစား ထိုးလိုက်ခြင်းဟာ လူသားတွေရဲ့အနာဂတ်အတွက် ရှုထောင့်အသစ် ဖြည့်ဆည်းပေးလိုက်တာ ဖြစ်တယ်လို့ ထင်မြင်ယူဆကြောင်း တင်ပြ ပါတယ်။ ဗီယက်နမ် ကွန်မြူနစ်ပါတီကတော့ - ကျွန်တော်တို့ ဒီနေ့အသက်ရှင်နေထိုင်ရတဲ့ ကမ္ဘာကြီးနဲ့ လွန်ခဲ့တဲ့ အနှစ် ၁၀၀၊ အနှစ် ၃၀ က ကမ္ဘာကြီးဟာ လုံးဝမတူ ကွဲပြားသွားပါပြီ၊ အခြေခံ ပဋိပက္ခတွေ အထူးသဖြင့် လူတန်းစားပဋိပက္ခဟာ လုံးဝပြောင်းလဲမှုမရှိပေမယ့် စီး ပွားရေး၊ လူမှုရေး၊ လူတန်းစားစတဲ့ အဆောက်အအုံတွေမှာ နက်နက်နဲနဲ ပြောင်းလဲခဲ့တဲ့အလျောက် အရင်းရှင်စနစ်ဟာ အကျပ်အတည်းနဲ့ ရင်ဆိုင်ရပေမယ့် ၎င်းရဲ့ ကုန်ထုတ်လုပ်မှု နဲ့ ခွဲဝေမှု၊ နိုင်ငံရေး၊ စစ်ရေး၊ လုံခြုံရေး၊ ငွေကြေး၊ အသိအမြင် နဲ့ သတင်းတို့ကို စနစ်တကျ အင်

အား ရှိ ရှိ ထိန်းချုပ်ထားတယ်၊ လီနင်ရေးသားခဲ့တဲ့ "တော်လှန်ရေးအကြောင်းအချက်" ဟာ မျက် မှောက်ကာလ နိုင်ငံအများအပြားမှာ မပေါ်ပေါက်သေးပါဘူး။ ဒီလိုအခြေအနေသစ်က ကျွန်တော်တို့ ကို သေနင်္ဂဗျူဟာနဲ့ တိုက်ပွဲနည်းပရိယာယ်သစ်အရ ဆိုရှယ်လစ်စနစ် ရည်မှန်းချက်ပန်းတိုင်ကို စွဲစွဲမြဲမြဲဆုပ်ကိုင် ဆက်လက်ကြိုးပမ်း အားထုတ်သွားရေးကို တောင်းဆိုလိုက်ပါတယ်။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို မိမိနိုင်ငံရဲ့ လက်တွေ့နဲ့ တီထွင်ဖန်တီးမှုရှိစွာ ပေါင်းစပ်ပြီး၊ ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးပါတီရဲ့ ခေါင်းဆောင်မှုအောက်မှာ ပြည်သူလူထုရဲ့ အတွေးအခေါ် အယူအဆရေးရာပိုင်းကို ရှေ့ဆောင်လမ်းပြ၊ အင်အားစုစည်း၊ တခြားတိုးတက်တဲ့ အင်အားစုတွေနဲ့ မဟာမိတ်ပြုကာ ဆိုရှယ်လစ်စနစ် အကောင်အထည် ဖော်ရေး အခိုင်အမာ လမ်းကြောင်းတခု ရှာဖွေရမယ်လို့ ထင်မြင်ယူဆတယ်။

ဂရိကွန်မြူနစ်ပါတီကတော့ ကွန်မြူနစ်ဝါဒ တိုက်ပွဲဟာ မာ့က်စ်၊ လီနင်ဝါဒနဲ့ ပစ္စည်းမဲ့လူတန်းစား နိုင်ငံတကာ စည်းလုံးညီညွတ်မှု အခြေခံအုတ်မြစ်ပေါ်မှာ နိုင်ငံအသီးသီးမှ ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတို့ ပူးပေါင်းကာ နိုင်ငံတကာအရ နယ်ချဲ့ဆန့်ကျင်ရေး၊ လက်ဝါးကြီးအုပ်မှု ဆန့်ကျင်ရေး တပ်ဦးဖြစ်တည်လာသင့်တယ်။ တချိန်တည်းမှာ နိုင်ငံအသီးသီးမှ ကွန်မြူနစ်ပါတီ တွေဟာ မိမိနိုင်ငံရဲ့ လက်တွေ့အခြေအနေတွေအရ သေနင်္ဂဗျူဟာ ရေးဆွဲချမှတ်ရမယ်၊ အလုပ်သမားလူတန်းစားနဲ့ လုပ်သားလူထုကို စည်းလုံးညီညွတ် လာစေရမယ်၊ အရင်းရှင်လူတန်းစားဟာ အာဏာကို အလွယ်တကူ စွန့်လွှတ်၊ ပြန်လည်ပေးအပ်လာလိမ့်မယ်လို့ စိတ်ကူးယဉ်မှုမျိုးကို စွန့်ပယ်ပြီး အပေါ်ယံ ပြုပြင်ပြောင်းလဲရေးဝါဒကို ဆန့်ကျင်ကာ ပစ္စည်းမဲ့လူတန်းစားအာဏာရှင်စနစ် တော်လှန်ရေးတိုက်ပွဲ သဘောတရားကို ကြံ့ကြံ့ခိုင်ခိုင်ဆုပ်ကိုင် ဆိုရှယ်လစ်စနစ် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရေး အခြေအနေအကြောင်းအချက်ကို အဆက်မပြတ် ဖန်တီးသွားရမယ်လို့ ထင်မြင်ယူဆတယ်။ ပေါ်တူဂီကွန်မြူနစ်ပါတီကတော့ အလွန်များပြားလှတဲ့ စွန့်လွှတ်ပေးဆက်မှုနဲ့ မလျှော့တမ်း လုံးပန်းအားထုတ်မှုတို့နဲ့ ကွန်မြူနစ်ပါတီ တည်ဆောက်ရေးရဲ့ ခက်ခဲကြီးလေးလှတဲ့တာဝန်ကို အောင်မြင်ပြီးမြောက်စေပြီး ကွန်မြူနစ်ပါတီဟာ အလုပ်သမားလူတန်းစားနဲ့ ပြည်သူလူထုအကြားမှာ စွဲမြဲကြံ့ခိုင်စွာ အမြစ်တွယ်ပြီး နိုင်ငံတော်ရဲ့ နေ့စဉ်နေထိုင်မှုဘဝအပေါ် တကယ်သြဇာသက်ရောက်မှုရှိစေရမယ်။ တချိန်တည်းမှာ တခြားကွန်မြူနစ်ပါတီတွေနဲ့တကွ တခြားတော်လှန်တဲ့ နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုတွေနဲ့ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနဲ့ စည်းလုံးညီညွတ်မှုကို ရှာဖွေအားဖြည့်သွားရေးကို တက်တက်ကြွကြွ ရှာဖွေရမယ်။

အရင်းအနှီးအင်အားကြီးတွေဆန့်ကျင်ရေး၊ နယ်ချဲ့သမားရဲ့ ဝင်ရောက်စွက်ဖက်မှု ကျူးကျော်မှု ဆန့်ကျင်ရေးတိုက်ပွဲကို အတူတကွ ဆင်နွှဲသွားရမယ်လို့ထင်မြင်ယူဆတယ်။ တရုတ်ပြည်ကွန်မြူနစ်ပါတီကတော့ ဆိုရှယ်လစ်စနစ် သဘောတရားနဲ့လက်တွေ့ အကောင်အထည် ဖော်ရေး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ပါတီနဲ့ နိုင်ငံတော်ရဲ့ လက်တွေ့ပေါ်မှာ အခြေစိုက်ပြီး မာ့က်စ်၊ လီနင်ဝါဒ သဘောတရားကို မိမိနိုင်ငံတော်လှန်ရေး၊ တည်ဆောက်ရေးလက်တွေ့တို့နဲ့ အပြန်အလှန်ပေါင်းစပ်သွားရေးကို တင်ပြခဲ့တယ်။

### ၃။ အစည်းအဝေးရဲ့ အဓိကထူးခြားချက်များ

(၁) နိုင်ငံတကာ ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတို့ရဲ့ အစည်းအဝေးကို ၁၉၉၉ ခုနှစ်က စတင်ခေါ်ယူကျင်းပခဲ့တာမှ အခုကျင်းပလိုက်တဲ့ ၂၀၁၇ အစည်းအဝေးထိဆိုရင် စုစုပေါင်း ၁၉ ကြိမ် ရှိသွားခဲ့ပြီ။ အခုကျင်းပခဲ့တဲ့ အစည်းအဝေးမှာ တက်ရောက်လာတဲ့ နိုင်ငံ၊ပါတီ အဖွဲ့အစည်းပေါင်းနဲ့ ကိုယ်စားလှယ်ဟာ ဆောင်းပါးအစမှာ ဖော်ပြထားတဲ့အတိုင်း အများဆုံးဖြစ်လို့ သမိုင်းမှာ အမြင့်ဆုံးစံချိန်ချိုးခဲ့ပြီး စည်ကား သိုက်မြိုက်လွန်းလှတဲ့ အစည်းအဝေးဖြစ်ခဲ့တယ်။

(၂) ဒီအစည်းအဝေးဟာ အောက်တိုဘာတော်လှန်ရေး အနှစ် ၁၀၀ ပြည့်အထိမ်းအမှတ်ပြု ကျင်းပတာဖြစ်ပြီး ၎င်းရဲ့ ဇာတိဖြစ်တဲ့ ရုရှားမှာ ကျင်းပခဲ့တာဖြစ်လို့လည်း ထူးခြားပါတယ်။

(၃) တရုတ်ပြည်ကွန်မြူနစ်ပါတီက ယခင်က လေ့လာသူအဖြစ် တက်ရောက်ခဲ့။ အစည်းအဝေးမှာ ပြောဆိုဆွေးနွေးမှု မလုပ်ခဲ့။ ယခုအစည်းအဝေးမှာ နိုင်ငံခြားဆက်သွယ်ရေးဌာနရဲ့ ဒုတိယဝန်ကြီးကိုယ်တိုင်တက်တယ်။ ယခုအကြိမ်က စပြီး တရုတ်ဟာ မြောက် ကိုရီးယား အလုပ်သမား ပါတီ၊ ဟန်ဂေရီ အလုပ်သမားပါတီတို့ နဲ့ အတူ အစည်းအဝေး အလုပ်အဖွဲ့အဝင်အဖြစ် လျှောက်ထားခဲ့လို့ အဖွဲ့ဝင်ဖြစ်လာတယ်။ အလုပ်အဖွဲ့ကို ၂၀၀၄ ခုနှစ်က ထူထောင်ခဲ့တာဖြစ်၊ အစည်းအဝေးရဲ့ တခုတည်းသော အမြဲတမ်းအဖွဲ့အစည်းဖြစ်၊ အ

စည်းအဝေးရဲ့ အချိန်၊ နေရာ၊ အစည်းအဝေး ခေါင်းစီး၊ အဆိုပြုချက်စတာတွေကို အဆင်ပြေအောင် စီစဉ်ရေးကို ဆောင်ရွက်ရတယ်။

(၄) ၎င်းကို ထူထောင်လိုက်ပြီးတဲ့နောက် သူ့တာဝန်က အစည်းအဝေးသို့ မျက်မှောက် နိုင်ငံတကာ့ အပူကွက်နဲ့ အရေးကြီး ပြဿနာတွေနဲ့ ပတ်သက်တဲ့ အဆိုပြုချက်တွေ တင်ပြရတယ်။ ဒါတွေဟာ နောက်ဆုံးမှာ ကိုယ်စားလှယ်တွေရဲ့ ထင်မြင်ယူဆချက်တွေ ဖြစ်လာပြီး စည်းလုံး ညီညွတ်တဲ့ သဘောတူကြေညာချက်တွေဖြစ်လာတယ်။ ဒီအစည်းအဝေးမှာ ၆ စောင်အထိရှိခဲ့တယ်။

(က) "ပိုလန်ကွန်မြူနစ်ပါတီကို ဖိနှိပ်လာတဲ့ ကွန်မြူနစ်ဆန့်ကျင်ရေး စီရင်ဆုံးဖြတ်ချက်ကို ကန့်ကွက်ရေးကြေညာချက်" ။ ၇၂ ဖွဲ့ လက်မှတ်ထိုးတယ်၊ ကွန်မြူနစ်ဝါဒကို ဝါဒဖြန့်တဲ့ ၎င်းပါတီက ကေဒါတွေနဲ့ ပတ်သက်လို့ ပိုလန်တရားရုံးရဲ့ စီရင်ချက်ကို ပြစ်တင်ရှုတ်ချခြင်းဖြစ်တယ်။ ပိုလန်အစိုးရနဲ့၎င်းရဲ့ တရားဥပဒေအရ ကွန်မြူနစ်ဝါဒ နဲ့ ပိုလန်ကွန်မြူနစ်ပါတီ ပိတ်ပင်တားမြစ်ရေး အကြံယုတ်ကို ၎င်း ပါတီ၊ ၎င်းပြည်သူတွေနဲ့ အတူတကွ ဆန့်ကျင်ရေးကို တပ်လှန့်နှိုးဆော်လိုက်ခြင်းဖြစ်တယ်။

(ခ) "ဆိုက်ပရပ်ပြည်သူလူထုရဲ့ စည်းလုံးညီညွတ်ရေး ကြေညာချက်ကို ထောက်ခံသွားရေး"ကြေညာချက်။ ၆၆ ဖွဲ့ လက်မှတ်ထိုးတယ်၊ ဒီပြဿနာဟာ ပြင်ပက ဝင်ရောက်စွက်ဖက်မှုနဲ့ နယ်ချဲ့ကျူးကျော်မှုရဲ့ အကျိုးဆက်ဖြစ်တယ်။ နိုင်ငံတကာ ဥပဒေနဲ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ရဲ့ ဆုံးဖြတ်ချက် အခြေခံပေါ်မှာ ဒီပြဿနာကို အမြန်ဆုံး ဖြေရှင်းပြီး ၎င်းဒုက္ခသည်တွေကို ဇာတိရပ်ရွာ ပြန်ပို့ရေး ပန်ကြားလိုက်တယ်။

(ဂ)"ဆီးရီးယားမှ တူရကီတပ်များ ထွက်သွားရေး" ကြေညာချက်။ ၄၅ ဖွဲ့ လက်မှတ်ထိုးတယ်။ တူရကီက ဆီးရီးယားမှာ စစ်ရေးအရ လုပ်ဆောင်မှုဟာ မိမိပြည်သူရော ဆီးရီးယားပြည်သူတွေကိုပါ လုပ်ကြံသတ်ဖြတ်နေတာလို့ အပြစ်တင် ပြောဆိုလိုက်တယ်၊ ကိုယ်စားလှယ်တွေက တူရကီနဲ့ ဆီးရီးယားနိုင်ငံက လုပ်သားပြည်သူတွေရဲ့ အကျိုးစီးပွား ထိန်းသိမ်းကာကွယ်ရေး အကောင်းဆုံး ကြိုးစားသွားရေးကို ပန်ကြားလိုက်တယ်။(ဃ) "နယ်ချဲ့သမားရဲ့ အရှေ့အလယ်ပိုင်း၊ အာဖရိကမြောက်ပိုင်း၊ မြေထဲပင်လယ် အရှေ့ပိုင်းဒေသ၊ ဘော်လ ကန်ဒေသစစ်ပွဲနဲ့ ဝင်ရောက်စွက်ဖက်မှု လုပ်ရပ်တွေကို ပြစ်တင်ရှုတ်ချပြီး ၎င်းဒေသက ပြည်သူတွေ စည်းလုံးညီညွတ်ရေး ထောက်ခံအားပေးတဲ့ ကြေညာချက်" ။ ၄၃ ဖွဲ့ လက်မှတ်ထိုးတယ်။ ဒါဟာ အရှေ့အလယ်ပိုင်း၊ မြေထဲပင်လယ်အရှေ့ပိုင်းနဲ့ ဘော်လကန်ဒေသတို့မှာ အမေရိကန်၊ နေတိုး၊ အီးယူတို့က လှုံ့ဆော်တဲ့ နယ်ချဲ့စစ်ပွဲ နဲ့ စွက်ဖက်တဲ့ လုပ်ရပ်တွေကို ပြင်းပြင်းထန်ထန် ပြစ်တင် ရှုတ်ချခြင်းဖြစ်တယ်၊ ကိုယ်စားလှယ်တွေဟာ မိမိနိုင်ငံကို နယ်ချဲ့စစ်ပွဲနဲ့ ကျူးကျော်မှုလုပ်ရပ်တွေမှာ မပါဝင်ကြဖို့ ရှင်းလင်းပြပြီး၊ အမေရိကန်နဲ့နေတိုးကို မြေထဲပင်လယ်၊ အာဂီယန်(Aegean) ပင်လယ်၊ ဘော်လကန်ဒေသနဲ့ ကမ္ဘာတလွှားမှာရှိနေတဲ့ စစ်အခြေစိုက်စခန်းတွေမှ ဆုတ်ခွာသွားဖို့၊ ပြည်သူလူထုကို သတ်နေတဲ့ "လူသတ်သမား" တွေကို ဘယ်လိုမြေနေရာနဲ့ ဘယ်လိုရေကိုမှ ပံ့ပိုးမပေးကြဖို့ မေတ္တာရပ်ခံပန်ကြားခဲ့တယ်။

(င) "လက်တင်အမေရိကနဲ့ ကရစ်ဘီယံဒေသ ပြည်သူလူထုရဲ့ စည်းလုံးညီညွတ်စွာတိုက်ပွဲဝင်မှုကို ထောက်ခံတဲ့ကြေညာချက်"။ ၂၉ ဖွဲ့ လက်မှတ်ရေးထိုးတယ်။ ၎င်းဒေသက ပြည်သူလူထုဟာ ၂၀၀၈ စီးပွားရေး အကျပ်အတည်း ပေါ်ပေါက်လာပြီးနောက် အရင်းရှင်စနစ် လက်ဝါးကြီးအုပ် အုပ်စုတွေက သူတို့ရဲ့ ဒုက္ခရောက်မှုတွေကို ပခုံးလွှဲပြောင်းပေးမှုခံနေရပြီး၊ အမေရိကန်ရဲ့ ရွှေ့ပြောင်းနေထိုင်သူတွေကို ဆန့်ကျင်ရေးပေါ်လစီ၊ တံတိုင်း ကာရံရေး၊ ပိတ်ဆို့ရေးနဲ့ နိုင်ငံရေးအရ ချောင်းမြောင်းလုပ်ကြံမှုနဲ့လည်း ရင်ဆိုင်နေရတယ်၊ ၎င်းဒေသမှ အလုပ်သမားလူတန်းစားနဲ့ ပြည်သူလူထုရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ အရင်းရှင်စနစ်ရဲ့ စိုးမိုးအုပ်ချုပ်မှုတွန်းလှန်ရေး၊ မိမိတို့ရဲ့ အခွင့်အရေး နဲ့ အနာဂတ်ရဲ့ တခုတည်းသော မျှော်လင့်ချက်ဖြစ်တဲ့ ဆိုရှယ်လစ်စနစ် အောင်ပွဲအတွက် ထောက်ခံအားပေး ကူညီသွားရမယ်။

(စ) "ကက်တလိုနီးယား ပြည်သူ့ဆန္ဒခံယူပွဲကို ထောက်ခံ၊ ကက်တလိုနီးယား အစိုးရအမှုထမ်းတွေ၊ အလုပ်သမားတွေ နဲ့ တက်ကြွ လှုပ်ရှား သူတွေကို ရုံးတင်စစ်ဆေးမှုကို ဆန့်ကျင်"တဲ့ ကြေညာချက်။ ၁၃ ဖွဲ့ လက်မှတ်ထိုးတယ်။ စပိန်အာဏာပိုင်တွေက ၂၀၁၇ အောက်တိုဘာ ၁ ရက်နေ့က ကက်တလိုနီးယားပြည်သူတို့ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၊ ထုတ်ဖော်ဆန္ဒပြခွင့်၊ စုဝေးခွင့် နဲ့ စီတန်းလှည့်လည် အင်အားပြခွင့် အခွင့်အရေး တို့ကို ချုပ်ချယ်ကန့်သတ်ထားမှုကို ပြင်းပြင်းထန်ထန် ပြစ်တင်ကန့်ကွက်လိုက်တယ်။ စပိန်အာဏာပိုင်တွေရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ ပုဒ်မ ၁၅၅ အရ ကက်တလိုနီးယား လွှတ်တော်ဖျက်သိမ်းပစ်မှု၊ ကက်တလိုနီးယားဒေသကြီးရဲ့ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနဲ့ အစိုးရအမှုထမ်းတို့ကို ဖယ်ရှားပစ်မှု၊ ကက်တလိုနီယား ဒေသကြီးရဲ့ နိုင်ငံရေးအခွင့်အရေးတွေကို ဝင်ရောက်စွက်ဖက်တဲ့ လုပ်ရပ်တို့ကို ဆန့်ကျင် ကန့်ကွက်ပြီး၊ ကက်တလိုနီးယားကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ဂျွန်၊ ဂျိုးဇက်နျူအက် (Joan Joseph Nuet) ကို အကြမ်းဖက်ပုန်ကန်ရေးကို သွေးထိုးလှုံ့ဆော်သူ၊ အများပိုင် ငွေကြေး အလွဲသုံးစားပစ်မှုကျူးလွန်သူစတဲ့ စွပ်စွဲချက်များဖြင့် ဖမ်းဆီး ချုပ်နှောင်ထားခြင်းနဲ့ ကက်တလိုနီးယားလွှတ်တော်အမတ်များ လွှတ်ပေးရေးကို တောင်းဆိုလိုက်တယ်။

(၅) အစည်းအဝေးက စည်းလုံးညီညွတ်မှု နဲ့ လက်တွေ့ဆောင်ရွက်ရေးကို ထင်ဟပ်ပြီး ပူးပေါင်းဆောင်ရွက်ရေးကို အလေးထားလာတယ်။ ဒီအစည်းအဝေးက ဆိုရှယ်လစ်စနစ် အရေးကြီးပြဿနာတွေအပေါ် ကွန်မြူနစ်တွေရဲ့ နိုင်ငံရေးရပ်တည်ချက်၊ အခြေခံမှုတွေနဲ့ ပတ်သက်လို့ ၂၀၁၈ ကမ္ဘာ့ကွန်မြူနစ်တွေ ပူးပေါင်းဆောင်ရွက်ရေး လမ်းပြမြေပုံ ရေးဆွဲချမှတ်လိုက်တယ်။ ဒီလိုနဲ့ အစည်းအဝေးက ပူးပေါင်း လှုပ်ရှားရေး လုပ်ငန်းစဉ် ၁၂ ခုကို အသေး စိတ်စီစဉ်ကာ "ပန်ကြားလွှာ"အဖြစ် အတည်ပြုခဲ့တယ်။

၅-၁။ ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတို့ ပူးပေါင်းဆောင်ရွက်ရေးကို အဆက်မပြတ် အားဖြည့်ဆောင်ရွက်သွားရန်။ လက်ရှိဆောင်ရွက်နေကြတဲ့ လူမှုရေး နိုင်ငံရေးဖြစ်စဉ်တွေကို ပကတိဘာဝကျစွာ သမာသမတ်ကျကျ အကဲဖြတ်ပြီး ကွန်မြူနစ်ဆန့်ကျင်ရေး၊ ဆိုဗီယက်ဆန့်ကျင်ရေးတို့ကို အားဖြည့် တိုက်ပွဲဝင်သွားနရန်။

၅-၂။ ဆိုဗီယက်ပြည်ထောင်စုမှာ တော်လှန်ရေးဆန့်ကျင်တဲ့တဲ့ အရေးအခင်း ဖြစ်သွားမှု၊ ဆိုရှယ်လစ်ဂိုဏ်း ပြိုကွဲသွားမှုနဲ့ အရင်းရှင် စနစ်ပြန်လည်ခေါင်းထောင်ထလာတဲ့ အကြောင်းရင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် အမြင်ဖလှယ်သွားရန်။

၅-၃။ လီနင်ရဲ့ ကျမ်းတွေကို ကျယ်ကျယ်ပြန့်ပြန့် စူးစမ်းလေ့လာ သုတေသနပြုရေး၊ ပါတီဝင်တွေ နဲ့ လူထုကို စည်းရုံးပြီး၊ အဲဒီကျမ်းတွေရဲ့ မျက်မှောက် ကမ္ဘာ့သမိုင်း အဓိပ္ပာယ်တို့ နဲ့ အပြန်အလှန်ဆက်စပ်နေမှုတို့ကို ရှင်းပြသွားရန်။ "နိုင်ငံတော်နဲ့ တော်လှန်ရေး" ကျမ်း ပုံနှိပ်ထုတ်ဝေမှု နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်လှုပ်ရှားမှုများ ကျင်းပသွားရန်။

၅-၄။ မာ့က်စ်ရဲ့ အနှစ် ၂၀၀ ပြည် မွေးနေ့ကို အထိမ်းအမှတ် လှုပ်ရှားမှုများကို သူ့ရဲ့ သမိုင်းကောင်းမှုများကို အလေးထားကာ ကျယ်ကျယ်ပြန့်ပြန် လုပ်ဆောင်သွားရန်။

၅-၅။ "ကွန်မြူနစ်ပါတီကြေညာစာတမ်း" ပုံနှိပ်ထုတ်ဝေခြင်း အနှစ် ၁၇၀ ပြည့် နဲ့ "အရင်းကျမ်း" ပုံနှိပ်ထုတ်ဝေခြင်း အနှစ် ၁၅၀ ပြည့် အထိမ်းအမှတ်များကို အထူးသဖြင့် လူငယ်ထုကို ရည်စူးပြီး ၎င်းကျမ်းများရဲ့ သမိုင်းဆိုင်ရာ အနက်အဓိပ္ပာယ်များကို ဝါဒဖြန့်သွားရန်။

၅-၆။ အရင်းရှင်စနစ်ဆန့်ကျင်ရေး တိုက်ပွဲများကို ပုံစံအမျိုးမျိုးဖြင့် လုပ်သွားရန်၊ ၎င်းရဲ့သွေးစုပ်မှု၊ ဖိနှိပ်မှု၊ ကျူးကျော်မှု၊ လူကျင့်ဝတ် နဲ့ မကိုက်ညီတဲ့ လုယက်မှုလက္ခဏာတို့ကို ဖွင့်ချပြီး ပြည်သူလူထု အထူးသဖြင့် လူငယ်ထုကို သဘောတရား အသိပညာတိုးရေး ဆောင်ရွက်သွားရန်။

၅-၇။ မေလ ၁ ရက် ကမ္ဘာ့အလုပ်သမားနေ့မှာ အလုပ်သမားထုရဲ့ အခွင့်အရေး နဲ့ အကျိုးခံစားခွင့်၊ ဒီမိုကရေစီအခွင့်အရေး ရရှိရေး တိုက်ပွဲများစည်းရုံးမှုအတွင်း တပေါင်းတစည်းတည်းရှိရေး၊ စည်းလုံး ညီညွတ်ရေးနဲ့ ပူပေါင်းဆောင်ရွက်ရေးကို အားဖြည့်သွားရန်။

၅-၈။ လူမျိုးစွဲဝါဒ (Racialism)နဲ့ ဖက်ဆစ်ဝါဒ ဆန့်ကျင်ရေးကို အတူတကွ လုပ်ကြရန်၊ နာဇီဖက်ဆစ်ဝါဒကို တိုက်ခိုက်အောင်မြင်ခဲ့တဲ့ ကြီးမြတ်တဲ့ အောင်ပွဲ ဂုဏ်ပြုခြင်း နဲ့ စတာလင်ဂရက် တိုက်ပွဲစဉ်ရဲ့ ကြီးမြတ်တဲ့အောင်ပွဲ ၇၅ နှစ်မြောက် အထိမ်းအမှတ်ပြု လှုပ်ရှားမှုလုပ်သွားရန်။

၅-၉။ ရုရှားကို သွေးတိုး စမ်းနေမှုများကို ရဲရဲတင်းတင်းရင်ဆိုင်ရေး။

၅-၁၀။ အမေရိကန်က ကျူးဘားကို ရေရှည်ပိတ်ဆို့ထားမှု အဆုံးသတ်ရေး တောင်းဆိုရေး၊ ပါလက်စတိုင်း ပြည်သူတွေရဲ့ လွတ်လပ် အမှီခိုကင်းတဲ့ အချုပ်အခြာအာဏာပိုင် တိုင်းပြည်ထူထောင်ရေး တောင်းဆိုချက် ထောက်ခံရေး၊ အရှေ့အလယ်ပိုင်း၊ အာဖရိက၊ လက်တင် အမေရိ က၊ အာရှနဲ့ ဥရောပမှာ နယ်ချဲ့သမားရဲ့ သိမ်းပိုက်မှု၊ စွက်ဖက်မှု၊ ပိတ်ဆို့မှုတို့နဲ့ ရင်ဆိုင်နေရတဲ့ နိုင်ငံအသီးသီးက ပြည်သူတွေကို ထောက်ခံရေး။

၅-၁၁။ ပတ်ဝန်းကျင် ထိန်းသိမ်းရေး စီမံဆောင်ရွက်မှုတွေ လုပ်ဆောင်သွားရေး။

၅-၁၂။ နယ်ချဲ့ဆန့်ကျင်ရေး တပ်ဦးတိုးချဲ့ရေး နဲ့ ငြိမ်းချမ်းရေးရရှိရေး တိုက်ပွဲကို အားဖြည့်သွားရေး၊ နေတိုးနဲ့ ၎င်းရဲ့ စစ်ရေးတိုးချဲ့လာမှုကို ဆန့်ကျင်ရေး၊ စစ်ဝါဒဆန့်ကျင်ရေး စည်းရုံးသွားရန်။ တပ်နဲ့ စစ်လက်နက်လျှော့ပေါ့ရေးနဲ့ နိုင်ငံတကာ အတိုက်အခံဖြစ်မှုများကို နိုင်ငံတကာ တရား ဥပဒေနဲ့မှုများအရ ငြိမ်းချမ်းစွာနဲ့ တရားမျှတစွာဖြေရှင်းရေးကို ထောက်ခံသွားရန်။ အမေရိကန်ရဲ့ ကိုရီးယားကျွန်းဆွယ်နဲ့ ပတ်သက်လို့ စွက်ဖက်မှုကို ဆန့် ကျင်သွားရန်။ ကိုးရီးယားကျွန်းဆွယ် ငြိမ်းချမ်းစွာ တပေါင်းတစည်းတည်းဖြစ်ရေးကို ထောက်ခံသွားရန်တို့ဖြစ်တယ်။

## ၄။ နိဂုံး

(၁) ဒီအကြိမ်အစည်းအဝေးအပေါ် အကျယ်အပြန် အာရုံစိုက်မှုဖြစ်ပေါ်စေခဲ့တယ်။ ကိုယ်စားလှယ်တို့ကို အစည်းအဝေးနဲ့ ပတ်သက်လို့ ကျယ်ကျယ်ပြန့်ပြန့် ဝါဒဖြန့်ရန် တောင်းဆိုခဲ့တဲ့အတိုင်း ပါတီအဖွဲ့ အစည်းအသီးသီးဟာ ဂျာနယ်တွေနဲ့ တခြား သတင်းမီဒီယာတွေကလည်း အစည်းအဝေးရက် နဲ့ အစည်းအဝေးပြီးနောက် သတင်းဖော်ပြကြလို့ ကမ္ဘာအနှံ့ အာရုံစိုက်မှု ဖြစ်ပေါ်ခဲ့တယ်။အစည်းအဝေးကျင်းပနေတဲ့ ရက်တွေမှာ တရုတ်ပြည် ရှင်းဟွာသတင်းကွန်ရက်၊ ဂလိုဘယ်သတင်းကွန်ရက် စတဲ့ မီဒီယာတွေက သတင်းပို့ကြတယ်။

အစည်းအဝေး ဖွင့်လှစ်လိုက်တဲ့ အဲဒီနေ့မှာ ရုရှားသမ္မတ ပူတင်က ရုရှားအာဏာပိုင်တွေဟာ အစည်းအဝေးကို မြင့်မြင့်မားမား အာရုံစိုက်လျက်ရှိကြောင်း ဖော်ပြပြီး စာပို့လာခဲ့တယ်။

(၂) အစည်းအဝေးက နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုရဲ့ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကို အပြည့်အဝ ဖော်ပြခဲ့တယ်။ ဒါဟာ ကမ္ဘာ့ ဆိုရှယ်လစ်လှုပ်ရှားမှု ဖြစ်ထွန်းတိုးတက်ရေး တွန်းဆော်ပေးရာမှာ အထောက်အကူဖြစ်စေပါတယ်။ ၂၀၁၇ အစည်းအဝေးမှာ နိုင်ငံတကာ ကွန်မြူနစ် လှုပ်ရှားမှုရဲ့ စည်းလုံးညီညွတ်မှုစိတ်ဓာတ်ကို ထင်ဟပ်ခဲ့တယ်။ သဘောကွဲလွဲမှု မရှိသလောက်ဖြစ်သွားကာ အားလုံးသဘောတူတဲ့ "ပန်ကြားလွှာ"အဖြစ် ပေါ်ထွက်လာပြီး ၂၀၁၈ ရဲ့ လုပ်ငန်း အလေးထားချက်နဲ့ အခိုင်အမာလှုပ်ရှားမှု စီမံကိန်းများကို ရေးဆွဲ ချမှတ်ခဲ့တယ်။ ဒါဟာ လောလောဆယ်ဆယ် ၅ နှစ် လောက်အတွင်းမှာ အကြီးမားဆုံး တိုးတက်မှုရရှိလာခြင်းဖြစ်တယ်။ ဒီလိုစည်းလုံးညီညွတ်မှုစိတ်ဓာတ်ဟာ ကမ္ဘာ့ဆိုရှယ်လစ်စနစ် တဆင့်တက် ဖွံ့ဖြိုးတိုးတက်ရေးမှာ အပြုသဘောဆောင်တဲ့ တွန်းဆော်မှုအခန်းကဏ္ဍဖြစ်ပေါ်စေပါတယ်။

(၃) အစည်းအဝေး ဆုံးဖြတ်ချက်တွေ နဲ့ ကြေညာချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်ရေးမှာ အကျိုးသက်ရောက်မှု တဆင့် တက်မြှင့်တင်ပေးရန် လိုအပ်တယ်။ အစည်းအဝေးက သဘောတူလိုက်တဲ့ ကြေညာချက်တွေ (ပန်ကြားလွှာ) စတာတွေကို ကမ္ဘာအနှံ့ရှိ အလုပ်သမား လှုပ်ရှားမှုနဲ့ ကျယ်ပြောလှတဲ့ ပြည်သူလူထုရဲ့ လူမှုရေးလှုပ်ရှားမှုတွေက အားပေးထောက်ခံကြတယ်။ ဒါပေမဲ့ ကြေညာချက်တွေမှာ ထိန်းချုပ်မှု အားနည်းနေတယ်။ အခိုင်အမာ လှုပ်ရှားဆောင်ရွက်ရေးဘက်မှာ ကြေညာချက်တွေ ဆုံးဖြတ်ချက်တွေရဲ့ အကျိုးသက်ရောက်မှု၊ အလုပ်စီမံကိန်းတွေ ဆောင်ရွက်နိုင်စွမ်း အားဖြည့်ဖို့နဲ့ မြှင့်တင်သွားဖို့ လိုပါတယ်။

**ကိုးကား။** ။ မျက်မှောက်ကမ္ဘာနဲ့ ဆိုရှယ်လစ်ဝါဒဂျာနယ်၊ ၂၀၁၈ အမှတ်(၂) မတ်လ၊ဧပြီလထုတ် ။

**ခင်အေးကြည်မြ**
**ဩဂုတ် (၄) ၂၀၁၈။**

# ဖောင်ပိတ်ဆောင်းပါး

**စစ်တပ်က စစ်တိုင်း (၅) ခုမှာ ဘာကြောင့် ၄ လ ကြာ အပစ်ရပ်ပေးတာလဲ**

(၁)

နောက်ကြောင်း ပြန်ကြည့်ဖို့ လိုပါမယ်၊ တနိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး (NCA) ဆိုတာကို သူတို့ပဲ စလုပ်ခဲ့တာဖြစ်တယ်၊ ဒီကာလအတွင်း လက်နက်ကိုင်အင်အားစုတွေထဲမှာ အစည်းပြေအောင်လုပ်တယ်၊ တချို့ ၃-၄ စိတ် ကွဲကုန်တယ်၊ တချို့အဖွဲ့ကို ခြေငြိမ်အောင် အခွင့်အရေးတွေ ပေးပြီး တချို့ကို အပြစ်ရှာတိုက်တယ်၊ အကြောင်းအမျိုးမျိုးပြပြီး နယ်မြေတိုးချဲ့တာလုပ်တယ်။

တဖွဲ့ကို နယ်မြေတိုးချဲ့ခိုင်းပြီး လိုအပ်တဲ့ လက်နက်ခဲယမ်း ရိက္ခာထောက်ပံ့- သူတို့ပဲ ကျန်တဖွဲ့ရဲ့ နယ်မြေထဲအရောက် ပို့ဆောင်ပေးတယ်၊ တိုက်ခိုင်းတယ်။

(၂)

စစ်တိုင်း (၅) တိုင်း အပစ်ရပ်ပေးမယ် ကြေညာတာကကော ဘာကြောင့်လဲ။

၂၀၁၈ ခုနှစ်ကုန် ၂၀၁၉ ခုနှစ်ဆန်းရက်တွေအတွင်း ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေမှာ စစ်တပ်အကျအဆုံး အထိအခိုက်များတယ်၊ အထူးသဖြင့် ရခိုင်ဘက် AA နဲ့ တိုက်တဲ့ တိုက်ပွဲတွေမှာ အထိနာ၊ နာမည်ပျက်တယ်၊ AA က စိတ်ကြိုက်စစ်ကစားနေနိုင်တယ်။ သူတို့အခြေအနေ သူတို့ပြန်ကြည့်တော့ - တပ်ရင်းတရင်း - တိုက်အား ၁၀၀ ပြည့်အောင် မထုတ်နိုင်တာကြာပြီ၊ ဒီတော့ ကိုယ့်တပ်ထဲ တည်ငြိမ်အောင်နဲ့ အားပြန်ဖြည့်ဖို့ လုပ်စရာတွေ ရှိလာတယ်။

ခုပဲလာမယ့် စစ်ဆင်ရေးတွေအတွက် အဆင်သင့်ဖြစ်အောင် လမ်းဖောက်တာ- နေရာတိုးယူလာတာတွေ လုပ်နေပြီဖြစ်တယ်၊ ပထမအဆင့် ရခိုင်ဘက်မှာ အားသွန်နိုင်ဖို့ မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းတွေမှာ ခေတ္တဖြေလျှော့ပေးတဲ့ သဘောသာ ဖြစ်တယ်။ ဒါပေမဲ့ သူ့ရဲ့ ကြောင်သူတော်လုပ်ရပ်တွေကြောင့် ထိတွေ့မှုနဲ့ တိုက်ပွဲငယ်တချို့ကတော့ ဆက်ရှိဆဲဖြစ်နေတယ်။ သူ့အကျင့်အတိုင်း အချောင်ရမယ်ထင်တဲ့ နေ့ရာတွေကို တိုးဝင်သိမ်းပိုက်တာတွေလည်း လုပ်ပါတယ်။ အထင်ရှားဆုံးကတော့ ၂၀၁၂ ခုကတည်းက အပစ်ရပ်

လက်မှတ်ထိုးထားတဲ့ အိန္ဒိယနယ်စပ်ရှိ နာဂလက်နက်ကိုင်အဖွဲ့ (NSCN-K) ဌာနချုပ်ကို ဖေဖော်ဝါရီ ၄ ရက်နေ့က ဝင်ရောက် သိမ်းယူလိုက်ခြင်းဖြစ်တယ်။

၄ လကြာ အပစ်ရပ်ရေး ကြေညာပြီး စစ်ရပ်စဲထားပါတယ်၊ ဆွေးနွေးဖို့ လမ်းဖွင့်ထားပါတယ်၊ ဘယ်သူဘယ်သူနဲ့ ဆက်သွယ်လုပ်ကိုင်နိုင်ပါတယ် ပြောခဲ့တယ်။ ဒါပေမဲ့ တလကျော်ကြာသွားပြီဖြစ်သော်လည်း ဘာတခုမှ အလုပ်မဖြစ်ကြသေး-

သူတို့ ကြိတ်လုပ်ထားတွေကတော့ ဖုံးမရဖိမရ ပေါ်လာတယ်၊ စစ်ဆင်ရေး ရည်မှန်းချက်နဲ့ KIO ဘက် လမ်းဖောက်လာလို့ သတိပေးကန့်ကွက်နေကြောင်း သတင်းထွက်လာတယ်။

ဒီချုပ်အစိုးရ လုပ်ရကိုင်ရခက်အောင် လုပ်နိုင်တဲ့လူထု၊ လူတန်းစား၊ လူ့အလွှာအသီးသီးကြား ထိုးဖောက်စည်းရုံးဖို့ ပြင်ဆင်လာကြတာ တွေ့ရတယ်၊ ဥပမာ-ဘာသာရေးဘက်မှာ တပ်ချုပ်ကိုယ်တိုင် မျက်နှာထွက်ပြတာမျိုး၊ ဒီချုပ်ကို ဆန့်ကျင်တဲ့ ကိုယ်တော်တွေကို ဂါရဝပြု တာမျိုး လုပ်ပါတယ်၊ ပညာရေးလောက မတည်ငြိမ်အောင် ဆရာတပည့်သွေးကွဲအောင် - လှုမွေးလုပ်ဆောင်ကြတယ်။

သူတို့ပြချင်တာက ဒီချုပ်ဟာ တိုင်းပြည်တည်ငြိမ်အောင် မအုပ်ချုပ်နိုင်ဘူး၊ မအုပ်ချုပ်တတ်ဘူး ဆိုတာပါပဲ။

သူ့မှာ ညစ်စရာ စစ်ရေးအကွက် နိုင်ငံရေးအကွက် ဟိုဟာမဟုတ်-ဒီဟာ (A plan-B plan) တွေ များတယ်၊ သတိရှိကြရပါမယ်။

## သမီးလှရွာကိစ္စ

ဇန်နဝါရီ ၂၆ ရက်မှာ အတော်သင်းတဲ့ သတင်းတွေ ထွက်လာတယ်၊ ရွာထဲဝင်နေတဲ့ AA တပ်ဖွဲ့က လက်နက်ကြီးငယ်တွေနဲ့ ပစ်လို့ဆိုပြီး အစိုးရစစ်တပ်က လက်နက်ကြီးတွေနဲ့ထု လက်နက်ငယ်တွေနဲ့ ပစ်ထည့်လိုက်တာ အိမ်ခြေ ၈၄ အိမ် ရှိတာမှာ ၁၀ အိမ်ပဲ မထိမခိုက် ကျန်တယ်လို့ သိရတယ်။ နောက်စစ်တပ်က ရွာထဲဝင် လူတွေဖမ်း ကျောင်းထဲစုထားပြီး တအိမ်တက်ဆင်း AA ရှာတော်ပုံ ဖွင့်တယ်၊ တွေ့သွားတာက ရွှေထည်ပစ္စည်း၊ ငွေအသပြာ၊ ပုဆိုးလုံကွင်းနဲ့ လက်ကိုင်ဖုန်း အလုံး ၆၀ ဖြစ်တယ်။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်ရဲ့ ဖော်ထုတ်ချက်အရ တန်ဖိုးအားဖြင့် ကျပ်သိန်း ၁၅၀ နဲ့ ၂၀၀ ကြားရှိတယ်...တဲ့။

ရွာသားတွေကတော့ ရိုက်နှက်စစ်ဆေးတာ ခံကြရလို့ ဒဏ်ရာအသီးသီး ရကြတယ်။ ဒီအထဲက ပြင်းထန်တဲ့ လူနာ ၃ ဦး ရသေ့တောင် ဆေးရုံပို့ပြီး ကုသနေကြရတယ်။ (ခုတော့ ဒဏ်ရာရ ၇ နှစ်သားလေး ဆုံးသွားပါပြီ)။

တပ်မတော် သတင်းမှန် ထုတ်ပြန်ရေးအဖွဲ့ ဆိုတာက "တပ်က ရွာထဲမဝင် အပြင်မှာပဲ နေတာပါ၊ နယ်ခြားစောင့်ရဲတွေကပဲ ဝင်ရှင်းတာပါ၊လုယက်မှု ရှိမရှိ စစ်ဆေးကြည့်ပါမယ်"...လို့ဖြေတယ်၊ ဒါပေမဲ့ ရွာသားတွေပြောတာက"ပစ္စည်းတွေယူတာက စစ်တပ်ပဲ၊သေတ္တာတွေ ရိုက်ချိုးဖျက်ဆီးပြီး ယူတာဖြစ်တယ်"...တဲ့၊ တိုင်တောချင်လို့ လှမ်းဆက်သွယ်တော့ ဖုန်းတွေ ပိတ်ထားတယ်...တဲ့။

ဒီနေရာမှာ တွေ့လာရတာက သတင်းမှန် ပြန်ကြားရေးတို့၊ သမ္မတရုံး ပြောခွင့်ရတို့ရဲ့ ဖြေကြားချက်တွေက ကပေါက်တိကပေါက်ချာတွေပဲ၊ ရခိုင်ပြည်နယ်မှာ ရဟတ်ယာဉ်နဲ့ ပစ်ခတ်တာ မဟုတ်ပါဘူးလို့ ငြင်းသူကငြင်းတယ်၊ အပစ်ခံရတဲ့ ရွာသားတွေက - ရဟတ်ယာဉ် ၂ စင်းနဲ့ ပစ်လို့ သေပြေး-ရှင်ပြေး ပြေးခဲ့ရပါတယ်လို့ ထပ်ပြီးစွဲချက်တင်ပါတယ်- သိပ်မကြာလိုက်ပါဘူး။ သမ္မတက ရခိုင်ပြည်နယ်စစ်ဆင်ရေးမှာ လေကြောင်းကိုပါ သုံးစွဲခွင့်ပြုလိုက်ကြောင်း ထုတ်ပြန်ပါတယ်။

အခု ဖေဖော်ဝါရီ ၂ ရက်နေ့ ကြားရတဲ့သတင်းအရ ရခိုင်ပြည်နယ်အစိုးရက "AA တွေ ရှိတယ်ထင်ရင် အိမ်တွေထဲအထိ လုံခြုံရေးတပ်တွေ ဝင်ရှာဖို့ ခွင့်ပြုလိုက်ပါသည်" ... ဆိုတဲ့သတင်းထွက်လာပါတယ်။

မရှင်းမရှင်းကိစ္စတခု ပေါ်လိုက်သေးတယ်၊ AA က ရဲစခန်း ၄ ခုဝင်တိုက်တာဟာ အကြမ်းဖက်မှု တရပ် ဖြစ်တယ်၊ ဒါကြောင့် AA ကို အပြတ်ချေမှုန်းပစ်ရမယ်လို့ ဒေါ်အောင်ဆန်းစုကြည်က အမိန့်ပေးကြောင်း၊ ဒီသတင်းမှန် အဖွဲ့ကပဲ ထုတ်ဖော်လိုက်ခဲ့တယ်။ 'ပြောတယ်' - 'မပြောဘူး' ... လို့ ကာယကံရှင်ဘက်က ဝန်မခံသလို ငြင်းချက်ထုတ်တာလည်း မတွေ့ရဘူး။

သူတို့ပြည်ထောင်စုအစိုးရအတွင်းမှာကို ဘာတွေ ဖြစ်နေတာလဲ။

## ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေးကိစ္စ

(၁)

ဒေါ်အောင်ဆန်းစုကြည် စီးနင်းလိုက်ပါလာတဲ့ နံပါတ်(၁) ဟတ်စကီးဟာ ဟိုက်ဒရောလစ်ဆီ ယိုစိမ့်မှု ဖြစ်ပွားသဖြင့် ပြန်လည်ဆင်းသက်ခဲ့ရပြီး နံပါတ်(၂) ဟတ်စကီးသို့ ပြောင်းလဲစီးနင်းခဲ့ကြောင်း သိရ။

အထူး သတိဝီရိယ ရှိဖို့ လိုပါတယ်။ ဖြစ်နိုင်ရင် စစ်ရဟတ်ယာဉ်တွေကို မစီးပါနဲ့။ ပိုက်ဆံ ကုန်ချင်ကုန်ပါစေ၊ ပုဂ္ဂလိက ကုမ္ပဏီတွေဆီက ငှားစီးပါ။ ဒါမှမဟုတ်- ဝယ်ချင်ဝယ်ပါ။ စစ်ရဟတ်ယာဉ်များ လုံးဝ စိတ်မချရပါ။- ဆိုတဲ့ ပို့စ်တခု ကို ဒီလ (၆) ရက်နေ့ ...နေ့စွဲနဲ့ ဖတ်လိုက်ရလို့ မျက်လုံးပြူးသွားပါတယ်။

စိုးရိမ်မယ်ဆိုလည်း စိုးရိမ်လောက်တယ်။ သူတို့တတွေက အာဏာလက်မလွှတ်ရရင် ပြီးရော၊ ဘာမဆို လုပ်ရဲတယ်ဆိုတာကို တော့ ယုံတယ်။

လူသတ်ဝါဒကို သူတို့ တွင်တွင်ကျယ်ကျယ် အဆက်မပြတ် လုပ်လာခဲ့တာပဲ။ လူပုဂ္ဂိုလ်တဦးချင်းအနေနဲ့ ဦးတင်ထွတ်မှသည် ဦးကိုနီအထိ လုပ်ပြီးခဲ့ကြပြီ။

(၂)

လူပုဂ္ဂိုလ် တဦးတယောက်ကို သတ်လိုက်ရရုံနဲ့ တော်လှန်ရေးတဆင့်တက်သွားလိမ့်မယ်လို့ ကျွန်တော်တို့က မယုံပါ။ ဖြစ်စဉ်တခု တင်ပြချင်ပါတယ်။

ဗိုလ်နေဝင်း ဘုန်းမီးနေလ တောက်ပစဉ်တုန်းက ပါတီယူဂျီ ရဲဘော်တယောက်ဟာ သူ့ရဲ့ အနီးကပ် လုံခြုံရေးတပ်ထဲ ရောက်နေတယ်။ သူက ပဲခူးရိုးမရှိ ယူဂျီတာဝန်ခံ သခင်ချစ်ဆီ အစီရင်ခံပြီး အမိန့်တောင်းပါတယ်။ ဗိုလ်နေဝင်းကို အချိန်မရွေး သူ 'ဖြောင်' ပစ်လိုက်လို့ ရတယ်။ လုပ်ကြံပြီး ပြေးလာခဲ့ရမလား-လို့ အမိန့် တောင်းခံလိုက်တာပါ။

သခင်ချစ် ပြန်ကြားလိုက်တာက "မလုပ်နဲ့။ ဒို့က လူသတ်ဖို့မဟုတ်ဘူး။ စနစ်ကို သတ်ဖို့ တော်လှန်ရေး လုပ်နေတာ။"....တဲ့။ ရဲဘော်တွေ ဝိုင်းဖွဲ့နေစဉ် ဒီစကားကို ထုတ်ဖော်ပြောခဲ့တဲ့သူဟာ ခုအထိ ရှိနေပါသေးတယ်။ ကြားလိုက်ရတဲ့ သူတွေထဲမှာ တချို့က ကွယ်လွန်ခဲ့ကြပြီး ကျန်တဲ့သူတွေ ကျန်ပါသေးတယ်။

(မှတ်ချက်။ ။ ဗိုလ်နေဝင်း ကိုယ်တိုင်ကတော့ မြကြီး(ခေါ်) လုံတိတ်(ခေါ်) ကျုံတိတ်ကို လွှတ်ပြီး သခင်သန်းထွန်းကို အသတ်ခိုင်းခဲ့တာ အားလုံးအသိပါ။ ဒါပေမဲ့ ကွန်မြူနစ်ပါတီ ပျက်မသွားပါဘူး။ ကွန်မြူနစ်စနစ် ဆက်လက်အသက်ရှင်နေပါတယ်။)

ပြောချင်တာက-

စစ်အုပ်စုအနေနဲ့ လူသတ်ရတာက ထမင်းစား ရေသောက်ကိစ္စပါ။ ရှစ်လေးလုံးကာလမှသည် နဝတ-နအဖ ခေတ်တခုလုံး လူတွေ သတ်လာခဲ့တဲ့ ဗိုလ်ခင်ညွန့်ကိုပဲကြည့်။ ခပ်တည်တည်ပဲ။ အားလုံးက တံတွေးနဲ့ ထွေးချင်နေကြတာကို သူကိုယ်တိုင် မသိမဟုတ်။

ဒါပေမဲ့ ရန်ကုန်တိုင်း ဝန်ကြီးချုပ်ဆိုသူက ရင်ကြားစေ့ရေးကို ဒေါ်အောင်ဆန်းစုကြည် ပြောထားတာပဲ ဆိုပြီး ဗိုလ်ခင်ညွန့်ကို မအပ်မရာ သံဃာစင်ပေါ် တင်ပေးလိုက်တယ်။ နောက်- ကိုယ်တိုင် ဝပ်စင်းကန်တော့တယ်။

သူ အသတ်ခံရတဲ့ လူတွေရဲ့ အမျိုးတွေနဲ့ ကိုယ်တိုင် အရိုက်နှက်ခံ ထောင်တန်းရောက်ခဲ့ကြရသူတွေ၊ ဗိုလ်ခင်ညွန့်လက်ထက် ပုံစံအမျိုးမျိုးနဲ့ ညှဉ်းပန်းနှိပ်စက် ခံခဲ့ရသူတွေနဲ့ အဖိနှိပ်ခံလူထုတွေက အခုလို ဗိုလ်ခင်ညွန့်ကို အလေးအမြတ်ထား ဂါရဝပြုတဲ့ကိစ္စ အပေါ် မကျေမနပ်ဖြစ်ကုန်တယ်။

သူ အာဏာရှိစဉ် ပြည်သူတွေကို လက်အုပ်ဘယ်လိုချီရတယ်ဆိုတာ သင်ပေးခဲ့တဲ့ ဒီပုဂ္ဂိုလ်ဟာ ခုလည်း မျက်နှာပြောင်ပြောင်နဲ့ မိန့်မိန့်ကြီး အကန်တော့ ခံနေပါရော့လား။

(၄)

စစ်အုပ်စုဆိုတာ ဒါပဲ။

အားရဖွယ်မရှိသေးသော်လည်း စစ်အုပ်စုရဲ့အသက်ဘူးဖြစ်တဲ့ ၂၀၀၈ ခြေဥကို ပြင်ဖို့ ဥပဒေတွင်းက ကြိုးစားနေတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေး၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အသက်အန္တရာယ်ကိစ္စဟာ စိုးရိမ်စရာ ဖြစ်နေပါကြောင်း။ ။

**အေးငြိမ်း**

၁၃၊ ၂၊ ၂၀၁၉